
www.burmeseclassic.com
BURMESE CLASSIC .com
ပုညခင်စာအုပ်တိုက်
ပုညခင်
ကျွန်တော့်ချစ်သူနှုတ်ဖျားက စကားပွင့်ကလေးများ
www.burmeseclassic.com

www.burmeseclassic.com

ပုညခင်စာအုပ်တိုက်

# ပုညခင်

## ကျွန်တော့်ချစ်သူ့နှုတ်ဖျားက စကားပွင့်ကလေးများ



www.burmeseclassic.com

www.burmeseclassic.com

ကိုယ့်ချစ်သူရဲ့ အကြောင်းကို တပွဲတန်း ပြောပြနေရတဲ့ အချိန်တိုင်းဟာ မိန်းကလေးတစ်ယောက်အတွက်တော့ ကြီးကျယ်ခမ်းနားတဲ့ အချိန်တွေပါပဲ ...။

(ပရစ်ပူး)

ချစ်သူအချင်းချင်းပဲ သိရမယ့် ကိစ္စတွေကို လျှောက် လျှောက်ပြောတာလောက် မုန်းစရာကောင်းတာ မရှိတော့ဘူး ...။

(အားမာန်)

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

(၁)

ရည်းစားမဖြစ်မီ ...



www.burmeseclassic.com

www.burmeseclassic.com

* * *

"ကျွန်... ကျွန်တော် ပရစ်ကို ပြောစရာလေး ရှိလို့..."

ဘုရားရေ... သူ ဖွင့်ပြောတော့မယ်...။

ပရစ်ဖူးသည် စိတ်လှုပ်ရှားမှုကြောင့် ပန်းရောင်သမ်းလာသော အားမာန်ရဲ့ မျက်နှာကိုကြည့်ရင်း နှလုံးသားနဲ့ အနီးတစ်ဝိုက်မှာ ဗုံးတစ်လုံး ပေါက်သွားသလို ဆူညံမြည်ဟည်းလျက် သိမ့်ခနဲ တုန်ခါသွားလေသည်။

ထိုအချိန်တွင် ပရစ်ရှေ့၌ ခေါင်းငုံ့မျက်လွှာချနေသော အားမာန်က ပရစ်ကိုမျက်လွှာပင့်ကြည့်လိုက်သည်။ ဘုရားရေ... သေတော့မှာပဲ... ညို့ချက် ပြင်းလိုက်တာဟယ်...။ သူ့အကြည့်တွေက X - Ray (ဓာတ်မှန်) ရောင်ခြည်လို ပရစ်ရဲ့ ရင်တွင်းက တဒိတ်ဒိတ်ခုန်နေတဲ့ အသည်းနှလုံးနှင့်တကွ ရင်တွင်းကလီစာ အားလုံးကို ထွင်းဖောက်မြင်ရမလောက် စူးရှနက်ရှိုင်း



www.burmeseclassic.com

www.burmeseclassic.com



လွန်းသည်။ တကယ်ပြောတာ အဟုတ် ...။ ဒီလိုအကြည့်မျိုးကို ရတီနဲ့ ကြည်ဖြူတို့ မြင်ဖူးသွားအောင် ခေါ်ပြချင်လိုက်တာ ...။

ပရစ်သည် မျက်ရည်ကြည်ကလေးတွေ ဝေ့လာပြီ ဖြစ်သော သူ့ရဲ့ ရှန်းစိုတောက်ပသည့် မျက်ဝန်းအကြည့်တွေကို သာ ကြာကြာရင်ဆိုင်ကြည့်မိလျှင် မူးမိုက်လဲပြိုသွားမှာ စိုးတာမို့ မျက်လွှာကို အသာအယာ ချလိုက်ရလေသည်။

သူ စကားဆက်မလာခင် အချိန်လေးအတွင်းမှာ ပရစ်က သူဖွင့်ပြောလျှင် ဘယ်လိုတုံ့ပြန်ရပါ့ဟု အပြေးအလွှား စဉ်းစားရ၏။ ချက်ချင်း ခေါင်းညိတ်လို့တော့ မဖြစ်သေးဘူး ထင်ပါရဲ့ဟု တွေးမိ၏။ ပြီးတော့ ... လက်ရှိအခြေအနေကို ရတီနဲ့ ကြည်ဖြူ တစ်ယောက်ယောက်ကို ပြောပြချင်စိတ် ပြင်းထန်လာလေသည်။ အဲဒီစိတ်ဟာ ဘယ်လိုမှကို ထိန်းချုပ်လို့ မရချေ။

"ဟို ... ခဏ ... ခဏလေးနော်၊ ပရစ် ... သန့်စင်ခန်း ခဏဝင်ချင်လို့ ..."

ပရစ်က လက်ညှိုးလေး တစ်ချောင်းထောင်ကာ မျက်လုံးဝိုင်းကလေးနှင့် သူ့ကိုကြည့်ရင်းပြောတော့ သူက အသာအယာပင် ခေါင်းညိတ်ပြလိုက်သည်။

ပရစ်သည် စားသောက်ဆိုင်ရဲ့ နောက်ဘက်အတွင်း ပိုင်းထဲသို့ သွက်သွက်လေး လျှောက်လာရင်း ရတီ့ဖုန်းနံပါတ်ကို





နှိပ်လာသည်။ အရေးထဲမှ ရတီ့ဖုန်းကမအား ...။ ရတီ မအား တော့လည်း ကြည်ဖြူပေါ့ ...။ ဘုရားသိကြားမလို့ ပရစ် သန့်စင်ခန်း ဗေစင်တွေရှေ့ရောက်ချိန်မှာ ကြည်ဖြူ့ဖုန်းက တန်း ဝင်သွားသည်။

"ပြော ... ပရစ် ..."

"ဟဲ့ ... ငါ အခု ဘာဖြစ်နေလဲ သိလား ..."

"ဆိုပါဦး ..."

"ရင်တွေ အရမ်း အရမ်းကို ခုန်နေတာ သိလား ..."

"ဘာလဲ ... အားမာန်အကြောင်း တွေးမိလို့လား ..."

"တွေးမိတာ မဟုတ်ဘူး၊ တွေ့မိတာ၊ တွေ့မိတာ၊ အခု ငါ သူနဲ့တွေ့နေတာ ..."

"တွေ့တာများ အဆန်းလုပ်လို့၊ နင်တို့ ဒီလိုပဲ တွေ့နေကျ မဟုတ်လား၊ တွေ့ပြီး စကားစမြည်လေးပြော၊ မုန့်လေး စား၊ ကော်ဖီလေးသောက်ပြီး နင့်ရင်ခုန်သံလေး နင်ပြန် သိမ်းပြီး ပြန်လာခဲ့ရတာပဲမဟုတ်လား ...၊ အားမာန်က နင့်လို အားအားရှိတိုင်း နီးစပ်ရာလူတွေကို ခံစားချက် အလုံးစုံ လိုက်ရင်ဖွင့်နေတတ်တဲ့သူ မဟုတ်တော့ သူ နင့်ကို ချစ်တယ် မချစ်ဘူးဆိုတာ ဘယ်သူမှ အသေအချာ မသိဘူး၊ ရတီ ရည်းစားကိုလည်း အစ်ကြည့်ခိုင်းပြီးပြီ၊ အားမာန်ကတော့ သူဘာမေးမေး မတုန်မလှုပ်ပဲတဲ့ ...၊ သူ့မျှော်လင့်နေရင် နင်ပဲ မောမှာ ..."



www.burmeseclassic.com

www.burmeseclassic.com



“အားမာန် အခုဖြစ်နေတဲ့ပုံကို နင့်ခေါ်ပြချင်လိုက်တာ ကြည်ဖြူရယ် …၊ အားမာန်ပုံကိုသာ နင် အခုမြင်ရင် နင်ပြောတဲ့ စကားတွေအတွက် နောင်တ အကြီးအကျယ် ရသွားစေရမယ်၊ အားမာန်ကလေ ငါ့ကို ပြောစရာလေး ရှိလို့တဲ့ ဟဲ့ … သိလား”

“ပြောစရာရှိတယ်ဆိုတိုင်း ရည်းစားစကား ဖြစ်ရောလား၊ အပိုင်မတွက်စမ်းပါနဲ့ဟယ် …”

“ဟဲ့ … သူ့မျက်လုံးတွေကို နင် လာကြည့်စမ်း၊ ဖျားသွားမယ်ဟဲ့ … ဖျားသွားမယ်၊ တစ်ခါတည်း မျက်လုံးတွေထဲမှာ အရည်ကြည်လေးတွေကို ဖိတ်ဖိတ်လဲ့နေလိုက်တာ၊ ကြည်လဲ့ရွှန်းစို မျက်ဝန်းညိုဆိုတာ ဒါမျိုးကို ပြောတာပဲ နေမှာ …”

“နင်တို့ ဘာစားနေလို့လဲ …”

“ဟဲ့ … ကြည်ဖြူ … ငါ ဒီမှာ moodအပြည့်နဲ့ ဖီးလ်တွေတက်ပြီး ပြောနေတာလေ၊ အလိုက်မသိ စကားဖြတ်ပြောစရာလားဟဲ့ …”

“စကားဖြတ်ပြောတာ မဟုတ်ဘူး၊ ဖြစ်နိုင်ချေကို မှန်းဆနေတာ၊ နင်တို့စားနေတဲ့ အစားအစာထဲမှာ ငရုပ်သီးစပ်တာ ပါလား”

“ပါတယ်လေ …၊ ယိုးဒယားစာ စားနေကြတာ၊ စပ်မှစပ်၊ အဲ့ဒီတော့ ဘာဖြစ်လဲ၊ နင်က ဘာပြောချင်လို့လဲ”





“ဒါဆို သေချာတယ်၊ နင့် အားမာန်က ငရုပ်သီးစပ်လို့ မျက်လုံးထဲမှာ မျက်ရည်ကြည်တွေ ဝဲလာတာ၊ ကိုယ့်ကိုယ်ကို စွတ်အထင်ကြီးမနေနဲ့ …”

“အစပ်စာက စားပြီးလို့ ရေတောင်သောက်ပြီးပြီဟဲ့၊ ခုမှ ထစပ်မနေတော့ဘူး၊ သူကလေ … အသံတွေတောင် တုန်လို့ဟဲ့ … သိရဲ့လား …”

“နင်တို့ ထိုင်နေတဲ့ ဆိုင်က အဲကွန်းဖွင့်ထားလား”

“ဘာရယ် …”

“ငါမေးတာပဲ ဖြေစမ်းပါ”

“ဖွင့်ထားတယ်၊ ဖွင့်ထားတယ်၊ တစ်ဆိုင်လုံးကို စိမ့်နေအောင် ဖွင့်ထားတယ်၊ အဲ့ဒါ ဘာဖြစ်လဲ …”

“ဒါဆို အားမာန်က အေးလွန်းလို့ ချမ်းတုန်နေတာဖြစ်မှာပေါ့ …”

“ကြည်ဖြူ … နင်ဟာလေ ငါ့ကိုဆို အထင်ကိုသေးရမှ၊ နင် မယုံရင် (… …) ယိုးဒယားဆိုင်မှာ အားမာန်ကို လာကြည့်လိုက် …”

“နေစမ်းပါဦး …၊ အားမာန်က နင့်ကို အဲ့လိုကြည့်ပြီး အဲ့ဒီလောက်ပဲ ပြောသေးတာလား၊ တခြား ဘာဆက်ပြောသေးလဲ …”

“အဲ့ဒါက လာမယ်လေ၊ လာမှာပေါ့ …၊ သူ အဲ့ဒီလို



www.burmeseclassic.com

www.burmeseclassic.com



စကား စလာတဲ့အကြောင်းလေး ပြောပြချင်လွန်းလို့ သန့်စင်ခန်းဘက် ထွက်လာပြီး နင့်ဆီဆက်လိုက်တာ"

"ဖြစ်မှဖြစ်ရလေ ပရစ်ရယ် ...၊ အားမာန်က ရည်းစားစကား စပြောတော့မယ်ဆိုတာ သေချာတယ်ဆိုလည်း ပြောပြီးတဲ့အထိတော့ စောင့်နားထောင်ဦးပေါ့ဟဲ့၊ တစ်ဝက်တစ်ပျက်နဲ့ ထလာစရာလား ...၊ အံ့ရော့ဟယ် ... တကယ်ပါပဲ ပရစ်တို့ နှုတ်မှာပုံများတော့ ...၊ ခုလောက်ဆို ဟိုက mood အောက်နေပြီ၊ နင် ခုနေ သူ့ဆီပြန်သွားရင် ပြောတောင် ပြောပါဦးတော့မလားပဲ ..."

"ပြောမှာပါဟယ်၊ သူ့ကြည့်ရတာ မပြောဘဲ မနေနိုင်တော့လို့ ပေါက်ကွဲထွက်ရတော့မယ့် ပုံစံမျိုးဟဲ့ သိလား၊ အကြည့်လေးက ညို့ပြီး အသံလေးက တုန်နေတာ ချစ်စရာကောင်းလိုက်တာ အရမ်းပဲ ...၊ ငါဖြင့် သူ့ကြည့်ပြီး ရင်တွေလည်း တုန်၊ အို ... တစ်ကိုယ်လုံးကို တုန်ပြီး အေးစက်လာတော့တာပဲ၊ ဒါပဲ ... ဒါပဲ ... ငါ ရတီ့ဆီ ဆက်လိုက်ဦးမယ်"

"ဘုရားရေ ... ရတီ့ဆီ ဆက်ဦးမယ် ..."

"အေး ... ဆက်မှာ၊ ပြောကိုပြောဦးမှာ"

ပရစ်က ကြည်ဖြူနှင့် စကားမြန်မြန်ဖြတ်လိုက်ပြီး ရတီ့ဖုန်းကို ခေါ်လိုက်သည်။ တော်ပါသေးရဲ့ ရတီ့ဖုန်းက အားပေလို့ ...။





"ဟဲလို ..."

"ဟဲ့ ... ရတီ့ နင့်ဖုန်းကလည်း အဲဗား ဘီးဖိုးပဲနော်၊ သေရေးရှင်ရေးကိစ္စ ဆက်ရင်တောင် နင့်ဖုန်း မအားတာနဲ့ပဲ ငါသေပြီးမှ နင်သိရမယ် ..."

"တို့က ရည်းစားရှိတယ်လေကွယ်၊ ရည်းစားရှိတဲ့လူဆိုတာ ဒီလိုပဲ ဖုန်းမအားတတ်ဘူးဆိုတာ ရည်းစားမရှိတဲ့လူတွေကတော့ ဘယ်သိပါ့မလဲ ..."

"အဟင်း ... ဟင်း ... ပရစ်ဖူးမှာလည်း ရည်းစားရှိတော့မှာပါနော် ...၊ မကြာခင်မှာ တို့နှစ်ယောက် အရမ်းပဲ ချစ်တော့မယ် xxx ရည်းစားဖြစ်ဖို့ ငါးမိနစ် လိုပါတော့တယ် xxx"

ပရစ်က မို့မို့ သီချင်းကိုပါ ဆိုပြလိုက်တာမို့ ရတီ့ဘက်က ရယ်သံတစ်ချက် ထွက်လာကာ ...

"ဘယ်သူနဲ့ဖြစ်မှာလဲ ... အားမာန်နဲ့တော့ မဟုတ်ဘူးမဟုတ်လား၊ အားမာန်ကို မျှော်လင့်မနေပါနဲ့တော့ဟာ၊ သူနဲ့ နင်က မလိုက်ဖက်ပါဘူး၊ သူက နင့်လို ကိုယ့်အကြောင်းတွေ တစ်လောကလုံးသိအောင် လျှောက်လျှောက်ပြောတတ်တဲ့သူမှ မဟုတ်တာ၊ သူက ပါးစပ်စည်းကမ်းရှိတယ်၊ လှို့လှို့ဝှက်ဝှက် မျိုမျိုသိပ်သိပ်လေး နေတတ်တယ်၊ နင့်လို ပေါတောတော မဟုတ်ဘူး"

"အဲ့ဒီလို မျိုသိပ်တတ်တဲ့ လူကလေးရဲ့ ရင်ထဲက အချစ်



www.burmeseclassic.com

www.burmeseclassic.com



တွေဟာ မကြာမီအချိန်အတောအတွင်းမှာ ပေါက်ကွဲထွက်တော့မယ်ဆိုတာ နင်သိအောင် လှမ်းပြောတာ ရတီရေ့ ...၊ သူက အခု ငါ့ကို ရည်းစားစကားပြောဖို့ အင်ထရိုဝင်နေပြီ၊ ငါးမိနစ်အတွင်း ပြောတော့မှာ ..."

"ဟုတ်လို့လားဟဲ့ ...၊ ငါ့ရည်းစား ကိုသက် ပြောတာတော့ မနေ့ကအထိ အားမာန်က အေးဆေးပဲတဲ့၊ မင်းပရစ်ကို ချစ်နေလားလို့ မေးတာတောင် စာအုပ်ဖတ်နေရင်းက မျက်လွှာလေးတစ်ချက်ပဲ ပင့်ကြည့်ရုံ ကြည့်တာတဲ့၊ ဘာမှ ပြန်မပြောဘူးတဲ့ ..."

"အပြင်ပန်းကတော့ အေးဆေးပေါ့ဟဲ့၊ သူ့ရင်ထဲမှာ အချစ်ဆိုတဲ့ အဆောက်အဦးကြီးက ဘယ်လောက် ထုထည်ကြီးကြီး အုတ်မြစ်ချထားတယ်ဆိုတာ နင်တို့ သိနိုင်တာမှ မဟုတ်တာ ...၊ သူဖွင့်ပြောရင် ငါ ဘယ်လိုတုံ့ပြန်ရမလဲဆိုတာ ခုထိ စဉ်းစားမရသေးလို့ အကြံဉာဏ်လေး ဘာလေး ပေးစမ်းပါဦး ရတီရယ်၊ ငါ စဉ်းစားဦးမယ်လို့ပဲ ပြောလိုက်ရမလားဟင် ..."

"အပိုတွေ လုပ်မနေနဲ့ ...၊ နင်က စမပြောရုံတမယ်ဖြစ်နေတဲ့သူကများ အိုက်တင်ခံဖို့ စဉ်းစားနေဦးမယ်၊ ဟိုက ဒါဆိုလည်း စဉ်းစားပါခင်ဗျာ ... အေးအေးဆေးဆေးမှပဲ အဖြေပေးပါဆိုပြီး နင့်ဆီတော်တော်နဲ့အဖြေလာမတောင်းဘဲနေတော့မှ ထွန့်ထွန့်လူးနေမယ် ..."





"အေးနော် ... နင်ပြောတာလည်း ဟုတ်သား ...၊ ဒါဆိုလည်း မြန်မြန် အဖြေပေးလိုက်ပါတော့မယ် ရတီရယ်"

"နေပါဦး ... သူပြောတော့မယ်ဆိုတာကရော သေချာလို့လား၊ နင် အထင်နဲ့ လျှောက်ပြောနေတာလား ..."

"လုံးဝ သေချာတယ်၊ sure ပဲ ...၊ ဒါပဲ ... ဒါပဲ ... ငါ သူ့ဆီပြန်သွားရဦးမယ်၊ ဖုန်းချလိုက်တော့မယ်၊ ဟဲ့ ... သူနဲ့ငါ ရည်းစားဖြစ်တော့မယ်ဆိုတာ နင့် ကိုသက်ကိုလည်း ပြောပြလိုက်ဦး ..."

"နင့်ဘက်က အရင် သေချာအောင် လုပ်ပါဦး ရွှေပရစ်ရယ် ..."

"ညကျ ဆုံဖို့ လူစုထားလိုက်နော် ... ရတီ၊ ကြည်ဖြူရယ်၊ နင်ရယ်၊ နင့် ကိုသက်ရယ် ... ငါတို့အားလုံး ဆုံကြမယ်၊ ငါ တကာခံမယ်၊ နင်တို့ တိုင်ပင်ပြီး ဆိုင်ရွေးထားလိုက်၊ ဒီညနေ ၅ နာရီ ကြည်ဖြူတို့အိမ်မှာ ဆုံမယ်၊ ဒါပဲ ... ဖုန်းချလိုက်ပြီ"

ပရစ်က ဖုန်းပိတ်လိုက်ပြီး လက်ကလေးနှစ်ဖက်ကို ဆန့်တန်းကာ ဒူးကွေးလျက် ယိစ်ဟု ကျိတ်အော်လိုက်သည်။ ထို့နောက် ဗေစင်ရှေ့ မှန်ထဲမှာ ခန္ဓာကိုယ်ကို တစ်ပတ်လှည့်၍ သေသေချာချာကြည့်လိုက်သည်။ ဒီနေ့ ပရစ် ဝတ်လာမိတာ ရှပ်အင်္ကျီဆန်ဆန် ကော်လံဖျား၊ လက်ဖျားကြီးကြီး ပန်းနုရောင် အင်္ကျီပါးပါးပွပွလေး။ Pink lady ပေါ့ ...။ ပန်းရောင်ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



အချစ်ရဲ့ သင်္ကေတ တဲ့ ... ။ ဒီအင်္ကျီလေး ဝတ်လာမိလို့များ အချစ်ဓာတ်တွေ ပရစ်ဆီကို ရစ်ပတ်လာလေသလား ... အဟား။

ပရစ်သည် မှန်ရှေ့မှာ တစ်ပတ်လည်ပြီးတာနှင့် အင်္ကျီပန်းရောင်လေးနဲ့ ပေါင်လည်လောက် အတို ချည်သား ဘောင်းဘီ အနက်ရောင်လေးကို သပ်ရပ်စမတ်ဖြစ်အောင် သေချာ ဆွဲဆန့်ဖိချ ပြုပြင်လိုက်သည်။ ခြေတံလှသော ပရစ်က ခုလို နွေရာသီမျိုးမှာ ပေါ့ပေါ့ပါးပါး ဘောင်းဘီတိုကလေးတွေပဲ ဝတ်ဖြစ်နေပါသည်။ ချည်သားအင်္ကျီ ပါးပါးပွပွ ရှည်ရှည်လေးတွေနှင့် ဘောင်းဘီတိုကလေးဝတ်ကာ ရှူး(စ်)အပါးလေးတွေ၊ ကြိုးသိုင်းဖိနပ်လေးတွေ အမြဲစီးပြီး ကျောပိုးအိတ် ခပ်သေးသေး လေးလွယ်၍ ခပ်သွက်သွက် လမ်းလျှောက်တတ်သော ပရစ်ပုံစံကို အားမာန်က 'ပရစ်ကြည့်လိုက်ရင် အမြဲတမ်း ပေါ့ပါးလန်းဆန်းနေတာပဲနော်' ဟု ပြောဖူးသည်။

ပရစ်သည် အဝတ်အစားကို သေချာပြုပြင်ပြီးတာနှင့် မှန်နားသို့ မျက်နှာကို တိုးကပ်သွားကာ မျက်နှာပေါ်က ချွေးကို တစ်ရှူးနဲ့သုတ်ရင်း ဆံပင်ပုံစံကိုလည်း သေချာ စစ်ဆေးရသည်။ ပရစ်ရဲ့ ဆံပင်တွေက ပခုံးသာသာလေးပဲ ရှည်သည်။ ထိုဆံပင်ကို ပင့်ခေါက်ကာ ထိပ်လယ်နား မရောက်တရောက်မှာ ကလစ်နှင့် ညှပ်ထားသဖြင့် ဆံပင်အတိုစကလေးတွေက ကပိုကယိုလေး ပြုတ်ကျနေသည်။ ကပိုကယိုဖြစ်အောင် တမင်လုပ်ယူထားရသော စတိုင်လ်ပင် ... ။





ပရစ်က နားရွက်ဖျားမှာ တွဲခိုနေသည့် နားဆွဲလှလှလေး နှစ်ဖက် လှုပ်ယမ်းသွားအောင် ခေါင်းကို ဘယ်ညာယမ်းခါကြည့်လိုက်ပြီး ဆံပင်မျှင်လေးတချို့ ဆွဲချလိုက်သည်။ ထို့နောက် ပရစ်ရဲ့ ဖုန်းထဲမှာ သွင်းထားသည့် မို့မို့ သီချင်းကို ဖွင့်လိုက်ပြီး ခန္ဓာကိုယ်လေးကို ဟန်နဲ့ပန်နဲ့ လှုပ်ရှားကာ ခပ်တိုးတိုး လိုက်ဆိုလိုက်သေးသည်။

*"မကြာခင်မှာတို့နှစ်ယောက် အရမ်းပဲချစ်တော့မယ် x x x ရည်းစားဖြစ်ဖို့ ၅ မိနစ် လိုပါတော့တယ် x x x အားလုံးဝိုင်းပြီး ပြောလည်းကွယ် x x x ခေါင်းမငုံ့ချင်တယ် x x x ခေါင်းလည်း မရမ်းချင်ခဲ့ x x x"*

ပရစ်က ထိုအပုဒ်ကို ဆိုပြီးတာနှင့် သီချင်းကို ပြန်ပိတ်လိုက်ပြီး သနပ်စင်ခန်းအပြင်ဘက်သို့ ခပ်တည်တည်လေး ပြန်ထွက်လာခဲ့ပါသည်။

သို့သော် ...

အားမာန် ထိုင်နေမည့် စားပွဲဆီသို့ ညို့တို့တို့လေး လှမ်းကြည့်မိသော ပရစ်သည် နေရာမှာ အားမာန်ကို မတွေ့ရတော့သောအခါ ရင်ထဲမှာ ဆူနာမီ လှိုင်းလုံးကြီး ဝင်အရိုက်ခံလိုက်ရသလို သိမ့်သိမ့်ခါသွားရပါသည်။

ဘုရားရေ ... သူ ... ပြန်သွားပြီလား။

ပရစ်သည် စောစောက သူနဲ့အတူ ထိုင်ခဲ့သော



www.burmeseclassic.com

www.burmeseclassic.com



စားပွဲဆီသို့ လျှောက်သွားပြီး မလှမ်းမကမ်းက စားပွဲထိုးလေးကို လှမ်းခေါ်ကာ ...

"ဒီမှာ ... ဒီစားပွဲက တစ်ယောက် ဘယ်သွားတာ မြင်လိုက်လဲဟင် ..."

"ပြန်သွားပြီထင်တယ် ခင်ဗျ ...၊ ပိုက်ဆံလည်း ရှင်းသွားတယ်"

ပရစ်ရဲ့ တစ်ကိုယ်လုံးက ရှိရှိသမျှ အားအင်တွေ ဆုတ်နစ်သွားရကာ ထိုင်ခုံမှာ အရုပ်ကြိုးပြတ် ထိုင်ချလိုက်မိ၏။

ပရစ်ကို စောင့်ရတာ စိတ်မရှည်လို့ ပြန်သွားတာလား၊ ရည်းစားစကား ပြောမယ်ဆိုလည်း ပြောဖြစ်အောင်ပြောသွားဦးပေါ့ အားမာန်ရယ် ...၊ ဘာလို့ မပြောမဆို ပြန်သွားရတာလဲ ...။ ပရစ်ကဖြင့် ရှင် ရည်းစားစကား ပြောမယ်ဆိုတာကို တစ်လောကလုံးသိအောင် ကြွားပြီးပြီလေ ...။ ညနေ ရတီတို့ဆီကို ရှင်မပါဘဲသွားရင် ပရစ် အရှက်ကွဲပြီပေါ့ ...။

ပရစ်သည် ကိုယ့်အဖြစ်ကိုတွေးရင်း ရင်ထဲမှာ ဆို့ကာ ဆို့ကာ ဝမ်းနည်းလာရဆဲမှာ ပရစ်တို့ စားပွဲဝိုင်းရဲ့ နောက်ဘက် နံရံနားက ဆောင်းဘောက်(စ်)ကလေးဆီမှ ဂျင်းနီရဲ့ သီချင်းသံလေးက ပရစ်ရဲ့ နားဝကို လာကလိသည်။

*"လမ်းတွေ့ ပြုံးပြ နှုတ်ဆက် xxx ဒီထက် ဘာမှပိုမလာဘူး၊ မင်းအကြောင်း ညစဉ်အိပ်မက် ဖုန်းဆက်ပြောလည်း ဘာမှ မထူး xxx မင်းမသိသလိုပဲလား xxx ရင်ထဲအချစ်များ တကယ်*





*ရှိလား xxx ကြာပါတယ်ကွာ မြန်မြန်လာ သိပ်စိတ်ညစ်တယ် ကြာပါတယ်ကွာ တော်တော်ကြာ မုန်းမိလိမ့်မယ် xxx ကြာပါတယ်ကွာ မင်းရဲ့ အချစ်ကို ညာနေတာ xxx"*

ပရစ်သည် ထိုသီချင်းသံလေးကြောင့် ပို၍ ငိုချင်လာရပါသည်။

အဲဒီသီချင်းထဲကလိုပဲ ပရစ် သူ့ကို စောင့်ခဲ့ရတာ။

ပရစ် အားမာန်နဲ့ စတွေ့ခဲ့တာ ရတီ မွေးနေ့ပွဲမှာပင်။ အားမာန်က ရတီ ရည်းစား ကိုသက်ရဲ့ သူငယ်ချင်းမို့ ကိုသက်က အားမာန်ကို ရတီ့ပွဲသို့ ခေါ်လာခဲ့သည်။

"အားမာန်က အေးအေးဆေးဆေးသမား၊ ဒီလို လူများတဲ့ နေရာမျိုးဆို ရှောင်နေကျ၊ ကိုယ် တစ်ယောက်တည်း အဖော်မရှိလို့ ဖွတ်ခေါ်လာရတာ ...၊ နောက်လည်း ဒီကောင့်ကို ဒီအဖွဲ့ထဲ ဆွဲသွင်းရမှာပဲ ...၊ ဟော့ကောင် မင်းက အချိန်ရှိသရွေ့ ကွန်ပျူတာရှေ့မှာပဲ ထိုင်နေတာ၊ ကြာရင် ဂေါက်သွားမယ်၊ ဒီအဖွဲ့က ခင်စရာကောင်းတယ်ကွ၊ မင်းကို ဘော်ဒါစာရင်း သွင်းလိုက်တော့မယ်"

သူက ခေါင်းလည်းမညိတ်၊ ခေါင်းလည်းမခါ၊ ပြုံးတုံ့တုံ့နှင့်သာ ငြိမ်နေခဲ့သည်။

ကိုသက်က ပရစ်တို့အားလုံးနှင့် မိတ်ဆက်ပေးတော့ သူက ပရစ်တို့တစ်ယောက်စီရဲ့ မျက်လုံးတွေကို စိုက်စိုက်ကြည့်ရင်း ခေါင်းလေးသာ ညိတ်ပြသည်။



www.burmeseclassic.com

www.burmeseclassic.com



အဲ့ဒီနေ့က ပရစ်ကို ကြည့်လိုက်တဲ့ သူ့အကြည့်လေးတစ်ချက်ကတော့ ထူးခြားနေခဲ့သည်။ တခြားသူတွေကို ကြည့်တာနဲ့ လုံးဝမတူ၊ ခပ်နက်နက်လေး စိုက်ခနဲ ကြည့်လိုက်တဲ့ သူ့အကြည့် မြားကလေးက ပရစ်ရဲ့ နှလုံးသားတည့်တည့်ကို စိုက်ဝင်သွားခဲ့သည်။

အဲ့ဒီနေ့ကတည်းက အားမာန်က ပရစ်ကို သာမန်ထက် ပိုပြီး စိတ်ဝင်စားသွားခဲ့တယ်ဆိုတာကို ပရစ်က ရိပ်မိခဲ့ပါသည်။ သူ့အကြည့်လေးအကြောင်းကို ရတီတို့ကို ပြောပြမိတော့ ရတီတို့က 'အကြည့်လောက်ကိုတော့ စာမဖွဲ့ကြေးပေါ့' ဟုဆိုကာ အရေးမလုပ်ခဲ့ပါ။

နောက်တော့ ... ပရစ်တို့ဆီကို ကိုသက် လာတိုင်း အားမာန် ပါပါလာတတ်သည်။ စကားများများမပြောဘဲ သူများပြောသမျှကို ဂရုတစိုက် နားထောင်ပေးနေတတ်သော သူက ပရစ်ကို အကြည့်ခိုးလေးတွေဖြင့် ကြည့်ကြည့်လာတတ်သည်။

မိန်းမတို့ရဲ့ စိတ်မှာ ဆန်းကြယ်သော အစွမ်းသတ္တိတစ်မျိုး ရှိသည်။ အဲ့ဒါကတော့ ကိုယ့်ကိုချစ်နေသော ယောကျ်ားတစ်ယောက်ရဲ့ မျက်လုံးတွေကို စာဖတ်တတ်ခြင်းပင် ...။ တခြားလူ သိသိမသိသိ ကိုယ်ကတော့ သူ့မျက်လုံးတွေထဲက အချစ်ကို သိနေသည်။

အားမာန်က ဝက်(ဘ်)ဆိုက်ဒီဇိုင်းတွေ ရေးဆွဲသည့် ကွန်ပျူတာ ပညာရှင်တစ်ယောက် ဖြစ်ပြီး ကွန်ပျူတာဒီဇိုင်းတွေ





ရေးဆွဲသည့် လုပ်ငန်းလေးတစ်ခုကိုလည်း တည်ထောင်ထားသည်။ ဘောလ်ဘုတ် ဒီဇိုင်းတွေ၊ ကြော်ငြာ ဒီဇိုင်းတွေသာမက အင်တာနက် မှာတင်ဖို့ အနုပညာရှင်တွေရဲ့ ဝက်(ဘ်)ဆိုက်ဒီဇိုင်းတွေကိုလည်း ရေးဆွဲပေးရသည့် လုပ်ငန်းမျိုးပင် ...။

သူ့အလုပ်မှာ သူ အာရုံစိုက်လှတဲ့ အားမာန်ဟာ ဘော်ဒါ အဖော်သဟာနဲ့ အပျော်မရှာတတ်သူမျိုး ...။ စကားများများ မပြောဘဲ အလုပ်များများ လုပ်သူမျိုး ...။

အဲ့ဒီလို အားမာန်ဟာ ပရစ်ကို မျက်လုံးအကြည့်လေးနဲ့ ချစ်ကြောင်းပြသလာကာ ခုဆို တစ်နှစ်ခွဲလောက်ရှိနေပြီ ...။

တစ်ယောက်နှင့်တစ်ယောက် အကြည့်လေးတွေနှင့်ပင် နားလည်မှုရသလိုဖြစ်ကာ အထွေအထူး တိုင်ပင်ညှိနှိုင်းစရာမလိုဘဲ နှစ်ယောက်တည်း ကော်ဖီ အတူသွားသောက်ကြတဲ့ အကြိမ်ရေပေါင်းလည်း မနည်း၊ တိတ်ဆိတ်အေးချမ်းသည့် စားသောက်ဆိုင်လေး တစ်ဆိုင်ဆိုင်မှာ ထမင်းအတူစားဖြစ်ကြသည့် အကြိမ်ပေါင်းက မြောက်များလှစွာ ...။

သူက ပရစ်ကို အကြည့်နွေးနွေးလေးတွေနဲ့ ကြည့်ရင်း ပရစ် စားဖို့ ဂရုတစိုက် ထည့်ပေးတတ်တာ ...၊ ပရစ်ကြိုက်တတ်တဲ့ ဟင်းတွေကို မှတ်သားထားတတ်တာ၊ အတူတူစားဖြစ်ကြတိုင်း ပရစ်အကြိုက် ဟင်းတွေကိုပဲ ဦးစားပေးမှာတတ်တာ၊ သူ့ဗီဒီယိုကင်မရာလေးဖြင့် ပရစ်ရဲ့ အမှတ်တမဲ့ လှုပ်ရှား



www.burmeseclassic.com

www.burmeseclassic.com



ဟန်လေးတွေကို ရိုက်ယူသွားကာ ကွန်ပျူတာ animation ဖြင့် ဖန်တီးထားသော အရွေလေး လာပေးတတ်တာ ... စသဖြင့် ပရစ်ကို ကြည်နာနူးညွှံစွာ ဆက်ဆံလျက် သူ့အချစ်ကို အသံတိတ် ပြသနေတတ်သည်။

သို့သော် ... ဒီလို ဇာတ်မျောသွားလို့တော့ ဘယ်ဖြစ်ပါ့မလဲ ...။ သူနဲ့ ပရစ် ချစ်သူဖြစ်ကြဖို့အရေးမှာ သူက စတင်ဖွင့်ပြောလာဖို့ အရေးကြီးတာပဲ ...။

ပရစ်သည် တစ်ခါတစ်ခါတော့ သူ့ကို စိတ်မရှည်နိုင်အောင် ဖြစ်ရသည်။ ပရစ်တို့ ထမင်းအတူစားတဲ့အခါ သူက ပရစ် ကြိုက်တတ်တဲ့ ဟင်းတွေကို ပရစ် ပန်းကန်ထဲသို့ ထည့်ပေးတိုင်း ...

"ဟွန်း ... အရေးကြီးတဲ့ဟာကျ မလုပ်၊ အရေးမကြီးတဲ့ ဟာတွေပဲ လုပ်နေတယ်"

ဟု စိတ်ထဲက မကျေမနပ်အပြစ်တင်မိတတ်သည်။

ခုအခြေအနေမှာ ပရစ် သူ့ကိုချစ်မိနေတဲ့အကြောင်းကိုတော့ ပရစ်ပတ်ဝန်းကျင်ကလူတွေဟာ မသိချင်မှအဆုံး ...။ ပရစ် ရင်ဖွင့်လွန်းလို့ ရိုးအီနေကြပြီ ...။

သူနဲ့ ပရစ် ဘယ်ဆိုင်မှာ ဘာစားကြတုန်းမှာ သူက ဘာဟင်းမှာကာ ပရစ်ကို ဘာပြောတယ်ဆိုတာကအစ အဲ့ဒီနေ့က သူ ဘာဝတ်လာတယ်ဆိုတာ အဆုံး၊ ပရစ်တို့ ဘယ် နှစ်နာရီကြာ တွေ့ဖြစ်ကြတာ၊ သူက ဘယ်နှစ်ခါပြုံးပြီး ဘာတွေပြော





တာ၊ ပရစ်ကို ဘယ်လိုကြည့်တာဆိုတာမျိုးကအစ ပရစ်က အသေးစိတ် ဖောက်သည်ချသည်။

ကြာတော့ ရတီတို့က ပရစ်ကို 'မထူးဇာတ်' ကနေတာဟု ထင်ချင်လာသည်။

"သူ နင့်ကို တကယ် ချစ်မှတော့ ခုလောက်ဆို ဖွင့်ပြောတော့မှာပေါ့ ...၊ ဖွင့်မပြောနိုင်စရာ ဘာအကြောင်းမှ မရှိဘဲနဲ့ ဖွင့်မပြောတာဟာ နင့်ကို တကယ်ချစ်မနေလို့ပေါ့ ..."

ဟု ပရစ် ရင်နာအောင် ဝိုင်းပြောလာကြသည်။ ရတီ့ရည်းစား ကိုသက်ကပင် ပရစ်အဖြစ်ကို စာနာကာ အားမာန် ပရစ်ကို ချစ် မချစ် အစ်အောက် အကဲခတ်ပေးသော်လည်း အချည်းနှီးမျှသာ ...။

ပရစ်ကတော့ ရတီတို့ ဘာပြောပြော ...

"သူ ငါ့ကိုချစ်နေတာ ငါ ခံစားမိတယ်၊ သူ ငါ့ကို ချစ်တယ်ဆိုတာ အရမ်းသေချာတယ် ..."

ဟု ခေါင်းမာမာနှင့် ပြန်ပြောမိဆဲပင် ...။

ပရစ်သည် ခုချိန်မှာတော့ စန္ဒီမြင့်လွင် ဆိုတဲ့ Rap သီချင်းစာသားထဲကလိုပင် ...

"ဖွင့်ပြောဖို့ သတ္တိရှိရင် မင်းကို အနမ်း ၁၀ ခါ ပေးမယ်"

ဟု ရူးရူးမိုက်မိုက် ပြောပစ်လိုက်ချင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ခုတော့ သူက ပရစ်ကို ခဏလေးတောင် မစောင့်နိုင်တော့ဘဲ ထွက်သွားရက်သတဲ့ …။

ပရစ်သည် တွေးရင်း ဆွေးရင်း ဝမ်းနည်းလာကာ မျက်ရည်တွေ ကျလာတာမို့ လူမမြင်ခင် အမြန်သုတ်ပစ်နေရချိန်မှာ …

"ပရစ် …"

"အမေ့ …"

ဟယ် … အားမာန် …။

ပရစ်သည် ပရစ်ရှေ့မှာ မားမားရပ်လာသော သူ့ကို မော့ကြည့်မိခိုက် ရင်ထဲမှာ ဖြောင်းဆန်အောင် လှုပ်ရှားသွားကာ ဝမ်းသာလုံးကြီး ဆို့တက်လာပါသည်။

"ပရစ် … မျက်ရည်တွေနဲ့ပါလား … ဘာဖြစ်လို့လဲဟင်"

"အင် … အဟင်း …"

ပရစ်က ပါးပေါ်က မျက်ရည်စတွေကို အမြန်သုတ်ပစ်လိုက်ရင်း …

"ဟိုလေ … ခုလေးပဲ ဖုန်းလာသွားတာ၊ နိုင်ငံခြားက သူငယ်ချင်းတစ်ယောက် ဆုံးသွားတယ်ဆိုလို့ပါ၊ ဒါနဲ့ အားမာန်က ပြန်သွားတာမဟုတ်ဘူးလား …"

"ပရစ်ကို မစောင့်ဘဲ ပြန်ပါ့မလား …၊ ကိုယ်လည်း သန့်စင်ခန်း ဝင်နေတာ …"

"ပိုက်ဆံလည်း ရှင်းသွားတယ်ဆိုလို့ …"





"ဪ … ပိုက်ဆံက ပရစ် ထွက်သွားကတည်းက ရှင်းထားတာပါ၊ ပရစ်ရှေ့မှာဆို ပရစ်က လုလုရှင်းတတ်လို့ ပရစ် သွားတုန်း ရှင်းထားရတာ …"

"ဪ … အဲ့လိုလား …"

ပရစ်က ဘဝင်ကျစွာ ပြုံးလိုက်မိ၏။

သူ … စောစောက စကားကို ပြန်ဆက်တော့မယ်ပေါ့ …။

ပရစ်သည် ထိုအတွေးဖြင့် ရင်ပြန်ခုန်လာကာ မျက်လွှာလေး ချလိုက်ရင်း သူ့စကားကို ငြိမ်သက်စွာ စောင့်စားနေလိုက်ပါသည်။

"ပရစ် …"

"ပြောလေ … အားမာန်"

"ကျွန်တော် အားတော့နာတယ် …"

"အားမနာပါနဲ့၊ ပြောစရာရှိတာသာ ပြောပါ"

"ကျွန်တော် … သွားရတော့မယ်"

"ရှင် …"

မေးစင်းရီဝေနေသော မျက်လွှာချထားသည့် မျက်လုံးအစုံက ရုတ်တရက် ပြူးဝိုင်းသွားရပါသည်။

"ခုနလေးကပဲ ကျွန်တော့် ရုံးခန်းက အရေးတကြီး ဖုန်းဝင်လာတယ်၊ အရေးကြီးတဲ့ client တစ်ယောက်နဲ့



www.burmeseclassic.com

www.burmeseclassic.com



ပြဿနာလေးတစ်ခု ဖြစ်လို့ ကျွန်တော် လာရှင်းပေးမှ ရမယ်တဲ့ ...”

“အဲ ... အဲဒီတော့ ...”

“ကျွန်တော် သွားမှဖြစ်မှာပေါ့ ပရစ်ရယ် ...၊ ပရစ် ထွက်လာတာကို စောင့်ချင်သေးလို့သာ ကျွန်တော် ချက်ချင်း ထမသွားတာ ...”

“ဟို ... ခုန ... ခုန ... ပြောစရာရှိတယ်ဆိုတာက ...”

“နောက်မှပဲ အေးအေးဆေးဆေး ပြောပါတော့မယ်”

“အခု ... အခု ပြောလည်း ရပါတယ်”

“အလေးအနက် ပြောရမယ့် စကားတစ်ခွန်းကို ပျာပျာယာယာ ပြောမသွားချင်လို့ပါ ...၊ ကျွန်တော် ပြောမယ့် စကားက ကျွန်တော်တို့ နှစ်ယောက်စလုံးရဲ့ ဘဝအတွက် အရမ်းအရေးကြီးတဲ့ စကားမို့လို့ပါ၊ နောက်မှ ဖုန်းဆက်ပြီး ပြန်ချိန်းကြတာပေါ့နော်၊ ကျွန်တော့်ကို ခွင့်ပြုပါဦး”

သူက ယဉ်ယဉ်ကျေးကျေးလေး ခွင့်တောင်းပြီး ပရစ်ရှေ့က ထထွက်သွားသည်။

ပရစ်မှာတော့ အူကြောင်ကြောင်လေး ထိုင်ကျန်ရစ်ရပါသည်။

* * *



* * *

“ဖောင်း ... ဖောင့် ... ရှိုး ...”

“အမလေး ...”

“ဟေး ... ကွန်ဂရက်ကျူလိတ်ရှင်း ...”

“ပရစ်ရေ ... ကွန်ဂရက်ကျူလိတ်ရှင်း ...”

“ဂုဏ်ယူပါတယ် ပရစ်ဖူး ခင်ဗျာ ...”

ကြည်ဖြူတို့ အိမ်ထဲသို့ ခေါင်းငိုက်စိုက်ဖြင့် ဝင်လာခဲ့သော ပရစ်သည် ဖောင်းခနဲ ရှိုးခနဲ အသံတွေကြောင့် လန့်အော်လိုက်မိရင်း အသံတွေနှင့်အတူ ပရစ်ခေါင်းပေါ်သို့ လွင့်ပျံလာသော ရောင်စုံစက္ကူမှုန်လေးတွေကို ကြောင်တောင်တောင် မော့ကြည့်မိသည်။

စက္ကူမှုန်လေးတွေက ပရစ်ခေါင်းပေါ်သို့ တမွှားမွှား ပြုတ်ကျလာသည်။



www.burmeseclassic.com

www.burmeseclassic.com



ပရစ်နားမှာ ကွန်ဂရက်ကျူလိတ်ရှင်း အသံတွေ ညံနေသည်။

ဒီနေ့ ပရစ်ရဲ့ အောင်မြင်မှုအတွက် ဂုဏ်ယူနေကြတာပေါ့လေ ...။

ပရစ်သည် မျက်နှာပေါ်ထိ တန်းလန်းလေးတွေ ကျလာသော စက္ကူမှုန်တွေကို မဖယ်မိဘဲ စိတ်နဲ့ကိုယ် မကပ်သော ပုံစံဖြင့် ထိုင်ခုံမှာ ထိုင်ချလိုက်သည်။ လူကို သေချာအကဲ မခတ်ကြသော သူငယ်ချင်းတွေကတော့ တစ်ယောက်တစ်ပေါက်ဖြင့် ...

"ပရစ်ရေ ... နင်က လူစုထားဆိုလို့ ငါလည်း တတ်နိုင်သလောက် လူစုထားတယ်၊ လက်လှမ်းမီသလောက် သူငယ်ချင်းတွေကိုလည်း ဖုန်းဆက်ပြီး နင်တို့ သမီးရည်းစား ဖြစ်သွားကြတဲ့အကြောင်း ပြောလိုက်ပြီ ..."

"ငါလည်း စင်ကာပူမှာ ကျောင်းတက်နေတဲ့ သူငယ်ချင်းတွေကို Facebook ပေါ်ကနေ အကြောင်းကြားလိုက်ပြီးပြီ၊ သူတို့တောင် နင့်အတွက် ဝမ်းသာလို့ဆိုပြီး Facebook ထဲမှာ ပန်းလေးတွေ ပို့ထားသေးတယ်၊ ပြီးရင် နင်သွားဖွင့်ကြည့် ..."

"နင့်ကို ငါတို့အားလုံး ဗိုက်ဟောင်းလောင်းနဲ့ စောင့်နေကြတာ၊ တစ်ယောက်ဗိုက်ထဲက ဂွီခနဲ အသံထွက်လာလိုက် ဗိုင်းရယ်လိုက် လုပ်နေကြတာ၊ ရတီဆို တစ်နေ့လုံး





ဝမ်းသွားပြီးလို့ ဗိုက်ဟောင်းလောင်းဖြစ်နေတာတောင် ဘာမှပြန်မဖြည့်ဘဲ နင့်ကို မျှော်လင့်တကြီး ထိုင်စောင့်နေရတာ ..."

"ငါတို့ ဆိုင်ရွေးထားပြီးပြီနော် ...၊ ကန်တော်ကြီးထဲက ဖူဂျီမှာ စားမယ် ..."

"ဟဲ့ ... ဟဲ့ ... ကြည်ဖြူ နင့်ဖုန်းမြည်သံ မဟုတ်လား"

"ဩော် ... အေး ...၊ ငါတို့ဆူနေတာနဲ့ ဖုန်းသံတောင် မကြားဘူး၊ ဟဲလို ... အေး ... ဟုတ်တယ်၊ ငါတို့အားလုံး ဒီမှာ စုဆုံနေကြတာ၊ ဟဲ့ ... ပြောရဦးမယ်သိလား၊ ဒီနေ့ အားမာန် က ပရစ်ကို ရည်းစားစကား ပြောလိုက်ပြီ၊ အေး ... အဲ့ဒါကြောင့် ဝါးကြော့ရှိတယ်၊ နင် လာရင် မီသေးတယ်၊ ငဝါတို့ကိုပါ ခေါ်လာခဲ့ ...၊ အေး ... ကျွေးမှာပေါ့ဟဲ့၊ ပရစ်တို့က ဒီကိစ္စနဲ့ပတ်သက်ရင် မတွန့်တိုတတ်ပါဘူး"

ကြည်ဖြူက ဖုန်းပြန်ချလိုက်တော့ ရတီ့အသံက ထွက်လာပြန်သည်။

"ကြည်ဖြူ ... နင် ယုယ ကိုရော ပြောပြီးပြီလား"

"ပြောပြီးပြီ ... ပြောပြီးပြီ၊ ယုယတို့ တစ်အိမ်သားလုံးကလည်း အရမ်း ဝမ်းသာ ..."

"အီးဟီး ... ဟီး ... ဟီး ... အီး ..."

"ဟယ် ... ပရစ် ... ပရစ် ..."



www.burmeseclassic.com

www.burmeseclassic.com



"ပရစ် ဘာဖြစ်တာလဲ ..."

ပရစ်က ရုတ်တရက် ဟီးခနဲ အော်ငိုချလိုက်တော့မှ ရတီတို့အားလုံးရဲ့ အာရုံက ပရစ်ဆီ ရောက်လာကြသည်။

ပရစ်သည် ရှိုက်ကာ ရှိုက်ကာ ငိုရင်း...

"အီး ... ဟီး ... သူက ဒီနေ့လည်း မပြောလိုက်ပြန်ဘူး ဟဲ့ ..."

"ဟင် ..."

"ဟယ် ..."

"တကယ် ..."

တစ်ခဲနက် အာမေဋိတ်သံကြီး ထွက်ပေါ်လာပြီးနောက် အားလုံး ငြိမ်သက်သွားကြကာ ပရစ်နားမှာ ဝိုင်းထိုင်လိုက်ကြသည်။

အားလုံး ခဏငြိမ်လျက် ပရစ် ငိုနေတာကို ငေးကြည့်နေကြပြီးမှ ရတီ့အသံကျယ်ကြီးက အရင်ထွက်လာသည်။

"ဒါနဲ့ နင်ပြောတော့ ရည်းစားဖြစ်ဖို့ ၅ မိနစ်ပဲ လိုတော့တယ်ဆို ... ပရစ်ဖူးရဲ့"

"အီးဟီး ... မပြောနဲ့ ... မပြောနဲ့ ... နင်တို့ ငါ့ကို အပြစ်မပြောကြနဲ့၊ ငါပြောတာပဲ နားထောင်ပေး၊ တစ်ရှူးတစ်ဘူး အရင်ယူပေး ..."

"ကဲ ... ရော ... ရော ..."





ကြည်ဖြူက တစ်ရှူးဘောက်(စ်)ကို ပရစ်ရှေ့သို့ ချပေးလိုက်သည်။ ပရစ်က တစ်ရှူးတွေအများကြီးဆွဲထုတ်ယူကာ မျက်ရည်သုတ်ရင်း နှာညှစ်ရင်း ...

"အဟင့် ... ဟီး ... အင့် ... အဟင့် ... ငါ နင်တို့ဆီ ဖုန်းဆက်ပြီး သူ့ဆီပြန်သွားတော့ သူက မရှိတော့ဘူး"

"ဟင် ... နင့်ထားပြီး ထွက်သွားတာလား ..."

"မဟုတ်ဘူး၊ သန့်စင်ခန်း သွားနေတာ ..."

"ဩော် ...၊ တော်သေးတာပေါ့"

"ဒါပေမယ့် သူပြန်ထွက်လာတော့ ပြောတော့မယ်ပဲ ထင်တာ၊ ဒါ ... ဒါပေမယ့် သူ့မှာ ပြောဖို့ အချိန်ကမရှိတော့ဘူး၊ အလုပ်ကိစ္စ အရေးပေါ်လာလို့ ထွက် ... ထွက်သွားအဟီး ... အီး၊ ငါ့မှာတော့ သူ့ကို မျှော်လင့်လိုက်ရတာ၊ ဖွင့်ပြောဖို့ သတ္တိရှိရင် အနမ်း ဆယ်ခါပေးမယ်လို့တောင် ပြောပစ်လိုက်ချင်တာ၊ စိတ်ကို မနည်းထိန်းထားရတာ၊ သူကတော့ နေနိုင်လိုက်တာ ... အီး ... ဟီး ... ရှုတ် ... ဖျီး"

ပရစ်သည် ပြောလည်းပြော၊ ငိုလည်းငို၊ နှပ်ချေးကလည်း ညှစ်ရသေး၊ တဖြည်းဖြည်း ပရစ်ရှေ့မှာ တစ်ရှူးပုံကြီးက ကြီးကြီးလာနေပါသည်။

ရတီတို့အားလုံးမှာ ပရစ်ကို သနားလည်း သနား၊ စိတ်လည်းပျက်လှစွာဖြင့် ထိုင်ကြည့်နေကြရသည်။ ပရစ်တို့အုပ်စုထဲမှ တစ်ဦးတည်းသော ယောကျ်ားလေးဖြစ်သူ ကိုသက်ခိ



www.burmeseclassic.com

www.burmeseclassic.com



တော့ ပြတင်းပေါက်ဘက်သို့ ထထွက်သွားကာ ပရစ်တို့ကို ကျောပေး၍ ရပ်နေသည်။

ထိုသို့ ပရစ်က ပြောလိုက် ငိုလိုက်လုပ်နေဆဲမှာပဲ ပရစ်ရဲ့ ကျောပိုးအိတ်လေးထဲမှ ဖုန်းသံမြည်လာပါသည်။ ပရစ်က ဖုန်းသံကို အရေးမလုပ်ပါ။

"ပရစ် ... ဖုန်းလေ ..."

"ဒီမှာ ငိုနေတာကို ဘယ်လိုလုပ် ဖုန်းကိုင်မလဲ ..."

"ကဲ ... ဒါဆိုလည်း ငါပဲ ကိုင်ပေးပါ့မယ်"

ကြည်ဖြူက ပရစ်အိတ်ကို ဆွဲယူပြီး ဖုန်းကိုထုတ်ယူကြည့်လိုက်ပါသည်။

"ဟယ် ... ပရစ်ရေ ... အားမာန်ဆီက ဖုန်း ..."

"ဟင် ...၊ ပေး ..."

ပရစ်က သူ့ဖုန်းကို ဆတ်ခနဲ ဆွဲယူလိုက်ပြီး ဖွင့်နားထောင်လိုက်သည်။

"ဟဲလို ... ပရစ်လား ..."

သူ့အသံကြည်ကြည်ကို ကြားရခိုက်မှာ ပရစ်ရဲ့ မျက်ရည်တွေ ခန်းသွားသည်။ ပရစ်ရဲ့ အာရုံတွေ လန်းသွားသည်။ ပရစ်ရဲ့ မျက်လုံးလေးတွေ တောက်ပလာကြသည်။

"ပြောပါ ... အားမာန် ..."

"ပရစ်ကို ကျွန်တော် တောင်းပန်ချင်လို့ပါ၊ အလုပ်ကိစ္စကြောင့်သာ ပြန်ထွက်လာရပေမယ့် ကျွန်တော့်စိတ်က





ပရစ်ဆီမှာ ကျန်ရစ်ခဲ့ပါတယ်၊ ကျွန်တော် ဒီနေ့ ပြောချင်ခဲ့တဲ့ စကားတွေကို နောက်နေ့တွေထိ အောင့်မထားနိုင်တော့လို့ ဖုန်းထဲကပဲ ပြောပါတော့မယ်၊ ကျွန်တော်လေ ပရစ်ကို ..."

"ဟဲ့ ... ဘာတဲ့လဲ၊ ဘာပြောလဲ၊ တောင်းပန်တာလား"

"ရှူး ..."

ရတီတို့က ဝိုင်းမေးလာတာမို့ ပရစ်က နှုတ်ခမ်းပေါ်မှာ လက်ညှိုးလေးတစ်ချောင်း ကန့်လန့်တင်ပြကာ တိတ်တိတ်နေဖို့ အချက်ပြရင်း သူ့စကားကို ရင်ခုန်စွာ နားစွင့်နေဆဲ

"ချစ်တယ် ..."

ရင်ထဲမှာ လှပ်ခနဲ ...။

"ပရစ်ကို ကျွန်တော် အရမ်းချစ်တယ် ..."

အသည်းထဲမှာ အေးခနဲ ...။

"ပရစ်ရော ကိုယ့်ကို ချစ်နိုင်မလားဟင် ..."

သူ့မေးခွန်းလေးက တစ်လောကလုံးကို မေ့သွားအောင် ပရစ်ကို ညှို့ခေါ်လိုက်သောအခါ ပရစ်သည် ကိုယ့်ရှေ့မှာ ဘယ်သူဘယ်ဝါတွေ ရှိနေတယ်ဆိုတာကိုပင် မေ့လျော့စွာဖြင့် ...

"ပရစ် ... ပရစ်လည်း ကိုကို ချစ်ပါတယ်"

ဟု ပြန်ဖြေလိုက်မိလေသည်။

သူ ဖုန်းချသွားသည်အထိ ပရစ်က ဖုန်းကိုဆ[illegible]



www.burmeseclassic.com

www.burmeseclassic.com



ကိုင်ထားကာ ပြုံးနေခဲ့မိသည်။ ကိုယ့်ပီတိနှင့်ကိုယ် ပြုံးလျက် ငြိမ်သက်နေရင်း ကိုယ့်အနားက လူတွေကို မေ့လျော့နေမိပြီးမှ ကိုယ့်ရှေ့က လူတွေကို ကြည့်မိတော့ ရှိရှိသမျှ လူအားလုံးက သြချသော အကြည့်မျိုးတွေဖြင့် ပရစ်ကို ဝိုင်းကြည့်နေကြတာကို သတိပြုမိသွားသည်။

ပရစ်သည် ရှက်ရှက်နှင့်ပင် သူတို့အားလုံးကို ဟီးခနဲ ရယ်ပြလိုက်ရင်း ...

"ဟဲ ဟဲ ... နင်တို့ ကြားပြီးပြီ မဟုတ်လား"

"ကြားပါတယ် ... ကြားပါတယ်"

သူတို့က သံပြိုင်ဖြေရင်း ခေါင်းတွေ ပြိုင်တူညိတ်ပြကြသည်။

ကြည်ဖြူက ပရစ်လေသံကို တုကာ ...

"အဟွန့် ... ဟင့် ... ပရစ်လည်း ကို့ကို အရမ်းချစ်ပါတယ်ကွယ် ... အဲငယ် ... အဲငယ် ..."

ဟု လှောင်သရော်သလို ပြောလိုက်တာမို့ ပရစ်က ကြည်ဖြူ့ပခုံးကို လှမ်းရိုက်မိသည်။ ထိုအချိန်မှာ ပရစ် ဖုန်းက အသံမြည်လာသည်။ ပရစ်က ဖုန်းကို ခပ်သွက်သွက်ဖွင့်လိုက်ပြီး သွက်လက်မြူးရွှင်လှစွာသော အသံဖြင့် ...

"ဟဲလို ... အေး ... ယုယ၊ ဟုတ်တယ် ... ဟဲဟဲ ... ရတီပြောတာ မဟုတ်လား၊ ဟုတ်ပါ့ ... ဒီနေ့ပဲ ပြောတာ၊ ဟင်းဟင်း ... မူမနေတော့ပါဘူးဟယ်၊ စိတ်ထဲ ရှိတဲ့





အတိုင်းပဲ ဖြေလိုက်ပါတယ်၊ အေးပါ ... ကျွေးပါ့မယ်၊ မနက်ဖြန် ဆုံမယ်လေ၊ အေးပါ ... ကြိုက်သလောက်သာ စားစမ်းပါ ... ဟင်း ဟင်း ..."

ရတီတို့ သူငယ်ချင်း တစ်စုမှာ ချက်ချင်းကြီး ပြောင်းလဲသွားသော ပရစ်ကိုကြည့်ရင်း 'ရုပ်ကိုက ခုကျတော့ တစ်မျိုး' ဟု တီးတိုးအတင်းတုပ်ကာ ပရစ်ရှေ့က တစ်ရှူးပုံကြီးကို ရှင်းဖို့ အိမ်ဖော် မအေးကို လှမ်းအော်ခေါ်လိုက်ရလေသည်။

"မအေးရေ ... ပွဲပြီးသွားပြီ ... လာရှင်းတော့ဟေ့ ..."

✹ ✹ ✹



www.burmeseclassic.com

www.burmeseclassic.com

ရည်းစားဖြစ်ပြီ

www.burmeseclassic.com

www.burmeseclassic.com

* * *

"ကို . . . ပရစ်ကို တကယ် ချစ်ရဲ့လားဟင်"

ကလေးတစ်ယောက် ဂျီကျသလို မေးခွန်းတွေ ထုတ်နေသော ပရစ်ဖူးကို အားမာန်က ခပ်ပြုံးပြုံးငေးကြည့်နေမိပါသည်။

"ကို . . . မေးနေတာကို မဖြေဘူးလား"

"ဖြေဖို့လိုသေးလို့လား ပရစ်ရယ် . . ."

"ကြည့် . . . သူသိပ်ဈေးကိုင်တာပဲ၊ ချစ်တယ်ဆိုတဲ့ စကားလေး တစ်ခွန်းကို ကပ်စေးနဲနေလိုက်တာ၊ ကိုယ့်ချစ်သူကို ချစ်တဲ့အကြောင်း ပြောတာပဲဟာ၊ အခါတစ်ရာပြောတော့ရော ဘာဖြစ်လဲ၊ ပရစ်မှာတော့ ဒီစကားလေး တစ်ခွန်း ကြားရဖို့ကို စောင့်လိုက်ရတာ မောရော . . .၊ စောစောစီးစီးက ပြောလိုက်ရင် ပြီးတဲ့ဟာကို၊ ဟွန့် . . .



www.burmeseclassic.com

www.burmeseclassic.com



သိပါတယ် ... ကိုက ပရစ်ကို သိပ်မချစ်လို့ ဒီလောက် အကြာကြီး မပြောဘဲနေနိုင်တာ ဖြစ်မှာပါ ..."

"ကိုယ် ... ပရစ်ကို မပြောရဲလို့ အားမွေးရင်းနဲ့ပဲ အချိန်တွေ ကြာသွားတာပါ ပရစ်ရယ်"

"မပြောရဲရအောင် ပရစ်က ကြောက်စရာကြီး ဖြစ်နေလို့လား၊ ရည်းစားစကားလာပြောတဲ့သူကို မချစ်ရင် လည်ပင်းညှစ်သတ်မယ်လို့ ထင်နေတာလား ..."

ပရစ်က မျက်လုံးပြူး၊ အံကြိတ်လျက် လက်နှစ်ဖက်ဖြင့် လည်ပင်းညှစ်သည့်ပုံစံ လုပ်ပြတာမို့ အားမာန်က ရယ်မိသည်။

အဲ့ဒီ ပရစ်ဖူးလေးဟာ ဘယ်လိုလေးမှန်းကို မသိ။ စကားကလည်း အလွန်များ၊ ကလေးတစ်ယောက်လို ပကျစ်ပကျစ်နှင့် စကားတွတ်ထိုး ပြောတတ်လွန်းသည်။ ပုရစ်တွေ တရစပ် အော်မြည်သလို စကားပြောလွန်းတာမို့ ပရစ်ဆိုတဲ့ နာမည်နဲ့ တော်တော်လေး လိုက်ဖက်ညီနေသည်။ ပရစ်ပြောတာတော့ သူတို့ခြံထဲက အပင်ကြီးပေါ်မှာ ပုရစ်ဖူးလေးတွေ ပြွတ်ခဲနေအောင် ထွက်လာတဲ့ နေ့မှာ သူ့ကိုမွေးလို့ 'ပရစ်ဖူး'လို့ နာမည်ပေးခဲ့တာပါတဲ့။

စကားပြော ပွင့်လင်းသော၊ ဟန်မဆောင်တတ်သော ပရစ်ကို သူချစ်ခဲ့တာ တွေ့စကတည်းကဟု ဆိုရမှာပင်။





ပါးအိုလေး မို့မို့ဖောင်းဖောင်းနှင့် ရယ်လိုက်ရင် မျက်လုံးလေး မှေးပိတ်သွားကာ မေးစေ့လုံးလုံးလေးပေါ်က အချိုင့်ခွက် သေးသေးလေး ခွက်ဝင်သွားတတ်သော ပရစ်ပုံစံက ကလေးတစ်ယောက်လို ဖြူစင် ကြည်လင် အပြစ်ကင်းသည်။

ပရစ်က အရပ်လည်း သိပ်မမြင့်ဘဲ ခန္ဓာကိုယ်လေးက ပိန်သွယ်ကျစ်တာမို့ ပရစ် ဘောင်းဘီတိုဝတ်လည်း sexy မဖြစ်ဘဲ ကလေးနှင့်သာ တူသွားတတ်သည်။ သူ့ကြည့်လိုက်ရင် အမြဲ ပေါ့ပါးလန်းဆန်းနေသည်။ လူဆိုတာက ကိုယ့်မှာမရှိတဲ့ အချက်တွေကို ကိုယ်ချစ်တဲ့သူဆီမှာ ရှာဖွေတတ်လေသလားမသိ။ အားမာန်က စကားနည်းကာ ခံစားချက်ကို မျိုသိပ်ထားနိုင်သူမျိုးမို့ စကားတွေ တီတီတာတာ ပြောတတ်သော၊ ခံစားရတဲ့အတိုင်း ပွင့်ပွင့်လင်းလင်းပြောပြတတ်သော ပရစ်ရဲ့ အကျင့်လေးတွေကို အဆန်းတကျယ်ဖြစ်ကာ သဘောကျမိရပါသည်။

ခုလည်း ပရစ်က စကားတွေ တတွတ်တွတ်ပြောနေချိန်မှာ အားမာန်က ပရစ်မျက်နှာလေးကို ငေးကြည့်ရင်း စိတ်ထဲမှာ ကြည်နူးနေရပါသည်။

ဒီနေ့ဟာ ပရစ်နဲ့ ချစ်သူဖြစ်ကြပြီးနောက် ပထမဆုံး တွေ့ရသောနေ့ ...။ ခုမှပဲ ပရစ်ကို သူ ရဲရဲတင်းတင်း ငေးကြည့်နေရဲတာပင်။ ချစ်သူတွေမဖြစ်ကြခင်တုန်းကတော့ ခိုးခိုးပြီးတော့သာ ငေးရဲသည်။ အဲ့ဒီလို ခိုးကြည့်တာကလည်း အရသာတစ်မျိုးရှိပြီး ခုလို နီးနီးကပ်ကပ် ရဲရဲတင်းတင်း ကြည့်ခွင့်ရတာ



www.burmeseclassic.com

www.burmeseclassic.com



ကလည်း အရသာတစ်မျိုး ရှိသည်။ ပထမတစ်မျိုးက ရင်ခုန်သံ အလေးသာပြီး ဒုတိယတစ်မျိုးက ကြည်နူးမှု အလေးသာသည်။

ဒီနေ့မှ ရည်းစားဘဝကို စရောက်ရတယ်ဆိုပေမယ့်လည်း ပရစ်ကတော့ ရည်းစားသက်တမ်း ဆယ်နှစ်မကသည့် ရင်းနှီးမှုမျိုးဖြင့် စကားတွေ ပြောမဆုံးအောင် ရှိလေသည်။

"ကဲ ... ပြောပါဦး ကိုရဲ့၊ ပရစ်က ကြောက်စရာကောင်းလို့များ မပြောရဲခဲ့တာလား ..."

"ပရစ်ကို ဖွင့်ပြောမယ်လို့ စဉ်းစားလိုက်တိုင်း ကိုယ်ခြေဖျား လက်ဖျားတွေ အေးပြီး ကြောက်ကြောက်လာတတ်တာတော့ အမှန်ပဲ၊ ပရစ်က ကြောက်စရာကြီးမို့လို့ ကြောက်တာတော့ မဟုတ်ပါဘူး၊ ကိုယ် အလေးထားရတဲ့ သူ့ရှေ့မှာ အပြောအဆို မှားသွားမှာကို ကြောက်တာပါ"

"ဖြစ်မှဖြစ်ရလေ ...၊ ကဲ ... ဒါဆို ပရစ်ကို ဘယ်တုန်းကတည်းက စချစ်တာလဲ ပြော ..."

"အဟဲ ... အဲ့ဒါတော့ မပြောပါရစေနဲ့ ..."

"ဘာလို့လဲ ..."

"ပရစ် ရယ်မှာစိုးလို့၊ ပြီးတော့ ... ပရစ် မယုံမှာစိုးလို့"

အားမာန်က ကိုယ့်ခေါင်းက ဆံပင်တွေကို လက်ဖြင့် ကုပ်ဖွသလိုလုပ်ရင်း ရယ်ကျဲကျဲ လုပ်နေတာမို့ ပရစ်က သူ့ဘက်သို့ ယိမ်းကာ ပခုံးချင်း ဖွဖွတွန်းတိုက်လိုက်ရင်း ...

"ကဲပါ ... ပြောမှာသာ ပြောပါ၊ ကို မလိမ်တတ်တာ





ပရစ် သိပါတယ်၊ ကို ဘာပြောပြော ပရစ် မရယ်ဘူး၊ ကတိပေးတယ်"

အားမာန်က ပရစ်ကို ပြုံးကြည့်ရင်း ...

"ရတီတို့ခြံထဲမှာ ကိုယ်နဲ့ ပရစ် စတွေ့တဲ့နေ့တုန်းက ပရစ် အအေးမိနေတယ် မဟုတ်လား"

ပရစ်က မျက်လုံးလေးအပေါ်လှန်ကာ တစ်ချက် စဉ်းစားလိုက်ပြီး ...

"အင် ... ဟုတ်တယ်၊ အဲ့ဒီနေ့က ပရစ် အအေးမိပြီး နှာတွေ အရမ်းချေနေတာ ..."

"သက်အောင်က ကိုယ်နဲ့ ပရစ်ကို မိတ်ဆက်မပေးခင်ကတည်းက လူတွေအများကြီးကြားထဲမှာ ပရစ် နှာချေပြီးမှ ဘေးလူတွေကို အားနာပြုံးလေး လိုက်ပြုံးပြနေတာလေ၊ အဲ့ဒီပုံစံလေးကို မြင်လိုက်ကတည်းက ပရစ်ကို ကိုယ်ချစ်သွားတာ ..."

ပရစ်သည် သူ့စကားကြောင့် မရယ်မိတဲ့အပြင် ရင်ဝမှာ လှိုက်ခနဲ ဆို့တက်လာကာ ဝမ်းသာ ဝမ်းနည်း မျက်ရည်ကလေး လည်လာပြီး သူ့ပခုံးတွေကို ထုရိုက်မိလျက် ...

"ကဲ ... ကဲ ... အဲ့ဒါတောင်မှ နှစ်နှစ်လောက်ကြာတဲ့အထိ အချိန်တွေ ဆွဲလာတယ်၊ အဲ့ဒါ ... ကို ပရစ်ကို တမင် သက်သက် နှိပ်စက်နေတာ ..."

"ပါးစပ်ကသာ မပြောတာပါကွာ ...၊ ကိုယ့် အမှုအရာ



www.burmeseclassic.com

www.burmeseclassic.com



တွေက ဒီလောက်သိသာနေတာပဲ၊ ကိုယ့်အကြည့်တွေ၊ အပြုအမူတွေထဲမှာ ပရစ်ကို ချစ်တဲ့အချစ်တွေ ပေါ်နေတယ်လေ ... ပရစ် မရိပ်မိဘူးလား"

"ရိပ်မိပေမယ့် ကိုကမှ ဖွင့်မပြောရင် ကို့ကို ပရစ်ရဲ့ ချစ်သူအဖြစ် မသတ်မှတ်ရဲဘူးပေါ့ ...၊ ကိုက မတုန်မလှုပ်နိုင်လွန်းတော့ သူငယ်ချင်းတွေကတောင် ကို ပရစ်ကို မချစ်ဘူးလို့ ထင်ကြတာပေါ့၊ ပရစ်ကပဲ တစ်ဖက်သတ် အရှုံးထနေသလိုလို အမြဲ နှိပ်ကွပ်ခံနေရတာပေါ့"

"ဘေးလူတွေက ဘယ်လိုထင်ထင် ကိုယ်တို့ချင်း ခံစားနားလည်နိုင်ရင် ပြီးတာပဲ မဟုတ်လား ပရစ်ရယ်၊ ကိုယ့်ခံစားချက်ကိုပဲ ကိုယ်ယုံကြည်ပါ၊ ဘေးလူတွေရဲ့ အထင်အမြင်ကို သိပ်ပြီး ခေါင်းထဲ မထည့်ပါနဲ့ ..."

"ဟွန့် ... ပရစ်မှာတော့လေ ကို့ကို စောင့်နေရတဲ့ အချိန်တွေမှာ ရူးသွားမလားတောင်ထင်မိတယ်၊ တစ်နေ့တစ်နေ့ စိတ်ကူးယဉ်ရတာလည်း အမောပဲ ...၊ ကို ပရစ်ကို သိပ်နှိပ်စက်တာပဲ ..."

"ကိုယ့်ဘက်က ပရစ်ကို နှိပ်စက်သလို ဖြစ်သွားရင် တောင်းပန်ပါတယ်ကွာ၊ အဲ့ဒီအတွက် ပရစ်အတွက် ကိုယ့်အချစ်တွေ အများကြီး ပေးဆပ်ပါ့မယ်"

"ဟယ် ... မထင်ရဘူးတော့် ..."

"ဟင် ... ဘာကိုပြောတာလဲ"





"ကို အဲ့ဒီလို ပြောတတ်လိမ့်မယ်ဆိုတာ မထင်ရဘူးလေ"

"လူဆိုတာက အချစ်နဲ့တွေ့ရင် ဉာဏ်ရွှင်လာတတ်တယ်လေ၊ တခြားသူတွေကို ပြောဖို့ စကားသာ နည်းချင်နည်းမယ်၊ ပရစ်ကိုပြောဖို့ စကားတွေတော့ ကိုယ့်မှာ အများကြီး ရှိလာသလိုပဲ"

"ကြည့်စမ်း ... သိပ်အံ့သြဖို့ ကောင်းတာပဲ၊ ပရစ်ကလေ ကို့ကို ချစ်ပေမယ့် ကိုနဲ့ ရည်းစားဖြစ်ရင် နည်းနည်းတော့ ပျင်းစရာကောင်းမယ်လို့ ထင်ထားတာ၊ ကို ဒီလိုစကားမျိုးတွေ ပြောတတ်လိမ့်မယ်လို့ ထင်ကို မထင်ထားတာ"

"ကိုယ်က တောမိတစ်ပိုင်း လူတောသားတစ်ပိုင်းပါ ..."

"ဘယ်လို ... ဘယ်လို ..."

"တခြားသူတွေရှေ့မှာတော့ တောမိ မင်းသားပေါ့၊ ပရစ်ရှေ့မှာတော့ စကားများတဲ့ လူတောသားပေါ့ ..."

"ကိုက ပြောတတ်လိုက်တာ၊ ပရစ်တောင် အရှုံးပေးရတော့မယ် ထင်တယ်"

အားမာန်ကလည်း ကိုယ့်ကိုယ်ကို အံ့သြပြီး ရယ်ချင်နေမိပါသည်။ ကိုယ်တိုင်လည်း ရည်းစားရတဲ့အခါ ဒီလို စကားတွေ ပြောဖြစ်လိမ့်မယ်လို့ ထင်မှမထားတာ ...။

အားမာန်နဲ့ ပရစ်က ကန်တော်ကြီး ရေစပ်က ခုံတန်းလေးမှာ နှစ်ယောက်အတူယှဉ်တွဲထိုင်ရင်း စကားပြောနေမိတာပင်။ ဘေးချင်းယှဉ်ပြီး နီးနီးကပ်ကပ် ထိုင်တာ ဒါ



www.burmeseclassic.com

www.burmeseclassic.com



ပထမဆုံးပေါ့ ...။ ချစ်သူမဖြစ်ခင်ကတော့ ဆိုင်ထိုင်တိုင်း မျက်နှာချင်းဆိုင်သာ ထိုင်ဖြစ်ကြတာပင်။ ကားစီးရင် ဘေးချင်းယှဉ် ထိုင်ရတာ မှန်ပေမယ့် ဒီလောက် ကပ်ကပ်လေးတော့ ဖြစ်မနေပါ။ အားမာန်နဲ့ ပရစ်ဟာ လူမြင်မကောင်းအောင် ဣန္ဒြေမဲ့စွာ ပူးကပ်တိုးခွေ့နေတာမျိုး မဟုတ်ပေမယ့် သမီးရည်းစား ပီပီသသ ပုံစံလေးတော့ ပေါ်နေသည်။ ပရစ်နှင့် ခုလို နှစ်ယောက်တည်း အေးအေးဆေးဆေး နွေးနွေးထွေးထွေး နေရသည့် အချိန်လေးမှာ သူ အတိုင်းမသိ ပျော်ရွှင်ရပါသည်။

အားမာန်က ကိုယ့်ကို 'ကို' ဟု အသားတကျ ရဲရဲတင်းတင်း ခေါ်နေသော ပရစ်ကို စချင်လာကာ ...

"ဆိုစမ်းပါဦး ... ကိုယ့်ကို 'ကို' လို့ခေါ်ဖို့ ဘယ်တုန်းကတည်းက စိတ်ကူးထားတာတုန်း ..."

ပရစ်က ဟီခနဲ ရယ်လိုက်ပြီး သူ့မျက်နှာ သူ လက်ဖဝါးနှစ်ဖက်ဖြင့် အုပ်လိုက်ရင်း ...

"ရှက်လိုက်တာ ... ပြောမပြပါဘူး"

"ရှက်မနေပါနဲ့တော့ကွာ၊ ပြောပြ ... ကိုယ် သိချင်တယ်"

ပရစ်က သူ့ပခုံးမှာ မျက်နှာလာဖွက်လိုက်ရင်း ...

"ကိုနဲ့စတွေ့တဲ့နေ့က ကိုနဲ့ မျက်လုံးချင်းဆုံပြီး ကြည့်မိကတည်းက ဒီလူဟာ တစ်နေ့ကျရင် ငါ့ချစ်သူဖြစ်လာမှာပဲလို့ စိတ်ကထင်လိုက်တာ၊ ပြီးတော့ ... သူနဲ့ငါ ချစ်သူဖြစ်ရင် သူ့ကို 'ကို' လို့ ခေါ်မယ်လို့ တွေးထားလိုက်





တာ၊ ကို့ကို 'ကို' လို့ စိတ်ထဲက ခေါ်ကြည့်နေမိတာ 'အခါခါပါပဲ၊ တစ်ခါတလေ ပရစ်တစ်ယောက်တည်း လည်း အသံထွက်ပြီး 'ကိုရေ'လို့ ခေါ်မိသွားတတ်တယ်"

ပရစ်စကားကြောင့် အားမာန်က ကြည်နူးသွားကာ "ဒါကြောင့် ပရစ် ကိုယ့်ကို စခေါ်ကတည်းက လုံးဝ ထောင့်မနေဘူး၊ ရှုံ့တွန့်တွန့်လည်း မဖြစ်ဘူး၊ ခေါ်နေကျ လိုပဲ၊ အရမ်း အသားကျနေတာ ..."

"ကိုကရော ပရစ်ကို ခေါ်ဖို့ စိတ်ကူးထားတဲ့ နာမ်စား မရှိဘူးလား"

"အင်း ... ရှိတယ်"

"ကြည့် ... ဒါတောင် ခုထိ မခေါ်သေးဘူး၊ ပြောပြ ... ကိုက ပရစ်ကို ဘယ်လိုခေါ်ချင်တာလဲ ..."

"အမြဲခေါ်ဖို့တော့ မဟုတ်ပါဘူး၊ ပရစ်ကို အရမ်း ချစ်စနိုးဖြစ်မိတဲ့အချိန်တွေမှာ ခေါ်လိုက်ချင်တာ ..."

"ပြောပြပါဆို ..."

"ကိုယ့် အခေါ်အဝေါ်က နည်းနည်းတော့ ရိုးတယ်"

"ရိုးပစေ ... ပြော"

"အသည်းလေး ... တဲ့"

"အပေါင်း ... ကောင်းသားပဲ၊ ပရစ် ကြိုက်ပါတယ်၊ ဟီဟီ ပရစ်က ကို့ရဲ့အသည်းလေးပေါ့၊ ပူတူတူးလေးပေါ့ ..."

ပရစ် ပြောပုံလေးကြောင့် အားမာန်က ရယ်မိရင်း



www.burmeseclassic.com

www.burmeseclassic.com



"ပရစ် ... ကိုယ် ကြားဖူးတာ တစ်ခုရှိတယ်၊ အချစ်က လူတွေကို နုပျိုစေတယ်တဲ့၊ အချစ်နဲ့တွေ့ရင် ဘယ်သူ မဆို ကလေးလေးလို ဖြစ်သွားတတ်ကြတယ်တဲ့၊ အခု လည်း ပရစ် ကြည့်ရတာ ကလေးနဲ့ အရမ်းတူနေတယ်"

"ဟုတ်တယ် ... ပရစ်လည်း ကို့ရှေ့ရောက်ရင် ကလေး ဖြစ်ဖြစ်သွားသလိုပဲ ..."

"ကိုယ်လည်း ရှိရင်းစွဲအသက်ထက် ပိုသွားသလို ခံစား ရတယ်"

"အဲ့ဒါ အချစ်ကြောင့်ပေါ့နော်"

"ဒါပေါ့ ... ပရစ်ရယ်"

တစ်ယောက်နဲ့တစ်ယောက် ပြောစရာစကားမကုန်နိုင်အောင်ပင်။ တစ်ယောက်အကြောင်း တစ်ယောက် မေးကြ၊ ပြောကြ။ တစ်ယောက်နဲ့ တစ်ယောက် မတွေ့ခင်က အကြောင်းလေးတွေကို စီကာပတ်ကုံး ပြောကြရင်း အချိန်ကုန်မှန်းမသိ ကုန်လာသည်။

"ကို ..."

"အင်ဟင် ..."

"ပရစ်လည်း ကို့ကို အရမ်းချစ်စနိုးဖြစ်လာတဲ့အချိန်ကျ ရင် ချစ်လေးလို့ ခေါ်ချင်တယ်"

"ခေါ်စေ ..."

"ကြိုက်တယ်ပေါ့ ..."





"ကြိုက်ပါ ..."

"ကို့မှာ ငယ်နာမည် ရှိလားဟင် ..."

"ရှိတယ် ..."

"ပရစ်ကို ပြောပြပါလား ..."

"မပြောလို့ မဖြစ်ဘူးလား ..."

"ဘာလို့လဲ ..."

"နာမည်က မကောင်းဘူး၊ ရယ်စရာကောင်းတယ်"

"ပြောပြပါ ကိုရယ်၊ ပရစ် သိထားချင်လို့ပါ"

"ကိုယ့်နာမည်ကို ကလေးဘဝတုန်းက သိခဲ့တဲ့ လူတွေက လွဲပြီး တခြားဘယ်သူမှမသိကြဘူး၊ ခု ကိုယ့်ပတ်ဝန်းကျင် က လူတွေအားလုံးလည်း မသိကြဘူးလေ၊ သက်အောင်နဲ့ ကလည်း တက္ကသိုလ်ရောက်မှ ခင်ကြတာဆိုတော့ လော လောဆယ် ပေါင်းနေတဲ့ သူငယ်ချင်းတွေလည်း မသိကြ ဘူး"

"ဒါဆို ... ကို့ ချစ်သူတစ်ယောက်တည်း သိအောင် အခွင့် ထူးပေးပေါ့"

အားမာန်က ပြုံးစိစိနှင့်ပင် ပရစ် ရှေ့မှာ ခေါင်းငုံ့ ပြလိုက်ရင်း ...

"ကိုယ့်ခေါင်းကို သေသေချာချာကြည့် ...၊ ကိုယ့်ခေါင်း က နည်းနည်းရှည်မနေဘူးလား ..."



www.burmeseclassic.com

www.burmeseclassic.com



ပရစ်က အားမာန်ခေါင်းကို သေချာကြည့်လိုက်ပြီး ...

"ဟင့်အင်း ... မသိသာပါဘူး"

"ဆံပင်နဲ့မို့လို့ မသိသာတာ၊ ကိုယ် ခပ်ငယ်ငယ် ကိုရင်ဝတ်တုန်းက ဆံပင်လည်း ချလိုက်ရော ကိုယ့်ခေါင်းရှည်ရှည်လေးက သခွားသီးလေးလို ပေါ်လာရော၊ ကိုယ့်ငယ်နာမည်က ဂရောင်း တဲ့ ..."

"ဂရောင်း ! ..."

"ဂရောင်း ခေါင်းရှည်ပေါ့ကွာ ..."

"ကို့ ငယ်နာမည်ကလည်း အဆန်းပဲ ..."

"ပရစ်မှာရော ငယ်နာမည် မရှိဘူးလား"

"ရှိပါ့ ..."

"ရှိရင် ပြောပြ ..."

"ပရစ် နာမည်က ဆိုးတယ်၊ ပြောမပြချင်ဘူး"

"ကိုယ်တစ်ယောက်တည်းကိုတော့ အထူးအခွင့်အရေးအနေနဲ့ ပြောမယ်မဟုတ်လား"

"အဟင်း ... ပရစ် ငယ်ငယ်တုန်းက အရမ်းဝပြီး အစားပုပ်လို့ ပရစ်ကို 'ဝက်ပုပ်' လို့ ခေါ်ကြတယ်"

"ဝက်ပုပ်မလေးပေါ့ ..."

"ကိုနော် ... လာမခေါ်နဲ့၊ ကိုသာ ဂရောင်း ..."





"ကဲ ... ကဲ ... တော်ပါပြီ၊ ကိုယ်လည်း မခေါ်ဘူး၊ ပရစ်လည်း မခေါ်နဲ့တော့၊ ပရစ် ဗိုက်မဆာသေးဘူးလား၊ တစ်ခုခု သွားစားအောင် ..."

ပရစ်က သူ့ကိုကြည့်ကာ အဓိပ္ပာယ်ပါပါလေး ပြုံးလိုက်ရင်း ...

"အဲ့ဒီအတွက် မပူနဲ့၊ ပရစ် စီစဉ်ထားပြီးသား၊ ပရစ်နောက်ကိုသာ လိုက်ခဲ့ ..."

✹ ✹ ✹



www.burmeseclassic.com

www.burmeseclassic.com

* * *

အားမာန်သည် ပရစ်ခေါ်ရာနောက်သို့ လိုက်လာရင်း ရင်များပင် ခုန်လာရပါသည်။

ပရစ် ဘာတွေများစီစဉ်ထားပါလိမ့် ...။ ဆိတ်ငြိမ်သော စားသောက်ဆိုင်လေးထဲက ဖယောင်းတိုင်လေးတွေ ထွန်းထားတဲ့ ခန်းမထဲမှာ နှစ်ယောက်တည်း စားသုံးဖို့ Romantic ဆန်ဆန် ညစာကိုများ စီစဉ်ထားလေသလား ...။ စိတ်ကူးဉာဏ်တွေ ကွန့်မြူးတတ်သော ပရစ်အကြောင်းကို သိထားတာမို့ အားမာန်က ပရစ်ရဲ့ အစီအစဉ်ကို ကြိုတင်ရင်ခုန်နေရတာပင်။

ခါတိုင်းနေ့တွေတုန်းကတော့ ပရစ်နဲ့ အားမာန်က တစ်ယောက် ကားတစ်စီးဖြင့် လာကာ ဆိုင်တစ်ဆိုင်ဆိုင်မှာ ဆုံဖြစ်တာများသည်။ တစ်ခါတလေ ပရစ် ကား ဝပ်ရှော့ပို့ထားရသည့် အချိန်တွေမှာသာ အားမာန်က ပရစ်ကို ဝင်ကြိုပေးရတတ်သည်။ ဒီနေ့တော့ အားမာန်က ပရစ်ကားကို ထားခဲ့ခိုင်းပြီး သူ့ကားနှင့် ဝင်ခေါ်လာခဲ့တာပင် ...။ ကန်တော်ကြီးထဲက





နေ ပြန်ထွက်လာကြမှသာ ပရစ်က အားမာန်ကားကို မောင်းလာခဲ့တာပင်။

အင်းလျားလမ်းအတိုင်း မောင်းလာခဲ့ပြီး ပရစ်က ကားကို manis စားသောက်ဆိုင် ခြံဝန်းထဲသို့ ချိုးကွေ့ဝင်လာသည်။

ပရစ် ဆိုင်ရွေးတာမဆိုးဘူးပဲဟု တွေးမိဆဲမှာ ပရစ်က ကားကို ပါကင်မှာရပ်လိုက်သည်။

အားမာန်က ကားပေါ်မှ ဆင်းလာသည်။

ထိုအချိန်မှာပဲ ကိုယ့်ရှေ့တည့်တည့်က ဆိုင်းဘုတ်တစ်ခုကို လှမ်းမြင်လိုက်ရသည်။

**အားမာန်နှင့်ပရစ်မှ**

အသစ်စက်စက် ချစ်သူစုံတွဲအား ကြိုဆိုပါ၏။

အားမာန်သည် ဘောလုံးပွဲတွေမှာ အားပေးကြသူများ ကိုင်လေ့ရှိသည့် ဆိုင်းဘုတ်လိုမျိုး စက္ကူချပ်ပြားကြီးကို အံ့သြတကြီး မျက်လုံးပြူး ကြည့်နေဆဲမှာပဲ ...

"ဟေး ..."

"ဖောင်း ... ဖောင်း ... ရှိုး"

"အသစ်စက်စက် ချစ်သူစုံတွဲကို ကြိုဆိုပါတယ်ရှင်"

"ဖြောင်း ... ဖြောင်း ... ဖြောင်း ..."

လက်ခုပ်သံများ၊ မီးပုံပူဖောင်းများ၊ ခေါင်းပေါ်သို့ လွင့်ပျံလာသော စက္ကူမှုန်များ၊ လူများစွာ၏ တစ်ယောက်တည်



www.burmeseclassic.com

www.burmeseclassic.com



ပေါက် အသံများနှင့် သူသိသော မသိသော မျက်နှာများစွာက အားမာန်ကို လိပ်ပြာလွင့်အောင် ကြိုဆိုလိုက်ကြသည်။

"ပရစ် ... ဒါ ... ဒါက ..."

"မလန့်ပါနဲ့ ကိုရဲ့ ...၊ ဒါ ပရစ် စီစဉ်ထားတာပါ၊ သူတို့အားလုံးက ပရစ်တို့ချစ်သူဖြစ်သွားကြတာကို အရမ်းဝမ်းသာနေကြတာလေ ...၊ ဒီနေ့ သူတို့အားလုံးကို ပရစ်တို့က ဒကာခံရမှာ ..."

အားမာန် စိတ်ကူးယဉ်လာသမျှတွေအားလုံး ဆပ်ပြာပူဖောင်းတွေလို ဖောက်ခနဲ ဖောက်ခနဲ ပေါက်သွားကြသည်။

ရတီ၊ သက်အောင်၊ ကြည်ဖြူ၊ ပြီးတော့ ... သူသိပ်မရင်းနှီးသောသူများ၊ လုံးဝကို မသိသောသူများ ...၊ အားလုံးအယောက် ၂၀ လောက်တောင် ရှိလိမ့်မည်။ သူတို့အားလုံးက အားမာန်တို့ကို ဝိုင်းဝန်း ထောပနာပြုကြသည်။

"အားမာန်ရေ...ရတီတို့အပေါ်မှာ ရှင့်ကျေးဇူးက အရမ်းကြီးသွားပြီ သိလား၊ မနေ့က ရှင်သာ ပရစ်ကို ရည်းစားစကားမပြောရင် ရတီတို့လည်း တစ်ညလုံး အိပ်ရမှာကို မဟုတ်ဘူး၊ သူပြောဆိုရင်ဖွင့်သမျှ နားထောင်ပေးရတော့မှာလေ၊ သူက အနားမှာ ပုရစ်အော်သလို အဆက်မပြတ်ပြောတော့မှာ ..."

"မနေ့က အားမာန် ဖုန်းထဲကနေ ပရစ်ကို ရည်းစားစကား ပြောတုန်းက ပရစ်ဖြစ်သွားတဲ့ပုံကို ပြချင်ပါတယ် အားမာန်ရယ် ..."





"မင်းကလည်း တော်တော် အသည်းယားစရာကောင်းတဲ့ကောင်ပဲ အားမာန် ...၊ ပြောစရာရှိတယ်ဆိုပြီး မပြောဘဲ ပြန်သွားတာ ကောင်းလားကွ၊ အလုပ်က ဘယ်လောက်အရေးကြီးကြီး ဒါမျိုးတော့မလုပ်သင့်ပါဘူး"

အားမာန်သည် ကြားရသည့် စကားတွေကြောင့် ရှူးလောက်အောင်ပင် စိတ်ညစ်သွားရပါသည်။ ရှက်စိတ်ကြောင့် မျက်နှာကိုလည်း ဘယ်လိုထားရမှန်း မသိတော့ပါ။

မနေ့ကအကြောင်းတွေကို သူတို့ ဘာလို့ ဒီလောက် ဂဃနဏ သိနေကြတာလဲ ...။ ပရစ်က ဘယ်လောက်တောင်များ အသေးစိတ် ပြောပြထားလို့လဲ။ ကိုယ့်မှာတော့ မနေ့က ညနေက ပရစ်တစ်ယောက်တည်း ရှိနေတယ်မှတ်ပြီး ရင်တခုန်ခုန်နဲ့ ဖီးလ်အပြည့်နဲ့ ပရစ်ကိုချစ်ကြောင်း ပြောခဲ့ရတာ ...။

ရည်းစားဘဝ ပထမနေ့ကလေးရဲ့ ကြည်နူးမှုကလေးဟာ ရှေ့က လူအုပ်ကြီးကြောင့် ပျောက်ခြင်းမလှ ပျောက်ခဲ့ရပါသည်။

မင်း ဘာဖြစ်လို့ ဒီလိုလုပ်ရတာလဲ ပရစ်ရယ် ...။

ကိုယ့်စိတ်ကို မင်း မသိလို့လား ...။

ဒီလိုနေ့မျိုးမှာ ကိုယ်တို့နှစ်ယောက်တည်း ကြည်နူးပါရစေလား ...။

* * *



www.burmeseclassic.com

www.burmeseclassic.com

* * *

"ပရစ်ကြောင့် စိတ်အနှောင့်အယှက် ဖြစ်သွားရင် တောင်းပန်ပါတယ် ကိုရယ်၊ ပရစ်က အားလုံး ပျော်ပျော်ပါးပါး ဆုံရအောင် စီစဉ်ထားမိတာပါ"

ပရစ်က မျက်နှာငယ်လေးနှင့် တောင်းပန်နေတာမို့ အားမာန်က သက်ပြင်းချရင်း ပရစ်နဲ့ ညှိနှိုင်းဖို့တော့ လိုလာပြီဟု တွေးနေမိသည်။

တကယ်တော့ ပရစ်နှင့်အတူ ပရစ်ရဲ့ သူငယ်ချင်းတွေကို စည့်ခံနေရသည့် တစ်ချိန်လုံး သူ စိတ်ကျဉ်းကြပ်နေခဲ့ရတာ။ စိတ်တိုနေခဲ့ရတာ ...။ ဘယ်လိုပင် မျက်နှာမပျက်အောင် ထိန်းနေရပေမယ့် သူ့မျက်နှာက နည်းနည်းတော့ ပျက်ယွင်းနေမိမှာပါ။ သူ့အပြုံးတွေကလည်း အသက်ပါမှာမဟုတ်ပါ။ ဖြစ်နိုင်ရင် ပရစ်လက်ကိုဆွဲပြီး ဒီလူတွေနားကနေ ထွက်သွားလိုက်ချင်တာ ...။





အားမာန်က ပရစ်နှင့်အတူ ကားထဲမှာ ဆောချင်းယှဉ်ထိုင်နေရာက ပရစ် ပခုံးနှစ်ဖက်ကို လှမ်းကိုင်၍ ကိုယ့်ဘက်သို့ ဆွဲလှည့်လိုက်ရင်း ...

"ပြီးသွားတဲ့ ကိစ္စအတွက် စိတ်မကောင်းမဖြစ်ပါနဲ့တော့ ပရစ်၊ ကိုယ်နဲ့ ပရစ်က ခံယူချက်ခြင်းကွာသွားလို့ ခုလိုဖြစ်ရတာပါ၊ ပရစ်က ကိုယ်ရေးကိုယ်တာ ကိစ္စတွေကို သူများကို ပေးသိဖို့ ဝန်မလေးဘူး၊ ကိုယ်ကတော့ အဲ့ဒီလို မဟုတ်ဘူး၊ ကိုယ်တို့နှစ်ယောက်ရဲ့ ကိုယ်ရေးကိုယ်တာ ကိစ္စလေးတွေကို ကိုယ်တို့ချင်းပဲ သိထားချင်တယ်၊ ကိုယ်တို့ ချစ်သူနှစ်ယောက်ကြားမှာ ကိုယ်တို့နှစ်ယောက်ပဲ သိရတဲ့ အကြောင်းအရာလေးတွေ ရှိနေတာက ပိုပြီးရင်ခုန်စရာမကောင်းဘူးလား ပရစ်ရယ် ..."

"ပရစ်က ဘာရယ်မဟုတ်ဘူး၊ ဒီလိုပဲ ပြောနေကျဆိုတော့ ပြောပြလိုက်မိတာပါ၊ ပရစ်တို့ နှစ်ယောက် ချစ်သူဖြစ်ကြတယ်ဆိုတာ လျှို့ဝှက်ထားရမယ့် ကိစ္စမှမဟုတ်တာ"

"မှန်တယ်၊ ကိုယ့် ပရစ်လေး ပြောတာမှန်တယ်၊ ကိုယ်ကလည်း ပရစ်နဲ့ ချစ်သူဖြစ်သွားတဲ့ကိစ္စကို လျှို့ဝှက်မထားချင်ပါဘူး၊ ဒါပေမယ့် တို့နှစ်ယောက် ချစ်သူအဖြစ်နဲ့ ပထမဆုံး တွေ့ကြတဲ့နေ့မှာ ဒီလိုမျိုး လူတွေအများကြီးက ဝိုင်းအုံ စကားတွေပြော၊ စပ်စု မေးမြန်း၊ စ,နောက်နေကြတာတွေကို ပရစ် အာရုံမနှောက်ဘူးလား ...၊



www.burmeseclassic.com

www.burmeseclassic.com



"တကယ်ဆို ဒီလိုနေ့လေးမှာ တို့နှစ်ယောက်တည်း တစ်ကမ္ဘာဖြစ်နေရမှာ မဟုတ်လား၊ နှစ်ယောက်အတူ ထမင်းလက်ဆုံစားချင်တယ်၊ ကော်ဖီလေးတစ်ခွက်ကို နှစ်ယောက်အတူ မျှသောက်ရင် သောက်မယ်၊ တစ်ယောက်နဲ့တစ်ယောက် လက်ချင်းတွဲပြီး သာယာအေးမြတဲ့ လမ်းကလေးမှာ လမ်းလျှောက်ချင်လျှောက်မယ်၊ ဒါမှ တို့နှစ်ယောက်ဘဝရဲ့ ချစ်သူ အဦးအစကာလလေးက အမြဲတသသ အမှတ်ရ ကြည်နူးစရာဖြစ်တော့မှာပေါ့၊

"ခုတော့ ကိုယ့်မှာ သူများတွေရဲ့ စ,နောက်စကားကြောင့် ရှက်ရတယ်၊ အနေခက်ရတယ်၊ သူတို့က ကိုယ်ပရစ်ကိုပြောခဲ့တဲ့ စကားတွေ တော်တော်များများကို ပြန်သိနေတာ အဆိုးဆုံးပဲ ..."

"ကို မကြိုက်ရင် ပရစ် နောက်မပြောတော့ပါဘူးနော်၊ ပရစ် ဆင်ခြင်ပါ့မယ်နော် ချစ်လေး ... နော်"

ပရစ်က လက်ကလေးနှစ်ဖက်ကို ပွေးယှက်လျက်ကလေးသူငယ်လို တောင်းပန်နေတာမို့ အားမာန်က ရယ်လိုက်မိရင်း ပရစ်ရဲ့ မေးစေ့ကလေးကို ဆွဲညှစ်လျက် ...

"အိုကေ ... အိုကေ ...၊ ဒီလောက်ဆို ရပြီ၊ ကိုယ်လည်း ခုန လူတွေရှေ့မှာ မျက်နှာ နည်းနည်းတည်သလို ဖြစ်သွားတဲ့အတွက် တောင်းပန်တယ်၊ ကိုယ် မျက်နှာမထားတတ်အောင် ဖြစ်သွားလို့ပါ"





အားမာန်က လေသံ ပျော့ပျော့ပျောင်းပျောင်းနှင့် ပြောတော့မှ ပရစ် မျက်နှာက ပြုံးစိစိလေးဖြစ်လာကာ အားမာန်ရဲ့ ပခုံးကို နွဲ့မှီလိုက်သည်။

အဲ့ဒီနေ့ကတည်းက ပရစ် နှုတ်ဖျားတာကို သူ စသိခဲ့ရပေမယ့် ဒါဟာ ပြောပလောက်သော ဖြစ်ချက်ဟုတော့ မထင်ခဲ့။

ပိုင်းစုနိုင်သိန်းရဲ့ သီချင်းထဲကလိုပေါ့ ...။
ဒီအချိန်မှာတော့ ...
အပြစ်မမြင်ပါဘူး ... ချစ်ချင်တာပဲ သိတယ်လေ။



www.burmeseclassic.com

www.burmeseclassic.com

ရည်းစားဖြစ်ပြီး များမကြာမီ

www.burmeseclassic.com

www.burmeseclassic.com

* * *

အားမာန်သည် ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်အဆောက်အဦထဲက ခုံလေးပေါ်မှာ ထိုင်ရင်း နာရီကို တစ်ချက်ငုံ့ကြည့်မိသည်။

လေယာဉ် ဆိုက်ရောက်ချိန်နီးပြီ ...။

အားမာန်က စင်ကာပူက ပြန်လာမည့် သူငယ်ချင်းတစ်ယောက်ကို ကြိုဖို့ လေဆိပ်ကို ရောက်နေခဲ့ရတာပင်။

ပထမတော့ သက်အောင်နှင့်အတူ လာကြိုဖို့ပင်။ သို့သော် သက်အောင်က ဒီနေ့ကျမှ မအား ...။ သူ့ကွန်ပျူတာ အရောင်းဆိုင်အတွက် ပစ္စည်းသစ်တွေ ရောက်လာတာမို့ အလုပ်များနေခဲ့သည်။

ခု ပြန်လာမယ့် မင်းသော်ရယ်၊ သက်အောင်ရယ်၊ အားမာန်ရယ်က ကွန်ပျူတာတက္ကသိုလ်တက်ရင်း ခင်မင်ခဲ့ကြသည့် သူငယ်ချင်းများပင် ...။



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းပြီးသွားတော့ သက်အောင်၏ မိဘများက စီးပွားရေး တောင့်တင်းကြသူများမို့ သက်အောင် မိဘက ထုတ်ပေးသည့် အရင်းအနှီးဖြင့် ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ အရောင်းဆိုင် ဖွင့်သည်။ အားမာန်ကတော့ အနုပညာဘက်မှာ အားသန်သူမို့ ဒီဇိုင်းနှင့်ပတ်သက်သည့် သင်တန်းတွေ ဆက်တက်ပြီး ဒီဇိုင်းဆရာလုပ်သည်။ ပြီးတော့ ... ဒီဇိုင်းတွေ ဖန်တီးရေးဆွဲပေးသည့် လုပ်ငန်းတစ်ခုကို တည်ထောင်ထားခဲ့သည်။ အားမာန်မှာက မိဘတွေမရှိတော့ ... ။ သို့သော်လည်း မိဘအမွေအနှစ်ဖြင့် တင့်တင့်တယ်တယ်တော့ နေနိုင်သည်။

မင်းသော်ကတော့ ကျောင်းပြီးကတည်းက စင်ကာပူထွက်အလုပ်လုပ်ရင်း ကျောင်းဆက်တက်နေသူပင်။ ခုတော့ ဒီမှာပဲအခြေတကျ လုပ်ငန်းလေးတစ်ခုလုပ်ဖို့ စိတ်ကူးကာ ပြန်လာခဲ့တာပင်။

မင်းသော် နိုင်ငံခြား မထွက်ခင်တုန်းကတော့ အားမာန်ရဲ့ အိမ်မှာ သက်အောင်ရော မင်းသော်ပါ အတူလာနေကြသည်။

သူတို့ နှစ်ယောက်လုံးက FMI ထဲက အားမာန်ရဲ့ အိမ်မှာ တစ်ပတ်မှာ ၅ ရက်နေပြီး စနေ၊ တနင်္ဂနွေသာ မိဘအိမ် ပြန်ကြသည်။ အားမာန်အိမ်မှာက အားမာန်တစ်ယောက်တည်းမို့ သူငယ်ချင်းသုံးယောက် လွတ်လွတ်လပ်လပ် နေရတာကို ကြိုက်ကြသည်။





ခုနောက်ပိုင်းမှာတော့ သက်အောင်လည်း အလုပ်များကာ ဆိပ်ကမ်းသာလမ်းထဲက သူ့ဆိုင်မှာသာ အချိန်ကုန်တာမို့ အားမာန်အိမ်ကို တစ်ပတ် တစ်ရက်တောင် အနိုင်နိုင်ရောက်ဖို့ ကြိုးစားရသည်။ အားရင်လည်း ရတီနဲ့ တတွဲတွဲမို့ အားမာန်နဲ့ သိပ်မဆုံဖြစ်တော့ ... ။

ဒီသုံးယောက်ဟာ သူငယ်ချင်းသာဆိုပေမယ့် စရိုက်ချင်းက မတူလှ။ သက်အောင်က လူတိုင်းနှင့် ဝင်ဆန့်အောင် ပေါင်းတတ်သူ၊ စကားကြွယ်ကြွယ် ပြောတတ်သူ၊ မင်းသော် တစ်ကောင်ကတော့ အာကိုချောင်တာ။ ပါးစပ်က သိပ်စည်းမစောင့် ... ။ စကားပြော မဆင်ခြင်။ သူများတကာ စိတ်မှာ ကသိကအောက်ဖြစ်အောင် ပြောတတ်တဲ့ အရည်အချင်းကြီးကိုလည်း ပိုင်ဆိုင်သေးသည်။

အားမာန် တစ်ယောက်သာ နားထောင်သမား။

သူတို့ပြောသမျှ စုံစီနဖာအကြောင်းတွေကို စိတ်ဝင်တစား နားထောင်ပေးတတ်သူမို့ သူတို့က အားမာန်နှင့်တွေ့တိုင်း စကားလုံးတွေ အပီကျွေးတတ်ကြသည်။ သူတို့အကြောင်းဆို အားမာန်မှာ မသိချင်လည်း သိရသည်။

အားမာန်အကြောင်းကိုတော့ သူတို့ သိချင်တိုင်း သိခွင့်မရကြပါ။

အားမာန်က ကိုယ်ရေးကိုယ်တာ ခံစားချက်တွေကို လျှို့ဝှက်တတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အထူးသဖြင့် အချစ်ကိစ္စနှင့် ပတ်သက်ပြီး သူတို့ကို ဘာမှပေးမသိ ...။

ပရစ်ကို ချစ်မိတော့လည်း ကိုယ့်အချစ်ကို ပထမဆုံး သိတဲ့သူဟာ ကိုယ်ချစ်တဲ့သူပဲ ဖြစ်ရမည်ဟု ခံယူထားတာမို့ သက်အောင် ဘယ်လောက်အစ်အစ် သူက တစ်ခွန်းတစ်စမပြောဘဲ ရှောင်နေသည်။

ကိုယ်ချစ်တဲ့ ပရစ်တောင်မှ သိခွင့်မရသေးတဲ့ ကိစ္စကို ဘာလို့ သက်အောင်ကို ပေးသိရမှာလဲ ...။

အားမာန်က ကိုယ့်အချစ်အကြောင်းကို ကိုယ့်ချစ်သူ မဟုတ်တဲ့ သူရှေ့မှာ ရင်ဖွင့်မပြလိုပါ။

အားမာန်က တစ်ယောက်တည်း ထိုင်စောင့်ရင်း ပျင်းပျင်းရှိတာနှင့် ရှေးဟောင်းနှောင်းဖြစ်တွေ တွေးနေချိန်မှာ ကိုယ့်နံဘေးက လူတွေ မတ်တတ်ထရပ်လိုက်ကြတာကို သတိပြုမိလိုက်သည်။

လေယာဉ်ဆိုက်ချိန်တောင် ကျော်သွားပြီပဲ ...။

အားမာန်က မတ်တတ်ထရပ်ပြီး မှန်နံရံရဲ့ဟိုဘက်ဆီကို လှမ်းမျှော်ကြည့်မိတော့ စက်လှေကားပေါ်မှ ဆင်းလာသော မင်းသော်ကို မြင်လိုက်ရသည်။ ခုခေတ် အပြောအရဆို ဖလန်းဖလန်းစတိုင်လ် ရှိလှတဲ့ မင်းသော်က ခပ်လန်းလန်း ဒီဇိုင်းဖြင့် ဆင်းလာနေရင်း သူ့ကို လက်လှမ်းပြလိုက်တာမို့ သူကလည်း လက်မြှောက်ပြလိုက်ရသည်။





မုတ်ဆိတ်မွေး၊ ပါးမြိုင်းမွေးကို စတိုင်လ်လုပ်၍ထားကာ ကုပ်ထောက်ဆံပင်ကို နဖူးအပြောင်လှန်၍ နောက်မှာစည်းထားသော မင်းသော်ရုပ်က ပြုံးစပ်စပ်နှင့် ကောင်မလေးတွေကို မျက်စိကစားတတ်သော မြာပွေရုပ်မျိုး ...။ ရုပ်ကသာ အဲ့ဒီလိုဖြစ်နေတာ တကယ်တမ်းက လျှာချောင်ရုံ ခေါ်တောတစ်သောင်းအားနဲ့ ရှိုးတတ်ရုံကလွဲရင် ဟုတ်တိပတ်တိ ဖွံ့လှသူလည်း မဟုတ်ပါ။

အားမာန်က ထွက်ပေါက်နားသို့ လျှောက်သွားကာ မင်းသော်ကို ရပ်စောင့်နေလိုက်ပါသည်။

ခဏကြာတော့ မင်းသော်က ခရီးဆောင်အိတ်ကြီးကို တွန်းကာ ထွက်လာရင်း ...

"ဟိုင်း ... ချစ်လေး ..."

ဟု နှုတ်ဆက်လိုက်သောအခါ ...

အားမာန်စိတ်ထဲ ဖျင်းခနဲ ဖြစ်ကာ ပါးတွေပင် ထူပူလာသည်ဟု ထင်လိုက်ရသည်။

ချစ်လေးဆိုတာ ပရစ်က တစ်ခါတလေ အားမာန်ကို ခေါ်တတ်တဲ့ ချစ်စနိုး နာမ်စား ...။

ဒါကို သူ သိစရာလား ...။

အားမာန်က ရုတ်တရက်ကြီးမို့ အံ့အားအသင့်ကြီး သင့်နေချိန်မှာ မင်းသော်က အနားသို့ရောက်လာကာ အားမာန်ရဲ့ ပခုံးကို ပုတ်လိုက်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ဟား…ဟား…ငါ့ကောင်ကြီး လူကြည့်တော့ ယောကျ်ား ပီပီပုံမျိုးနဲ့ ရည်းစားက ချစ်လေးခေါ်တာ ခံနေရတယ်ပေါ့ လေ…"

"ဟေ့ကောင်…မင်း…မင်း…ဘာတွေ လာပြောနေတာ လဲ…"

"လုပ်မနေနဲ့ ဟေ့ကောင်…၊ ငါ အားလုံးသိတယ်"

"မင်းကို ဘယ်သူပြောလဲ…"

"သက်အောင် ပြောတာပေါ့ကွ…"

"နေပါဦး…သက်အောင်ကရော ငါ့ကို ပရစ် ဒီလိုခေါ် တတ်တယ်ဆိုတာ ဘယ်လိုသိလဲ…"

"မင်း ဦးနှောက်နဲ့ ဆက်စပ်တွေးကြည့်ပါလား တော့ရဲ့၊ သက်အောင်က မင်းရည်းစား သူငယ်ချင်း ရတီ့ရည်းစား၊ ရတီ သိသမျှ သက်အောင် သိမှာပေါ့၊ သက်အောင် သိသမျှ ငါလည်းသိတာပေါ့၊ ကဲပါကွာ…လွယ်လွယ် လေး ကိစ္စကို အုံးစားမနေနဲ့…၊ လာ…ဒိုးမယ်"

အားမာန်မှာ ရင်ထဲ အောင့်သက်သက် ခုလုလုနှင့်ပဲ မင်းသော်နှင့်အတူ လေဆိပ်ထဲမှ ထွက်လာခဲ့ရပါသည်။

စိတ်ထဲမှာလည်း ကလိ ကလိနှင့် ဒေါသဖြစ်စ ပြုလာသည်။

ပရစ်…ပရစ်…။ အတန်တန် ဖျောင်းဖျနားချ ရက်သားနဲ့ နှုတ်ကဖွာတာပဲလား…။ ရတီ့အပြင် ဘယ်





နှစ်ယောက်ကိုများ ချစ်သူနှစ်ယောက်ရဲ့ အတွင်းရေးတွေကို လျှောက်ပြောပြီးခဲ့ပြီလဲ…။

ရတီကတစ်ဆင့် ဘယ်နှစ်ယောက်ဆီကိုများ ကိုယ်တို့ရဲ့ ဘယ်လိုအကြောင်းအရာတွေ ပျံ့နှံ့သွားပြီးပြီလဲ…။

"ဟိုကောင် သက်ဆီကို ဖုန်းဆက်ကွာ၊ ညကျ မင်းအိမ် မှာ ဆုံမယ်လို့…"

မင်းသော်က လှမ်းပြောတာမို့ သူက အတွေးစကို ဖြတ်ရင်း သက်အောင်ဆီ ဖုန်းလှမ်းခေါ်လိုက်ရပါသည်။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com

✻ ✻ ✻

"တကယ်တော့ ငါက အသည်းကွဲနေတဲ့ ကောင်ပါကွာ၊ အဟက် ... မင်းတို့ မယုံဘူးမဟုတ်လား၊ ငါ့ရုပ်ကြီးက ယုံချင်စရာ မကောင်းဘူးမဟုတ်လား ..."

မင်းသော်က နည်းနည်းလေး မှန်လာချိန်မှာ အာချောင်သထက် ချောင်လာသည်။ စကတည်းက အာချောင်ရတဲ့ အထဲ ခုလို မူးပြီဆို ဘေးလူတွေ နားငြီးအောင် ရင်ဖွင့်ပါတော့မည်။

သက်အောင်ကို လှမ်းကြည့်တော့လည်း မှန်လာပြီ။

အားမာန်တစ်ယောက်သာ မသောက်တတ်သူမို့ သူတို့နှစ်ယောက်ကြားမှာ ထိုင်ကာ အမြည်းတဝစားရင်း သူတို့ ပြောသမျှကို နားထောင်ပေးနေရပါသည်။

"ငါ့ရုပ်က အပီလန်းနေတော့ ငါ့အသည်းကွဲပုံပြင်ကို





မင်းတို့ ယုံချင်မှယုံမယ်၊ ငါ့ရင်ထဲမှာ အတွင်းကြေ ကြေနေတာကို မင်းတို့မှမမြင်ဘဲ ...၊ ရင်မှာ ခံစား သူမမြင်နိုင်ပေ xxxအသည်းထဲက အတွင်းကြေ၊ ဒီရင်မှာ ခံစား လူတွေမသိနိုင်ပေ xxxအသည်းထဲက အတွင်းကြေ xxx ဝို ဝူ ဝိုး ဝိုး ... အတွင်းကြေ xxx"

မင်းသော်က ခပ်ရစ်ရစ်ပြောနေရင်းက မတ်တတ်ထရပ်ကာ ဖင်တွန့်လိန်ရင်း သီချင်းအော်ဆိုလိုက်တာမို့ အားမာန်က ရယ်မိသည်။ မင်းသော်ရော သက်အောင်ပါ အရက်မူးရင်ကျွဲနိုးပေါ်တတ်ရုံမျှမက ရယ်စရာကောင်းသော အပြုအမူတွေလည်း လုပ်တတ်ကြသည်။ သူတို့ အရက်သောက်ပြီဆိုလျှင် ဟာသကားတစ်ကား ကြည့်နေရသလိုပင် ...။ အားမာန် သူတို့ကိုကြည့်ရင်း ဗိုက်နှိပ်ရယ်ရတတ်သည်။ ခုလည်း အခြေအနေက ဟာသဘက်ကို ယိမ်းယိုင်စပြုလာသည်။

သက်အောင်က မင်းသော်ကို ကြည့်ကာ လှောင်သလိုလို တဟွန်းဟွန်း ရယ်လိုက်ရင်း ...

"ဟေ့ကောင် ... အပိုတွေ လာပြောမနေနဲ့၊ မင်း အသည်းကွဲတာလောက်ကတော့ ရိုးနေပြီ၊ အားမာန် မင်း နေ့တိုင်း ထမင်းစားပြီး ရေသောက်တယ်မဟုတ်လား"

အားမာန်က ရေဘဝဲသုပ် တစ်ဖက်ကို တူနှင့်ညှပ်ယူနေရင်းက ပြုံးစိစိနှင့် ခေါင်းညိတ်ပြရသည်။

"ဒီကောင် အသည်းကွဲတယ်ဆိုတာလည်း နေ့တိုင်း



www.burmeseclassic.com

www.burmeseclassic.com



ထမင်းစားပြီး ရေသောက်သလိုပဲ ဖြစ်ရိုးဖြစ်စဉ်ကိစ္စ၊ ရိုး ဟိုး ဟိုး နေပြီ”

“မင်းက မယုံဘူးပေါ့လေ … ဟုတ်စ”

“ဟုတ်ပ့ါ …”

“ယုံပါကွာ၊ ယုံပေးပါ၊ ငါ ဒီတစ်ခါတော့ အသည်းစစ်စစ် ကွဲတာပါ၊ အရင် အယောက်စီ အယောက်စီတွေတုန်းက ငါ တကယ်ချစ်ခဲ့တဲ့သူတွေ မဟုတ်တော့ အသည်းအတု လေးတွေပဲ ကွဲခဲ့ရတာ၊ အခု နောက်ဆုံး တစ်ယောက်ကိုပဲ ငါတကယ်ချစ်ခဲ့ရတာပါ၊ ဟောကောင် အားမာန် … မင်း ပြောတာ မှန်တယ်ကွာ၊ အချစ်က လူတွေကို နုပျိုစေ တယ်ဆိုတာ တကယ်မှန်တယ်၊ အချစ်နဲ့တွေ့ရင် ဘယ်သူ မဆို ကလေးလေးဖြစ်သွားတတ်တယ်ဆိုတာလည်း အမှန် ပဲ၊ ငါ သူ့ရှေ့ရောက်ရင် ကိုယ့်ကိုယ်ကို ပူတူတူလေး ဖြစ်သွားသလို ခံစားရတယ်၊ စိတ်ခံစားချက်တွေ အပိ လန်းပြီး သွက်လာတယ် …”

မင်းသော်က အားမာန် ပခုံးကို ပုတ်ပုတ်ပြီး ပြော လိုက်လေရာ အားမာန်မှာ မင်းသော်ကို မျက်လုံးပြူးကြည့်မိ ရင်း …

“မင်းသော် … မင်းကို ငါ ဘယ်တုန်းက အဲ့ဒါမျိုးတွေ ပြောခဲ့ဖူးလို့လဲ …”

“မင်း ပရစ်ကို ပြောတယ်လေကွာ၊ အဲ့ဒီတော့ ပရစ်က





ရတီ့ကို ပြော၊ ရတီက သက်အောင်ကိုပြော၊ သက်အောင် က ငါ့ကိုပြော၊ ဒါလေးများ ငါသိတာ ဆန်းသလား …”

အားမာန်သည် ‘နောက်မပြောတော့ပါဘူး’ဟု ဆိုလေသော ပရစ်ဖူးရဲ့ ရွှေမျက်နှာတော်လေးကို တရေးရေး မြင် ယောင်ရင်း ရင်ထဲမှာ စပ်ဖျင်းဖျင်း ဖြစ်လာပါသည်။

အားမာန် ရင်ထိတ်လို့မှမဆုံးခင် သက်အောင်က တစ်စခန်း ထလာပြန်ကာ …

“မင်း အရင်ကထက် ပိုပြီး ဉာဏ်ကောင်းလာတာတော့ အမှန်ပဲ မင်းသော်၊ မင်းမှာ အချစ်စစ်ရှိပြီဆိုတာကို ဒီ အချက်ကို ကြည့်ပြီး ငါယုံလိုက်ပြီ၊ ဟောကောင် အားမာန် လူဆိုတာ အချစ်နဲ့တွေ့ရင် ဉာဏ်ရွှင်လာတတ်တယ်ဆို တာ အမှန်ပဲကွ၊ မင်းပြောတဲ့ စကားတွေအားလုံး ဒက်ထိ ကွက်တိ မှန်ပါပေတယ် ချစ်လေးရာ …”

“ဒီကောင်က သူ့ကြည့်တော့ အေးစိအေးစက်နဲ့ သူ့ ရည်းစားနဲ့ကျတော့ တတ်လိုက်တဲ့ စကား၊ သက်အောင် ဒီကောင်က သူ့ကိုယ်သူ ဘယ်လိုပြောတယ် …”

“တေမိတစ်ပိုင်း လူတောသားတစ်ပိုင်းလေကွာ …”

“ဟား … ဟား … မိုက်တယ်ကွာ”

မင်းသော်နဲ့ သက်အောင်က မှန်သထက်မှန်လာ ချိန်မှာ အားမာန်ရဲ့ ဒေါသရေချိန်ကလည်း တဖြည်းဖြည်း မြင့် လာနေသည်။



www.burmeseclassic.com

www.burmeseclassic.com



မင်းသော်က အားမာန်ဘက်သို့ ခန္ဓာကိုယ်ကို ကိုင်းကာ အားမာန်ခေါင်းကို တစ်ချက် လှမ်းပွတ်လိုက်ရင်း ...

"အားမာန် ... အားမာန် ... တော်တော် လှို့ဝှက်တတ်တဲ့ကောင်၊ ငါတို့နဲ့ ဒီလောက်အကြာကြီး အတူနေလာတာတောင် မင်းငယ်နာမည် ဂေရှောင်းကို ငါတို့ မသိခဲ့ရပါလားကွာ ..."

"ငါတို့ကိုက ညံ့ခဲ့တာပါ မင်းသော်ရာ၊ သူနဲ့ တစ်အိပ်ရာတည်း ခဏခဏ အိပ်နေတာတောင် သူ့ခေါင်းလေး ရှည်နေတာကို မသိခဲ့ဘူးလေကွာ ..."

"ဟား ... ဟား ... အခုကြည့်တော့မှ မင်းခေါင်းက သခွားသီးနဲ့ တူလာတာ အမှန်ပဲကွ ... ဂေရှောင်းရ"

"တောက် ..."

အားမာန်က ဒေါသတကြီး တောက်ခတ်ရင်း မတ်တတ်ထရပ်လိုက်သည်။

"ဟာ ... ဟေ့ကောင် အချင်းချင်းတွေ စိတ်မဆိုးကြေးလေကွာ၊ ဒေါသကို ထိန်းပါကွာ"

"ဒေါသက မင်းတို့ကိုထွက်တာ မဟုတ်ဘူးကွ"

✱ ✱ ✱



✱ ✱ ✱

"ကိုယ်တို့နှစ်ယောက်ကြားမှာ အပ်ကျတာကအစ မင်းလူတကာကို လျှောက်ပြောနေမှာလား ပရစ် ..."

"ချစ်လေးကလည်း ဒေါသချည်းပဲ ..."

"ချစ်လေးတွေ ဘာတွေ လာလုပ်မနေနဲ့၊ နောက်လည်း မခေါ်နဲ့၊ ဟိုကောင်တွေ ခေါ်တာနဲ့တင် တော်တော် လုံလောက်နေပြီ"

"သူတို့ကလည်း သိပ်အာချောင်တာပဲ"

"သူတို့ အာချောင်တာက နည်းနည်း၊ မင်း အာချောင်တာက များများ"

"ပရစ်က ရှက်စရာကိစ္စတွေ လျှောက်ပြောတာမှမဟုတ်တာ၊ ကို ပရစ်ကို ဘယ်လောက်ချစ်တယ်၊ ပရစ်နဲ့တွေ့ရင် ဘယ်လိုပြောင်းလဲသွားတယ်၊ ကိုက ဘယ်လို က[illegible]ဆန်



www.burmeseclassic.com

www.burmeseclassic.com



ဆန်လေး တွေးခေါ်ပြောဆိုတတ်တယ်ဆိုတာကို သူငယ်ချင်းတွေ သိအောင် ကြွားချင်လို့ ပြောမိတာပါ"

"မင်း အဲ့ဒီလိုပြောတော့ ငါက ငပေါကြီး ဖြစ်မသွားဘူးလား၊ မင်းသူငယ်ချင်းတွေ ငါ့သူငယ်ချင်းတွေက ငါ့ကို ငပေါလို့ မမြင်ဘူးလား"

"မမြင်ပါဘူး ကိုရယ်၊ သူတို့က နားလည်မှု ရှိကြပါတယ်"

"နားလည်မှုရှိရှိလေး ကျိတ်ဟားနေကြမှာပေါ့ ..."

"ကိုကလည်းကွာ အဆိုးဘက်ကချည်းပဲ တွေးမနေပါနဲ့"

"တော်ပြီ ... မင်းကို ကိုယ် လက်ဖျားနဲ့တောင် မတို့တော့ဘူး၊ နမ်းဖို့ဆိုတာလည်း ဝေလာဝေးပဲ"

"ဟင် ... ဘာလို့လဲ"

"မင်းက ငါ နမ်းတဲ့အကြောင်းကို မင်းသူငယ်ချင်းတွေကို မပြောဘဲနေမှာမှ မဟုတ်တာ"

ပရစ်က အီလည်လည် အပြုံးကလေးနှင့် သူ့ကို မျက်စောင်းထိုးလိုက်မိပါသည်။

ကို စိတ်တိုနေတဲ့ပုံက ချစ်စရာတော့ ကောင်းသား။

နေ့တိုင်း ပရစ်ဆီ ဖုန်းဆက်နေကျ ကိုက ပရစ်ဆီ ဖုန်းလည်းမဆက်၊ လူလည်းမလာ၊ ဖုန်းလည်းမကိုင်တာမို့ ပရစ်က ကို့ဆီလာခဲ့ရတာပင်။

ဒီနေ့ အလုပ်နားရက်မို့ ကိုက အိမ်မှာပဲ ရှိနေ





သည်။ ပရစ်ရောက်လာတော့ ကိုက စူပုပ်ပုပ် မျက်နှာထားဖြင့် ပရစ်ကို ကြိုသည်။ ပြီးတော့ ... ပရစ် နှုတ်ဖွာထားသည့်ကိစ္စကို မကျေမနပ် အပြစ်တင်တော့တာပင်။

ပရစ်ကလည်း ပရစ်ပါပဲ။ ဘယ်လောက်ပဲ သတိထားထား မပြောဘဲကို မနေနိုင်။ ပရစ်သာ စပိုင်လုပ်ရင် သေမှာပဲ ...။ ပရစ်စိတ်က ထိန်းထားတဲ့ကြားကပဲ နှုတ်က အမှတ်တမဲ့ လွှတ်ခနဲ လွှတ်ခနဲ ထွက်သွားတတ်တဲ့ စကားလုံးတွေကို လိုက်ဖမ်းလို့ကို မမီနိုင် ...။

"ကိုရယ် ... ပရစ်လေ ..."

"တောင်းပန်ပါတယ်လို့ ပြောဦးမလို့ မဟုတ်လား၊ ရိုးနေပြီ ..."

"နောက်ကို လုံးဝ မပြောတော့ပါဘူး ကိုရယ်"

"တစ်ရာ့တစ်ကြိမ်မြောက် ကတိပေးခြင်း ..."

"ဒီတစ်ခါ တကယ်ပြောတာပါ ကိုရဲ့၊ ဟွန်း ... ကိုကလည်း မျက်နှာကြီးကို ပုပ်ထားလိုက်တာ၊ ပရစ်ကို မချစ်တော့ဘူးလား ... ပြော၊ ပရစ်မှာတော့ ဖုန်းဆက်ချိန်တန်လို့ ကို ဆက်မလာကတည်းက ကို့ကို အရမ်းလွမ်းလာတာ၊ တစ်ရက် မတွေ့ရရင်တောင် ပရစ် လွမ်းတတ်တာကို လည်း သိသားနဲ့ ..."

ပရစ်က ချော့တော့မှ အားမာန်ရဲ့ မျက်နှာထားဖြင့် လျော့လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ပရစ်က ကို့ကို ကြည့်နေရင်းက ကို့ မျက်နှာပေါ်က ဝက်ခြံသေးသေးလေးတွေကို သတိပြုမိသွားကာ ...

"ကို့မျက်နှာပေါ်မှာ ဝက်ခြံ မထွက်စဖူး ထွက်လို့ပါလား၊ ပရစ် ညှစ်ပေးရမလား ..."

"အာ ... ရပါတယ်၊ ပရစ်လက်ကို ပေကျန်မှာပေါ့၊ ကိုယ် ခုတလော အထိုင်များပြီး ဝမ်းချုပ်နေလို့ အပူကန်ပြီး ဝက်ခြံထွက်တာထင်တယ်"

"ဟိုမှာ ... ဟိုအလုံးလေး နှစ်လုံးက မှည့်နေပြီ ကိုရဲ့၊ ပရစ် ညှစ်လိုက်ပါ့မယ်"

ပရစ်က ပြောပြောဆိုဆို သူ့လက်ချောင်းပျော့ပျော့လေးတွေဖြင့် အားမာန်ရဲ့ မျက်နှာပေါ်က ဝက်ခြံကလေးတစ်လုံးကို လှမ်းညှစ်လိုက်တာမို့ အားမာန်မှာ ကြည်လည်း ကြည်နူး၊ ဒေါသလည်း ပြေသွားရပါသည်။

ပရစ်က သေချာ စင်စင်ညှစ်ပေးပြီးမှ တစ်ရှူးလေးနဲ့ တို့သုတ်ပေးရင်း ...

"အရက်ပြန် ရှိလား ... ကို"

"ရှိတယ် ..."

"ဘယ်မှာလဲ ..."

"ဟိုစင်လေးပေါ်မှာ ..."

"ပရစ် သွားယူလိုက်ဦးမယ် ..."

"ဘာလုပ်မလို့လဲ ..."



* * *

အားမာန်သည် ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်အဆောက်အဦထဲက ခုံလေးပေါ်မှာ ထိုင်ရင်း နာရီကို တစ်ချက်ငုံ့ကြည့်မိသည်။

လေယာဉ် ဆိုက်ရောက်ချိန်နီးပြီ ...။

အားမာန်က စင်ကာပူက ပြန်လာမည့် သူငယ်ချင်းတစ်ယောက်ကို ကြိုဖို့ လေဆိပ်ကို ရောက်နေခဲ့ရတာပင်။

ပထမတော့ သက်အောင်နှင့်အတူ လာကြိုဖို့ပင်။ သို့သော် သက်အောင်က ဒီနေ့ကျမှ မအား ...။ သူ့ကွန်ပျူတာအရောင်းဆိုင်အတွက် ပစ္စည်းသစ်တွေ ရောက်လာတာမို့ အလုပ်များနေခဲ့သည်။

ခု ပြန်လာမယ့် မင်းသော်ရယ်၊ သက်အောင်ရယ်၊ အားမာန်ရယ်က ကွန်ပျူတာတက္ကသိုလ်တက်ရင်း ခင်မင်ခဲ့ကြသည့် သူငယ်ချင်းများပင် ...။



www.burmeseclassic.com

www.burmeseclassic.com



ပရစ်မှာ ခုလိုမျိုး ချစ်စရာကောင်းသည့် အချက်ကလေးတွေလည်း အများကြီးရှိနေတတ်တာပင်။ ဒါ့ကြောင့်ပဲ မုန်းစရာရှိရင် ချစ်စရာနဲ့ ဖြေရပါသည်။

ပရစ်က ကြင်နာတတ်သည်၊ စာနာတတ်သည်၊ စိတ်ထား ပျော့ပျောင်းနူးညံ့သည်။ သူတစ်ပါးအပေါ် အညိုးအတေး မထားတတ်၊ မကောက်ကျစ်တတ်။ စိတ်ဆိုးလွယ်၊ စိတ်ပြေလွယ်သည်။ ဘာကိုမှ စိတ်ထဲမှာ လေးလေးပင်ပင် သယ်ဆောင်မထားတတ်တာမို့ ပရစ်ရဲ့ စိတ်က အမြဲ ပေါ့ပါး လန်းဆန်းကာ မျက်နှာကလေးကလည်း ကြည်လင်သည်။ မျက်လုံးလေးတွေကလည်း ကလေးတစ်ယောက်ရဲ့ မျက်ဝန်းတွေလို အပြစ်ကင်းသည်။

သို့သော်... ခက်နေတာလေး တစ်ခုကတော့ နှုတ်ဖွာတဲ့ အကျင့်ပါပဲ။ ဒီအကျင့်ကြောင့်ပဲ နှစ်ဦးကြားမှာ ခဏခဏ ပြဿနာတက်ရသည်။

ပရစ်အဖေက နာမည်ကြီး စီးပွားရေးလုပ်ငန်းရှင် တစ်ဦးဖြစ်ပြီး သမီးအငယ်ဆုံးလေးဖြစ်သော ပရစ်ကို အလိုလိုက်သည်။ ပရစ်ရဲ့အစ်မက နိုင်ငံခြားမှာ အိမ်ထောင်ကျကာ ကလေးရနေပြီ။ ပရစ်မှာ အမေ မရှိတော့ပေမယ့် ပရစ်အဖေရဲ့ညီမ အဒေါ် အပျိုကြီးက ပရစ်ကို အမေရင်းနှင့်မခြား ချစ်ခင်ဂရုစိုက်သည်။





ပရစ်က (xxx) စင်တာမှာ အရုပ်ဆိုင် တစ်ဆိုင် ဖွင့်ထားသည်။ ဒါလည်း စီးပွားရေးသဘောကို မဆောင်။ အပျင်းပြေ ဖွင့်တယ်လို့ပဲ ဆိုရလေမလား။ ပရစ်က အင်မတန် အရုပ်ကြိုက်သူမို့ သူကြိုက်သည့် မွေးပွအရုပ်တွေကို အမြဲ ထိတွေ့ကိုင်တွယ်ခွင့်ရဖို့များ အဲ့ဒီဆိုင်ကို ဖွင့်ခဲ့သလား မသိပါ။

ပရစ်ရဲ့ အရုပ်ဆိုင်ဟာ သိပ်ရောင်းရတာလည်း မဟုတ်ပေမယ့် ပရစ်က အရောင်းစာရေးမလေး နှစ်ယောက် ခန့်ထားပြီး သူကတော့ ဆိုင်မှာအမြဲမထိုင်ဘဲ လတ်လျားလတ်လျား အားနေသည်။

အားအားရှိတော့ အာချောင်တယ်လို့ ဆိုရမှာပေါ့။ အားတိုင်း လူတကာကို ဖုန်းလိုက်ဆက်ကာ သတင်းပလင်းအစုံကို ဖြန့်ဝေနေတတ်သည်။ ပုရွက်ဆိတ်ကလေး အကိုက်ခံရတာကို ဆင်နင်းခံရသလောက် ချဲ့ကားကာ လူစိတ်ဝင်စားအောင် ပြောတတ်တဲ့နေရာမှာလည်း နှစ်ယောက်မရှိ။

မျက်စိနှစ်လုံး ပွင့်သည့်အချိန်ကစလို့ အိပ်ရာဝင်တဲ့အချိန်ထိ တစ်နေ့တာ ကြုံတွေ့ရသမျှ အသေးစိတ်ကို အားမာန်ဆီ ဖုန်းဆက်ပြီး အားမာန် အိပ်ငိုက်လာသည်အထိ အဆက်မပြတ် ပြောတတ်သော အရည်အချင်းကိုတော့ အားမာန် သိခဲ့ရပြီဖြစ်သည်။

အားမာန်ကို ပြောသလို တခြား သူငယ်ချင်းတွေကို မလွဲမသွေ ပြောမှာကိုလည်း ရိပ်မိခဲ့ပြီ။



www.burmeseclassic.com

www.burmeseclassic.com



အားမာန်က သက်ပြင်းချကာ ပရစ်ကို နားဝင်အောင် ဖျောင်းဖျ ဆုံးမမှဖြစ်တော့မည်ဟု စဉ်းစားလျက် ...

"ပရစ် ... ပရစ် သူငယ်ချင်းတွေနဲ့ နေ့တိုင်း ဖုန်းပြောဖြစ်လား ..."

"ပြောဖြစ်တာပေါ့ ..."

"သူငယ်ချင်းတိုင်းနဲ့လား ..."

"အင်းပေါ့ ..."

"တစ်ယောက် တစ်ယောက် ဘယ်လောက်ကြာအောင် ပြောဖြစ်လဲ"

"အဲ့ဒါကတော့ ပုံသေမရှိပါဘူး၊ နာရီမကြည့်ဘဲ ပြောနေလိုက်တာ တစ်ခါတလေဆို နှစ်နာရီလောက်တောင် ကြာသွားရော ..."

"အဲ့ဒီလောက် အကြာကြီး နေ့တိုင်းပြောပြောနေတာ ပြောစရာရော ရှိသေးရဲ့လားကွာ"

"ရှိတာပေါ့၊ ပရစ်တို့ မိန်းကလေးတွေမှာက ကိစ္စဝိစ္စလေးတွေ အရမ်းများတော့ ပြောစရာတွေက တစ်ခုမဟုတ် တစ်ခု ရှိနေတော့တာပေါ့ ...၊ အများနဲ့ဆိုင်တဲ့ သတင်းလေးတွေကလည်း အချင်းချင်း အသိပေးဦးမှ၊ ဥပမာ ဘယ်မိတ်ကပ်က ဘယ်လိုကောင်းတာ၊ ဘယ်သူနဲ့တော့ မတည့်လို့ ဘာဖြစ်သွားတာ၊ ဘယ်ဖျူတီပါလာမှာ ဆံပင်





ညှပ်ရင် ဘယ် ဆံပင်ညှပ်ဆရာက ကောင်းတယ်ဆိုတာမျိုးတွေပေါ့ ..."

"အဲ့ဒါတွေက အရေးတကြီး ပြောဖို့ လိုလို့လား၊ လူချင်းတွေ့မှပြောလည်း ဖြစ်တာပဲမဟုတ်လား"

"ဖုန်းက အသင့်ရှိနေတာပဲဟာ၊ တွေ့တဲ့အထိ စောင့်ရင် သတင်းက up date ဖြစ်ချင်မှ ဖြစ်တော့တာ၊ ပရစ်တို့က တော့ ခုပြောချင်စိတ် ဖြစ်လာတာနဲ့ ဖုန်းကောက်ဆက်ပြီး ပြောလိုက်တာပဲ"

"ဖုန်းဖိုး ကုန်တာပေါ့ ..."

"မပြောပလောက်ပါဘူး"

"လူဆိုတာ ကိုယ့်အကြောင်းတွေအားလုံး သူများကို လျှောက်ပြောနေရင် ပေါ်သွားရော ပရစ်ရဲ့ ..."

"ပရစ်ကမှ မပြောဘဲ မနေနိုင်တာ"

"ကဲ ... အဲ့ဒါဆိုလည်း မင်းဘာသာ ပုရွက်ဆိတ် ကိုက်တာပဲပြောပြော၊ ဆင်နင်းတာပဲ ပြောပြော ကြိုက်တာပြော၊ ကိုယ့်အကြောင်းသာ မပါစေနဲ့ ..."

"ကိုကလည်း စိတ်ချည်းပဲ ..."

ကိုက ပြောရင်းက စိတ်မရှည်သလို လေသံမာလာတာမို့ ပရစ်က မျက်နှာချိုလေး သွေးရင်း ...

"ကဲပါ ... ကဲပါ ... စိတ်ချပါ၊ နောက်ဆို ကို့အကြောင်း



www.burmeseclassic.com

www.burmeseclassic.com



မပါစေရပါဘူး၊ သွား ... အဝတ်သွားလဲတော့၊ ပရစ်တို့ အပြင်သွားပြီး တစ်ခုခု စားရအောင်နော် ...”

ပရစ်က ချော့ချော့မော့မော့ ပြောတော့မှ ကိုက အဝတ်လဲဖို့ ထထွက်သွားသည်။

ခဏကြာတော့ အားမာန်က ပုဆိုးနှင့် စပို့ရှပ်တစ်ထည် လဲဝတ်ပြီး အိမ်ရှေ့သို့ ပြန်ထွက်လာပါသည်။

ကိုက လူငယ်ဆန်ဆန် ဘောင်းဘီတိုပွပွလေးတွေ၊ ဘောင်းဘီရှည်တွေ အဝတ်များသော်လည်း ခုလို နွေရာသီဆို ပေါ့ပေါ့ပါးပါး ချည်ပုဆိုးလေးတွေ ပြောင်းဝတ်တတ်သည်။

ဘေးခွဲ ဆံပင်ထူထူအုပ်အုပ် ပုံစံလေးက ကိုနဲ့ ကြည့်ကောင်းပြီး ကို့ရဲ့ သဘော်သီးခေါင်းကလေးကိုလည်း ပိပိရိရိ ဖုံးထားနိုင်သဖြင့် ကိုက လုံးဝ အကြည့်ရမဆိုးပါ။ သူ့ဦးခေါင်းလေး ပိန်ရှည်ဖြစ်နေတယ်ဆိုတာကို သူနဲ့ ပရစ်မှမပြောလျှင် ဘယ်သူမှ သိမှာမဟုတ်ပါ။

မျက်ခုံးထူထူ၊ မျက်ဝန်းအိမ်က သိပ်မကျယ်ပေမယ့် မျက်တောင်တိုတိုကလေးတွေ မည်းမည်းစိပ်စိပ်နှင့်မို့ ကို့မျက်လုံးတွေက ဆွဲဆောင်မှုရှိသည်။ ပါးပေါ်မှာ အမြဲတမ်း ပါးမြိုင်းမွေး ရိပ်ရိပ်လေး ထားထားတတ်တာက ကို့စတိုင်လ် ...။ နှုတ်ခမ်းက ခပ်ပါးပါး ဘေးကျယ်ကျယ် ပုံစံမျိုး။ ပြုံးလိုက်လျှင် ကော့သွားကာ ကြည့်ကောင်းလှပေမယ့် ကိုက ပြုံးရယ်ခဲသည်။ ကို့နှုတ်ခမ်း





တွေက အမြဲတမ်း တင်းဝ းစေကာ ကို့ပုံစံက ခပ်တည်တည် ရှိလှသည်။

ပရစ်သည် ကို့ကို လှမ်းငေးနေရင်း ကို့ပုဆိုးအောက်နားဆီသို့ အကြည့်ရောက်သွားမိကာ ...

“ဟယ် ... ကို ... ကို့ပုဆိုးအောက်နားစ ပြဲနေပါလား”

“ဟင် ... ဟုတ်လား”

အားမာန်က ကိုယ့်ပုဆိုးအောက်နားစကို ပြန်ငုံ့ကြည့်ရင်း ...

“အာ ... ဟုတ်ပါရဲ့ကွာ၊ ဒီပုဆိုးလည်း စုတ်ပြန်ပြီ”

“ဒီပုဆိုးလည်းဆိုတော့ တခြား ပုဆိုးတွေပါ စုတ်နေလို့လား”

“ဟုတ်တယ် ... ကိုယ့်မှာ ပုဆိုးတွေ ဟိုနား ဒီနား ငြိပြီး ပြဲနေတာတွေ အများကြီးပဲ၊ ကိုယ်က ဘောင်းဘီဝတ်နေကျဆိုတော့ ပုဆိုးပြောင်းဝတ်ရင် အနေအထိုင်က သိပ်ဆင်ခြင်တာမဟုတ်ဘူး၊ ဆိုင်မှာ အလွယ်တကူ ထားတဲ့ ပက်လက်ကုလားထိုင်မှာ အညောင်းပြေ ထိုင်ပြီး ပြန်ထရင် ပုဆိုးစက ဘေးလက်တန်းကြားလေးထဲကို ငင်ငြိပြီး ပြဲရော၊ နေဦး ... ကိုယ် ပုဆိုးပြန်လဲလိုက်ဦးမယ်”

“ဘောင်းဘီပဲ ဝတ်ခဲ့တော့လေ ...”

“ဘောင်းဘီ ဝတ်လို့ အညောင်းမပြေဘူး”

“ဘာဖြစ်လို့လဲ ...”



www.burmeseclassic.com

www.burmeseclassic.com



“ကိုယ့်တင်ပါးမှာ ... အဲ ...”

အားမာန်က ပြောလက်စ စကားကို ရပ်ပစ်လိုက်တာမို့ ပရစ်က စိတ်ဝင်စားသွားကာ ...

“တင်ပါးမှာ ဘာဖြစ်လဲ ...”

“ဘာမှမဖြစ်ဘူး ...”

“အံမယ် ... မညာပါနဲ့၊ ကို ခုနပဲ တစ်ခုခုပြောမလို့ဟာ၊ ပြောပါ ...”

“အင်မတန် နှုတ်ဖွာတော်မူတဲ့ မင်းကို ပြောရမှာ ကြောက်လွန်းလို့ပါ”

“ပြောပါ ကိုရဲ့ ...၊ ကို့ တင်ပါးက ကိစ္စကို ပရစ်က လျှောက်ပြောပါ့မလား”

“မယုံဘူး၊ မပြောဘူးကွာ ...”

“ပြောပါဆို ကိုကလည်း၊ ကို မပြောမချင်း ပရစ်က ကို နားငြီးအောင် တတွတ်တွတ် မေးနေမှာနော်”

“ကျွတ် ... သွေးစုနာ သေးသေးလေး ပေါက်နေလို့ဟ၊ သိပြီလား”

ပရစ်က ပြုံးစိစိဖြစ်သွားကာ ...

“အဲ့လိုလား ... ကို့မလည်း ဝက်ခြံက ထွက်၊ သွေးစုနာက ပေါက်နဲ့ ဒုက္ခပါပဲ၊ ကိုက အထိုင်သမား၊ ဝမ်းကလည်း ချုပ်တော့ အပူတွေများပြီး ကန်ထွက်ကုန်တာ ဖြစ်မယ်နော်”





“ထင်တာပဲ ...”

“ကို ... ထိုင်လို့ရော အဆင်ပြေရဲ့လား”

“ခပ်သေးသေးလေးပဲ ရှိသေးတော့ ပြဿနာမရှိပါဘူး၊ နောက်တော့သာ ဘာဖြစ်မယ်မသိတာ၊ အား ... တော်ပြီကွာ၊ ဒီကိစ္စကို စကားလုပ်ပြောမနေနဲ့ ...”

“ဟဲဟဲ ... ကိုက ရှက်လို့လား”

“မရှက်ပါဘူး၊ ဒါလေးနဲ့ ရှက်စရာလား ...၊ စကားကို များတယ်”

အားမာန်က ခပ်ရှက်ရှက်နှင့် ပိတ်ယောက်ပစ်လိုက်ပြီး အခန်းထဲအမြန်ဝင်ကာ ပုဆိုးတစ်ထည် လဲဝတ်လိုက်ရပါသည်။

✺ ✺ ✺



www.burmeseclassic.com

www.burmeseclassic.com

* * *

"အစ်ကို … ညွှသည် လာပါတယ်"

ဝန်ထမ်း ကောင်လေးက လာပြောတာမို့ ဒီဇိုင်းတစ်ခုကို သေချာ ပြန်စစ်နေသော အားမာန်က အလုပ်ခန်းနှင့် မှန်ချပ်ခြားနေသော အပြင်ဘက် ဧည့်ခန်းဆီ လှမ်းကြည့်လိုက်မိပါသည်။

ဧည့်ခန်းတွင် ရောက်ရှိနေသူကား ပရစ် သူငယ်ချင်း ခင်ကြည်ဖြူ …။

အားမာန်မှာ ခင်ကြည်ဖြူကို လှမ်းကြည့်ပြီး ရင်ထဲထိတ်ခနဲ ဖြစ်သွားရပါသည်။

ခင်ကြည်ဖြူဆိုတာ ပရစ်ရဲ့ သူငယ်ချင်းတွေထဲမှာ ဗရုတ်အကျဆုံး၊ ဗလွတ်ရွတ်တ အပြောဆုံး၊ အလိုက်ကန်းဆိုး မသိဆုံး …။ စကားပြောတဲ့နေရာမှာ အာကျယ်ပါကျယ် အနိုင်ဆုံး။ မင်းသော်နဲ့ အကျင့်စရိုက်ချင်း တော်တော်တူတာမို့ သက်အောင်ကတောင် ရည်းစားမရှိတဲ့ ကြည်ဖြူနဲ့ အသည်းကွဲ





နေတဲ့ မင်းသော်ကို အောင်သွယ်ပေးဖို့ ကြံရွယ်ရင်းရှိတာပင်။

ပရစ်နဲ့ ရည်းစားမဖြစ်ခင်ကတော့ ရတီနဲ့ ကြည်ဖြူကို သက်အောင်နဲ့ ပတ်သက်ပြီး သာမန် မိတ်ဆွေအဖြစ် ခင်မင်ခဲ့ပါသည်။ ပရစ်နဲ့ ရည်းစားဖြစ်ပြီးနောက်ကျမှ ကိုယ့်အကြောင်းတွေကို ပရစ်က ရတီတို့ထံမှာ အူမချေါး ဖောက်သည်ချတတ်မှန်း သိလာကာ ပရစ်သူငယ်ချင်းတွေနဲ့ တွေ့ရမှာ ဝန်လေးလာသည်။ တွေ့ပြန်ရင်လည်း မလုံမလဲ အနေရခက်လှပါသည်။ ကိုယ့်အကြောင်းတွေကို ဘယ်လောက်ထိ သိထားပြီး ဘယ်လိုများ ထုတ်ဖော်ပြောဆိုလိုက်လေမလဲဟု ရင်ထိတ်ရလွန်းလို့ နှလုံးရောဂါပင် ရချင်သည်။ အထူးသဖြင့် စိတ်ရင်းကောင်းပေမယ့် စကားပြော မဆင်ချင်တတ်တဲ့ မင်းသော်နဲ့ ကြည်ဖြူကို အကြောက်ဆုံးပင် …။

အားမာန်က ခပ်လန့်လန့်နှင့်ပင် မှန်တံခါးကို တွန်းဖွင့်ပြီး ဧည့်ခန်းထဲသို့ ဝင်လိုက်တာနှင့် ကြည်ဖြူက သူ့ကို လှမ်းကြည့်ရင်း …

"အလုပ်တွေ များနေလား အားမာန်"

"မများပါဘူး၊ ပုံမှန်ပါပဲ၊ ဘယ်က လှည့်လာလဲ"

"ဒီကိုပဲသက်သက်လာတာ၊ ကြည်ဖြူ့ ဖိနပ်ဆိုင်ကြော်ငြာ bill bord လုပ်ချင်လို့ ရှင့်ဆီမှာ ဒီဇိုင်းလာအပ်တာ …"

"ရတယ်လေ …၊ လိုချင်တဲ့ ပုံစံရယ်၊ အရောင်ရယ်၊ ပါရမယ့် စာရယ် ပြောပြခဲ့လေ …"



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ကြည်ဖြူလိုချင်တဲ့အချက်တွေ အသေးစိတ် ရေးယူလာခဲ့တယ်၊ ရှင် သေချာဖတ်ပြီး အေးအေးဆေးဆေး စဉ်းစားထား၊ ဒါက ဖိနပ်ဓာတ်ပုံတွေရယ်၊ မော်ဒယ်ပုံတွေရယ်ထည့်ထားတဲ့ စီဒီ၊ ရှင့်ဘာသာအဆင်ပြေသလို ကြည့်လုပ်လိုက်၊ ပြီးမှ ကြည်ဖြူ ဒီနိုင်းအကြမ်း လာကြည့်မယ်"

အားမာန်က ကြည်ဖြူ လှမ်းပေးသည့် စာရွက်နှင့် စီဒီကို လှမ်းယူလိုက်သည်။

ကြည်ဖြူက သူ့စလင်းဘတ်အိတ်ကို ပြန်ပိတ်ရင်း

"ဒါနဲ့ ရှင်တို့နှစ်ယောက်ကော ရန်တကျက်ကျက် ဖြစ်သေးလား ..."

"ခင်ဗျာ ..."

"ပရစ်နဲ့ ခဏခဏ ရန်ဖြစ်ကြတယ်ဆို ...၊ ပရစ်နဲ့ ရှင်နဲ့ ရည်းစား စဖြစ်တဲ့နေ့က ပရစ်က ကြည်ဖြူတို့ကို တစ်ပွဲကျွေးလို့ ရှင်က စိတ်တွေတိုနေတာဆို ...၊ အဲ့ဒီလောက်လည်း ကပ်စေးမနဲ့ပါနဲ့ ကိုယ်တော်ချောရယ်"

"ဟာ ... အဲ့ဒီလို မဟုတ်ပါဘူး မကြည်ဖြူရယ်"

"ကြည်ဖြူတို့ကလည်း ရှင်တို့ကြားထဲမှာ တမင် ဝင်ရှုပ်တာ မဟုတ်ပါဘူးနော်၊ ပရစ်က ဖွတ်အတင်း လူစုနိုင်းလို့သာ စုပေးလိုက်ရတာ၊ အကောင်းလည်း သူတို့နှစ်ယောက်ကို ဂုဏ်ပြုကြိုဆိုရသေးတယ်၊ ကွယ်ရာမှာ ငြိုငြင်ခံရတော့ အောက်တာပေါ့"





"အဲ့ဒီသဘောမျိုး မဟုတ်ရပါဘူး မကြည်ဖြူရယ် ..."

"မဟုတ်ဘူးသာဆိုတယ်၊ အဲ့ဒီနေ့က ရှင့်မျက်နှာကြီး တည်နေတာ မသိရင်ခက်မယ်"

"အဲ့ဒါက ပရစ်ကို စိတ်တိုလို့ပါ"

"ပရစ်ကို စိတ်တိုတယ်ဆိုကတည်းက ကြည်ဖြူတို့ကို ပရစ် ဖိတ်ထားတာကို ရှင် မကြည်ဖြူတဲ့သဘောပဲလေ၊ ကဲပါ ... ဒါက ကြုံလို့ပြောတာပါ၊ ဒီကိစ္စက ကြာလှပါပြီ၊ ကြည်ဖြူ့စိတ်ထဲလည်း ဘာမှမရှိတော့ပါဘူး၊ ဪ ... ပြောရင်းဆိုရင်း မေ့တော့မလို့ ...၊ ဒီမှာ ရှင့်ဆီလာရင်း ပရစ်ပြောထားတာ သတိရလို့ ဝင်ဝယ်လာတာ ..."

ကြည်ဖြူက သူ့စလင်းဘတ်အိတ်ဇစ်ကို ပြန်ဖွင့်လိုက်ပြီး အိတ်ထဲက တစ်စုံတစ်ရာနှိုက်ယူ၍ အားမာန်ထံ လှမ်းပေးလိုက်ပါသည်။

အားမာန်က ကြည်ဖြူ့ကို ခပ်လန့်လန့်ရှိတာနှင့် ချက်ချင်း မယူရဲသေး ...။

"ယူလေ ... အားမာန်"

"ဘာ ... ဘာများလဲ ..."

"မုံရွာဆရာမိုး ရှောက်တစ်လုံး ဝမ်းမှန်ဆေးလေ"

"ခင်ဗျာ ... ဘာ ... ဘာလုပ်ဖို့ ..."

"ရှင် သောက်ဖို့လေ ..."

"ဟာ ... ကျွန်တော် မသောက်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်ပဲ ဝမ်းချုပ်နေတယ်ဆို၊ ဝမ်းချုပ်ရင် ဒီဆေးအကောင်းဆုံးပဲ၊ ဗမာဆေးဆိုပြီး အထင်မသေးနဲ့ ..."

ကိုယ့်ဘာသာ ဝမ်းချုပ်တဲ့ကိစ္စကို တစ်မိမ်း မိန်းကလေးက ဝမ်းနုတ်ဆေး လာပေးနေတာမို့ အားမာန် တစ်ကိုယ်လုံး ထူပူဖိန်းရှိန်းကာ ရှက်သွားရပါသည်။

ကြည်ဖြူကတော့ ဘာမှဖြစ်ပုံမရဘဲ ...

"ရှင် ဝမ်းချုပ် အပူကန် အညောင်းထိုင်ပြီး မျက်နှာမှာ ဝက်ခြံတွေထွက်နေလို့ ဘာလုပ်ရရင် ကောင်းမလဲဆိုပြီး ပရစ်ရယ် ကျုပ်တို့တွေဆီ အကြံလှမ်းတောင်းနေတာနဲ့ နားငြီးလွန်းလို့ တစ်ခါတည်း ဝမ်းနုတ်ဆေး ဝယ်လာလိုက်တာ၊ အဲ့ဒါသာ သောက်ရင် ဝမ်းကမှန်သလား မမေးနဲ့ ...၊ မှန်မှန်သောက်ဖို့ပဲ လိုတယ်၊ ဝမ်းမှန်ပြီး အပူအပုပ်ကင်းသွားရင် ဝက်ခြံထွက်တာလည်း လျော့သွားလိမ့်မယ်၊ ကဲ ... သွားတော့မယ်နော်"

အားမာန်က ခပ်ရှက်ရှက်နှင့်ပင် ရှောက်တစ်လုံး ဝမ်းမှန်ဆေးကြီးကို ကိုင်၍ ကျန်ခဲ့သည်။ အနားက ဖြတ်လျှောက်သွားသော ဝန်ထမ်း မိန်းကလေးတစ်ယောက်က သူ့ကို ပြုံးစိစိ လှမ်းကြည့်သွားသည်။

အားမာန်က အံကြိတ်လျက် ပရစ်မျက်နှာကို မြင်ယောင်ရင်း ဆေးဘူးကို လက်နှင့် တအားပင် ဖျစ်ညှစ်ပစ်လိုက်မိလေသည်။

✹ ✹ ✹



✱ ✱ ✱

"ပရစ် ... ပရစ် ..."

အားမာန်က ပရစ်တို့ အိမ်ရှေ့မှာ ကားရပ်လိုက်ပြီး ကားပေါ်က ဆင်းဆင်းချင်း အသံကျယ်ကျယ်ဖြင့် ပရစ်ကို လှမ်းခေါ်လိုက်သည်။

ပရစ်ရဲ့ ကြီးကြီးက အိမ်ရှေ့သို့ ထွက်လာကာ ...

"အားမာန်ပါလား၊ လာလေ ... အိမ်ထဲဝင်"

"ပရစ် ရှိလား ကြီးကြီး"

"ရှိတယ်၊ ရေချိုးခန်းထဲမှာ၊ ဒီကောင်မလေးက ရေချိုးခန်းထဲဝင်ပြီး ရေနွေးစိမ်နေရင် တော်တော်နဲ့ ထွက်တော့တာ မဟုတ်ဘူး၊ နားမှာလည်း အီးယားဖုန်းတပ်ပြီး ရေနွေးစိမ်ရင်း သီချင်းနားထောင်သေးတာ ..."

"မလုံးရေ ..."

"ရှင် ... ကြီးကြီး"



www.burmeseclassic.com

www.burmeseclassic.com



"ရေချိုးခန်းတံခါး သွားထုပြီး အားမာန် ရောက်နေတယ်လို့ ပြောလိုက်ဦး၊ ဟဲ့ ... နာနာထုပြီး ကျယ်ကျယ်အော်နော်၊ နို့မို့ သူက မကြားဘူး"

"ဟုတ်ကဲ့ ကြီးကြီး ..."

"ထိုင်ဦးနော် ... အားမာန်"

"ဟုတ်ကဲ့ ကြီးကြီး ..."

အားမာန်က ဧည့်ခန်းဆိုဖာပေါ်မှာ ဝင်ထိုင်တော့ ကြီးကြီးက အားမာန်ကို စေ့စေ့ကြည့်ရင်း ...

"ဒါနဲ့ မင်းကြည့်ရတာ ချွေးသံတရွှဲရွှဲနဲ့ မျက်နှာကြီးကလည်းတင်းလို့၊ ရောက်လာပုံကလည်း အမောတကော အရေးတကြီးပုံစံမျိုးနဲ့၊ ဘာဖြစ်လာတာလဲ ..."

"ဟို ... ဘာမှမဖြစ်ပါဘူး ကြီးကြီး၊ အလုပ်ကိစ္စ အဆင်မပြေတာလေးတွေ ရှိလို့ စိတ်ရှုပ်နေတာပါ"

အားမာန်က ကြီးကြီး ကြားကောင်းအောင် လိမ်လိုက်ရသည်။ တကယ်တမ်းက 'ကြီးကြီး တူမ လုပ်ပုံမဟုတ်လို့ ဒေါသထွက်နေတာ' ဟု ပြောချင်တာ။

ကြည်ဖြူ ပြန်သွားတော့ အားမာန်က ဝမ်းမှန်ဆေးဘူးကို ရှုံ့ပိန်သွားအောင် ဖျစ်ညှစ်ရင်း ပရစ်အကြောင်းကို ပြန်ပြောင်းအောက်မေ့စဉ်းစားမိရသည်။ စဉ်းစားလေ ပရစ်ရဲ့ နှုတ်ဖျားပုံတွေက တရေးရေးပေါ်လာလေ၊ သူ့ဒေါသကို ဆွလေ။

စိတ်ထဲ တနုံ့နုံ့ဖြစ်ရလွန်းတာမို့ သူက ပရစ်ဖုန်း





ကို လှမ်းခေါ်လိုက်သည်။ သို့သော် ဖုန်းက မကိုင် ...။ သူ message ပို့တော့လည်း ပြန်မပို့ ...။ သူကလည်း ပရစ်နဲ့ ချက်ချင်း စာရင်းရှင်းချစ်စိတ်ကို မအောင့်နိုင်တော့တာမို့ ကားသော့ ကောက်ဆွဲကာ ပရစ်အိမ်ထိ စိတ်လိုက်မာန်ပါ လိုက်လာခဲ့မိတာပင်။

ပရစ်က သူ့ကို ကြီးကြီးနဲ့ မိတ်ဆက်ပေးထားပြီး ကြီးကြီး ဒေါ်တင်ညိုကလည်း အားမာန်ကို ခင်မင်တာမို့ ပရစ်အိမ်ကို ပရစ် ဒက်ဒီမရှိသည့် အချိန်တွေမှာ ဝင်ထွက်နိုင်သည်။

ပရစ် ဒက်ဒီနဲ့တော့ မဆုံဖြစ်သေးပါ။ ပရစ်က 'ကြောက်သေးလို့'ဟုဆိုကာ အားမာန်နဲ့ သူ့ဒက်ဒီ ဦးလွင်ညိုကို တွေ့မပေးသေး။ သို့သော် ကြီးကြီးမှတစ်ဆင့်တော့ အားမာန်အကြောင်းကို သိသင့်သလောက် သိထားကာ ဘာမှတော့ မှတ်ချက်မပြုသေး။ တားလည်း မတားမြစ်သလို ကြည်ဖြူနွှင့်ပြုထားတာလည်း မဟုတ်။ မသိလိုက် မသိဘာသာ နေနေတဲ့သဘောပင်။

ပရစ် ဒက်ဒီဟာ နာမည်ကြီး စီးပွားရေးလုပ်ငန်းရှင်မို့ စာစောင်တချို့ထဲက အင်တာဗျူးတွေမှာ ဓာတ်ပုံကိုတော့ အားမာန်က မြင်ဖူးထားသည်။

ဦးလွင်ညိုဟာ အလုပ်အလွန်များသူမို့ အိမ်လည်း သိပ်မကပ်၊ နိုင်ငံခြားခရီးတွေ အလွန်သွားကာ မြန်မာပြည်မှာ ရှိနေရင်လည်း ပြည်တွင်းခရီးတွေ သွားနေတတ်သူပင် ...။



www.burmeseclassic.com

www.burmeseclassic.com



ဦးလွင်ညို နေရာကကြည့်လျှင် အားမာန်ဆိုတာ မိမရှိ ဖမရှိ ပါချိပါချက် ကောင်လေးတစ်ယောက်ပင်။ တော်ရုံနဲ့ အရေးလုပ်တွေ့ဆုံမှာမဟုတ်ဟု အားမာန်က ထင်ထားပြီးသားပင်။

ကြီးကြီးကတော့ သဘောကောင်းကာ လူငယ်တွေကို နားလည် ခင်မင်တတ်သူမျိုး ...။

သို့သော် ကြီးကြီးနဲ့ ဘယ်လိုခင်ခင် ဒီအိမ်မှာ ဦးလွင်ညိုရဲ့ဩဇာသာ ကြီးစိုးတာမို့ ပရစ်နဲ့ အားမာန်နဲ့ နီးရဖို့ဆိုတာ သိပ်ပြီး မရေမရာ အလှမ်းဝေးကွာနေသေးသည်။ ဒီကြားထဲ ပရစ် နှုတ်ဖွာသမျှကို စိတ်ပျက်ရသော အားမာန်နှင့် သူ့အကျင့်ကို မပြင်နိုင်သည့် ပရစ်ဖုးရဲ့ စစ်ပွဲက ခုထိ မငြိမ်းအေးနိုင်သေးပါ။

"အားမာန် အမောပြေ အအေးလေး သောက်လိုက်ဦး"

"ဟုတ်ကဲ့ ကြီးကြီး ..."

အိမ်ဖော်မလေး လာချပေးသည့် အအေးဗန်းကို ကြီးကြီးက ရှေ့တိုးပေးတာမို့ အားမာန်က လှမ်းယူကာ တစ်ရှိန်ထိုး မော့သောက်ပစ်လိုက်မိသည်။ ရင်ပူလွန်းလို့ပင် ...။

ကြီးကြီးက အားမာန်ရှေ့မှာ ဝင်ထိုင်လိုက်ရင်း ...

"မင်း ထိုင်ရတာ အဆင်ပြေရဲ့လား အားမာန် ..."

"ခင်ဗျာ ...၊ ပြေ ... ပြေပါတယ် ကြီးကြီး"

ကြီးကြီး မေးခွန်းက တစ်မျိုးကြီးမို့ သူက ခပ်ကြောင်ကြောင် ဖြစ်သွားပြီးမှ ကမန်းကတမ်း ဖြေရသည်။





"အေးလေ ... ဆိုဖာပေါ်ထိုင်တာဆိုတော့ သိပ်ကိစ္စမရှိပါဘူး၊ ဟဲ့ ... မလုံးရေ ... နင့် ငပိကြော်အိုးကို ချထားလိုက်ဦးဟေ့၊ ဒီမှာ ညှော်သံညီက ညှော်မိလို့မဖြစ်ဘူး"

ကြီးကြီးက နောက်ဘက်သို့ လှမ်းအော်ပြောလိုက်ပြီး အားမာန်ဘက်သို့ ပြန်လှည့်လာကာ ...

"ညှော်တွေ ဘာတွေတော့ မမိစေနဲ့နော် ... အားမာန်"

"ဗျာ ..."

"သွေးစုနာဆိုတာ ညှော်မိရင် အရမ်းဆိုးတာလေ"

သေနာမ ...။ အားမာန်က ပရစ်ကို စိတ်ထဲက ကျိတ်ဆဲလိုက်မိသည်။ ကြီးကြီးရှေ့မှာ ဘယ်လိုမှ ဟန်မပျက်ဆက်ထိုင်နေလို့မရတော့။ ချွေးတွေလည်း ပြန်လာကာ ဆောက်တည်ရာမရသလို ဖြစ်လာသည်။

ကိုယ့်ရည်းစားဖင် သွေးစုနာပေါက်တဲ့ ကိစ္စကို အဒေါ်သိအောင် ကြေညာစရာလား။ သူငယ်ချင်းတွေကိုလည်း ကိုယ့်ရည်းစား ဝမ်းချုပ်လို့ အပူအပုပ်မကင်းစင်တဲ့ကိစ္စကို လိုက်ဖြန့်ဝေလို့ မုံရွာရောက်တစ်လုံး ဝမ်းမှန်ဆေးကြီးကို လူရှေ့မှာ အပေးခံရပြီးပြီ။ သွေးစုနာပေါက်တဲ့ကိစ္စကို မပြောဘဲ ချန်ထားတာ တော်ပါသေးရဲ့ဟု ချီးမွမ်းလို့မှမဆုံးခင် ကြီးကြီးရှေ့မှာ အရှက်ကွဲရပြန်ပြီ။

"ကြီးကြီး ... ကျွန်တော် သွားပါဦးမယ် ခင်ဗျ ..."

"ဟင် ... ပရစ်ဆီ လာတာမဟုတ်လား၊ မစောင့်တော့



www.burmeseclassic.com

www.burmeseclassic.com



ဘူးလား၊ သူ ခဏနေ အဝတ်အစားလဲပြီး ထွက်လာမှာ ပါ"

"ကျွန်တော် သွားမှ ဖြစ်မှာမို့လို့ပါ ခင်ဗျ ..."

ကြီးကြီးက တစ်ချက် တွေဝေသွားကာ အားမာန် ကို ကရုဏာမျက်ဝန်းလေးနဲ့ ကြည့်လိုက်ရင်း ...

"ဪ ... အေးပေါ့ ... အေးပေါ့၊ ကြာကြာထိုင်လို့တော့ ဘယ်အဆင်ပြေပါ့မလဲ ..."

သေချင်လာပြီဗျာ။ ရှက်လွန်းလို့ သေချင်စော်နံလာ ပြီဗျာ။

"ကဲ ... ကဲ ... သွားတော့ ... သွားတော့၊ သက်သောင့် သက်သာ ပြန်နားတော့၊ ပရစ်ကို ကြီးကြီး ပြောပြလိုက် မယ်၊ ပရစ်လည်း သိတာပဲဟာ၊ နားလည်မှာပါ၊ ကြီးကြီး ပြောတာတော့ မမေ့နဲ့နော်၊ လုံးဝ ညှော်မမိစေနဲ့ ... ကြားလား"

* * *



* * *

"ပရစ် ... မင်း များနေပြီ၊ မင်း သိပ်များနေပြီ"

ကိုယ့်အိမ်တံခါးကို သော့ဖွင့်၍ ဝင်လာသော အားမာန်သည် နှုတ်မှ အဆက်မပြတ် ရေရွတ်ရင်း ထမင်းစား ခန်းထဲသို့ တန်းဝင်လာကာ ရေခဲသေတ္တာတံခါးကို ဆွဲဖွင့်လိုက် သည်။

ရေခဲသေတ္တာထဲမှာ သက်အောင်တို့ မင်းသော်တို့ လာရင် သောက်သုံးတော်မူဖို့ ဝယ်ထားသော ဘလက်လေဘယ် ပုလင်းက လက်ကျန်ရှိနေတာမို့ အားမာန်က ပုလင်းကို ခပ် မြန်မြန် ဆွဲထုတ်ပြီး ထမင်းစားပွဲပေါ်သို့ ဆောင့်ချလိုက်သည်။

"ငါ့ဖင် သွေးစုနာပေါက်တာလည်း လူတကာ သိတာပဲ၊ ငါ့ဘာသာ ဝမ်းချုပ်လည်း လူတကာသိတာပဲ၊ မင်းနဲ့ ရည်းစားဖြစ်မှ ငါ တော်တော့်ကို ပေါပြူလာဖြစ်နေပြီ လား ပရစ်ရယ် ... ဟင်"



www.burmeseclassic.com

www.burmeseclassic.com



အားမာန်က စိတ်ပေါက်ပေါက်ဖြင့် ရေရွတ်ရင်းက ဖန်ခွက်ထဲကို ရေခဲတုံးတွေထည့်ပြီး အရက်စပ်နေလိုက်ပါသည်။

အမှန်ဆို သူ အရက်မကြိုက်ပါ။ အရက်နဲ့လည်း မယဉ်ပါးပါ။ သက်အောင်တို့ ဖွတ်အတင်းတိုက်လို့သာ တစ်ခါ နှစ်ခါ သောက်ခဲ့ဖူးပေမယ့် အရက်ရဲ့ အရသာကို သူ မကြိုက်ပါ။ ကိုယ့်ဘာသာလည်း တစ်ခါမှ မသောက်ဖြစ်ခဲ့ပါ။ သို့သော် သောက်မှဖြစ်တော့မည်။ ပရစ်ကို ဖြစ်ရတဲ့ ဒေါသတွေကို ဒီနည်းနဲ့မှ မဖြေဖျောက်လျှင် မဖြစ်တော့။ တခြားနည်းလည်း မသိတော့။

အားမာန်က စပ်ပြီးသွားသော အရက်ဖန်ခွက်ကို ကောက်ယူမော့သောက်လိုက်ရာ ...

"အား ... ဖွီး ... ဖီး ... အရသာကလည်း ဆိုးပါ့ကွာ ..."

မိုက်ထဲကို နည်းနည်းလေးပဲ ဝင်သွားပေမယ့် သူ့စိတ်က ထိုအရသာကို လက်မခံတာမို့ ဖန်ခွက်ကို စားပွဲပေါ်သို့ ပြန်ဆောင့်ချလိုက်ရာ တချို့တစ်ဝက် ဖိတ်စင်သွားပါသည်။

"အိပ်တာပဲ ကောင်းတယ်ကွာ၊ စိတ်ညစ်ရင် အိပ်ပစ်မယ်၊ ဘာဖြစ်သေးလဲ"

အားမာန်က ဧည့်ခန်းဘက်သို့ ပြန်လျှောက်လာပြီး ဆိုဖာရှည်ပေါ်သို့ ပစ်လှဲချလိုက်ရာ ...

"အား ..."





တင်ပါးဆီက စစ်ခနဲ နာကျင်သွားတာမို့ အားမာန်က တွန့်လိမ်သွားကာ အော်ဟစ်ညည်းတွားရင်း ပရစ်ကို ပို ဒေါသ ဖြစ်လာသည်။

"ဘာတဲ့ ... မင်းထိုင်ရတာ အဆင်ပြေရဲ့လား အားမာန်၊ သွေးစုနာဆိုတာ ညှော်မိရင် အရမ်းဆိုးတာ၊ အေးပေါ့ အေးပေါ့ ... ကြာကြာထိုင်လို့တော့ ဘယ်အဆင်ပြေပါ့မလဲ၊ လုံးဝ ညှော်မမိစေနဲ့နော် ... ကြားလား၊ ဟားဟား ကောင်းကွာ ငါ့ဘာသာ အနာပေါက်တာတောင် လွတ်လွတ်လပ်လပ် ပေါက်ခွင့်မရတဲ့ဘဝ ..."

အားမာန်က တောက်တစ်ချက်ခေါက်ရင်း ပြန်ထလာကာ ထမင်းစားခန်းဘက်သို့ ပြန်လျှောက်သွားပြီး ဖန်ခွက်ကို ဆတ်ခနဲယူကာ နောက်တစ်ခါ ကြိုးစားသောက်လိုက်သည်။ ပြီးတော့ အိမ်ရှေ့ဆိုဖာရှည်ပေါ်သို့ ပြန်လျှောက်လာပြီး ခပ်ဖြည်းဖြည်း လှဲအိပ်လိုက်ပါသည်။

ခဏကြာတော့ သူ အိပ်ပျော်သွားသည်။

မကြာမီ နားထဲမှာ အသံသဲ့သဲ့လိုလို ကြားရသည်။

"တီးတောင် ... တီးတောင် ..."

"ဒုန်း ... ဒုန်း ..."

"ကိုရေ ... တံခါးဖွင့်ပါဦး"

တံခါးထုသံ၊ ပရစ်ရဲ့ အော်ခေါ်သံတွေက ပိုကျယ်လောင်လာကာ သူ အိပ်ရာမှ နိုးလာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုရေ… တံခါးဖွင့်ပါဦး"

"မဖွင့်ဘူးဟေ့၊ မဖွင့်ဘူး…"

"ကိုရေ… ပရစ် တောင်းပန်ပါတယ်၊ တံခါးလေး ဖွင့်ပေးပါ"

"လုံးဝ မဖွင့်နိုင်ဘူး ပရစ်ဖူးရေ…"

"ကိုရေ… ပရစ်ပြောတာ နားထောင်ပေးပါဦး၊ ပရစ် အိမ်ထဲ ဝင်ပါရစေ…"

"မင်းပါးစပ်ကို အပ်နဲ့ ပိတ်ချုပ်ပြီးမှ အိမ်ထဲဝင်ခွင့်ပြုနိုင်မယ်"

"ကိုနော်… ကို မဖွင့်မချင်း ပရစ် မပြန်ဘူး"

"သဘောပဲဟေ့…"

"ဒါဆိုလည်း ပရစ် စစ်ကူအနေနဲ့ ကိုသက်နဲ့ ကိုမင်းသော်ကိုပါ ဒီကိုလာဖို့ ဖုန်းဆက်ခေါ်လိုက်တော့မယ်"

"ဟေ့… မင်း ငါ့အရှက်ကို ထပ်မခွဲနဲ့၊ ဒီကိစ္စတွေကို သူတို့ရှေ့မှာ မပြောရှင်းပါရစေနဲ့…"

"ဒါဆို တံခါးဖွင့်ပေးလေ…"

"တောက်…"

အားမာန်က မတတ်သာစွာဖြင့် တံခါးဖွင့်ပေးလိုက်ရသည်။ ပရစ်က ခပ်ပြုံးပြုံးလေး အိမ်ထဲလှမ်းဝင်လာရင်း…

"အဟင်း ဟင်း… ကို တစ်ယောက်ကတော့လေ ကလေး





ကြီး ကျနေတာပဲ၊ ဒါလေးနဲ့ စိတ်ဆိုးစရာလား ကိုရဲ့၊ ကြီးကြီးက ကို့အနာ သွေးမိမှာစိုးလို့ စိတ်ပူပြီး ပြောလိုက်တာတဲ့၊ ကိုက အဲ့ဒါကို ရှက်ပြီး ပြန်သွားတာလား၊ တင်ပါးမှာ သွေးစုနာပေါက်တာ ရှက်စရာမဟုတ်…"

"ဝက်ပုပ်မ…"

အားမာန်က ကြုံးအော်လိုက်တော့မှ ပရစ်က လန့်သွားပုံဖြင့် သူ့ရင်ဘတ် သူဖိကာ…

"အမလေး… လန့်လိုက်တာ ကိုရယ်၊ တကတည်း အော်ပစ်လိုက်တာ နားတောင်အူသွားတယ်၊ အဲ့ဒီ ငယ်နာမည်ကြီး မခေါ်စမ်းပါနဲ့…"

"မင်းဘက်ကကျတော့ မင်းငယ်နာမည်ကို ငါခေါ်တာတောင် မကြိုက်ဘူးမဟုတ်လား၊ ငါ့ငယ်နာမည်ကျတော့ လူတကာသိအောင် လျှောက်ပြောတယ်မဟုတ်လား၊ ငါက မင်းနားတွေ အူရုံမကဘူး၊ ပင်းသွားအောင်တောင် နားဝကပ်ပြီး အခြောက်နဲ့ ထုပစ်ချင်တာ၊ ဘာတဲ့… ဒါလေးနဲ့ စိတ်ဆိုးစရာလား ဆိုပဲ၊ မေးလိုက်သေးတာ၊ ပရစ်ဖူးတို့က မေးလိုက်သေးတာ…၊

"မင်းလုပ်ပုံတွေက ဒါလေးမကတော့ဘဲ ဒါကြီးဖြစ်နေတာ မင်းမသိဘူးလားဟင်၊ ငါ့ဖင် သွေးစုနာပေါက်လည်း လူတကာသိတာပဲ၊ ငါ့ဘာသာ ဝမ်းချုပ်လည်း လူတကာသိတာပဲ၊ ငါ့ရည်းစားကို အိစီကလီ ပြောတဲ့



www.burmeseclassic.com

www.burmeseclassic.com



စကားဆိုလည်း လူတကာ သိလိုက်တာပဲ၊ ငါ့ခေါင်းရှုပ်တာလည်း လူတကာ သိတာပဲ၊ မင်းနဲ့ကြိုက်ပြီးမှ ငါ့မှာ ပေါ်ပြူလိုက်ဖြစ်လိုက်တာ အမြီးမြှောက်လည်း လူသိ၊ အီးပေါက်လည်း လူသိ၊ အတွင်းရေးရယ်လို့ ချန်ထားစရာ ဘာမှကိုမရှိတော့ဘူး ...။

"မင်းသူငယ်ချင်းတွေကလည်း ငါ့အပေါ်စေတနာထားလိုက်တာမှ ငါဝမ်းနှုတ်ဖို့တောင် ဝမ်းနှုတ်ဆေး လာပေးရသတဲ့ဗျာ၊ ဘာတဲ့ ... ပြောသွားသေးတာ *ရှင် ဝမ်းချုပ်နေရင် ဒီဆေး အကောင်းဆုံးပဲနော်၊ ပရစ်ရယ်လေ ကျုပ်တို့ဆီ အကြံ လှမ်းတောင်းနေတာ နားငြီးလွန်းလို့ တစ်ခါတည်း ဝမ်းနှုတ်ဆေး ဝယ်လာလိုက်တာ၊* ဟား ဟား ... အဲ့ဒီလိုမျိုးလေး ပြောသွားတာ အရမ်းကို ချစ်ဖို့ကောင်းတာပဲဗျာ"

အားမာန်က ကြည်ဖြူ့ အိုက်တင်လုပ်ပြပြီးမှ မျက်နှာထားကို တင်းပစ်လိုက်ရင်း တံခါးဝဆီသို့ လက်ညှိုးညွှန်ကာ ...

"ကဲ ... ငါပြောစရာ ကုန်ပြီ၊ သွားတော့ ... ပြန်ပေတော့"

"ကိုချည်းပဲ တစ်ဖက်သတ်ပြောသွားပြီး ပရစ်ကျတော့ ဘာမှပြောခွင့် မပေးတာ ကို ဘယ်တရားမလဲ ..."

"မင်းပါးစပ်က ပုရစ်အော်သလို အဆက်မပြတ် ပြောလာမယ့် စကားတွေကို နားငြီးလွန်းလို့ နားမထောင်ပါရစေနဲ့





တော့ ပရစ်မရယ်၊ သွားပါတော့ဗျာ ... ပြန်ပါတော့ဗျာ၊ တောင်းပန်ပါတယ်ဗျာ ..."

"ကိုက အဖြစ်ကို သည်းလွန်းတာ"

"ဘာ ... ဘာ ..."

"မိန်းကလေးတွေ သဘာဝကို ကို မသိလို့ ဒီလိုပြောနေတာ၊ မိန်းကလေးဆိုတာ ကိုယ်ချစ်တဲ့သူရဲ့အကြောင်းကို တဖွဲ့တနွဲ့ ပြောနေရတာကိုက ကြည်နူးစရာလေ"

"ဝမ်းချုပ်တာ၊ အနာပေါက်တာတွေက ဖွဲ့နွဲ့စရာလားကွ"

"ဒါကလည်း ကို့မှာ ဝေဒနာ ခံစားနေရတာကို သနားလို့ ဘာလုပ်ပေးရမှန်းလည်း မသိလို့ ပရစ်နားက လူတွေဆီက အကြံဉာဏ်တောင်းတဲ့ သဘောပဲ ..."

"ဪ ... ဟုတ်ကဲ့ပါဗျာ၊ ကျွန်တော်မျိုးကြီးကပဲ ကျေးဇူးတင်ပါတယ်ဗျာ၊ Facebook ဝင်ပြီး လူမြှောက်များစွာကို ဖြန့်ဝေပေးလိုက်ပါဦးဗျာ ..."

"ကို မငေါ့နဲ့၊ ကိုက ပရစ်ကိုနည်းနည်းလေးမှ နားမလည်တာ၊ သမီးရည်းစားဆိုတာ အမြဲအတူနေရတာ မဟုတ်တော့ ကို အနားမှာ မရှိတဲ့အချိန်တွေမှာ ပရစ်က ကို့ကို လွမ်းတယ်လေ၊ ကို့အကြောင်းတွေပဲ တွေးချင်တယ်၊ ကို့အကြောင်းတွေပဲ ပြောချင်တယ်၊ ကို့အကြောင်းတွေသာ ပြောနေရမယ်ဆိုရင် ထမင်းအငတ်ခံပြီးတော့တောင် ပြောနိုင်တယ် ..."

www.burmeseclassic.com



"ဖြစ်နိုင်တယ်၊ မင်း ခုတလော ပိန်သွားတာ ထမင်း အငတ်ခံပြီး ငါ့အကြောင်းတွေ ပြောနေတာပဲဖြစ်ရမယ်"

"ဟုတ်တယ် ...၊ ကိုအကြောင်းပြောရင်း ထမင်းစားချိန် လွန်သွားလို့ မစားဖြစ်တဲ့ အနပ်တွေ ရှိတယ်၊ တစ်ခါ တလေ ဖုန်းပြောရင်း ပန်းကန်ထဲကို ထမင်းနဲ့ဟင်း ပုံထည့်ပြီး ပြောရင်း စားမိတာလည်း ရှိတယ်၊ သူငယ်ချင်း တွေနဲ့ ဖုန်းပြောတိုင်း တခြားအကြောင်းအရာတွေ ဘာမှ မပြောချင်တော့ဘူး၊ ကိုအကြောင်းပဲ ပြောချင်တယ်၊ ကိုဆံပင်လေး ရှည်နေတာကအစ ကိုခြေသည်းကလေး ပဲ့နေတာအဆုံး ဖွဲ့နွဲ့ပြီးတော့ကို ပြောလိုက်ချင်တယ်၊ အဲ့ဒီလို ပြောနေရတဲ့ အချိန်တိုင်း ပရစ် ပျော်တယ်"

"ဘုရား ... ဘုရား ... အဲ့ဒီလောက်တောင်ပဲ ပြောပြီးသွား ပြီလား၊ ဒါဆို ခုလောက်ဆို မင်းနဲ့ ပတ်သက်သမျှ လူအားလုံးက ငါ့အကြောင်းဆို မသိချင်မှအဆုံးပေါ့၊ ငါတို့နှစ်ယောက်ရဲ့ အတွင်းရေးမှန်သမျှကို လူတကာက သိကြတယ်ပေါ့၊ တော်တော် ကြောက်စရာကောင်းတဲ့ ပါးစပ်ပါလားကွ ... ဟင်"

အားမာန်သည် မျက်နှာတစ်ပြင်လုံး ရဲရဲတွတ်ကာ လူတစ်ကိုယ်လုံး ဒေါသဖြင့် ဆတ်ဆတ်တုန်လာသည်။

"ကဲ ... ကဲ ... ကြွပါတော့ ပရစ်၊ ငါ ဒါ့ထက် ဒေါသ မထွက်ခင် မင်း သွားပါတော့ ..."





အားမာန်က နှင်ပေမယ့် ပရစ်က ထွက်မသွားဘဲ ပေကပ်ကပ် ရပ်နေသည်။

အားမာန် ပရစ်လက်ကို လှမ်းဆွဲကာ တံခါးဝသို့ ဆွဲခေါ်လာပြီး ပရစ်ကို အိမ်အပြင်သို့ တွန်းထုတ်လိုက်ပြီးမှ တံခါးကို ခပ်မြန်မြန် ဆွဲပိတ်လိုက်ပါသည်။

"ကို ... တံခါးပြန်ဖွင့်"

"ဒုန်း ... ဒုန်း ..."

"ကို စိတ်ဆိုးမပြေသရွေ့ ပရစ် မပြန်ဘူးနော်၊ ပရစ် တစ်ညလုံး တံခါးဝမှာ ထိုင်နေမှာနော် ..."

"သဘောပဲဟေ့၊ ငါတော့ အိပ်ပြီ ..."

အားမာန်က နားမှာ အီးယားဖုန်း ကောက်တပ်ပြီး သီချင်းဖွင့်လိုက်သည်။ ပြီးတော့ သူ့ဖုန်းကို ပိတ်၊ အိမ်ဖုန်းကို လည်း ဘေးချထားလိုက်ပြီး အခန်းထဲသို့ ဝင်လာကာ ခုတင် ပေါ်မှာ လှဲအိပ်လိုက်ပါသည်။ ပရစ် ညလုံးပေါက် စောင့်နေမှာ တော့ မဟုတ်။ ခဏနေ စိတ်ပျက်ပြီး ပြန်သွားမှာသေချာသည်။

✺ ✺ ✺



www.burmeseclassic.com

www.burmeseclassic.com

* * *

မှေးခနဲ အိပ်ပျော်သွားခဲ့သော အားမာန်သည် ညဥ့်လယ်လောက်တွင် အိပ်ရာမှ နိုးလာပါသည်။ နိုးနိုးချင်းပင် ရေငတ်ခြင်းကို ခံစားရသည်။

သူ... ရေသောက်ချင်သော်လည်း အိပ်ရာဘေးမှာ ရေဘူးက အဆင်သင့် ရှိမနေ...။

အိပ်ရာဘေး စားပွဲပေါ်က နာရီလေးကို လှမ်းကြည့်မိတော့ ၁၂ နာရီခွဲပြီ...။

သူ မီးခလုတ်ကို လှမ်းဖွင့်ပြီး အိပ်ရာမှ ထကာ အခန်းပြင်သို့ ထွက်လာခဲ့သည်။

ပူအိုက်သော ရာသီမှာ ညက အဲကွန်းမဖွင့်မိဘဲ အိပ်ပျော်သွားသဖြင့် သူ့တစ်ကိုယ်လုံး ချွေးတွေနစ်လျက် ပူလောင်အိုက်စပ်နေပါသည်။





သူ အခန်းပြင်ရောက်တော့ တစ်အိမ်လုံး မီးတွေလင်းချင်းနေတာကို တွေ့လိုက်ရသည်။

သူ မီးတွေ လိုက်မပိတ်ဘဲ အိပ်ပျော်သွားခဲ့တာပင်။

အားမာန်က ထမင်းစားခန်းဘက်သို့ လျှောက်သွားပြီး ရေခဲသေတ္တာထဲက ရေသန့်ဘူးတစ်ဘူး ထုတ်ယူကာ မော့သောက်ပစ်လိုက်တော့မှ ရင်ပူသက်သာသွားသည်။

ထမင်းစားပွဲပေါ်မှာ ညဦးပိုင်းက သောက်လက်စ ပုလင်းနှင့် မှောက်နေသော ဖန်ခွက်တစ်လုံး၊ ဖိတ်စင်နေသော ယမကာ တချို့တစ်ဝက်ကြောင့် ထမင်းစားခန်းထဲမှာ အရက်နံ့က ခပ်ပျပျ ကျန်နေဆဲ...။

အားမာန်က ပျင်းပျင်းရှိတာနှင့် မသိမ်းဆည်းတော့ဘဲ အိမ်ရှေ့သို့ ပြန်ထွက်လာခဲ့သည်။

အိမ်ရှေ့ဘက် မှန်ပြတင်းတွေကို 'လိုက်ကာ' မချရသေးတာမို့ ခြံထဲမှာ မီးတွေလင်းနေတာကို သူ လှမ်းမြင်ရသည်။ ညက ခြံမီးရော အိမ်ထဲမီးတွေပါ သူ မပိတ်ဖြစ်တော့ဘဲ အခန်းထဲ ဝင်သွားခဲ့တာပင်။

ပရစ်ကို ခြံတံခါးသော့ ပေးထားတာမို့ ခြံတံခါးကိုတော့ ပရစ် သော့ပြန်ခတ်ပေးခဲ့မည်ထင်သည်။

အားမာန်က သမ်းလိုက်ရင်း ခြံမီးတွေ ပိတ်ဖို့ အိမ်တံခါးဝနားက မီးခလုတ်ရှိရာသို့ လျှောက်လာပြီး ခြံထဲသို့ အမှတ်တမဲ့ လှမ်းကြည့်မိသောအခါ ...



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ..."

အိမ်ရှေ့မှာ ရပ်ထားသော ပရစ်ရဲ့ ကားကို တွေ့လိုက်ရတာမို့ အားမာန် ခေါင်းနားပန်း ကြီးသွားသည်။

ဘုရားရေ ... ပရစ် တကယ် မပြန်ဘူးလား။

အားမာန်က ကမန်းကတမ်းပင် အိမ်တံခါးကို တွန်းဖွင့်လိုက်တော့ တံခါးက အလွယ်တကူ ပွင့်မသွား၊ တစ်စုံတစ်ခုနှင့် အပြင်ဘက်မှ တွန်းဖိထားသလိုပင်။

သူ အားစိုက်၍တွန်းတော့မှ ထိုတစ်စုံတစ်ရာက ရွေ့သွားသည်။

ထိုတစ်စုံတစ်ရာကား ... တံခါးကိုမှီကာ ငုတ်တုတ်အိပ်ပျော်နေသော ပရစ်ဖူးပင်တည်း ...။

"ပရစ် ... မင်း ... မင်း ..."

"ဟား ...၊ အင်ဟင် ... ကို နိုးလာပလား၊ ဆောရီး ... ပရစ် အိပ်ပျော်သွားတယ်"

ပရစ်က လက်နှစ်ဖက်ကို ဆန့်၍ ပျင်းကျောဆန့်ရင်း သမ်းတောင် သမ်းလိုက်သေးသည်။ ပြီးတော့ အားမာန်ကို မော့ကြည့်ရင်း ပြောလိုက်ပုံက အေးအေးဆေးဆေး ...။

"ပြဿနာတော့ အကြီးအကျယ် တက်ပြီ၊ ပရစ် ခု ဘယ်နှစ်နာရီရှိပြီလဲ၊ မင်းနာရီ ပြန်ကြည့်လိုက်ပါဦး"

ပရစ်က သူ့လက်ပတ်နာရီကို မြှောက်၍ မျက်နှာနားမှာ ကပ်ကြည့်လိုက်ပြီး ...





"ဟင် ...၊ ၁၂ နာရီတောင်ခွဲပြီ၊ ဘယ်တုန်းက ၁၂ နာရီခွဲသွားမှန်းတောင် မသိလိုက်ဘူး"

"မင်း အိပ်နေတုန်း ၁၂ နာရီခွဲသွားတာပေါ့"

"ပရစ် ကို့ကို စောင့်ရင်း အိပ်ပျော်သွားတာ၊ ဒုက္ခပဲ ... အိမ်ကလူကြီးတွေ စိတ်ပူနေတော့မှာပဲ၊ ကိုက ဖုန်းပိတ်ထားတော့ ပရစ်က ကို့ ဟန်းဖုန်းနဲ့ အိမ်ဖုန်းကို တစ်လှည့်စီ နှိပ်ခေါ်လိုက်၊ ကို့ဖုန်းထဲကို messge လှမ်းပို့လိုက်လုပ်ရင်း ပရစ် ဖုန်းက ဘက်ထရီကုန်ပြီး ပိတ်သွားတာ"

"ငါ့ဖုန်းတွေလည်း ပိတ်ထားတာဆိုတော့ ပြဿနာတော့တက် ... ဟင် ..."

အားမာန် စကားမဆုံးခင်မှာပင် ခြံရှေ့မှာ ကားမီးရောင်ဖြင့် လင်းချင်းသွားတာကို တွေ့လိုက်ရသည်။ ကားက ခြံရှေ့မှာ ရပ်သွားပြီး ကားပေါ်မှ ယောကျ်ားတစ်ယောက် ဆင်းလာပါသည်။

"ဟင် ... ဒက်ဒီ၊ ကို ... အဲ ... အဲဒါ ပရစ် ဒက်ဒီ"

"ဟာ ... ပြဿနာပဲ၊ ဘယ်လိုလုပ်မလဲ"

"ပရစ် ... ပရစ်လည်း ကြောက်တယ် ..."

"ဟော့ကောင် ..."

ပရစ် ဒက်ဒီ ဦးလွင်ညိုသည် အားမာန်ရဲ့ ခြံတံခါးကို ဆောင့်တွန်းဖွင့်လျက် ခြံထဲသို့ မားမား မားမားနှင့် လျှောက်ဝင်လာနေပါသည်။ ဗလကတော့ နည်းတာမဟုတ်ချေ။ အနေ



www.burmeseclassic.com

www.burmeseclassic.com



ကလည်း မြင့်လှပေရာ သူ့လက်သီးတစ်ချက်နဲ့ပင် အားမာန်မှာ စုတ်ပြတ်သတ်သွားဖို့ သေချာနေပါသည်။

ထင်သည့် အတိုင်းပင် ဦးလွင်ညိုက အားမာန်ရှေ့သို့ ရောက်လာပြီး ဘာမပြော ညာမပြောနှင့် အားမာန်ကို လက်သီးနဲ့ ထိုးချပစ်လိုက်ပါသည်။

"အား ...၊ ဦး ... ဦး ထင်သလို မဟုတ်ဘူး၊ ကျွန်တော် ရှင်းပြပါ့မယ်၊ ရှင်းပြပါရစေ ..."

"ဒက်ဒီ ... ဒက်ဒီ ... မလုပ်ပါနဲ့"

အားမာန်က ကိုယ့်မေးရိုး ကိုယ်ဖိထားရင်း ကမန်းကတန်း တောင်းပန်နေရသည်။ ဦးလွင်ညိုက အားမာန်ရဲ့ ရှပ်အင်္ကျီ ရင်ဘတ်စကို ဆုပ်ကိုင်လျက် အားမာန်ရဲ့ ခန္ဓာကိုယ်ကို သူ့ဘက်သို့ ကပ်အောင်ဆွဲယူပြီး အားမာန်ရဲ့ ပါးစပ်နားမှာ အန့်ခံလိုက်ရင်း ...

"ခွေးကောင် ... ပါးစပ်က အရက်နံ့ကို ဟောင်နေတာပဲ၊ အရက်တွေသောက်ပြီး ငါ့သမီးကို အိမ်ပြန်ပို့မပေးဘဲ ခိုးယူပေါင်းသင်းတဲ့ ကောင် ... မင်းကို အရှင်မထားဘူးကွ ..."

"အား ... သေပါပြီ၊ မလုပ်ပါနဲ့ ...၊ မဟုတ်ပါဘူး၊ ဦး ထင်သလို မဟုတ်ပါဘူး"

"ဒက်ဒီ ကို့ကို မထိုးပါနဲ့တော့၊ တော်ပါတော့ ဒက်ဒီရယ် ..."





ဦးလွင်ညိုက အားမာန်ကို လိုမ့်ပိမ့်ထိုးနေတာမို့ အားမာန်က အသေအလဲ ရှောင်တိမ်း၊ ပရစ်က သူ့အဖေကို ဝင်ဆွဲ၊ အိမ်ရှေ့မှာ အတော်ကြာအောင် ဝရုန်းသုန်းကားဖြစ်နေပြီးမှ ဦးလွင်ညိုက ငြိမ်သွားပြီး ခါးထောက်လျက် အားမာန်ကို ရူးရူးရဲရဲ ကြည့်ကာ ...

"မင်း ... ငါမေးတာကို မှန်မှန်ဖြေ ..."

"ကျွန်တော် ... ရှင်းပြ ..."

"မလိုဘူး၊ ငါ မေးတာပဲဖြေ ..."

"ဟုတ် ... ဟုတ်ကဲ့ ..."

"မင်း အရက်သောက်ထားလား ..."

"ဟို ... နည်းနည်း ..."

"သောက်တယ် ... မသောက်ဘူးပဲ ပြော"

"သောက်ပါတယ်၊ ဒါပေမယ့် အာစွတ်ရုံလေး ..."

"လျှာမရှည်နဲ့၊ မေးတာပဲ ဖြေ ..."

"... ..."

"မင်း ငါ့သမီးကို အိမ်ပြန်မပို့ဘဲ ထားသလား"

"ဟို ... အဲ့ဒါက သူ့ဘာသာ ..."

"ပို့သလား ... မပို့ဘူးလား"

"မပို့မိပါဘူး ..."

"မင်း ငါ့သမီးကို ချစ်သလား ..."

"ဟုတ်ကဲ့ ... ချစ်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဒီမေးခွန်းကိုတော့ အားမာန်က ခပ်သွက်သွက် ဖြေမိသည်။

ဦးလွင်ညိုက အားမာန်ကို ခဏစိုက်ကြည့်နေလိုက်ပြီးမှ ...

"အရက်တွေ သောက်ထားပြီး မင်းချစ်တဲ့ မိန်းကလေး တစ်ယောက်ကို ဒီအချိန်ထိ အိမ်ပြန်မပို့ဘဲ ထားခဲ့တဲ့ မင်းမှာ လုပ်စရာတစ်ခုပဲ ရှိတော့တယ် ... အားမာန်"

ဦးလွင်ညိုက ခဏတိတ်ဆိတ်သွားသည်။ အားမာန်နှင့် ပရစ်က မျက်လုံးပြူးကလေးတွေဖြင့် ဦးလွင်ညိုကိုကြည့်ရင်း ရင်တထိတ်ထိတ် နားစွင့်ထားဆဲ ...

"မင်း ... ငါ့သမီးနဲ့ ထိမ်းမြားလက်ထပ်ဖို့ စီစဉ်လိုက်တော့ ..."

အားမာန်နဲ့ ပရစ်မှာ ပါးစပ်အဟောင်းသား ဖြစ်သွားကာ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်မိကြသည်။

"ကဲ ... ပရစ် ... လာ ... သွားမယ်"

ဦးလွင်ညိုက ပရစ်လက်ကို လှမ်းဆွဲခေါ်ကာ ခြံတံခါးဝသို့ လျှောက်ထွက်သွားပြီးမှ ခြေလှမ်းတုံ့၍ အားမာန်ဘက်သို့ လှည့်ကြည့်ရင်း လက်ညှိုးတစ်ချောင်း ထောင်လျက် ...

"တင့်တောင့်တင့်တယ်တော့ ဖြစ်ပစေ ... ကြားလား"

✹ ✹ ✹



ထိမ်းမြားမင်္ဂလာဆောင်နှင်းပြီးသောအခါ ...

www.burmeseclassic.com

www.burmeseclassic.com

*  *  *

မင်္ဂလာဦး နံနက်ခင်းတွင် အားမာန်၏ ခြံထဲမှ ပန်းများ လှပစွာ ဝေဆာပွင့်ဖူးလာကြလေသတည်း။

လေပြေကလည်း အေးပါဘိ။

နေခြည်ကလည်း နွေးပါ၏။

ကိုယ့်ချစ်သူကလေးကို ရင်ခွင်မှာထားလျက် နိုးထလာရသည့် အိမ်ထောင်သည်ဘဝရဲ့ ပထမနံနက်ခင်းလေးသည် အလွန်ပင် လှပဆန်းကြယ်လေစွ ... ။ ကြည်နူးရစ်မူးဖွယ်ကောင်းလေစွ ... ။

အားမာန်သည် ကိုယ့်လက်မောင်းကို အုံးစက်လျက် အိပ်ပျော်နေသည့် ပရစ်ဖူးရဲ့ မျက်နှာကလေးကို ငေးကြည့်ရင်း နဖူးပေါ်က ဆံစကလေးတွေကို အသာဖွဖွလေး သပ်တင်ပေးမိသည်။

ခုလိုအချိန်လေးမှာ လွန်လေပြီးသော အကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ကိစ္စများလည်း ခေါင်းထဲမှာ သိပ်မရှိတော့ ...။ ပရစ်ရဲ့ မုန်းစရာ လုပ်ရပ်တွေကို မေ့လျော့လျက် ချစ်စရာလေးတွေကိုပဲ တွေးတောလို့သာ နေချင်မိပါသည်။

ခုလောက်ကြီး အဆောတလျင် ယူဖြစ်ဖို့ ရည်ရွယ်မထားခဲ့ပေမယ့် ဖူးစာက ဖန်လာတော့လည်း ညားရသည်ပင်။ ပရစ်လို နှုတ်ဖွာတဲ့ မိန်းကလေးကို ယူလို့ဖြစ်ပါ့မလားဟုလည်း တွေးတောချင့်ချိန်ဖို့ အချိန်မရလိုက်။

အေးလေ ..., ချစ်တယ်ဆိုရင် ချင့်ချိန်ဖို့မလိုတော့ပါဘူး ...။

အားမာန်က ပရစ် မျက်နှာလေးကို တစိမ့်စိမ့် ငေးကြည့်နေမိပြီးမှ ခုတင်ခေါင်းရင်းက မှန်တံခါးကို ကျန် လက်တစ်ဖက်ဖြင့် တွန်းဖွင့်လိုက်သည်။

လေပြေနုနုလေးက ခန်းဆီးစလေး လူးလွန့်သွားအောင် တိုးတိုက်ကျီစယ်လျက် မင်္ဂလာဦးဆောင်နှံရဲ့ အခန်းထဲသို့ ရှက်စနိုး ဝင်ရောက်လာသည်။

နံနက်ခင်း နေရောင်ခြည် ဖျော့ဖျော့လေးက ပရစ်ရဲ့ မျက်နှာကလေးကို ထိနမ်းလာသည်။

သူ ... ပရစ်ကို ကြည့်နေဆဲမှာ ပရစ်ရဲ့ မျက်ခွံလေးတွေ လှုပ်ရှလာသည်။

"အင် ... အင်ဟင် ..."





မိန်းကလေးတစ်ယောက်ရဲ့ အိပ်ရာနိုးခါနီးမှာ ပေါ်ထွက်လာတဲ့ ညည်းသံလိုလို အသံမျိုးကို သူ ပထမဦးဆုံးအကြိမ် ကြားဖူးသွားသည်။

ပရစ်ရဲ့ မျက်ခွံတို့ ညင်သာစွာ ပွင့်လာကြသည်။ မျက်တောင် တစ်ချက် နှစ်ချက် ခပ်မြန်မြန်ခတ်လိုက်ပြီးမှ ပရစ်က သူ့ကိုကြည့်ရင်း ...

"ဟင် ... ကို နိုးတာကြာပြီလား"

"အင်း ... ကြာပြီ၊ ကိုယ့်လက်ကို ဖယ်လိုက်ရင် ကိုယ့်အသည်းလေး နိုးသွားမှာစိုးလို့ ပရစ်နိုးအောင် စောင့်နေတာ ..."

"အယ် ... ဆောရီးနော် ... ကို၊ ကို့ လက်မောင်းတွေ နာနေမှာပေါ့၊ ပရစ် နှိပ်ပေးမယ်နော် ချစ်လေး ... နော်"

ပရစ်က ထထိုင်လိုက်ပြီး သူ့လက်မောင်းတွေကို ဖွဖွနှိပ်နယ်ပေးလိုက်သည်။ အင်း ... ရည်းစားဘဝက ရန်တွေဖြစ်ခဲ့ကြပေမယ့် ခုလို ဇနီးမောင်နှံဘဝကတော့ ကြည်နူးစရာတွေချည်းပါလား ...။

"ပရစ် လက်ကလေးတွေ ညောင်းကုန်မှာပေါ့ကွာ၊ နေပါစေ ... မနှိပ်ပါနဲ့၊ ကိုယ့်လက်မောင်းက တောင့်ပါတယ်၊ ပရစ် ခေါင်း အလေးချိန်လောက်ကတော့ အေးဆေးခံနိုင်ပါတယ်"

အားမာန်က ကိုယ့်ကို နှိပ်ပေးနေသည့် ပရစ်လက်



www.burmeseclassic.com

www.burmeseclassic.com



ကလေးကို လှမ်းဆွဲယူကာ လက်ချောင်းကလေးတွေကို ပြန်နှိပ်ပေးလိုက်သည်။

သူနှိပ်၊ ကိုယ်နှိပ် အလုအယက် နှိပ်ကြပြီးနောက် အားမာန်က အိပ်ရာမှထကာ ...

"အသည်းလေးအတွက် မနက်စာကို ကိုယ်ကိုယ်တိုင် အထူးစပါယ်ရှယ် ပြင်ပေးမယ်၊ သည်းလေး ဘာစားချင်သလဲ ပြော ..."

"ကို ဘာစားချင်သလဲပဲ ပြော၊ ပရစ် ပြင်ပေးမယ်"

"ကိုယ်ပဲ ပြင်ပါ့မယ် ပရစ်ဖူးလေးရယ်၊ ကဲ ... လာ မျက်နှာသစ် သွားတိုက်၊ ပြီးရင် ပရစ်က အခန်းထဲမှာ အေးဆေးစောင့်နေ၊ ကိုယ်က breakfast သွားပြင်မယ်၊ ပြီးရင်ခေါ်လိုက်မယ် ... ဟုတ်ပြီလား"

"ဟုတ် ... ကဲ့ ..."

ပရစ်က ဟုတ်နှင့် ကဲ့ကို တစ်လုံးချင်း ဆွဲ၍ပြောရင်း ခေါင်းညိတ်ပြပုံလေးက ချစ်စဖွယ်အတိ။

မနက်ခင်းလေးက သာယာလှပါဘိ။

"ကဲ ... ထ ..."

အားမာန်က ပရစ်ကို ပွေ့ကာဆွဲထူတော့ ပရစ်က အားမာန်ရဲ့ လည်ပင်းကို လက်နှစ်ဖက်ဖြင့် ခိုတွဲကာ အိပ်ရာမှ ထသည်။ ထို့နောက် အားမာန်ရဲ့ လက်မောင်းကို ဖက်တွဲလျက် ရေချိုးခန်းထဲသို့ အတူဝင်လာသည်။ အားမာန်က ပရစ်ရဲ့ သွားတိုက်တံပေါ်ကို သွားတိုက်ဆေး ညှစ်ထည့်ပေးတော့မှ ပရစ်က အဆင်သင့်ယူကာ သွားအတူတိုက်ကြသည်။ မနက်ခင်းလေးက ထိုအချိန်ထိ သာယာကြည်နူးဖွယ် ကောင်းလို့နေပါသည်။





မျက်နှာသစ်ပြီးတော့မှ အားမာန်က ပရစ်ကို မွှေးမွှေးတစ်ချက်ပေးပြီး မနက်စာပြင်ဖို့အတွက် အခန်းထဲမှ ထွက်သွားသောအခါ ...

ပရစ်သည် အိပ်ရာပေါ်သို့ကန့်လန့်ဖြတ်၍ ဒိုက်ဗင်ထိုးချလိုက်ပြီး ခုတင်ရဲ့ ဟိုဘက်စွန်း စားပွဲလေးပေါ်မှာ တင်ထားသော ဖုန်းကို လှမ်းဆွဲယူကာ အိပ်ရာပေါ်သို့ ပက်လက်ပြန်လှိမ့်လိုက်ရင်း ရတီ့ဖုန်းနံပါတ်ကို နှိပ်၍ ခေါ်လိုက်ပါသည်။

"ဟဲလို ..."

ရတီ့အသံက အိပ်ချင်မူးတူးသံ။

"ဟဲ့ ... ရတီ ... ငါဟဲ့ ... ငါ ..."

"စောစောစီးစီးပါလား ပရစ်ရယ်၊ ငါ ဒီမှာ အိပ်လို့ကောင်းတုန်းဟဲ့ ..."

"အမလေး ... ဒီက သတို့သမီး အသစ်စက်စက်တောင် နိုးနေပြီ၊ နင်က အိပ်ကောင်းတုန်းလား၊ ထ ... ထ ...၊ နင်နဲ့ငါ လောင်းထားတဲ့ကိစ္စ ပြောမယ်"

"ဘာကိစ္စလဲ ..."

"ရင်ဘတ်မွေးကိစ္စလေ ...၊ ဟီဟိ ... နင်ပြောတော့ ငါ့ရည်းစား အားမာန်ကို ကြည့်ရတာ ပျော့တိပျော့ဖတ်



www.burmeseclassic.com

www.burmeseclassic.com



ခပ်နွဲ့နွဲ့ရယ်ဆို ...၊ ရင်ဘတ်မွေး ထေးလို့ ခြေသလုံးမွေး တောင် မမြင်မိပါဘူးဆို ...၊ အဲသလိုဆို နင်ရှုံးသွားပြီ ဆရာ၊ ငါ့ချစ်လေးက ရင်ဘတ်မွေးလေးတွေနဲ့ ဂျိမ်းစ်ဘွန်း မင်းသားတွေလို ဆွဲဆောင်မှုသိပ်ရှိတာပဲ၊ အပေါ်ယံ ကြည့်ရင်သာ ပိန်တယ်ထင်ရပေမယ့် ဗလကလည်း မသေးဘူး ဆရာ၊ ကိုရီးယား မင်းသားတွေ နင်တွေ့တယ် မဟုတ်လား၊ ကြည့်တော့သာ ခပ်ပိန်ပိန်ရယ်၊ အင်္ကျီလည်း ချွတ်လိုက်ရော ကြွက်သားတွေမှ အမြောင်းမြောင်း ထနေတာလေ၊ ငါ့ အားမာန်ကလည်း အဲ့ဒီအတိုင်းပဲ၊ ဗိုက်မှာ ဘယ်လီသား ၆ မြောင်းတောင် ရှိ...”

“ပရစ်စုတ် ...”

“ဟင် ... ကို ...”

အခန်းတံခါးဝမှ ဟိန်းထွက်လာသော အသံကျယ်ကြီးကြောင့် ပရစ်က လန့်သွားကာ လက်ထဲက ဖုန်းကို ဂွပ်ခနဲ ချပစ်လိုက်ပြီး တဟဲဟဲ ရယ်ပြကာ မျက်နှာချိုသွေးလိုက်ပါသည်။

အားမာန်သည် ပရစ်ရဲ့ စပ်ဖြဲဖြဲ မျက်နှာကို စိုက်ကြည့်ရင်း အံကြိတ်လိုက်မိစဉ်မှာ အံသွားတွေပင် ပဲ့ထွက်သွားသလား ထင်လိုက်ရသည်။

ဘယ့်နှယ် ... ဘယ့်နှယ်ဗျာ ... အံ့သြပါရဲ့ဗျာ ...။ ကိုယ့်ယောကျ်ားနဲ့ ကိုယ်သာ သိရမယ့် အတွင်းရေးကိစ္စကို အလောင်းအစား လုပ်ရသတဲ့ဗျာ ...။





အားမာန်သည် အံ့သြလွန်းလို့ ဘာစကားမှတောင် မဆိုနိုင်သေးဘဲ ရင်ဝမှာ တစ်ဆို့နေသည်။ ပရစ်ကို ကြည့်နေမိသော မျက်လုံးတွေက ပြူးသထက် ပြူးဝိုင်းလာသည်။

အခန်းပြင် ထွက်သွားပြီးမှ ပရစ် ထမင်းကြော်ကြိုက်တာ သတိရတာမို့ ထမင်းကြော်ပေးရမလားဟု မေးဖို့ အခန်းထဲသို့ ပြန်ဝင်လာခဲ့မိတာကိုက သူ့ရဲ့ မဟာအမှား။ သူသာ ပြန်ဝင်မလာခဲ့ရင် ကိုယ့်ယောကျ်ားရဲ့ ခန္ဓာကိုယ်ကို လောင်းကြေးထပ်ထားသည့် ပရစ်ရဲ့ ရှက်ဖွယ်လိလိ စကားတွေကို ကြားရမှာလည်း မဟုတ် ...။ ခုတော့ ... ရှက်လွန်းလို့ လဲတောင်သေချင်ပါသည်။ ပရစ်ကိုလည်း အံ့သြလွန်းလို့ လက်ဖျားခါရပါသည်။

“ပရစ် ... မင်း ... မင်း ... အံ့ပါရဲ့ကွာ”

အားမာန်က ဒေါသတကြီး တုန်ရင်လာသော်လည်း ပရစ်က ပြုံးစိစိ မျက်နှာနှင့် ...

“အဟဲ ... ဟိုလေ ... ပရစ်က သူတို့ ဝိုင်းပြောတာကို မခံချင်လို့ ကိုယ့်ယောကျ်ား ယောကျ်ားပီသတဲ့အကြောင်း”

“တိတ် ...”

အားမာန်က မျက်စိစုံမှိတ်၍ အော်ပစ်လိုက်ပြီးမှ

“မင်း တော်တော် နှုတ်ဖွာပါလား ပရစ်ရဲ့ ... ဟင်”

“ပရစ် နှုတ်ဖွာမှန်း အစကတည်းက ကို သိတာပဲဟာ၊ ခုမှ အထူးအဆန်း ဖြစ်မနေပါနဲ့ ကိုရယ်”



www.burmeseclassic.com

www.burmeseclassic.com



"အေး … သိတယ်၊ မင်း နှုတ်ဖွာမှန်း သိပ်သိတယ်၊ ဒါပေမယ့် ဒီလောက်ထိ နိုက်နိုက်ချွတ်ချွတ် နှုတ်ဖွာတတ်မှန်း မသိခဲ့တာ၊ ငါ့ခန္ဓာကိုယ်ပေါ်မှာ ကြွက်သား ဘယ်နှစ်မြှောင်း၊ ငါ့ရင်ဘတ်မှာ အမွေးအမျှင် ဘယ်နှစ်ပင် ပေါက်သလဲဆိုတာ တစ်လောကလုံးက မိန်းမတွေသိသွားအောင် မင်း နှုတ်ဖွာလိမ့်မယ်လို့ မထင်ခဲ့မိတာက ငါ့ မဟာအမှားကြီးပဲ ပရစ်ဖူး …"

အားမာန်က ဒေါသဖြင့် အော်ပြောနေတာမို့ ပရစ်မျက်နှာက ငိုမဲ့မဲ့ဖြစ်လာကာ …

"ဒီလို မင်္ဂလာဦး မနက်ခင်းမျိုးမှာ ကို ပရစ်ကို ဒီလို ဒေါသတကြီး အော်ပြောနေဖို့ မသင့်ပါဘူး ကို …"

"မင်းလည်း ဒီလို မနက်ခင်းမျိုးမှာ ငါ့အတွင်းရေးကို လူတကာသိအောင် လျှောက်ပြောဖို့ မသင့်ဘူး ပရစ်"

"လူတကာကို မပြောပါဘူး၊ ရတီ့ကိုပဲ ပြောတာ …"

"ရတီ့ထံမှသည် တစ်လောကလုံးဆီသို့ မိနစ်ပိုင်းအတွင်း ပျံ့နှံ့သွားတော့မယ်ဆိုတာ ငါမသိဘူး မှတ်နေလား၊ မင်းတို့ မိန်းမတွေ ပါးစပ်သေနတ် ပစ်လိုက်ရင် သတင်းစကားဆိုတာ ဒုံးပျံထက်တောင် မြန်သေးတယ်၊ ပြီးတော့ Facebook မှာ ရေးကြ၊ ဖြန့်ဝေကြဦးမယ်၊ မိနစ်ပိုင်းအတွင်း ကမ္ဘာအရပ်ရပ်က လူတွေ သိသွားအောင် မင်းတို့က စွမ်းတယ်လေ …"





"ကို့ရင်ဘတ်မှာ အမွေးရှိတာ သူများသိတော့ရော ဘာဖြစ်သွားလို့လဲ၊ တချို့ဆို တမင် လူမြင်အောင် အင်္ကျီကြယ်သီး ဟာဝတ်နေတာပဲ၊ ရုပ်ရှင်မင်းသားတွေလည်း ရေချိုးတဲ့အခန်းတို့၊ အင်္ကျီလဲတဲ့ အခန်းတို့ရိုက်ရင် သူတို့ခန္ဓာကိုယ်ကို လူတကာ မမြင်ချင်မှအဆုံးပဲ"

"အဲ့ဒါက မင်းသားတွေလေ၊ ငါက မင်းသား မဟုတ်ဘူး၊ ကြယ်သီးဖွင့်ပြီး ကြွားတတ်တဲ့ အစားလည်း မဟုတ်ဘူး၊ ငါ့အကြောင်းတွေ လူတကာ နိုက်နိုက်ချွတ်ချွတ် သိတာလည်း မကြိုက်ဘူး …"

"ကဲ … မကြိုက်ရင်လည်း နောက်မပြောတော့ဘူး"

"အဲ့ဒီလို ပြောတာ ဘယ်နှစ်ကြိမ်မြောက်လဲ၊ ရိုးနေပြီ"

"ဒီတစ်ခါ တကယ်ပြောတာ"

"အဲ့ဒီစကားကလည်း ကြားလွန်းလို့ ရိုးနေပြီ ပရစ်ဖူး၊ မင်းကို ငါ တော်တော် အံ့သြတယ်၊ မင်းက အားရင် ပွားနေတဲ့ သူမျိုးပဲ၊ မင်း ဒီလောက် နှုတ်ဖွာမှန်းသိရင် ငါ မယူခဲ့ပါဘူး"

"ဘာ …"

ဒီစကားကတော့ ပရစ်ကို ဆတ်ဆတ်ခါ နာသွားစေပါသည်။

"ရှင်က ပရစ်ကို ယူမိလို့ နောင်တရနေတယ်ဆိုတဲ့ သဘောလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ..."

အားမာန်က စိတ်တိုလွန်းတာမို့ ဘာမှ စဉ်းစားချင့်ချိန်မနေတော့ပဲ ခေါင်းကို ဆတ်ခနဲ ညိတ်ပြလိုက်မိပါသည်။

ပရစ်ရဲ့ နှုတ်ခမ်းလေးတွေ တဖြည်းဖြည်း မဲ့ကွေးလာကာ မျက်ရည်တွေ ပိုးပိုးပေါက်ပေါက် ကျလာရင်း ...

"ပရစ်တို့ရဲ့ အိမ်ထောင်သက်တမ်း ပထမရက်မှာ ဒီလိုစကားမျိုး ပြောထွက်ရက်တဲ့ ရှင့်ကိုလည်း ပရစ် တော်တော် အံ့သြမိပါတယ် ကို ..."

ပရစ်က တုန်ရင်သောအသံဖြင့်ပြောပြီး အားမာန်ရှေ့မှ ချာခနဲ လှည့်ထွက်သွားပါသည်။

ခဏနေတော့ အိမ်ရှေ့မှာ ကားမောင်းထွက်သွားသံ ကြားလိုက်ရသည်။

ပရစ် မျက်ရည်တွေက အားမာန်ရဲ့ စိတ်ကို ပျော့သွားစေခဲ့သော်လည်း အားမာန်က အံကြိတ်အားတင်းလိုက်ပြီး တောက်တစ်ချက်ကို ခပ်ပြင်းပြင်း ခေါက်လိုက်မိပါသည်။

✹ ✹ ✹



✹ ✹ ✹

"ကြီးကြီးရေ ... ကြီးကြီး၊ အဟင့် ... ဟီး"

"ဟဲ့ ... ဟဲ့ ... ဘာဖြစ်လာတာလဲ ..."

မနက်စောစောမှာ ခြံထဲသို့ ကားကို အရှိန်ပြင်းပြင်းမောင်းဝင်လာပြီးနောက် အိမ်ပေါ်သို့ ငိုယို၍တက်လာသော ပရစ်ကြောင့် ကြီးကြီးမှာ မထိတ်သာ မလန့်သာ ဖြစ်သွားရလျက် ...

"ပရစ် ... သမီး ... ပြောစမ်း ... ပြောစမ်း ... ဘာဖြစ်လာကာလဲ ..."

"အီး ... ဟီး ဟီး ..."

"ဟဲ့ ... ငိုချည်းမနေနဲ့ဟဲ့၊ ငါ့နှယ် လန့်လိုက်ပါဘိတော့ဟယ်၊ ပြောစမ်းပါဟဲ့ ... ဘာဖြစ်သလဲဆိုတာ ..."

"အားမာန်ပေါ့ ... အားမာန်ကြောင့်ပေါ့ အီးဟီး ..."

ပရစ်က ဆိုဖာပေါ်သို့ ပစ်ထိုင်ချလိုက်ပြီး ရှိုက်ကြီးတငင် ဆက်၍ငိုလေသည်။



www.burmeseclassic.com

www.burmeseclassic.com



“အားမာန် သမီးကို ဘာလုပ်လို့လဲ ...၊ ပြော ...ကြီးကြီး ကို ပြော ...”

“အားမာန် သိပ်ရက်စက်တယ် ကြီးကြီး ...”

“ဟင် ... ဒီကောင်လေး ကြည့်တော့ အေးအေးနဲ့ ငါ့တူမ ကို ဘာလုပ်လိုက်သလဲ ပြောစမ်း ...”

“အဟင့် ... သူ အရမ်း ရက်စက်တာပဲ ကြီးကြီးရယ်”

“အေးပါ ... ရက်စက်တာတော့ ဟုတ်ပါပြီ၊ ဘယ်လို ရက်စက်သလဲသာ ပြောစမ်းပါ၊ ဒီလို မင်္ဂလာဦးရက်မျိုး မှာ ညည်း ဒီလို ငိုကြီးချက်မ ဖြစ်လာရလောက်အောင် အားမာန်က ဘာရက်စက်လိုက်သလဲ ... ပြောစမ်းပါ”

“သူက ပရစ်ကို ယူမိတဲ့အတွက် အရမ်း နောင်တရတယ် တဲ့”

“ဟင် ... ဒီလိုပဲ ပြောသလား ...”

“ဟုတ်ပါတယ် ကြီးကြီးရယ်၊ အဲ့ဒီလိုကို ရက်ရက်စက် စက် ပြောတာပါ”

“နေစမ်းပါဦး ... သူ ဒီလိုပြောရလောက်အောင် ညည်းက ဘာလုပ်မိလို့လဲ ...”

“ပရစ်က အိပ်ရာထထချင်း သူငယ်ချင်းနဲ့ ဖုန်းပြောမိတာ လေးပဲ ရှိတာပါ”

“ညည်းက မင်္ဂလာဦးမနက်မှာ သူနဲ့မပြောဘဲ သူငယ်ချင်း နဲ့ ပြောတော့ သူက အူတိုမှာပေါ့”





“သူနဲ့ပြောပြီးမှ ပြောတာပါ ကြီးကြီးရယ်၊ အဲ့ဒါကို သူက ပရစ်ကို စိတ်ပျက်တယ်တဲ့ ...၊ ပရစ်က အရမ်း နှုတ်ဖွာတယ်တဲ့၊ အားရင် ပွားနေတတ်တဲ့ သူမျိုးတဲ့၊ ပရစ်ကို ဒီလို မိန်းကလေးမျိုးမှန်း သိရင် မယူခဲ့ပါဘူး တဲ့၊ အဟင့် ... အီး ... ဟီး ... ကြီးကြီးပဲ စဉ်းစားကြည့် လေ၊ မင်္ဂလာဦးမနက်မှာ သူ ဒီလိုပြောစရာလား၊ ခု ကတည်းက ပရစ်ကို ယူမိတဲ့အတွက် နောင်တရနေတဲ့ ယောကျ်ားမျိုးနဲ့ ပရစ် ဘယ်လိုရှေ့ဆက်ပေါင်းသင်းရ မလဲ”

“အေးလေ ... ဒီလိုရက်မျိုးမှာ ဒီလောက်တော့လည်း မပြောသင့်ပါဘူး၊ ဒါပေမယ့် ညည်းကလည်း သူပြော သလိုပဲ နှုတ်ဖွာတဲ့ လူမျိုးပဲ”

“ပရစ် နှုတ်ဖွာမှန်း သိသိနဲ့ သူယူခဲ့တာပဲလေ ကြီးကြီးရဲ့”

“ဒါလည်း ဟုတ်တာပဲ”

“မိန်းကလေးဆိုတာကတော့ စကားကို ဝေဝေဆာဆာ မြိုင်မြိုင်ဆိုင်ဆိုင်လေး ပြောတတ်တာ ထုံးစံပဲ မဟုတ်လား ကြီးကြီးရယ် ...”

“အေးလေ ... ဒါတော့ ဟုတ်ပါတယ်”

“ဒီလောက်ကလေးကို အပြစ်လို့ သတ်မှတ်ပြီး ပရစ်ကို ဒေါသတကြီး အော်ငေါက်တာ ခံရတော့ ပရစ် အရမ်း ဝမ်းနည်းတယ် ကြီးကြီးရယ် ...”



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... အားမာန်က ညည်းကို အော်ငေါက်သလား"

"အော်တယ် ... ကြီးကြီး၊ အော်တာမှ ပရစ်စုတ်တဲ့၊ ပရစ်ဖြင့် သူ့အော်သံကြီးကြားပြီး လန့်တောင်တုန်သွားတယ်"

"ဩော် ... ဒီကောင်လေးနှယ်၊ လူကြည့်တော့ ယဥ်ယဥ်ကျေးကျေးနဲ့ ကိုယ့်မယား အသစ်စက်စက်လေးကို ဒီလိုဆက်ဆံရသလားဟယ် ..."

"အဲ့ဒါ ပြောတာပေါ့ ကြီးကြီးရဲ့၊ ပရစ်ကို ယူမိတာမှားတယ်လို့ပြောတာလည်း သူ အရမ်းလွန်တယ်"

"အေး ... အဲ့ဒါတစ်ခုတော့ ကြီးကြီးလည်း မခံချင်ဖြစ်မိတယ်၊ တကယ်ဆို ညည်းလို ဥစ္စာပေါ ရုပ်ချော ပညာတတ်၊ နာမည်ကြီးသူဌေးရဲ့ သမီးကို ရတာ သူကံကောင်းလို့ပဲလေ ...၊ သူဌေး ဦးလွင်ညိုရဲ့ သမီးကို လိုချင်တဲ့သူတွေမှ ပုံလို့၊ သူ့လို သာမန် ပါချီပါချက်ထဲက လူမျိုးတောင် တစ်ယောက်မှ မပါဘူး၊ ညည်းအဖေကလည်း ညည်း အိမ်ပြန်မလာတဲ့ ညတစ်ညကြောင့်သာ ညည်းတို့ကို လက်ထပ်ပေးလိုက်တာပါ၊ ပုံမှန်အတိုင်းဆို ညည်းတို့ဒီလောက် မြန်မြန်ဆန်ဆန် မညားပါဘူး၊ ကြီးကြီးအနေနဲ့ကတော့ အားမာန်ကို သဘောကျ ခင်မင်ပါတယ်၊ ဒါပေမယ့်လည်း ကိုယ်က မိန်းကလေးရှင်ဆိုတော့ မိန်းကလေးရှင် မာနတော့ ရှိတာပဲ၊ သူ့ဘက်က ဒီလိုပြောတာကိုတော့ မခံချင်ဘူးအေ ..."





ကြီးကြီးမှာ နဂိုကတည်းကမှ စိတ်နုနု လူမျိုးမို့ ကိုယ့်တူမ အချစ်တုံးကလေးက ကိုယ့်ရှေ့မှာ ခုလို ငိုယိုတိုင်တည်နေတော့လည်း လူကြီးပီပီ ဖျောင်းဖျရမယ့်အစား ကိုယ်ပါ ရောယောင်ခံစား စိတ်တိုလာရပါသည်။ အပျိုကြီးမို့ အိမ်ထောင်ရေးရဲ့ ပဥ္စလက်တွေကိုလည်း မသိ။ အိမ်ထောင်သည်တို့ရဲ့ စိတ်သဘောကိုလည်း သိပ်ပြီး နားမလည်လှပါ။ အပျိုကြီးဘဝ နဲ့ပဲ မီးဖိုချောင်ကိစ္စတွေနဲ့သာ နပန်းလုံးလာခဲ့သူမို့ ပြင်ပလူမှုရေးကိစ္စတွေကိုလည်း သိပ်ကျေညက်လှတာ မဟုတ်ပါ။

ယောက်ျားယူရင် ကိုယ်ယူတဲ့ ယောက်ျားက ကိုယ့်ကို ကောင်းကောင်းမွန်မွန် မဆက်ဆံဘဲ ရိုက်ဟယ် နှက်ဟယ် အော်ဟယ် ငေါက်ဟယ်လုပ်ရင် ဒုက္ခပါပဲဟု တွေးကြောက်ကာ အိမ်ထောင်မပြုရဲခဲ့သူမို့ ခုလို မင်္ဂလာဦး မနက်ခင်းမှာပဲ ဖြစ်ပွားလာတဲ့ ကိုယ့်တူမရဲ့ပြဿနာကို နားထောင်ရင်း 'ငါ အိမ်ထောင်မပြုမိတာ တော်ပါသေးရဲ့' ဟု တွေးမိခဲ့သူလည်း ဖြစ်ပါသည်။

"ပရစ်လည်း မခံချင်လို့ အိမ်ပေါ်က ဆင်းလာတာပေါ့၊ ပရစ် ဒီအိမ်မှာပဲ ပြန်နေတော့မယ် ကြီးကြီး၊ သူ့အိမ်လိုက်နေပြီး သူ့အပြောအဆိုခံဘဝနဲ့ ပရစ် မနေနိုင်တော့ဘူး"

"အဲ့ဒီလိုကြီးတော့လည်း မလုပ်နဲ့ဦးပေါ့အေ ...၊ မင်္ဂလာဦးကတည်းက ကွဲကြတယ်ဆိုရင် လူကြားလို့ မကောင်းပါဘူး၊ ညည်း ဒီမှာ အေးအေးဆေးဆေး နေ ...၊ သူ့ဘက်က အောက်ကျို့ နောက်ကျို့ လာတောင်းပန်ရင်



www.burmeseclassic.com

www.burmeseclassic.com



တော့ ကိုယ်က အပေါ်စီး အနေအထားနဲ့ ပြန်လိုက်သွားပေါ့၊ နေနှင့်ဦး … အားမာန် တစ်ယောက်တော့၊ ညည်းကိုလာခေါ်တော့မှ ကောင်းကောင်း ဆုံးမပစ်လိုက်ဦးမယ်”

“ဒက်ဒီရောဟင် ကြီးကြီး …”

“ညည်း ဒက်ဒီက ညကတည်းက နေပြည်တော် သွားပြီ၊ ညည်း မင်္ဂလာဆောင်ရှိလို့ သူ့အလုပ်ကိစ္စတစ်ခုကို ဆိုင်းငံ့ထားရတာလေ၊ ခု အဲ့ဒီကိစ္စအတွက် သွားတာ”

“ပရစ် အခန်းမှာ သွားနားတော့မယ်နော် ကြီးကြီး …”

“အေး … အေး … သွား၊ စိတ်ထဲမှာ ဘာမှ ကျိတ်ခံစားမနေနဲ့ဦး ကြားလား …”

“ဟုတ်ကဲ့ …”

ကြီးကြီး မှာတဲ့အတိုင်း ပရစ်ဖူးတို့ကလည်း စိတ်ထဲမှာ ကျိတ်ခံစားတတ်သူ မဟုတ်၊ ဘာမဆို ရင်ဖွင့်ရမှ ကျေနပ်သူမို့ အခန်းထဲသို့ ရောက်ရောက်ချင်း သူငယ်ချင်းတစ်ယောက်ယောက်ဆီ ဖုန်းဆက်ရင်ဖွင့်ဖို့ စဉ်းစားကာ ကြည်ဖြူ့ဆီ ဖုန်းလှမ်းခေါ်လိုက်ပါသည်။

“ဟဲလို …”

“ကြည်ဖြူ … ငါပါ”

“ဟဲ့ … နင်က ဘယ်လိုဖြစ်လို့ နင့်အိမ်ဖုန်းနဲ့ ဆက်နေတာလဲ၊ နင်တို့ ညက အားမာန်အိမ်မှာ မအိပ်ဘူးလား”





“အိပ်ပါတယ်ဟယ် …၊ ဒီမနက်ကျမှ ငါ့အိမ် ငါပြန်လာတာ …”

“နင် တစ်ယောက်တည်းလား …”

“အေး …”

“အားမာန်ရော …”

“သူ့အိမ်မှာ သူ နှောင်တတွေနဲ့ ကျန်ခဲ့တယ်လေ၊ ငါ့ကို ယူမိတာ နှောင်တရတော်မူသတဲ့”

“ဟင် … သူက ဒီလိုပဲ ပြောသလား”

“အေး …”

“နင့်ဘက်က ဘာအမှားရှိလို့လဲ …”

“ဘာအမှားမှ မရှိဘူး၊ ဒီမနက် ရတီနဲ့ ဖုန်းပြောမိတာပဲရှိတယ်၊ သူငယ်ချင်းနဲ့ ဖုန်းပြောတော့လည်း ရယ်စရာတွေဘာတွေ ဗရွတ်ဗရွတ်တ ပြောမိတာပေါ့ဟယ်၊ အဲ့ဒါကို သူက အပြစ်မြင်တော်မူတယ်လေ …”

“အားမာန်ကိုတော့ ငါ တကယ် ကြည့်မရချင်တော့ဘူး ပရစ်၊ သူနဲ့ နင် ရည်းစားဖြစ်စတုန်းက နင် ငါတို့ကို ဖိတ်ကျွေးတာကိုလည်း သူက မကြည်ဘူးမဟုတ်လား၊ အဲ့ဒီနေ့က သူ့မျက်နှာကြီး ပုပ်နေတာ သိပ်သိတာပဲ၊ ဟိုတလောလေးကလည်း ငါ သူ့ဆိုင်မှာ အလုပ်သွားအပ်ရင်း သူ့အတွက် ဝမ်းနှုတ်ဆေး ဝယ်သွားပေးတာတောင် ကျေးဇူးတင်ကြောင်း တစ်ခွန်းမပြောဘူး …”



www.burmeseclassic.com

www.burmeseclassic.com



"နင့်ကို ကျေးဇူးတင်ကြောင်း ပြောဖို့ပေးလို့ ငါ့ကိုတောင်မှ ဒေါသတကြီး ရန်တွေ့သေးတာလေ၊ ငါက သူဝမ်းချုပ်ကြောင်း လူတကာသိအောင် လျှောက်ပြောလို့တဲ့ ..."

"သူ ဝမ်းချုပ်တာ လူသိတော့ ဘာဖြစ်မှာမို့လို့လဲ၊ နင့်မှာတော့ ကိုယ့်ရည်းစား ဝမ်းချုပ်တဲ့ကိစ္စကအစ ပူပင်လိုက်ရတာ၊ သူကတော့ ကျေးဇူးမတင်တဲ့အပြင် အပြစ်တောင် တင်သေးတယ်ဆိုတော့ နင့်ယောကျ်ားက သိပ်လွန်နေပြီ ပရစ်၊ ပြီးတော့ ဒီလိုနေ့မျိုးမှာ သူချစ်လို့ယူထားတဲ့ မိန်းမကို ဒီလိုစကားမျိုး မပြောသင့်ဘူးဆိုတာ သူမသိဘူးလား ...၊

"တစ်ခါတလေကျတော့ အားမာန် နင့်ကိုတကယ်မှ ချစ်ရဲ့လားလို့တောင် ငါ သံသယဝင်ချင်တယ်၊ နင့်မှာ သူ့ဆီက ချစ်စကားလေး တစ်ခွန်း ကြားရဖို့ စောင့်လိုက် ရတာများ နှစ်ချီကြာတယ်၊ သူကလည်း နင် စောင့်နေမှန်း သိလို့ တမင် အိုက်တင်ခံနေသလားထင်ရတယ်၊ မိန်းကလေးဘက်က ချစ်မှန်းသိလို့ ဈေးကိုင်တတ်တဲ့ ယောကျ်ားမျိုးလောက် မုန်းစရာကောင်းတာမရှိတော့ဘူး"

ကြည်ဖြူ ဒေါသက ပရစ် ဒေါသထက်တောင်ပိုဆိုးနေသလိုမို့ ပရစ်မှာ ပါးစပ်ကလေးပိတ်၍ ငြိမ်နေလိုက်ရပါသည်။





ပရစ်က ရင်ထဲမှာ မကျေမနပ် ခံစားရသမျှကို ရင်ဖွင့်ပြောပြရမှ ကိုယ့်စိတ်မှာ ပေါ့သွားမှာမို့သာ ရင်ဖွင့်ရခြင်းဖြစ်ပါသည်။ ပရစ်သည် ပရစ်ယောကျ်ားကို ဒေါသထွက်နေချိန်မှာ ပရစ်ယောကျ်ား အတင်းကို ကြီးကြီးနှင့် ကြည်ဖြူ့ထံမှာပြောဆိုမိသည် မှန်သော်လည်း သူတို့ထံမှ ဒေါသကိုတော့ အလိုမရှိပါ။ သူတို့က ပရစ် ပြောသမျှကို နားထောင်ပေးပြီး ပရစ်ကို ဖျောင်းဖျပေးကြဖို့ကိုသာ မျှော်လင့်တာပင်။ သို့သော်ခုတော့ ပရစ်ကတောင် သူတို့ကို ပြန်ပြီး ဖျောင်းဖျနားချရတော့မလို ဖြစ်နေပါသည်။

ဘာပဲပြောပြော စိတ်ဆိုးနေချိန်မှာ ပရစ်ယောကျ်ားအတင်းကို အားရပါးရ ပြောလိုက်ရသဖြင့် ပရစ် ရင်ထဲမှာပေါ့သွားသည်။

ကြည်ဖြူက ပရစ်ဒေါသကို လွှဲပြောင်းယူပြီးနောက်ဖုန်းချသွားချိန်မှာ ပရစ်ရင်ထဲ ပေါ့ကျန်ရစ်ခဲ့တာပင် ...။

ပရစ်သည် ကြီးကြီးတို့အိမ်မှာ တစ်နေကုန် တငုတ်တုတ်တုတ်နှင့် ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိ။ ဒီအိမ်ဟာကိုယ့်အိမ်၊ ဒီအိမ်ဟာ ကိုယ့်အိပ်ရာ ဖြစ်ခဲ့သော်လည်း ပရစ်သည်အိမ်ထောင်သည် ဖြစ်ခဲ့ပြီမို့ ကိုယ့်ယောကျ်ားရှိရာ အိမ်ကိုသာကိုယ့်အိမ်ဟု မှတ်စွဲကာ အိမ်ပြန်ချင်စိတ်သာ ပြင်းပြလာရပါသည်။

ဒါပေမယ့်လည်း တစ်နေတောင် မကုန်သေးခင်

www.burmeseclassic.com

www.burmeseclassic.com



အိမ်ပြန်သွားလို့ ဘယ်ဖြစ်ပါ့မလဲ ...။ ကြီးကြီးဆီမှာ ငိုယိုရင်ဖွင့်ပြီးကာမှ အားမာန်တောင် လာမခေါ်သေးဘဲ ပရစ် ပြန်သွားလျှင် ပရစ်သာ ပေါမလေး ဖြစ်သွားရတော့မှာပေါ့။

ပရစ်သည် ပျင်းပျင်းရှိတာနှင့် ခုတင်ခြေရင်းက တီဗီကို ရီမုဖြင့် လှမ်းဖွင့်လိုက်သည်။ တိုက်တိုက်ဆိုင်ဆိုင် တီဗီမှာ ပေါ်လာသည့် ပုံရိပ်တွေက ဇနီးမောင်နှံနှစ်ဦး မင်္ဂလာဦးညမှာ ချစ်ကြည်နူးနေကြသော ပုံရိပ်များ။

ထိုပုံရိပ်တွေကိုကြည့်ရင်း ရင်ထဲမှာ နင့်ကာ နင့်ကာဖြင့် မျက်ရည်တွေပင် ဝဲလာရပါသည်။ ကို့ကိုလည်း လွမ်းလာကာ ချက်ချင်းလက်ငင်း တွေ့ချင်စိတ်ဖြစ်လာပါသည်။

မင်္ဂလာဦးမို့ နေ့ဝက်လောက် ခွဲရတာကိုပင် နှစ်ဝက်လောက် ခွဲရတာယ်ထင်ကာ လွမ်းဆွတ်မိလေသလား။ ခုချက်ချင်းပင် ပရစ် အိမ်ပြန်ချင်လာရလေသည်။

ပရစ်သည် လွမ်းလွမ်းဖြင့် နှမ်းလာကာ အိပ်ရာထက်မှာ ခွေခွေလေး လှဲနေရင်းက အိပ်ပျော်သွားပါသည်။ အိပ်ရာနိုးလာတော့ ပရစ် ပထမဆုံး သတိရလာသူမှာ ကိုသာ ဖြစ်ပါသည်။

"ခုနေ ... ကို ဖုန်းဆက်လာရင် ကောင်းမှာပဲ"

ပရစ်က ပရစ်ရဲ့ ဖုန်းလေးကိုလှမ်းယူပြီး ဖုန်း screen ကို ငေးကြည့်နေမိပြီးမှ မျက်လုံးလေး စုံမှိတ်ကာ *'ကို ဖုန်းဆက်လာပါစေ'* ဟု တိုးတိုးလေး ဆုတောင်းမိသည်။





ထိုအချိန်မှာပဲ ပရစ်ရဲ့ ဖုန်းက အသံမြည်လာတာမို့ ပရစ် ရင်ထဲ ဒိန်းခနဲ မြည်ဟည်းသွားသည်။

ဘုရားရေ ... ကို့ ဖုန်းနံပါတ်ပါလား။ ကို ဖုန်းခေါ်ပြီ။ ပရစ် ပျော်လိုက်တာ ကိုရယ် ...။

ဖုန်းကို ဖွင့်လိုက်သော ပရစ်လက်တွေက တုန်လို့နေသည်။

"ဟဲလို ..."

"ပရစ် ... အခု ဘယ်မှာလဲဟင်"

ပရစ်ရဲ့ ဟဲလိုသံကလည်း ပျော့ပျော့။ အားမာန်ရဲ့ စကားသံကလည်း ပျော့ပျော့ ...။

"ပရစ် ... အခု ကြီးကြီးတို့ အိမ်မှာ"

ပရစ်အသံက ပျော့ရုံမက အသံတောင် မထွက်ချင်တော့။

"အိမ် ပြန်မလာသေးဘူးလား ..."

"ကိုက နှောင်တရနေတော့ ပရစ် ပြန်မလာတာက ပိုကောင်းမယ်ထင်လို့ပါ"

"ရန်ဖြစ်တုန်းတော့ ဘယ်သူမဆို စိတ်လိုက်မာန်ပါ ပြောမိတတ်တာပေါ့ ပရစ်ရယ် ..."

"ဒါပေမယ့် ပရစ် အရမ်း ဝမ်းနည်းတယ် ... ကို ..."

ပရစ်အသံက ငိုသံပါလာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငိုတော့ မငိုလိုက်ပါနဲ့ အသည်းလေးရယ် ...၊ ပရစ်မျက်ရည်တွေကို ကိုယ်မြင်ရင် ရူးမတတ် ခံစားရပါတယ်၊ မနက်က ပရစ် မျက်ရည်ကျတာမြင်ပြီး ဒီကကောင် ဘယ်လောက်ခံစားရသလဲဆိုတာ ပရစ် မသိလို့ပါ၊ ပရစ် ထွက်သွားတော့ ကိုယ့်မှာ ရူးကျန်ခဲ့သလိုပါပဲ ..."

ပရစ်သည် သူ့စကား မဆုံးခင်မှာ အသည်းနှလုံးတွေ အရည်ပျော်သွားရကာ ...

"ဒါဆို ... ပရစ် ပြန်လာခဲ့တော့မယ်လေ ..."

"ကိုယ် လာခေါ်မယ်လေ ..."

အယ် ... ဒါတော့ မဖြစ်ဘူး။ ကို လာရင် ကြီးကြီးက ဆီးပြီး ဆုံးမစကားတွေ ပြောဦးမှာ။ ပရစ် ပြောထားတာတွေကို ကို ပြန်သိရင် ပြဿနာက ပိုပြီးကြီးတော့မှာ။ ပရစ်သည် အချိန်မီ သတိကပ်လျက် ...

"ကို ... မလာပါနဲ့၊ ပရစ်ဘာသာ ကားမောင်းပြန်ခဲ့မှာပေါ့ ..."

"ခုလား ..."

"အင်းပေါ့ ... ခု ချက်ချင်း ပြန်ခဲ့မှာပေါ့"

"ကိုယ် စောင့်နေမယ်နော်"

"ဟုတ် ..."

"လွမ်းတယ်ကွ ..."

"ပရစ်ရောပဲ ..."





ကိုနဲ့ ဖုန်းပြောပြီးတာနှင့် ပရစ်က ချက်ချင်း လန်းဆန်းလာကာ ခုတင်ပေါ်မှ ဆင်းလိုက်ရင်း လက်နှစ်ဖက်ကို ဆန့်တန်း၍ ယိစ်ဟု ခပ်ကျိတ်ကျိတ်လေး အော်လိုက်သည်။ ထို့နောက် မှန်ရှေ့မှာ သွားရပ်လျက် ပရစ်ရဲ့ အူမြူးနေသော မျက်နှာကို တည်အောင် ပြင်လိုက်သည်။ ခဏအကြာမှာတော့ ပရစ်ဖူးသည် တည်ကြည်သော မျက်နှာထားကလေးဖြင့် အခန်းပြင်သို့ ထွက်လာခဲ့ပါသည်။

ကြီးကြီးက ဧည့်ခန်းထဲက တီဗီရှေ့မှာ ထိုင်၍ လက်က ပုတီးစိပ်ရင်း မျက်လုံးက တီဗီဆီ ရောက်နေသည်။

ပရစ်သည် ကြီးကြီးရှေ့မှာ သွားရပ်လိုက်ရင်း ...

"ကြီးကြီး ... ပရစ် ပြန်တော့မယ်"

"ဟင် ... ပြန်တော့မလို့လား ..."

ကြီးကြီးက မျက်ခုံးပင့်ကြည့်ရင်း မေးသည်။ ပရစ်က တည်ငြိမ်လှစွာသော မျက်နှာထားလေးဖြင့် ကြီးကြီးကိုကြည့်ကာ ခေါင်းညိတ်လိုက်ရင်း ...

"မှန်ရာကို ဝန်ခံရရင်တော့ ပရစ် သူ့ဆီ မပြန်ချင်ပါဘူး ကြီးကြီး ...၊ ဒါပေမယ့် ပရစ် မပြန်ရင် ပရစ်ပဲ ရှုံးလိမ့်မယ်၊ ပရစ်ကို ယူမိလို့ နောင်တရနေတဲ့ သူဆီကနေ ပရစ် ထွက်သွားရင် သူ့ကို အရှုံးပေးလိုက်ရတာနဲ့ အတူတူပဲ၊ အဲ့ဒီတော့ မရှုံးချင်တဲ့ ပရစ်က သူ့ဆီပြန်ပြီး သူနဲ့နေရင်း သူ့ကိုအနိုင်ရအောင် လုပ်မယ်၊ ပရစ်ကတော့



www.burmeseclassic.com

www.burmeseclassic.com



အိမ်ပေါ်က ဆင်းမပေးဘူး၊ သူ ပရစ်နဲ့ အတူမနေချင်ရင် သူပဲဆင်းပေါ့ ...”

“မှန်တယ် သမီး၊ ညည်း ဒီလိုဆုံးဖြတ်တာ မှန်တယ်၊ ယောကျ်ားတွေကို ဘယ်တော့မှ အရှုံးမပေးနဲ့၊ တစ်ခါ အရှုံးပေးမိရင် ဆက်ခါ ဆက်ခါ ရှုံးပြီပဲ အောက်မေ့လိုက်တော့ ...”

“စိတ်ချ ... ကြီးကြီး၊ ပရစ် ဘယ်တော့မှ မရှုံးစေရဘူး”

ပရစ်သည် တည်ငြိမ်လေးနက်စွာ ပြောပြီး ကြီးကြီး အိမ်မှ ပြန်ထွက်လာသည်။

ခြံထဲကနေ ကားကို မောင်းထွက်လာချိန်မှာတော့ ပရစ် မျက်နှာက ချက်ချင်း ပြုံးရွှင်ကြည်လင်လာကာ သီချင်းလေး တစ်ပုဒ် ဆိုညည်းလာလေသည်။

*“မင်းအချစ်တွေကို နားလည်ခဲ့ပြီး ခုတော့ မင်းရှေ့ကို အပြေးလေး လှမ်းကာ ကိုယ်ရောက်ခဲ့မယ်ဆို xxx”*

✹ ✹ ✹



BURMESE CLASSIC .com

✻ ✻ ✻

“ကို ...”

“ပရစ် ...”

“ချစ်လေးရယ် ...”

“သည်းလေးရယ် ...”

ကားပေါ်က ဆင်းလာသော ပရစ်နှင့် အိမ်ရှေ့မှာ စောင့်နေသော အားမာန်တို့သည် ရုပ်ရှင်တွေကထဲကလို တစ်ယောက်နာမည် တစ်ယောက် ခေါ်ကာ ပြေးဖက်လိုက်ကြသည်။

အားမာန်က ပရစ်ကို ဖွေ့ခနဲ ပွေ့ချီကာ ထမင်းစားခန်းထဲသို့ ခေါ်လာပြီး ထိုင်ခုံပေါ်မှာ ထိုင်စေလိုက်သည်။

ပရစ်သည် ဟင်းမျိုးစုံ ပြည့်နှက်လျက် မွှေးကြိုင်နေသော ထမင်းစားပွဲကြီးကို တအံ့တသြ ကြည့်ရင်း ...

“ကို ... ဒါတွေက ကို တစ်ယောက်တည်း ချက်ထားတာလားဟင်”



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်လေ ...၊ ပရစ်ကို လွမ်းလွမ်းနဲ့ ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိတာနဲ့ ဟင်းတွေချည်းပဲ ချက်နေလိုက်တာ၊ အားလုံး ပရစ် ကြိုက်တတ်တဲ့ ဟင်းတွေချည်းပဲ"

"ကျေးဇူးတင်လိုက်တာ ကိုရယ်၊ ပရစ် ဗိုက်တောင်ဆာလာပြီ"

"ဟိုမှာ ဘာမှ စားမလာခဲ့ဘူးလား ..."

"ဟင့်အင်း ... တစ်နေ့လုံး ဘာမှမစားဘူး၊ ဆာလည်း မဆာဘူး၊ စားချင်စိတ်လည်း မရှိဘူး"

"အတူတူပဲ၊ ကိုယ်လည်း တစ်နေ့လုံး ဘာမှ မစားရသေးဘူး၊ ပရစ်နဲ့မှ အတူတူစားမယ်ဆိုပြီး စောင့်နေတာ ..."

"အားနာလိုက်တာ ကိုရယ်၊ ကို ဆာနေမှာပေါ့"

"ပရစ်လိုပဲ ကိုယ်လည်း မဆာပါဘူး၊ ဆာတဲ့ ခံစားချက်ကို လွမ်းတဲ့ ခံစားချက်က ဖုံးထားတာ ..."

"နာရီတွေကို နှမြောလိုက်တာ ကိုရယ်၊ တကယ်ဆို ဒီလိုနေ့မျိုးမှာ ပရစ်တို့ နှစ်ယောက် ခုလို ပျော်ပျော်ရွှင်ရွှင် နေကြရမှာနော် ...၊ ခုတော့ ... ကြည့်ပါဦး ... ညနေ ၄ နာရီတောင် ထိုးနေပြီ၊ ပရစ် ထွက်သွားတာ မနက် ၉ နာရီကတည်းကဆိုတော့ ၇ နာရီလောက် အချိန်တွေ အလဟဿ ဖြစ်သွားပြီ ..."

"ပြီးခဲ့တာတွေ ထားလိုက်ပါတော့ သည်းလေးရယ်၊ လာ တို့နှစ်ယောက် အတူထမင်းစားကြရအောင် ..."



BURMESE CLASSIC .com



အားမာန်က ပရစ် လက်ထဲကို ဇွန်းနဲ့ ခက်ရင်း ထည့်ပေးလိုက်ပြီး သူကတော့ အသားတစ်ဖတ်ကို ခက်ရင်းဖြင့် ထိုးယူကာ ...

"ကဲ ... ပါးစပ်ဟ ... ဒါလေး စားကြည့်၊ အရမ်း အရသာရှိတယ်"

ဟု ပြောရင်း ပရစ်ကို ခွံ့ကျွေးလိုက်သည်။ ပရစ်က အသားဖတ်ကို ဝါးစားရင်း ...

"စားလို့ကောင်းလိုက်တာ ကိုရယ် ...၊ ကိုက ဟင်းချက်လည်း ကောင်းတာပဲနော်"

ဟု ကြည်ကြည်နူးနူးလေး ပြန်ပြောလိုက်ပါသည်။ အမှန်တကယ်ဆိုတော့လည်း အချစ်နဲ့ပေါင်းကာ ဟင်းက စားကောင်းသွားတာဟု ဆိုရမှာပင်။ ကြက်သားဟင်း အရသာက ဘာမှ ထူးခြားကောင်းမွန်နေတာတော့ မဟုတ်ပါ။

အားမာန်က ပြုံးလျက် ပရစ်လက်ထဲက ဇွန်းနဲ့ ခက်ရင်းကို ပြန်ယူလိုက်တော့ ပရစ်က မျက်ခုံးလေးပင့်ကာ ...

"ဘာလို့ ပြန်ယူတာလဲဟင် ..."

"ဇွန်းခက်ရင်းနဲ့ မစားစေချင်လို့ပေါ့"

"ပရစ် လက်နဲ့တော့ မစားတတ်ဘူးနော် ... ကို"

"ပရစ်လက်နဲ့ မစားတတ်ရင် ကိုယ့်လက်နဲ့ စားပေါ့၊ ကိုယ် ခွံ့ကျွေးမှာပေါ့ ..."

"အယ် ... တကယ်"



www.burmeseclassic.com

www.burmeseclassic.com



"တကယ်ပေါ့၊ ကဲဗျာ ... ရွှေပါးစပ်လေး ဟတော်မူပါ"

အားမာန်က ထမင်းဟင်း တစ်ဇွန်းခပ်ကာ ပရစ်ကို ခွံ့ကျွေးလိုက်ပါသည်။ ပရစ်ကို တစ်ဇွန်းခွံ့လိုက်၊ သူ တစ်ဇွန်းစားလိုက်ဖြင့် သာယာကြည်နူးသော အချိန်ကလေးကို ပြန်လည် သိမ်းပိုက်ထားလိုက်ကြပြန်သည်။ ရန်ဖြစ်ပြီး ပြန်ချစ်ရသော အရသာနှင့် ဟင်းအရသာ ရောပေါင်းကာ ပိုစားကောင်းကြတာတော့ အမှန်ပင်။

ထမင်းစားပြီးတော့ နှမ်ယောက်သား အချစ်နလန်ထကာ ရယ်စရာတွေပြောရင်း တဟိဟိ တခိခိ ဖြစ်ကြပြန်သည်။ ဒီလိုနဲ့ စိတ်လှုပ်ရှားဖွယ် ရသအမျိုးမျိုး ရောယှက်နေသော မင်္ဂလာဦးနေ့လေးက တရွေ့ရွေ့ ကုန်ဆုံးလာကာ ညသို့ ရောက်ရှိလာပါသည်။

* * *



* * *

ထိုနေ့ ည ၁၂ နာရီခန့်တွင် ...

အားမာန်ရဲ့ ဟန်းဖုန်းတုန်ခါသံကြောင့် အားမာန်က အိပ်ရာမှနိုးလာပါသည်။ ဖုန်းက silent လုပ်ထားပြီး Vibration (တုန်ခါ) သံသာ ထည့်ထားတာမို့ ဖုန်းသံကို ပရစ်က မကြား။

"ကျွတ် ... ညကြီးသန်းခေါင် ဘယ်ကဖုန်းလဲကွာ၊ ပရစ်နိုးတော့မှာပဲ ..."

အားမာန်က ဖုန်းနံပါတ်ကို မကြည့်အားသေးဘဲ ကိုယ့်ရင်ခွင်ထဲမှာ အိပ်မောကျနေသည့် ပရစ်ကို အသာဖွဖွလေး ခွာထုတ်လိုက်ပြီး တစ်ဖက်သို့ လှိမ့်ကာ ဖုန်းကိုင်လိုက်သည်။

"ဟဲလို ..."

"ဟော့ကောင် ..."

မြတ်စွာဘုရား ... ။



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းထဲမှ ကျယ်လောင်စွာ ထွက်ပေါ်လာသော ယောက္ခမကြီးရဲ့ အသံကြောင့် အားမာန်လက်ထဲက ဖုန်းတောင် ပြုတ်ကျသွားရကာ အားမာန်ရဲ့ အိပ်ချင်မူးတူး မျက်လုံးတွေ ပြူးခနဲ ဖြစ်လာကြပါသည်။

အားမာန်က ခုတင်ပေါ် ပြုတ်ကျသွားသော ဖုန်းကို ကမန်းကတန်း ပြန်ကောက်ကိုင်ပြီး အခန်းပြင်သို့ ထွက်လာခဲ့သည်။

ပြုတ်ကျသွားသဖြင့် ကျသွားသော ဖုန်းက ချက်ချင်းပြန်ဝင်လာကာ ...

"ဟေ့ကောင် ... မင်း ငါ့ဖုန်းကို ချပစ်တာလား"

"မဟုတ် ... မဟုတ်ပါဘူး ဒက်ဒီ"

"မင်း ငါ့ကို ဒက်ဒီ မခေါ်နဲ့၊ ကြားရတာ နားယားတယ်"

"ဟုတ် ... ဟုတ်ကဲ့ပါ ဦး၊ ဘာကိစ္စများရှိလို့ပါလဲ ဦး"

"ကိစ္စကတော့ မင်း လုပ်ါးဝတဲ့ ကိစ္စပဲ၊ ညနေက ငါနဲ့ ငါ့အစ်မနဲ့ ဖုန်းပြောတော့ မင်း လုပ်ါးဝတဲ့ကိစ္စကို ငါ ကြားလိုက်ရတယ်၊ မင်းကများ ငါ့သမီးကို ယူမိလို့ နောင်တရတယ်ဆိုကွ ..."

အာပလွှတ်စိန်မ ...။ လေပွားမ ...။ နှုတ်ဖွာမ။

အားမာန်သည် ဦးလွင်ညိုကို ဘာမှ ပြန်မဖြေနိုင်သေးဘဲ ပရစ်ရှိရာ အခန်းဘက်သို့ ချာခနဲ လှည့်ကြည့်လိုက်ရင်း အံကြိတ်လျက် စိတ်ထဲမှ မေတ္တာပို့လိုက်မိပါသည်။





လင်မယားချ_း အနိုင်မခံ အရှုံးမပေး စကားနိုင် လုပြောကြတဲ့ စကားကို ယောက္ခမဆီ ပေါက်ကြားအောင်များ လုပ်ရသလား ပရစ်စုတ်ရယ် ...။

အားမာန်သည် ချက်ချင်း ခေါင်းနားပန်း ကြီးကာ ချွေးဖြိုင်ဖြိုင် ထွက်လာပါသည်။

ဦးလွင်ညို ဆိုတာ သူ အလွန်ကြောက်ရသော ယောက္ခမ။ သူ့သမီးကို မိသား ဖသားပီပီ မတောင်းရမ်းဘဲ အိမ်မှာ တစ်ည ခေါ်ထားတယ်ရယ်လို့ စွပ်စွဲကာ သမက်ကို တစ်သက်လုံး မျက်နှာသာမပေး၊ အကောင်းမမြင်တော့မည့် ယောက္ခမ ...။ ဒီယောက္ခမနဲ့ ဒီသမက်ကို ရန်တိုက်ပေးသူက ရွှေနှုတ်တော် အလွန်ဖွာပေသော ကိုယ့် မိန်းမ ...။

"ဟေ့ကောင် ... ငါမေးနေတာ မကြားဘူးလား၊ ယောက္ခမကို ဂရုမစိုက်လို့ ပြန်မဖြေတာလား"

"ဟို ... ဦး၊ အဲ့ဒါက ... အဲ့ဒါက ကျွန်တော်တို့ချင်း ရန်ဖြစ်ရင်း စကားနိုင်လုပြီး ပြောတဲ့ စကားပါ၊ အလေးအနက်ကြီး မဟုတ်ပါဘူး"

"မနေ့ကမှ မင်္ဂလာဆောင်ပြီးတယ်၊ ဒီနေ့ ရန်ဖြစ်စရာလားကွ၊ ရန်ဖြစ်တယ်ဆိုကတည်းကိုက မင်း အသုံးမကျတာ ပေါ်နေတာပဲ၊ မင်း ငါ့သမီးကို စိတ်ချမ်းသာအောင် မထားတာ၊ အလျှော့မပေးတာ သိသာနေတာပဲ ..."

"ကျွန်တော် သူ့ကို စိတ်ချမ်းသာအောင် ထားပါတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ထမင်းတောင်မှ ကိုယ်တိုင် ချက်ပြုတ် ခူးခပ်ကျွေးထားတာပါ”

“ဆင်သေကို ဆိတ်ရေနဲ့ဖုံးတဲ့ စကားမျိုးတွေ လာမပြောနဲ့ အားမာန်၊ ထမင်းလေး တစ်လုတ် တစ်ဆုပ် ချက်ပြုတ်ကျွေးရုံနဲ့ ငါ့သမီးကို စိတ်ချမ်းသာအောင် ထားနိုင်ပြီလို့ ထင်မနေနဲ့၊ နောက်တစ်ခါ ငါ့သမီး စိတ်ဆင်းရဲအောင် မင်းလုပ်ကြည့် … မင်းမျက်နှာနဲ့ ငါ့လက်သီးနဲ့ အတွေ့ပဲ ကြားလား …”

“ဟုတ် … ဟုတ်ကဲ့ …”

ယောက္ခမက ဖုန်းချသွားသည်နှင့် အားမာန်က စက်တော်ခေါ်နေသော လေပွားမထံသို့ ချာခနဲ လှည့်ဝင်လာခဲ့ပါသည်။

ချစ်စရာကောင်းလွန်းသော ရွှေမိန်းမလေးကတော့ နှစ်နှစ်ခြိုက်ခြိုက် စက်တော်ခေါ်လျက်ရှိ၏။

အားမာန်သည် ခုတင်ဘေးမှာ ရပ်လျက် အံကြိတ်ရင်း ပရစ်မျက်နှာကို စေ့စေ့စိုက်ကြည့်မိ၏။ ကြည့်ရင်းက ဒေါသထွက်လာကာ လက်သီးဖြင့်လည်း ရွယ်လိုက်မိ၏။ သို့သော် လက်သီးနဲ့ ထိုးရဲဖို့ဝေးလို့ လက်ဖျားနဲ့တောင် မတို့ရဲချေ … ။

ခုချိန်မှာ ပရစ်နား ကပ်အော်ရှိုးပြီး ပရစ်နဲ့ ရန်ဖြစ်ချင်ပေမယ့် သူ့စိတ်ကို အားမာန်က ထိန်းချုပ်ထားရသည်။





သူ့သမီးကို စိတ်ဆင်းရဲအောင် မလုပ်ပါဘူးဟု ယောက္ခမကို ကတိပေးထားရတာက တစ်ကြောင်း၊ ပြောလည်း မထူးတော့ပြီဟု ခံယူထားမိတာလည်း တစ်ကြောင်းမို့ပင် … ။

ဒီကိစ္စနဲ့ ရန်ဖြစ်ရတာလည်း မောပြီ။ စိတ်လည်း ပျက်လှပြီ … ။ ရှေ့ဆက်ပြီး ပရစ် နတ်ဖွာတဲ့ကိစ္စနဲ့ ဘာတွေများ ဖြစ်လာဦးမလဲဟု တွေးဆရင်းမောစွာဖြင့် အားမာန်က သက်ပြင်းချရင်း ပရစ်ဘေးမှာ လဲလျောင်းလျက် အိပ်ပျော်အောင် ကြိုးစားလိုက်ရပါသည်။

✹ ✹ ✹



www.burmeseclassic.com

www.burmeseclassic.com

* * *

"လှဲမာရေ ... ဒီအရုပ်က ဘယ်နှရုပ်ပါလာလဲ ..."

အသစ်ရောက်လာသော အရုပ်ပုံကြီးအလယ်မှာ အလုပ်ရှုပ်နေသော ပရစ်က စန္ဒီပီရုပ်ကြီးကို မြှောက်ပြရင်း ဆိုင်က စာရေးမလေး လှဲမာကို လှမ်းမေးလိုက်သည်။ လှဲမာက စာရင်းမှတ်နေရာက ပရစ်ဆီ လှမ်းကြည့်ရင်း ...

"တစ်ရုပ်ပဲပါတာ မမ ..."

"ဒါဆို ... ဒီတစ်ရုပ် ငါယူမယ်၊ စာရင်းထဲက နှုတ်ထားလိုက် ..."

"ဟုတ်ကဲ့ ... မမ"

ပရစ်က အရုပ်ကြီးကို ပွေ့ပိုက်ကြည့်ရင်း သဘောတွေ ကျနေပါသည်။ အရုပ်ကြိုက်လို့ အရုပ်ဆိုင်ဖွင့်တဲ့ ပရစ်ဟာ လှတဲ့အရုပ်တွေ့ရင် ကိုယ် အရင်ယူပြီးမှ ကျန်တာကို ရောင်းဖို့ ထားတာပင်။ ဆိုင်ခန်းငှားခက စျေးကြီးတာမို့ ပရစ်ရဲ့ အရုပ်





ဆိုင်က အမြတ်သိပ်မကျန်ပေမယ့် ပရစ်က ဒီအလုပ်မှာ ပျော်ကာ အိမ်ထောင်ကျပြီးပေမယ့် ဆိုင်ကို ဆက်ဖွင့်ထားသည်။ ဒီအလုပ်လေးမှ မလုပ်ရရင်လည်း ပရစ်ဘဝက တော်တော် ပျင်းစရာကောင်းမည်ထင်သည်။ ကိုက မနက်ဆို သူ့ရုံးခန်းကို ထွက်သွားပြီး ညနေကျမှ ပြန်ရောက်တာပင် ...။ သူ့ရုံးခန်းကို ပရစ်ခဏခဏတော့ လိုက်သွားဖူးပါသည်။ သို့သော် ... သူ့ဒီဇိုင်းသူ အာရုံစိုက်၍ ဆွဲနေသော ကိုနားမှာ ကြာကြာနေတော့ ပျင်းလာသည်။ ကို့ရုံးခန်းမှာ ဝန်ထမ်းတွေလည်း အဆင်တပြေရှိပြီးသားမို့ ပရစ် လုပ်စရာ ဘာအလုပ်မှလည်း မရှိ။

အဲဒီတော့ ပရစ်က အပျိုဘဝတုန်းကလိုပဲ အချိန်တွေ ပိုနေသည်။ အိမ်မှာတစ်နေကုန် တစ်ယောက်တည်း မနေချင်သော ပရစ်က ဆိုင်ကိုတော့ နေ့တိုင်းလိုလို ရောက်ဖြစ်သည်။ ဆိုင်မှာထိုင်ရတာ ပျင်းလျှင် သူငယ်ချင်းတွေနဲ့ ချိန်းကာ ရုပ်ရှင်ကြည့်တဲ့အခါ ကြည့်၊ ရှော့ပင်းထွက်တဲ့အခါ ထွက်၊ အာလူးဖုတ်တဲ့အခါ ဖုတ် ...။ ညနေကျရင်တော့ ကို ဂေါ့ဖ်ရိုက်တဲ့အခါ ဂေါ့ဖ်ကွင်းကို လိုက်ပြီး အပြန်မှာ တစ်ခုခု ဝင်စားဖြစ်ကြပါသည်။ ပရစ်တို့ရဲ့ အိမ်ထောင်ရေးမှာ ပရစ်နှုတ်ဖွာတဲ့ကိစ္စကို 'ကို' သဘောမကျလို့ စကားများရတာလေးတွေ ရှိတတ်ပေမယ့် ခုလို အိမ်ထောင်သက် တစ်နှစ်နီးပါးအထိ ပြဿနာရယ်လို့ ကြီးကြီးမားမား မရှိသေးပါ။

'ကို' က ပရစ်ကို သိပ်ချစ်ရှာပါသည်။ ပရစ်က



www.burmeseclassic.com

www.burmeseclassic.com



လည်း ကိုကို တစ်ရက်မှ မခွဲနိုင်အောင် ချစ်ခင်လိုအပ်လှပါသည်။ ပရစ် နှုတ်ဖွာတာကို ကို မကြိုက်မှန်းသိသဖြင့်လည်း ပြင်ဖို့ကြိုးစားကြည့်မိပါသေးသည်။ သို့သော် ပရစ်ပါးစပ်ဟာ ဘာ့ကြောင့်မှန်းမသိ ပရစ် ဆန္ဒအတိုင်း စေ့ပိတ်လို့ မရသလိုပင်။ ပရစ် သတိလေး မကပ်မိခင်မှာပဲ ပရစ်နှုတ်က စကားလုံးတွေက တရစပ်ထွက်သွားနှင့်ပြီ …။ ပရစ် သူငယ်ချင်းတွေနဲ့ တွေ့လျှင် စကားလုံးတွေက ဘယ်ကဘယ်လို ထွက်လာမှန်း မသိ …။ အသေးအမွှားကိစ္စလေးတွေကို အကြီးကြီးဖြစ်အောင် ချဲ့ပြောရတာကလည်း အပျင်းတော့ ပြေစေတာပင် …။

"မမ … ဖုန်းလာနေပါတယ်"

"ဩော် … အေး … အေး … ယူခဲ့လေ …"

ဖုန်းသံ မြည်လာတာမို့ လှဲ့မာက စားပွဲပေါ်မှာ တင်ထားသည့် ပရစ်အိတ်ထဲက ဖုန်းကိုထုတ်ယူကာ ပရစ်ဆီ ယူလာပေးသည်။

ဖုန်းပေါ်မှာ ပေါ်နေတာက ကြည်ဖြူ့ဖုန်းနံပါတ်။

ပရစ်က ဖုန်းဖွင့်လိုက်ပြီး …

"ဟဲ့ … ကြည်ဖြူ … ပြော"

"ပရစ် … နင် အခု ဘယ်မှာလဲ"

"ဆိုင်မှာ …"

"ညနေ နင်အားလား …"

"မအားဘူး …"





"ဘာလုပ်စရာ ရှိလို့လဲ …"

"ဒီညနေ ကို ဂေါ့ဖ်ရိုက်တာကို လိုက်ကြည့်မယ်လေ …၊ ပြီးရင် အပြင်မှာ ညစာ စားကြမှာ …"

"အားမာန်က ဂေါ့ဖ်ရိုက်နေတယ်ပေါ့ …"

"အေးလေ …၊ ငါ နင့်ကိုမပြောရသေးဘူးလား၊ သူ့ကို ဂေါ့ဖ်ရိုက်ဖို့ ငါပဲ တိုက်တွန်းလိုက်တာလေ၊ သူက အရမ်းအညောင်းမိတဲ့ လူဆိုတော့ လမ်းလျှောက်ဖို့လိုတယ် မဟုတ်လား၊ အဲ့ဒါကြောင့် သူ့မွေးနေ့တုန်းက ဂေါ့ဖ်အိတ် လက်ဆောင်ပေးပြီး ရိုက်ဖြစ်အောင် တိုက်တွန်းလိုက်ရတာ …"

"အရှုံးမ …"

"ဟမ် … ဘာလို့လဲ"

"နင်ဟာလေ ဦးနှောက်ကိုမရှိဘူး၊ ကိုယ့်ယောကျ်ား အညောင်းမိမယ်ထင်ရင် ထရက်ဆု ဆင်တူလေးတွေ ဝယ်ဝတ်ပြီး မနက်ပိုင်းဖြစ်ဖြစ်၊ ညနေပိုင်းဖြစ်ဖြစ် ကန်ပေါင်မှာ လမ်းသွားလျှောက်ကြပါလား၊ ကန်တော်ကြီးထဲမှာ သွားလျှောက်လည်း ရတာပဲ …"

"အညောင်းမိတာက ကို တစ်ယောက်တည်းပဲဟာ၊ ငါက အညောင်းမှ မမိတာ၊ နင်သိတဲ့အတိုင်း ငါက ဟိုဟိုဒီဒီ ရှော့ပင်ထွက်ရင်း လမ်းသလားလွန်းလို့ ခြေထောက်တွေ တောင် တောင့်တောင့်နေတတ်တာ"



www.burmeseclassic.com

www.burmeseclassic.com



"အဲ့ဒါကြောင့် နင့်ကို အရူးမလို့ ပြောတာပေါ့ ပရစ်ရဲ့၊ တကယ်ပဲ ... ဦးနှောက်ကို မရှိဘူး၊ နည်းနည်းပါးပါး စဉ်းစားကြည့်ပါဦးတော့လား"

"ဘာကို စဉ်းစားရဦးမှာလဲ ..."

"လင်မယားတွေ ထရက်ခ်ဆု ဆင်တူလေးတွေ ဝတ်ပြီး လမ်းအတူလျှောက်တော့ Romance လည်း ဖြစ်တယ်၊ လင်မယားချင်း ပိုပြီးတော့လည်း ရင်းနှီးမှုရစေတယ်၊ ကိုယ့်ယောကျ်ားနားမှာ ကိုယ်က ကပ်ပြီး 'ငါပိုင်ရှင်ပဲ ဟေ့' လို့ ကြော်ငြာပြီးသားလည်း ဖြစ်တယ်၊ အဲ့ဒီလို လုပ်ဖို့တော့ မစဉ်းစားဘဲ ယောကျ်ားကိုတစ်ယောက်တည်း ဂေါ့ဖ်ရိုက်ခိုင်းလိုက်တာကတော့ ကိုယ့်ယောကျ်ားကိုယ် သတ်ကွင်းထဲ ပို့လိုက်တာနဲ့ အတူတူပဲ"

"ဘာ ... ဘာ၊ ဘာသတ်ကွင်းလဲ"

"ဟဲ့ ... ငနုံမရဲ့၊ ယောကျ်ားတွေ ဂေါ့ဖ်ရိုက်ရင်း ဖြစ်တဲ့ ဇာတ်လမ်းတွေ နင် မကြားဖူးဘူးလား"

"ဟင် ... ယောကျ်ားချင်း ဂေါ့ဖ်ရိုက်ရင်း ဖြစ်တတ်ကြလို့လား ..."

"ဟဲ့ ... ဒုံးဝေးလှချည်လား၊ ယောကျ်ားချင်းက ဘာဖြစ်ရမှာလဲ"

"ဂေါ့ဖ်ရိုက်တဲ့သူတွေက ယောကျ်ားတွေချည်းပဲလေ





ကြည့်ဖြူရဲ့ ...၊ တချို့တလေမှသာ မိသားစုလိုက် ရိုက်ကြတာ ..."

"ဂေါ့ဖ်အိတ်ထမ်းတဲ့ ကောင်မလေးတွေ နင် မမြင်ဘူးလား၊ တချို့ဆို သားသားနားနား ရုပ်ကလေးတွေနဲ့လေ၊ တချို့ ဒါမျိုးလေးတွေနဲ့ ဇာတ်လမ်းဖြစ်ကြတာပေါ့ဟဲ့ ..."

"ဟုတ်လား ..."

ပရစ်က ခုမှပဲ အထူးအဆန်း စကားကြားကာ အံ့သြရတာပင် ...။ ဒါမျိုးကို ပရစ် တစ်ခါမှ မတွေးခဲ့ဖူးပါ။ အိမ်ထောင်သက် နုနုလေးမှာ 'ကိုယ့်ယောကျ်ားက သစ္စာဖောက်ရင်' ဆိုတဲ့ အတွေးမျိုးကိုလည်း မတွေးဖူးခဲ့။ စိတ်မချ၊ မယုံသင်္ကာ ဖြစ်ရတာမျိုးလည်း မရှိခဲ့ဖူးပါ။

ဂေါ့ဖ်ကွင်းကို လိုက်သွားတဲ့အခါ ဂေါ့ဖ်အိတ်ထမ်းတဲ့ ကောင်မလေးတွေကို တွေ့ဖူးပေမယ့် ဒီလို မိန်းကလေးတွေနဲ့ ဂေါ့ဖ်ရိုက်တဲ့ ယောကျ်ားတွေကို ယိုးစွပ်သည့် အတွေးမျိုး ယောင်လို့တောင် မတွေးဖူးပါ။ ဂေါ့ဖ်ရိုက်တဲ့ လူအများစုဟာ ငွေကြေးတတ်နိုင်သူချည်းပဲမို့ ဘဝချင်း အဆင့်အတန်းချင်း ကွာဟလှသော ကိုယ့်အလုပ်သမား ကောင်မလေးတွေကို စိတ်ကူးမယ်လို့ကို မထင်တာပါ။

ဒက်ဒီလည်း ရံဖန်ရံခါဆိုသလို ဂေါ့ဖ်ရိုက်တာကိုတော့ ပရစ်သိပါသည်။ သို့သော် ဂေါ့ဖ်ကွင်းကိုတော့ လိုက်မသွားဖူးခဲ့ ...။ ဒက်ဒီနဲ့ ပတ်သက်ပြီး ဘာသတင်းမှလည်း



www.burmeseclassic.com

www.burmeseclassic.com



မကြားဖူးခဲ့ပါ။ ဒက်ဒီဟာ ရုပ်ကလည်းမလှ။ ပရစ်က မာမီနဲ့ တူလို့သာ ရုပ်ရည်လေး ချောမောနေတာ ...။ မာမီ ဆုံးကတည်းက ဒက်ဒီဟာ စီးပွားရေးဘက်မှာသာ ပိုလို့ အာရုံစိုက်ခဲ့သဖြင့်လည်း စီးပွားက တရိပ်ရိပ်တက်လာခဲ့တာ ...။ နောက်အိမ်ထောင်လည်း မပြုခဲ့သော ဒက်ဒီဟာ မိန်းကလေးကိစ္စမှာ သိပ်ပြီး အာရုံမများတတ်တာကိုတော့ ပရစ် သိသည်။ ဒက်ဒီဟာ ပြောတာဆိုတာကအစ ဘုကျကျ ဂွကျကျ လူဖြောင့်စိတ်တိုလူမျိုး။ အဲဒီတော့ ပရစ်က ရှုပ်ရှုပ်ထွေးထွေး ကိစ္စမျိုးတွေနဲ့ မရင်းနှီး မယဉ်ပါးပါ။ အိမ်ထောင်သက် နုနုလေးမှာ ချစ်လို့တောင် မဝသေးသော ကိုယ့်ယောကျ်ားကို တခြားမိန်းမနဲ့ သဝန်တို စွပ်စွဲကာ မယုံသင်္ကာဖြစ်သည့် စိတ်မျိုးလည်း ပရစ်မှာ မရှိပါ။

ခုတော့ ... ကြည်ဖြူက သတိပေးလာလေပြီ ...။

အေးချမ်းနေသော ပရစ် စိတ်သည် ရုတ်တရက်ပင် လင်ပူမိသလို ယောက်ယက်ခတ်သွားပါသည်။

"ပရစ် ... နင့် အားမာန်က နေ့တိုင်း ဂေါ့ဖ်ရိုက်လား"

"တစ်ပတ် နှစ်ရက်လောက်ပဲ ရိုက်တာ ..."

"သူ ဂေါ့ဖ်ကွင်းသွားတိုင်း နင်လိုက်သွားလား"

"မလိုက်ဘူး ..."

"နောက်ဆို သူ ဂေါ့ဖ်ကွင်းသွားတိုင်း နင်လိုက်သွား၊ ဒါနဲ့ သူ့ရုံးကိုရော နင် ခဏခဏသွားလား"





"မသွားပါဘူးဟယ် ...၊ ငါ့အလုပ်မှမရှိတာ၊ ပျင်းလွန်းလို့ ..."

"ဇနီး မယား ဖြစ်လာရင် အဲ့ဒီလို နေသာသလို မနေရဘူးဟဲ့ ပရစ်ရဲ့၊ ကိုယ့်ယောကျ်ားနဲ့ ပတ်သက်ရင် အမြဲမျက်စိဖွင့် နားစွင့်ထားမှ တန်ရုံကျတာ၊ မင်္ဂလာဦးနေ့မျိုးမှာ နင့်ကို ယူမိလို့ နောင်တရနေပါတယ်လို့ ပြောခဲ့တဲ့ ယောကျ်ားမျိုးကို စိတ်ချလက်ချ လွှတ်မထားလေနဲ့ ..."

"ဟို ... ကြည်ဖြူ အဲ့ဒါကလေ၊ အဲ့ဒီတုန်းက သူပြောတဲ့ စကားက နောင်တရတယ်လို့ တိုက်ရိုက်ကြီးတော့ မဟုတ်ဘူးပေါ့ဟာ၊ ဒီလိုပဲ စကားနိုင်လုကြရင်း ငါ နှုတ်ဖျားတာကို သူအမြင်ကတ်လို့ ဒီလိုမှန်းသိရင် မယူဘူးလို့ စကားနိုင် လုရုံလေး ပြောခဲ့တာပါ"

"ကုလားကြီးနဲ့ မာမူကြီး ဘာမှမထူးဘူးလေ၊ အတူတူပဲဟာ ...၊ ဒီလိုမှန်းသိရင်မယူဘူးဆိုတာ ယူမိလို့ နောင်တရနေတာနဲ့ အတူတူပဲ၊ ကဲ ... ဒါပဲဟာ၊ ငါက နင် ညနေအားရင် ရတီတို့အိမ်မှာ ဆုံမယ်ပြောမလို့ ...၊ နင် အားမာန်ဆီ လိုက်မယ်ဆိုရင်တော့ လိုက်သာသွား၊ အားပေးတယ်၊ သူ ဂေါ့ဖ်မရိုက်တဲ့ ရက်ကျမှ ဆုံတာပေါ့ ..."

ကြည်ဖြူက ဖုန်းချသွားသည်။ ပရစ်က အမွေးမှ ရုပ်ကြီးကို ဖက်ပြီး ငိုင်ကျန်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကြည်ဖြူ့ကိုလည်း ဘယ်လိုရှင်းပြရမှန်းမသိတော့။ ကိုယ်လင် ကိုယ်မယား စကားများခဲ့တုန်းက ကိစ္စက ကိုယ်တွေနှစ်ယောက်ကြားမှာ ဘာမှ အညိုးအတေး မရှိတော့ပေမယ့် ကြည်ဖြူကတော့ အဲ့ဒီတုန်းက ပရစ်ရဲ့ စကားကို မှတ်ထားကာ ကို့ကို မျက်မုန်းကျိုးသလိုတောင် ဖြစ်နေပါသည်။

မျက်မုန်းကျိုးကျိုးနဲ့ပဲ ပိုပိုသာသာ မှတ်ချက်တွေပေးပြီး အားမာန်ကိုမယုံဖို့ ပြောခဲ့တာလား မသိ။ သူ ဘယ်လိုစိတ်နဲ့ပဲ ပြောပြော ပရစ် ရင်ထဲကိုတော့ ဆူးတစ်ချောင်း ဝင်သွားသလို ခံစားရပါသည်။

အင်း ... ညနေကျရင်တော့ ဂေါ့ဖ်ကွင်းကို စောစောလေး လိုက်သွားမှပါပဲ ...။

✸ ✸ ✸



✸ ✸ ✸

ပရစ်သည် မြက်ခင်းစိမ်းစိမ်းပေါ်မှာ စတိုင်လ်ကျကျ လမ်းလျှောက်နေသော ကို့ကို လှမ်းမျှော်ကြည့်ရင်း ရင်ဝမှာ ပူလာသလို ခံစားနေရပါသည်။

ကို့ပုံစံက စတိုင်လ်ကျလိုက်တာ ...။

ပရစ်သာ ကို့အနားမှာ ရှိမနေရင် ကိုဟာ သူ့ကိုယ်သူ လူပျိုဟု ကျိန်တွယ်ပြောနေစရာတောင် မလို ...။ ကို့ကို လူပျိုအမှတ်နဲ့ ကောင်မလေးတွေက စပြီး စိတ်ဝင်စားကြမှာ သေချာနေသည်။

Golfer စတိုင်လ် ဘောင်းဘီရှည် အဖြူရောင်၊ Nike တံဆိပ် စပို့ရှပ် အဖြူရောင်နှင့် ဦးထုပ်ဖြူဖြူလေး ဆောင်းထားသော ကို့ လမ်းလျှောက်ဟန်က ဆွဲဆောင်မှုရှိသည်။ ခါးလေးကိုနွဲ့ပြီး ဂေါ့ဖ်ရိုက်လိုက်တဲ့ ပုံစံလေးကလည်း ဆွဲဆောင်မှုရှိတာပါပဲ ...။



www.burmeseclassic.com

www.burmeseclassic.com



ကို့ကို ကြည့်နေမိသော ပရစ် မျက်ဝန်းတို့သည် နောက်ဆုံးမှာတော့ ကို့နောက်က ဂေါ့ဖ်အိတ်ထမ်းသည့် ကောင်မလေးထံမှာ စိုက်တုံ့သွားသည်။

ကောင်မလေးက ဂေါ့ဖ်အိတ်သာ ထမ်းတယ်၊ ပုံစံက အလန်းစား ...။ အရပ်ကမြင့်မြင့်၊ ခန္ဓာကိုယ် အချိုးအဆက်က ကျကျ၊ ကုပ်တိကုပ်ချောင်း အနိမ့်စားရုပ်မျိုးတော့ လုံးဝမဟုတ်။ သူ့ပုံစံကို မျှော်ကြည့်ရင်း ကြည်ဖြူစကားတွေက ပရစ်နားဝမှာ ပွက်ပွက်ညံလာပါသည်။

ဟိုအရင် ကို ဂေါ့ဖ်ရိုက်စတုန်းကတော့ ပရစ်က အအေးခွက်ကိုကိုင်ကာ ပိုက်ကလေးနဲ့ တစိမ့်စိမ့် စုပ်သောက်ရင်း စတိုင်လ်ကျလှတဲ့ ကို့ပုံစံကို ကြည်ကြည်နူးနူး ငေးမျှော်စောင့်ဆိုင်းနေခဲ့တာ။ အဲ့ဒီတုန်းကဆို ကို့နောက်က ဂေါ့ဖ်အိတ်ထမ်းသူဟာ ဖြူသလား၊ မည်းသလားဆိုတာတောင် မသိ၊ သတိထားပြီးတော့လည်း မကြည့်မိပါ။ ပရစ် အာရုံက ကို့ တစ်ယောက်ဆီမှာသာ ...။

ခုတော့ ကို့ကို ကြည့်နေသော ပရစ်ရဲ့ ခံစားချက်ဟာ အရင်နဲ့ လုံးဝမတူတော့။ ကြည်ဖြူ စကားတွေကြောင့် အပြောင်းလဲကြီး ပြောင်းလဲသွားခဲ့ပြီ။ အအေးကနေ အပူဖြစ်ခဲ့ပြီ။ ပရစ်က ပရစ်ရဲ့ အပူမီးတောက်နေသော မျက်လုံးတွေကို သူများမမြင်အောင် နေကာမျက်မှန်လှလှလေးဖြင့် ဖုံးကွယ်ထားရင်း ကို့ကို စောင့်နေလိုက်ပါသည်။





ကိုကတော့ အရင်လိုပဲ ပရစ် ရှိရာကို လှမ်းကြည့်ကာ လက်မြှောက်ပြ၍ နှုတ်ဆက်နေသဖြင့် ပရစ်က ကမန်းကတန်း လက်ပြန်မြှောက်ပြလိုက်ရသည်။

ခဏနေတော့မှ ကိုက ပရစ်ဆီ ပြန်လျှောက်လာကာ ...

“ပရစ် ... ပျင်းနေပြီလား”

“မပျင်းပါဘူး၊ ကို့ကို မြင်နေရတာပဲဟာ”

“ကို့ကို မြင်နေရင် မပျင်းဘူးပေါ့”

“အင်းပေါ့ ...”

ကိုက ပရစ် ခေါင်းလေးကို လှမ်းပုတ်ပြီး ပရစ်ဘေးက ခုံမှာ ဝင်ထိုင်လိုက်တော့ ပရစ်က ကြည်နူးသွားကာ ဟိုကောင်မလေးဘက်ကို မျက်လုံးလေး စွေကြည့်လိုက်မိသည်။ ကောင်မလေးကတော့ ပရစ်တို့ဘက်ကို ကြည့်မနေ ...။

“ပေး ... ကို့ လက်၊ ပရစ် လက်အိတ်ချွတ်ပေးမယ်”

“တယ် ယုယနေပါလား ...”

ပရစ်က ကို့ လက်ကိုဆွဲပြီး လက်အိတ်ချွတ်ပေးလိုက်တာမို့ ကိုက ပရစ်ကို မျက်ခုံးပင့်၍ ကြည့်ရင်း ပြောသည်။ ပရစ်က ကို့နဖူးပေါ်က ချွေးတွေကို တဘက်ဖြူလေးဖြင့် သုတ်ပေးရင်းက ကို့ကို မျက်လုံးလေး စွေကြည့်ရင်း ...

“အမြဲ ယုယနေကျပါနော်”

“အရင်တုန်းက လူရှေ့မှာဆို ဒီလောက်မယုယပါဘူး”



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ ... ကိုက လူရှေ့မှာ ပရစ် ယုယတာကို မကြိုက်ဘူးလား ..."

"မကြိုက်ဘဲ နေပါ့မလား၊ အားမာန် မိန်းမက အားမာန်ကို သိပ်ဂရုစိုက်တာပဲဆိုရင် ကိုယ်တောင် ဂုဏ်တက်သေးတယ်"

"အဟင်း ..."

ပရစ်က ကို့အပြောလေးကို သဘောကျ ကြည်နူးသွားပါသည်။ ပြီးတော့ ကို့ကို ပြုံးပြုံးလေးကြည့်ရင်း ...

"ကို ... ကို့ကို ပရစ် တစ်ခုပြောရဦးမယ် သိလား"

"ပြောလေ ..."

"ပရစ် ကြည့်ကြည့်နေတာ ကြာပြီ၊ ကို့နောက်က ဂေါ့ဖ်အိတ်ထမ်းတဲ့ ကောင်မလေး ကြည့်ရတာ သိပ်အရိုးမပြေဘူး၊ တခြားတစ်ယောက် ပြောင်းလိုက်ပါလား ..."

"အဝေးကြီးကနေ ပရစ်က ဘယ်လို အချိုးမပြေမှန်းသိလဲ၊ ကိုယ်ဖြင့် သတိမထားမိပါဘူး၊ သူ့ဟာသူ ကိုယ့်နောက်ကလိုက်နေတာ အဆင်ပြေသားပဲ၊ ဂေါ့ဖ်တံ ပေးတာလည်း အမှားမရှိပါဘူး"

"ဒါပေမယ့် တစ်မျိုးတော့ တစ်မျိုးပါပဲ ကိုရယ် ..."

"ဘယ်လို တစ်မျိုးလဲ ..."

"ပရစ် သေချာတော့ ပြောမပြတတ်ဘူး၊ စိတ်ထဲမှာတော့ သိပ်အပိုးကျိုးကျိုး မရှိဘူးလို့ ထင်နေတယ်"





"ဘာပဲဖြစ်ဖြစ် အထွေအထူး ပြစ်ချက်မရှိဘဲ ချက်ချင်းကြီး ပြောင်းလို့တော့ ဘယ်ကောင်းပါ့မလဲ ပရစ်ရဲ့ ..."

"ဒါတော့ ဒါပေါ့၊ ဒါပေမယ့် ..."

"ကိုယ့် မိန်းမမှာလည်းနော်၊ ကိုယ် ဂေါ့ဖ်ရိုက်ဖြစ်အောင်လည်း တိုက်တွန်းရ ...၊ ရိုက်ဖြစ်တော့လည်း ဂေါ့ဖ်အိတ်ထမ်းတဲ့သူ ကောင်းကောင်းရဖို့ ခေါင်းစားရနဲ့ တော်တော်ပင်ပန်းနေပြီ၊ တကယ်ဆို ကိုယ်က ဒီအားကစားကို လုံးဝ ဝါသနာပါတာ မဟုတ်ဘူး၊ ပရစ် တိုက်တွန်းလို့သာ ကစားဖြစ်တာ ..."

ကို့ စကားကြောင့် ပရစ်က ဝမ်းသာသွားကာ ...

"ဒါဆိုလည်း မကစားချင်ရင် မကစားနဲ့တော့လေ ..."

"မရတော့ဘူးကွ၊ စွဲသွားပြီ ..."

"ဟင် ... ဘာကိုစွဲတာလဲ"

"ဂေါ့ဖ်ရိုက်တာကိုလေ၊ အမှန်အတိုင်း ပြောရရင် အရင်တုန်းကတော့ ဂေါ့ဖ်ရိုက်ခြင်းရဲ့ အရသာကို မသိဘူး၊ ပိုက်ဆံလည်း နှမြောတာပါတာပေါ့၊ ခုတော့ ကိုယ့်မိန်းမက ဂေါ့ဖ်အိတ်ပါ ဝယ်ပေးတော့ ကစားရင်းနဲ့ အရမ်းသဘောကျပြီး စွဲသွားပြီ၊ ဖြတ်ဖို့ ခက်သွားပြီ"

ကို့စကားကြောင့် ပရစ်က ငိုင်သွားပါသည်။

ဂေါ့ဖ်ကိုစွဲပြီး ဂေါ့ဖ်ကိုဖြတ်ဖို့ ခက်တာမှ ဟုတ်ပါလေစ ကိုရယ် ...။



www.burmeseclassic.com

www.burmeseclassic.com



ဘာကိုဆွဲပြီး ဘာကိုဖြတ်ဖို့ ခက်နေတာများလဲ ...။

ပရစ်သည် မယုံသင်္ကာအတွေးများဖြင့် မောပမ်းနွမ်းလျသွားလေသည်။

ကိုရယ် ... ပရစ် ရင်ပူလိုက်တာဟယ်။

* * *



* * *

"ဟဲလို ..."

"ကို့ ... ပရစ်ပါ"

"အင်း ... ပြောလေ ... ပရစ်"

"ကို့ကို သတိရလို့ ဆက်လိုက်တာ၊ ကိုရော ပရစ်ကို သတိရရဲ့လား ..."

"ကိုယ် အခု အလုပ်များနေတာ ပရစ်ရဲ့၊ ကုမ္ပဏီကြီး တစ်ခုက သူတို့ ကြော်ငြာတွေအားလုံး ကိုယ်တို့နဲ့လုပ်ဖို့ လာစကားပြောနေကြတာ ..."

"ဟုတ်လား ...၊ ပရစ်တောင် ခဏနေရင် ကို့ရုံးကို လာခဲ့မလို့ ..."

"ဘာလုပ်ဖို့လဲ ..."

"အထွေအထူးတော့ မရှိပါဘူး၊ ကို့ရုံးနားက ရှော့ပင်း စင်တာကို လာရင်း ကို့ဆီဝင်လာမှာ ..."



www.burmeseclassic.com

www.burmeseclassic.com



"လာချင်လာလေ ...၊ ကိုယ်တော့ မအားဘူးနော်၊ ပရစ်ကို ညှော်မခံနိုင်ရင် စိတ်မဆိုးနဲ့ ..."

"အင်းပါ ... ကိုရဲ့၊ ဒါပဲနော် ..."

ပရစ် ဖုန်းချသွားတော့ အားမာန်က ဖုန်းကို ပါဝါပါ ပိတ်ပစ်လိုက်ပြီး ကိုယ့်ရှေ့မှာ ထိုင်နေသည့် Customer ကို အားနာပြုံး ပြုံးပြပြီး စကားဆက်ရသည်။

ခုတလောမှာ ပရစ်တစ်ယောက်ဟာ ဘာဖြစ်မှန်း မသိ။ အားအားရှိ ကိုယ့်ရုံးကိုပဲ အကြောင်းမရှိ အကြောင်းရှာကာ လာနေသည်။ ပြီးတော့ ဖုန်းတွေလည်း တဂျိုဂျိုဆက်သည်။ ရုံးကို ရောက်လာရင်လည်း ရုံးက ဝန်ထမ်းကောင်မလေးတွေကို မျက်စိဒေါက်ထောက်ကြည့်ကာ ဟိုဟာဝင်ပြော၊ ဒီဟာဝင်ပြော၊ ဘာမှမသိဘဲ ဩဇာတွေဝင်ပေး၊ ရှူးနေလား မသိ။

ရုံးက ဝန်ထမ်း မိန်းကလေးတွေခမျာလည်း ပရစ်လာပြီဆို မျက်နှာငယ်လေးတွေနှင့် နေစရာကိုမရှိတော့။ ပရစ် ရှေ့မှာ အမှားလုပ်မိမှာ စိုးကြတာမို့ ဟိုဟာမလုပ်ရဲ၊ ဒီဟာ မလုပ်ရဲမို့ အလုပ်က မတွင်။

ပရစ် လုပ်ပုံမဟုတ်တာကို အားမာန်က သိပေမယ့် ဒီလောက်နဲ့တော့ ဘာမှမပြောဘဲ လွှတ်ထားပေးလိုက်သည်။ ပရစ် သူ့ဘာသာ အသိဝင်ကာ ပြင်ဆင်သွားလိမ့်မည်ဟု ထင်မိတာကြောင့်ပင်။

ခုနောက်ပိုင်းမှာ အားမာန်ရဲ့ သာမန် ဒီဇိုင်း ရုံးခန်း





လေးဟာ advertising (ကြော်ငြာ) ကုမ္ပဏီတစ်ခုအသွင်သို့ ကူးပြောင်းလာကာ အလုပ်တွေလည်း အောင်မြင်လာပါသည်။ ကုန်ပစ္စည်းတစ်ခု ဈေးကွက်မှာ ပေါက်ဖို့ လိုဂို၊ ဒီဇိုင်း၊ တီဗီကြော်ငြာ ရိုက်ဖို့ လွှင့်ဖို့၊ လမ်းဆုံ လမ်းမကြီးတွေမှာ ဘုတ်ထောင်ဖို့ကိစ္စ အဝဝကို တာဝန်ယူ လုပ်ကိုင်ပေးရတဲ့အပြင် ကိုယ်တိုင်လည်း ဒီဇိုင်းရေးဆွဲသေးတာမို့ အလုပ်က မအား။

ဒီကြားထဲမှာ ပရစ်ကလည်း ရုံးကိုလာကာ စကားတွေကများ။

ပရစ် ရောက်လာချိန်မှာ အားမာန်က ကိုယ့်ရုံးခန်းလေးထဲမှာ ဧည့်သည်နှင့် စကားပြောနေရဆဲပင်။

ဧည့်သည်တွေ ပြန်သွားတော့မှ အားမာန်က ဝန်ထမ်းတွေထိုင်သည့် စားပွဲတစ်လုံးမှာ ဝင်ထိုင်နေသော ပရစ်ရှိရာသို့ လျှောက်လာခဲ့သည်။

အားမာန် ထိုင်သည့် သီးသန့်ရုံးခန်းအပြင်မှာ ဝန်ထမ်း ဆယ်ယောက်လောက် ထိုင်သော စားပွဲတွေ စီတန်းထားသည့် ရုံးခန်းကျယ်တစ်ခု ရှိသည်။ ဝန်ထမ်း ဆယ်ယောက်မှာ ခုနစ်ယောက်က မိန်းကလေးတွေပင် ...။

ပရစ် ရောက်နေတာကြောင့် ရုံးခန်းထဲက ဝန်ထမ်းတွေ အကုန်လုံးက ပရစ်ကိုရှိန်ကာ ငြိမ်ငြိမ်ကုပ်ကုပ်လေးတွေ ဖြစ်နေသည်။

"ပရစ် ... ကိုယ့် ရုံးခန်းကို လာလေ"



www.burmeseclassic.com

www.burmeseclassic.com



"ကို အလုပ်ရှုပ်နေတာ မဟုတ်လား"

"ရှုပ်ပေမယ့် ညှို့သည်တွေ ပြန်သွားပြီလေ၊ ပရစ် လာထိုင်နေလို့ ရတယ်"

"ပရစ် ဒီမှာပဲ ထိုင်နေလို့ ရပါတယ် ကိုရဲ့၊ ဒီမှာထိုင်ရင်း ကို့ရုံးက လုပ်ငန်းဆောင်တာလေးတွေကို လေ့လာရတာပေါ့"

"ကိုယ့်ရုံးခန်းထဲမှာ လေ့လာရင်လည်း ရပါတယ် ပရစ်ရဲ့၊ ပရစ် သိချင်တာရှိရင် မေးလေ၊ ကိုယ် ရှင်းပြမှာပေါ့"

အားမာန်က ဖွတ်ခေါ်တော့မှ ပရစ်က ထလိုက်လာပါသည်။

ရုံးခန်းထဲက ဆိုဖာမှာ ထိုင်မိကြတော့ အားမာန်က ပရစ်ကို ပြုံးကြည့်ရင်း ...

"ကဲ ... ကိုယ့်အသည်းလေး၊ ဘာသိချင်လဲ မေး ..."

"ပရစ်က ဟိုဘက်ရုံးခန်းကျယ်ထဲမှာပဲ ထိုင်ပြီး ဝန်ထမ်းတွေ လုပ်တာ ကိုင်တာကို လေ့လာနေချင်တာ"

"ပရစ်က သူတို့နဲ့ သိပ်မရင်းနှီးသေးဘဲ သူတို့ကြားမှာ သွားထိုင်နေတော့ သူတို့ အနေကျပ်တာပေါ့ ပရစ်ရဲ့"

"ပရစ်က သူတို့ကို အကဲခတ်နေတာ ..."

"အကဲခတ်တော့ ဘာတွေတွေ့ရလဲ ..."

"တချို့ ဝန်ထမ်း ကောင်မလေးတွေ လုပ်မှုကိုင်မှု အချိုးမပြေတာကို တွေ့ရတာပေါ့"





"ဘယ်ကောင်မလေးက အချိုးမပြေ ဖြစ်နေပြန်ပြီလဲ"

"သဉ္ဇာနွယ် ဆိုတဲ့ တစ်ယောက်ရယ်၊ တင်တင်မာဆိုတဲ့ တစ်ယောက်ရယ်၊ ဇာခြည်အေးဆိုတဲ့ တစ်ယောက်ရယ် ဟာ အလုပ်လုပ်ရင် ပေါ့ပေါ့ဆဆ လုပ်တာ တွေ့ရတယ် ကို ..."

ပရစ် ပြောတဲ့ သုံးယောက်လုံးက ဒီရုံးမှာ အချောဆုံး အလှဆုံး မိန်းကလေး သုံးယောက်ပင်။

"ဘာတွေများ ပေါ့ဆလို့လဲ ပရစ်ရဲ့၊ သူတို့အလုပ်ကို သူတို့ တာဝန်ကျေကျေ လုပ်နေကြတာကို မြင်သားပဲ"

"ဒါပေမယ့် သူတို့ပုံစံက တစ်နေ့ကျရင် ကို့ customer (ဖောက်သည်)တွေကို ခွဲခေါ်သွားပြီး တစ်စင်ထောင်မယ့် ပုံစံမျိုးပဲ ကိုရဲ့၊ ပရစ်ကတော့ သူတို့တွေ ဒီအလုပ်က data(အချက်အလက်)တွေအားလုံးကို မသိခင် စောစောစီးစီးကတည်းက အလုပ်ထုတ် ပစ်လိုက်စေချင်တယ်၊ သူတို့ကိုဆက်ထားရင် ကို့လုပ်ငန်းမှာ အန္တရာယ် ရှိနိုင်တယ်"

"ကိုယ်ကတော့ တစ်ခါမှ အဲ့ဒီလို မမြင်မိသေးဘူး"

ဘယ်မြင်မလဲ ... သူတို့က ချောတာကိုးဟု ပရစ်က စိတ်ထဲမှ ကျိတ်ပြောရင်း ကို့ကို အမြင်ကတ်သွားသည်။

"သူတို့ သုံးယောက်စလုံးက ကိုယ့်အလုပ်အတွက် အားကိုးရတယ် ပရစ်၊ သူတို့က ရုပ်ရည်လေးတွေ သန့်ပြန့်



www.burmeseclassic.com

www.burmeseclassic.com



ရည်မွန်တယ်၊ အပြောအဆို ယဉ်ကျေးတယ်၊ အလုပ်အပ်မယ့်သူကို ကိုယ့်ဘက်ကို ယိမ်းယိုင်လာအောင် ပြောဆိုနိုင်စွမ်း ရှိတယ်"

ဖောက်သည်တင် မကဘူး၊ ကို့ကိုပါ ယိမ်းယိုင်လာအောင် ပြောဆိုနိုင်တဲ့ ပုံမျိုးပေါက်နေလို့ ပရစ်က ထုတ်ခိုင်းနေရတာပေါ့ ကိုရဲ့။

"ကိုက အလုပ်ခန့်ရင် ချောတဲ့ မိန်းကလေးတွေကိုပဲ ရွေးခန့်တာလား ..."

"မိန်းကလေးမှ မဟုတ်ဘူး ပရစ်၊ ယောကျ်ားလေးတွေကိုလည်း ကြည့်လိုက်ဦး၊ အကုန်လုံး ရုပ်သန့်သန့်လေးတွေချည်းပဲ၊ အပေါ်ယံ ရုပ်ရည်သန့်ပြန့် ချောမွေ့တာကလည်း တစ်ဖက်သားကို လိုလားစိတ် ဖြစ်စေတယ်၊ ဒါ့ကြောင့် စီးပွားရေး အမြင်အရ ရုပ်ချောတဲ့သူကို ပိုပြီး ဦးစားပေးခန့်တယ်၊ ရုပ်ချောပေမယ့် သုံးမရအောင်ညံ့ဖျင်းပြီး အကျင့်မကောင်းရင်တော့လည်း ထုတ်ပစ်တာပေါ့ကွာ ...၊

"ပရစ် ထုတ်ခိုင်းတဲ့ သုံးယောက်လုံးကတော့ အရည်အချင်းလည်း ရှိတယ်၊ လုပ်ငန်းမှာလည်း အသုံးတည့်တယ်၊ သူတို့ကို ထုတ်လိုက်ရင် ကိုယ့်အလုပ်ကိစ္စတချို့မှာလည်း အခက်အခဲဖြစ်သွားနိုင်တယ်၊ အဲ့ဒါကြောင့် ကိုယ် မထုတ်နိုင်ဘူး ပရစ် ..."





"ကို ဘာမှ စိတ်မပူပါနဲ့၊ ကို့အလုပ်မှာ အခက်အခဲမရှိအောင် ပရစ် စီစဉ်ထားပါတယ်"

"ဆိုပါဦး ... ဘာများ စီစဉ်ထားလဲ ..."

"အရည်အချင်းရှိတဲ့ ဝန်ထမ်းသစ် သုံးယောက် ပရစ်ရှာထားတယ်"

"ဩော် ... ပရစ်က ဒီကိစ္စကို ကြိုစီစဉ်ထားတာကိုး"

"ကိုယ့်ယောကျ်ားရဲ့ အလုပ်အတွက် ဝင်ပြီး ဦးနှောက်စားပေးတာပါ ကို၊ ခဏနေ သူတို့ ရောက်လာကြပါလိမ့်မယ်၊ ကို တွေ့ကြည့်လိုက်ပါ ..."

"ကောင်းပြီလေ ... ကြည့်ရသေးတာပေါ့"

ပရစ် လုပ်ပုံကို အားမာန်က စိတ်တိုစပြုပြီ။ ပရစ်ရဲ့ သဘောထားကိုလည်း သဘောပေါက်စ ပြုပြီ။ သို့သော် ရုံးမှာမို့ စကားအခြေအတင်မဖြစ်လိုဘဲ ဒေါသကို ထိန်းကာ ...

"ဒါနဲ့ ပရစ်က ကိုယ့်အလုပ်ထဲက ရုပ်အချောဆုံးတွေကိုပဲ ရွေးပြီး အလုပ်ထုတ်ခိုင်းနေသလိုပဲနော်"

"အဲ့ဒီလိုတော့ မဟုတ်ပါဘူး၊ ကြည့်ရတာ အချိုးမပြေတဲ့ လူတွေက ရုပ်ချောတဲ့သူတွေ ဖြစ်နေလို့ပါ"

ပရစ်က ဝန်မခံ ...။ ကို့ကို ပရစ် စိတ်မချဖြစ်နေတာကို ကို မသိစေချင် ...။

"မသိပါဘူး ... ပရစ်က ကိုယ့်ကို စိတ်မချတွေ ဖြစ်နေသလားလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"မဖြစ်ပါဘူး ကိုရဲ့၊ ပရစ် ကို့ကို ယုံပါတယ်"

"ကိုယ်က ကိုယ့်ဘက်က သိက္ခာရှိရှိ စောင့်စည်းနေရက်နဲ့ ကိုယ့်ကို မယုံသကာ အဖြစ်ခံရတာမျိုးကို အရမ်း ခါးသီးတယ် ပရစ် ..."

အခြေအနေက တင်းမာစ ပြုလာပါသည်။

ထိုအချိန်မှာပဲ ရုံးတွင်းသို့ ရုပ်ဆိုးသော၊ ပုသော၊ ဝသော၊ မည်းသော အစရှိသည့် အင်္ဂါရပ်များ အနည်းငယ်စီ ပေါင်းစပ်ဖွဲ့စည်းထားသည့် မိန်းကလေးသုံးယောက် ဝင်လာတာကို အားမာန်ရဲ့ ရုံးခန်းမှန်တံခါးမှ လှမ်းမြင်လိုက်ရပါသည်။

"ပရစ် ... မင်းပြောတာ ဟိုဟာလား"

အားမာန်က အပြင်ဘက် ဧည့်ခန်းထဲသို့ မေးငေါ့ပြရင်း မေးလိုက်သည်။ ဧည့်ခန်းဘက်ကို ကျောခိုင်းထိုင်နေသော ပရစ်က နောက်သို့လှည့်ကြည့်လိုက်ပြီး ...

"ဟုတ်တယ် ... ကို၊ သူတို့လေးတွေက ရိုးသားပြီး ကြိုးစားတဲ့ သူလေးတွေပဲ၊ လုပ်ငန်းအတွေ့အကြုံလည်း ရှိတယ်၊ ပရစ် သေချာရွေးထားတာ၊ ကို ခိုင်းကြည့်ပါ၊ သဘောကျမှာပါ ..."

"ကိုယ် ခိုင်းမကြည့်ချင်ဘူး ပရစ် ..."

"ဘာဖြစ်လို့လဲ ..."

"သဘောမကျလို့ ..."





အားမာန်က ပရစ်လုပ်ပုံကို အမြင်ကတ်ကတ်နှင့် တမင်ငေါ့သည်။ ပရစ်ကလည်း မျက်နှာထားတင်းလာကာ ...

"ခိုင်းတောင် မကြည့်သေးဘဲနဲ့ သဘောမကျဘူးဆိုတော့ ကေန္တ ရုပ်မချောလို့များလား ..."

"အစစ်ပဲ ..."

"ကိုက ရုပ်ချောတဲ့လူမှ ခန့်မယ်ပေါ့ ..."

"ခုနကတည်းက ပြောပြီးပြီပဲလေ ..."

"ကို့ရုံးမှာ ချောတဲ့သူတွေချည်းရှိနေမှ ကို့အတွက် အဆင်ပြေမှာပေါ့နော် ..."

"ဒါပေါ့ဗျာ ..."

"ပြီးတာပဲလေ ..."

နှစ်ယောက်လုံးဟာ ရုံးမှာမို့ စိတ်ထဲရှိတာ ဖွင့်ထုတ်၍ ရန်မဖြစ်ဘဲ မျိုသိပ်အောင့်အည်းနေကြပေမယ့် စိတ်ထဲမှာတော့ အနားက တွေ့ရာမြင်ရာနဲ့ တစ်ယောက်ကိုတစ်ယောက် ကောက်ပေါက်နေကြပါသည်။

ပရစ်ကလည်း အားမာန် အထာကို သိသည်။ အားမာန်ကလည်း ပရစ်အထာကိုသိသည်။ အထာလေးတွေ ကိုယ်စီနဲ့ နှစ်ကိုယ်တူ တင်းမာနေကြပါသည်။

အားမာန်က ပရစ်ကို ချစ်ပေမယ့် ခုလိုမျိုး ဘာမှ နားမလည်ဘဲ ကိုယ့်အလုပ်ထဲထိ ဘလိုင်းကြီး ဝင်စွက်ဖက် ခြယ်လှယ်တာမျိုးကိုတော့ လုံးဝ မခံချင်ပါ။ သူ ခြယ်လှယ်တာ



www.burmeseclassic.com

www.burmeseclassic.com



က နည်းလမ်းတကျလည်း မဟုတ်။ ကိုယ့်အလုပ်ထဲက ရုပ်အချောဆုံး သုံးယောက်ကိုမှ ရွေးပြီး အလုပ်ထုတ်နိုင်နေတော့ ဒီကောင်ကပဲ နှာဘူးအလုပ်ရှင်လိုလို ဘာလိုလို။

ပရစ်ကလည်း သူမရဲ့ အူတိုမှုကို အားမာန် မသိအောင် မပိမရိ ဖုံးကွယ်ထားဆဲ ...။ ဒီကိစ္စမျိုးနဲ့ ကိုယ့်ဘက်က ဘွင်းဘွင်းကြီး ဖွင့်ပြီး အူတိုစကား ပြောရမှာ အောက်တယ်ထင်သည်။ သို့သော် ... ဖွင့်မပြောရသဖြင့် ရင်ထဲမှာ တရိရိ နာနေသည်။

ပရစ်သည် ဘာမှမဖြစ်သလိုပုံဖမ်းကာ ပရစ်ခေါ်ထားသည့် မိန်းကလေးတွေကို ပြန်လွှတ်လိုက်ပြီး အားမာန်ရဲ့ ရုံးကနေ အေးအေးဆေးဆေး ပြန်လာသော်လည်း စိတ်ထဲမှာတော့ ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိအောင် ကယောင်ချောက်ချားတွေ ဖြစ်နေသည်။

ကို ဂေါ့ဖ်ကွင်းက ကောင်မလေးကို သာယာနေသလား။

သူ့ရုံးမှာ မိန်းမချောလေးတွေ ခန့်ထားပြီး သာယာနေတာလား။

ယောကျ်ားတို့ရဲ့ သဘောဟာ ဘယ်လိုများပါလိမ့်။

ပရစ်သည် တွေရာလေးပါး တွေးရင်း ကားကို ဒက်ဒီ့ကုမ္ပဏီသို့ ဦးတည်၍ မောင်းလာခဲ့မိလေသည်။

❋ ❋ ❋



❋ ❋

"ဒက်ဒီ ခုတလော ဂေါ့ဖ်ကွင်းသွားဖြစ်လား"

"အင်း ... သွားဖြစ်တယ်လေ၊ ခုတလော ဒက်ဒီ ခရီးသိပ်မထွက်ဖြစ်တော့ ညနေတိုင်း ဂေါ့ဖ်ရိုက်နေတယ်၊ ဒါနဲ့ ဟိုကောင် အားမာန်လည်း ဂေါ့ဖ်ရိုက်နေတယ်ဆို"

"ဟုတ်တယ် ဒက်ဒီ၊ သူကတော့ တစ်ပတ် နှစ်ရက်လောက်ပါပဲ"

ပရစ်က လေသံပျော့တော့လေးနှင့်ပြန်ဖြေပြီး ဂေါ့ဖ်ကွင်းမှာ ကို့နောက်ကို တကောက်ကောက်လိုက်နေသော ကောင်မလေးကို မြင်ယောင်ကာ ငိုင်နေမိသည်။

ဦးလွင်ညိုမှာ သမီးမျက်နှာ ညှိုးညှိုးကို အကဲခတ်ရင်း ဟိုကောင့်ကြောင့်များ ငါ့သမီးလေး စိတ်ဆင်းရဲပြီး ငါ့ဆီ ရောက်လာလေသလားဟု တွေးမိသွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ပုံမှန်အတိုင်းဆို သမီးက အကြောင်းအထွေအထူး မရှိဘဲ အဖေ့ကုမ္ပဏီကို လာခဲသည်။ ဒီနေ့တော့ နေ့လယ်ဘက်ကြီးမှာ သမီးက ထူးထူးခြားခြား အဖေ့ရုံးကိုလိုက်လာပြီး အဖေနဲ့ စကားစမြည် ပြောနေသည်။ သမီးရဲ့ မျက်နှာက မကောင်း။ ပုံစံက လန်းဆန်းတက်ကြွမှုမရှိ။ ဂေါ့ဖ်ရိုက်တဲ့ကိစ္စ မေးပြီး ငိုင်သွားတာဆိုတော့ ဟိုကောင် ဂေါ့ဖ်ကွင်းမှာ ဘာဖယား ရှုပ်ထားလို့များလဲ။

ဦးလွင်ညိုက ယောကျ်ားသားပေမို့ ဂေါ့ဖ်ကွင်းမှာ တချို့တလေ ဖယားရှုပ်ကြသည့် ကိစ္စလေးတွေကို သိထားသူပီပီ သမီးအတွက် စိတ်ပူသွားရပါသည်။

"ဒါနဲ့ ... ဒက်ဒီတို့ ယောကျ်ားတွေ ဂေါ့ဖ်ရိုက်တယ်ဆိုတာ ဘာအတွက် ရိုက်ကြတာလဲဟင်"

"တစ်ယောက် တစ်မျိုးပေါ့ သမီးရယ်၊ တချို့က ဝါသနာပါလို့၊ တချို့ကလည်း ကျန်းမာရေးအတွက်၊ တချို့ကလည်း လူမှုရေးအတွက်၊ စီးပွားရေးအတွက်၊ တချို့ကျတော့ အပျင်းပြေ စတိုင်လ်ထုတ်ရုံသက်သက်ပေါ့၊ ပိုက်ဆံရှိတဲ့သူတွေရဲ့ အဆင်တန်ဆာ သဘောမျိုးလို့လည်း ပြောလို့ရတာကိုး ..."

"ဂေါ့ဖ်ရိုက်ရင်း ဂေါ့ဖ်ကွင်းက ကယ်ဒီ မိန်းကလေးတွေနဲ့ ဇာတ်လမ်းရှုပ်ကြတာမျိုးလည်း ရှိတယ်မဟုတ်လား ဒက်ဒီ"





"တချို့လည်း ရှိတာပေါ့၊ ရှိတယ်ဆိုလို့ ကိုယ့်အဖေကိုတော့ တစ်မျိုးမထင်နဲ့နော် သမီး၊ ဒက်ဒီက တကယ့်ကို ဝါသနာပါလို့ ရိုက်တာ"

သမီးက ဘာမှဆက်မမေးတော့ဘဲ ငိုင်သွားပြန်သည်။ သေချာပါပြီ ... ဟိုကောင် ဂေါ့ဖ်ရိုက်ရင်း ဇာတ်လမ်းရှုပ်နေပြီ။ တွေ့မယ် ... မင်းတော့လား ... ။

"ဒက်ဒီ ... ဒက်ဒီရုံးမှာ မိန်းကလေး ဝန်ထမ်းများလားဟင် ..."

"ယောကျ်ားလေး မိန်းကလေး တစ်ဝက်စီပဲ သမီး"

"တချို့ ရုံးတွေကျတော့ မိန်းကလေးဝန်ထမ်း ပိုများတယ်နော် ဒက်ဒီ ..."

"လုပ်ငန်း သဘာဝကိုလိုက်ပြီး ခန့်ကြရတာကိုး၊ ကိုယ့်အယူအဆနဲ့ ကိုယ်ပဲလေ"

"ဒက်ဒီက မိန်းကလေးဝန်ထမ်း ခန့်ရင် ရုပ်ချောတဲ့သူကို ဦးစားပေး ခန့်လေ့ရှိလား ..."

"သင့်တင့်တဲ့ ရုပ်ရည်လေးနဲ့ ကိုယ်လိုချင်တဲ့ အရည်အချင်းလည်းရှိရင် ခန့်လိုက်တာပါပဲ၊ ရုပ်ချောမှ ဖြစ်မယ်လို့တော့လည်း မဟုတ်ပါဘူး"

"ဒက်ဒီ ... ဟိုလေ ... မရှိမသေ သမီး တစ်ခုလောက် မေးချင်လို့ ..."

"မေးလေ ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟို … ဒက်ဒီ့ရုံးမှာရှိတဲ့ ရုပ်ချောတဲ့ မိန်းကလေးတွေကို ဒက်ဒီ သဘောကျဖူးလားဟင် …"

ဦးလွင်ညိုက မျက်မှောင်ကြုတ်လိုက်ရင်း ပရစ်ကို စိုက်ကြည့်ကာ …

"သမီး … ညည်း ဒါတွေလာမေးနေပုံ ထောက်တော့ ညည်းယောက်ျားက သူ့ရုံးက ကောင်မလေးတွေနဲ့ ဇာတ်လမ်းရှုပ်နေပြီထင်တယ် … ဟုတ်တယ်မဟုတ်လား"

"အာ … မဟုတ်ပါဘူး၊ ဒက်ဒီကလည်း …"

"ညည်း မညာနဲ့ …၊ ညည်းကို ကြည့်လိုက်တာနဲ့ ယောက်ျားကြောင့် အပူမိနေတဲ့ပုံစံမျိုး ပေါ်နေတာ၊ ဟိုကောင်က ဂေါ့ဖ်ကွင်းမှာလည်း တစ်ဇာတ်လမ်း မဟုတ်လား"

"မဟုတ်ပါဘူး ဒက်ဒီရယ်၊ ဒက်ဒီ့ကို လာမေးမိကာမှ ပိုဆိုးနေပါပြီ …"

"ကဲ … ကြည့် … မဟုတ်ဘူးသာဆိုတယ်၊ စကားထဲက ဇာတ်ပြနေပြီ …"

"လုံးဝ မဟုတ်ပါဘူး ဒက်ဒီရယ် …"

ပရစ်သည် ဒက်ဒီ့ ဒေါသကိုလည်း ကြောက်ရ၊ ကိုကိုလည်း စိတ်ပူရ၊ ဒေါသဖြစ်ရနှင့် စိတ်တွေ လှုပ်ရှားလာကာ မျက်ရည်တွေ လည်လာသည်။





ဦးလွင်ညိုသည် သမီး မျက်ရည်တွေကို စိုက်ကြည့်ရင်း 'ဒါ ဟိုကောင့် ပယောဂပဲ' ဟု ယုံကြည်သွားကာ …

"ကဲ … မဟုတ်ရင်လည်း ပြီးတာပဲ၊ သမီး သွားတော့၊ ဒက်ဒီ အလုပ်လုပ်ရဦးမယ်"

ဟု အချိုသပ်၍ ပြန်လွှတ်လိုက်သည်။

သမီး ပြန်သွားတော့မှ ဦးလွင်ညိုက စားပွဲပေါ်က ဖုန်းကို ဆတ်ခနဲ ကောက်မကာ အားမာန်ဖုန်းကို ခေါ်လိုက်လေသည်။

✻ ✻ ✻



www.burmeseclassic.com

www.burmeseclassic.com

* * *

"ဆရာ ... ဖုန်းလာပါတယ် ..."

အရေးကြီးသည့် ညှို့သည်နှင့် အလုပ်ကိစ္စ ပြောနေတုန်းမှာ သူ့လက်ထောက် ဝန်ထမ်း ကောင်မလေးက လာပြောတာမို့ အားမာန်က စိတ်တိုသွားမိကာ ကောင်မလေးကို မျက်မှောင်ကြုတ်၍ ကြည့်မိရင်း ...

"ညှို့သည်ရှိတုန်း ဖုန်း မပြောဘူးလို့ ပြောထားတယ်လေ ..."

"ဟို ... ဒါ ... ဒါက ဆရာ့ ယောက္ခမတဲ့ ...၊ ဆရာ့ ဟန်းဖုန်းကို ဆက်တာလည်း ဖုန်းပိတ်ထားလို့တဲ့ ...၊ အပြင်သွားတယ် ပြောတော့လည်း မယုံဘူးတဲ့၊ ဒါမျိုးတွေ ငါလည်း လုပ်နေကျပဲတဲ့ ...၊ အဲ့ ... အဲ့ဒါ ..."

"ကဲ ... ကဲ ... ပြီးရော ... ကိုင်လိုက်မယ်၊ လွှဲပေးလိုက်"





ယောက္ခမ ဖုန်းကိုတော့ မကိုင်လို့ မဖြစ်တာမို့ အားမာန်က ကိုယ့်ရှေ့က ညှို့သည်ကို အားနာပြုံး ပြုံးပြရင်း

"အားတော့နာပါတယ်၊ ခဏလေး ခွင့်ပြုပါ ခင်ဗျ ..."

"ရပါတယ် ... ကျွန်တော်လည်း သန့်စင်ခန်း ခဏဝင်လိုက်ပါဦးမယ်"

အားမာန်က အခန်းထောင့်က အလုပ်စားပွဲဆီသို့ လျှောက်သွားကာ ဖုန်းကိုင်လိုက်ရပါသည်။

"ဟဲလို ..."

"ယောက်ကောင် ... မင်းနဲ့ ငါ ညနေကျ တွေ့ရအောင် ..."

"ဟို ... ကျွန်တော် ..."

"မအားဘူး ပြောမလို့လား၊ အားအား မအားအား တွေ့မှ ဖြစ်မယ်၊ မင်းနဲ့ အရေးတကြီးကိစ္စ ရှင်းစရာရှိတယ်၊ ညနေကျရင် မြရိပ်ညိုထဲက ဆိုင်ကို ၆ နာရီအရောက် လာခဲ့ ... ကြားလား"

"ဟုတ် ... ဟုတ်ကဲ့ ..."

အားမာန်ရဲ့ ဟုတ်ကဲ့သံမှ မဆုံးရသေးခင် ရွှေယောက္ခမကြီးက ဖုန်းကို ဂွပ်ခနဲ မြည်အောင် ချသွားသည်။ အားမတန်လို့ မာန်လျှော့ ခေါင်းညိတ်လိုက်ရသော အားမာန်မှာ တောက်တစ်ချက်ကို ခပ်ကျိတ်ကျိတ်ခေါက်ရင်း ကိုယ့်ခြေထောက်နားက စက္ကူအတိုအစထည့်သည့် ပလတ်စတစ် အမှိုက်ပုံးကို ပိတ်ကန်ပစ်လိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီသားအဖနှစ်ယောက်လုံး ဒီနေ့ကျမှ ဘာဖြစ်နေမှန်းကို မသိတော့ ...။ စောစောလေးကမှ သမီးက ရုံးကိုလာရစ်သွားသည်။ အခု အဖေဖြစ်သူက လေလှိုင်းကတစ်ဆင့် ရစ်ပြန်ပြီ။

ကိုယ်လည်း ဘာမှ အပြစ်လုပ်မထားပါဘဲ ဘုမသိဘမသိ အဟောက်ခံရတာ တော်တော်ဆိုးသည်။

ပရစ်နဲ့ ညားခါစက တစ်ခါ အဟောက်ခံရပြီးကတည်းက အားမာန်က အတတ်နိုင်ဆုံး ယောက္ခမနှင့် ခပ်ကင်းကင်းနေတာပင်။ နှုတ်ဖွာလှသော သူ့သမီးကို မေတ္တာရှေ့ထား၍ သည်းညည်းခံကာ စိတ်ချမ်းသာအောင်လည်း ထားပေးပါသည်။ ခုတလော ပရစ်က အခြေအမြစ်မရှိ ရစ်ရစ်နေလို့ ဆက်ဆံရေး တင်းမာမိတာတွေ ရှိပေမယ့် ခုချိန်ထိတော့ ဘာတစ်ခုမှ မလွန်သေးပါ။

ယောက္ခမနဲ့ ဖုန်းပြောပြီးကတည်းက အားမာန်စိတ်က မကြည်တော့ ...။ ညှိသည်နဲ့ စကားဆက်ပြောနေရပေမယ့် ဉာဏ်ကလည်း မရှင်တော့ ...။

တစ်နေကုန် ရင်တထိတ်ထိတ်နှင့် 'ဘာများ ရှင်းစရာရှိလို့ပါလိမ့်' ဟု တွေးမိရင်း ဦးနှောက်စားနေရလေသည်။

✹ ✹ ✹



✻ ✻ ✻

"ခွပ် ..."

"ဒါက ဂေါက်ကွင်းက ကိစ္စ ..."

"ခွပ် ..."

"ဒါက ရုံးထဲက ကိစ္စ ..."

ခွပ်ခနဲ ခွပ်ခနဲ နှစ်ချက် ဆက်တိုက်ထွက်လာသော အသံနှင့်အတူ သူ့မေးရိုးကြီးတစ်ခုလုံး ကွဲအက်မတတ် နာကျင်သွားသောအခါ ...

အားမာန်သည် ယောက္ခမ လက်ထဲက အားကုန်ရုန်းထွက်လိုက်ရင်း ...

"ဦး ... ဒါ ဘာလုပ်တာလဲ၊ ကျွန်တော် ဘာလုပ်မိလို့လဲ၊ ဦး ကျွန်တော့်ကို မတရားမလုပ်ပါနဲ့ ..."

ဟု ကယောင်ချောက်ချား အော်လိုက်သည်။

ဦးလွင်ညိုက ရုပ်ရှင်ထဲက လူကြမ်းတွေရဲ့ မထိတရီ အပြုံးမျိုး ပြုံးလိုက်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



“ကိုယ့်သမက် လုပ်ပုံမဟုတ်လို့ ယောက္ခမက ဆုံးမတာကို မတရားလုပ်တယ်လို့ မခေါ်ဘူးကွ …”

“ကျွန်တော် ဘာမှ မဟုတ်တာမလုပ်ဘူး၊ လုပ်မိရင်တောင် ဦး ကျွန်တော့်ကို ဒီလိုအကြမ်းပတမ်း ဆုံးမဖို့ မကောင်းပါဘူး၊ ကျွန်တော့် မိဘတွေ ရှိတုန်းကတောင် ကျွန်တော့်ကို ဒီလိုမဆုံးမခဲ့ဖူးဘူး”

“မင်းလုပ်ထားတဲ့ အပြစ်က ဒီလို ဆုံးမဖို့ပဲ ထိုက်တန်လို့ ဒီလိုဆုံးမတာပေါ့ကွာ …”

“ကျွန်တော် ဘာလုပ်မိလို့လဲ …”

“မင်း … ဖောက်ပြန်နေတယ်လေ …”

“ဗျာ … ၊ ကျွန်တော်က ဖောက်ပြန်တယ် ! …”

ဦးလွင်ညို စကားကြောင့် အားမာန်က အံ့အားသင့်သွားကာ ဟက်ခနဲ ရယ်လိုက်ရင်း …

“ဦး … လုံးလုံး မှားနေပြီ၊ ဒီလိုကိစ္စမျိုးကို ကျွန်တော် ကျူးလွန်ဖို့ဝေးလို့ တွေးတောင် မတွေးမိပါဘူး …”

“ဘယ်ယောကျ်ားက ဒီလိုကိစ္စမျိုးကို ဝန်ခံဖူးလို့လဲ …”

“လုံးဝမဟုတ်တာကို ကျွန်တော် ကျိန်ပြောရဲတယ် ဦး၊ ကျွန်တော် ဖောက်ပြန်တယ်လို့ ဦး ဘာ့ကြောင့် စွပ်စွဲတာလဲ၊ ဦးမှာ သက်သေပြစရာ ဘာရှိလဲ၊ ဦးကို ဘယ်သူပြောသလဲ၊ ပြောတဲ့လူနဲ့ ကျွန်တော် မျက်နှာချင်းဆိုင်ရှင်းမယ်”

“သက်သေပြစရာ ငါ့သမီး ပရစ်ဖူး တစ်ယောက်လုံး





ရှိတယ်လေ … ၊ သူပြောလို့ ငါသိတာ၊ မင်း ငါ့သမီးနဲ့ ရှင်းရင် ငါ့သမီးစိတ်ဆင်းရဲမှာစိုးလို့ ငါက အရင်လာရှင်းပေးတာ …”

အံ့သြစရာကြီးပါလားဗျာ …

ပရစ်ဖူးက ဒီလိုပြောသတဲ့ … ။

ယောက္ခမကတော့ သူ့ဘာသာ ကိုယ့်အပေါ် ဘယ်လောက် အကောင်းမြင်မြင် မမြင်မြင် ဒီလိုကိစ္စမျိုးကို တမင် လီဆယ် ဇာတ်လမ်းဆင်မှာတော့ မဟုတ်။

ဂေါ့ဖ်ကွင်းကို လိုက်လာကာ ကယ်ရီကောင်မလေးကို လူလဲခိုင်းလိုခိုင်း၊ ကိုယ့်ရုံးက ခပ်ချောချော မိန်းကလေးတွေကို အလုပ်ထုတ်ခိုင်းလို ထုတ်ခိုင်း လုပ်သွားတဲ့ ပရစ်ဖူး ပြောတာပဲ ဖြစ်နိုင်သည်။

ပရစ်ဖူးရယ် … ငါ့ကို ဘာလို့ ဒီလောက်ရက်ရက်စက်စက် ချောက်ချရက်တာလဲ။

အားမာန်သည် ဘာမှပြန်မပြောနိုင်တော့ဘဲ ပါးစပ်အဟောင်းသားဖြင့် ငြိမ်သက်သွားကာ ပရစ်ကိုသာ နာကြည်း၍ သွားလေသည်။

“ဟော့ကောင် … မင်း ပါးစပ်အဟောင်းသားနဲ့ ရူးချင်ယောင်ဆောင်မနေနဲ့ …”

ရူးချင်ယောင် ဆောင်နေတာ မဟုတ်ရပါဘူး ယောက္ခမရယ်။ တကယ် ရူးချင်နေတာပါ … ။



www.burmeseclassic.com

www.burmeseclassic.com



"မင်းနဲ့ငါ ယောကျ်ားချင်းပဲကွာ၊ ဒီလိုအထာတွေကို ငါလည်း နားလည်ပါတယ်၊ ငါတို့အရွယ် ယောကျ်ားကြီးတွေ အိမ်က အဘွားကြီးကို ဖီးလ်မလာတော့လို့ ကုမ္ပဏီက စမောလေးတွေ၊ ဂေါ့ဖ်ကွင်းက ကယ်ရီ ချောချောလေးတွေကို သာယာနေတာကတော့ ထားပါတော့ ...၊ မင်းက ဘယ်အရွယ်မို့လို့ ဒီလိုဇာတ်လမ်း ရှာရတာလဲ၊ ငါ့သမီးအသက်က ဘယ်လောက်ကြီးသေးလို့ မင်းက ဖီးလ်မလာတော့တာလဲ ...၊

"ငါ့သမီး မျက်နှာညှိုးညှိုးလေးနဲ့ ငါ့ဆီရောက်လာကတည်းက မင်းကြောင့် စိတ်ဆင်းရဲနေပြီဆိုတာ ငါသိတယ်၊ ဂေါ့ဖ်ကွင်းက ကိစ္စတွေ၊ ချောတဲ့ မိန်းကလေးတွေကိုမှ အလုပ်ခန့်တဲ့ကိစ္စတွေ ပြောလာကတည်းက မင်းကို ငါ လည်ပင်းလာညှစ်ချင်နေတာ ..."

"မဟုတ်ဘူး ..."

"ဘာမဟုတ်တာလဲ ..."

"ဘာမှမဟုတ်ဘူး ..."

"ဘာ ..."

"ဦး ပြောနေတာတွေအားလုံး ဘာဆိုဘာမှမဟုတ်ဘူး"

အားမာန်က မခံနိုင်လွန်းလို့ ခပ်ပြတ်ပြတ်ပြောပြီး ကိုယ့်ကားဆီ ပြေးသွားကာ ကားတံခါးကို သွားဆွဲဖွင့်လိုက်သည်။ မြရိပ်ညိုထဲက ကားပါကင်မှာ သူ့ကားရပ်၍ ကားပေါ်က ဆင်း





ဆင်းချင်း အသင့်စောင့်နေသော ယောက္ခမက ဆီးသမတာမို့ နှစ်ယောက်လုံးက ကားတွေနားမှာ ရှိနေသေးတာပင် ...။

"ဟေ့ကောင် ... မင်း ဘယ်ပြေးမလို့လဲ"

ဦးလွင်ညိုက အားမာန်ရဲ့အင်္ကျီကော်လံစကို နောက်ကနေ ဆောင့်ဆွဲလိုက်သဖြင့် အားမာန်က ကားထဲ ဝင်ခါနီးဆဲဆဲမှာ နောက်ဘက်သို့ ယိမ်းယိုင်ကာ ပါသွားသည်။

အားမာန်က ဖွတ်ပြန်ရှုန်းထွက်လိုက်ရင်း ...

"သွားရှင်းမလို့၊ ဦး သမီးနဲ့ သွားရှင်းမလို့ ..."

"ဘာ ...၊ မင်း ဘာမှ ငါ့သမီးကို သွားပြီးမဲနေစရာ မလိုဘူးကွ ..."

"မဟုတ်တာတွေ လျှောက်လျှောက်ပြောတတ်တဲ့ ဦးသမီးကို နည်းနည်းတော့ ဆုံးမရမှာပဲ ဦး ..."

"ဘာ ..."

အားမာန်က ကားထဲကို မြန်မြင်ဝင်ပြီး လီဗာ ဆောင့်နင်း၍ တစ်ရှိန်ထိုး မောင်းထွက်လာသည်။

"ဟေ့ကောင် ... မင်း ငါ့သမီးကို လက်ဖျားနဲ့တောင် မထိနဲ့ ..."

ဦးလွင်ညိုက ဒေါသတကြီး အော်ဟစ်ရင်း သူ့ကားဘီးကို တစ်ချက် ဆောင့်ကန်လိုက်ပါသည်။

✵ ✵ ✵



www.burmeseclassic.com

www.burmeseclassic.com

* * *

"ပရစ်ရေ... ပရစ်ဖူးရေ... ကိုယ့် အသည်းလေးရေ... ဟောဒီမှာ မင်းပေးတဲ့ ဒဏ်ရာတွေကို ထွက်ကြည့်ပါဦးကွာ..."

အားမာန်က ပရစ်ကို အော်ခေါ်ရင်း အိမ်ထဲသို့ ဝင်လာသည်။ ပရစ်က အိမ်နောက်ဘက်မှ ပြေးထွက်လာကာ

"ဟယ်... ကို၊ မျက်နှာမှာ ဒဏ်ရာတွေနဲ့ပါလား၊ ဘာဖြစ်လာတာလဲဟင်..."

ဟု စိုးရိမ်တကြီးပြောရင်း အားမာန်အနီးသို့ အပြေးရောက်လာကာ အားမာန်ရဲ့ မျက်နှာကို လက်ဖဝါးကလေး နှစ်ဖက်ဖြင့် လှမ်းအုပ်ကိုင်လိုက်သည်။

"ဖယ်စမ်းပါ..."

အားမာန်က ပရစ်လက်ကို ပုတ်ထုတ်ပစ်လိုက်တာမို့ ပရစ်က အားမာန်ကို မျက်လုံးဝိုင်းကလေးဖြင့် တအံ့တသြ ကြည့်ရင်း...





"ကို... ဘာဖြစ်ရတာလဲ..."

"မင်းကို ဒေါသထွက်နေတာလေ...၊ မင်း ဒီလောက် လေးတောင် အကင်းမပါးဘူးလား..."

"ပရစ်ကို ဒေါသထွက်စရာအကြောင်းမှ မရှိတာ၊ ပရစ် ဘာမှ အမှားလုပ်မထားဘူး..."

"အမယ်... သေချာလှချည်လား၊ ဒီမှာ... ဒီမှာကြည့်စမ်း ငါ့မျက်နှာ ဘာဖြစ်လာလဲ မင်း ကြည့်စမ်း..."

"ကြည့်တယ်လေ... မြင်တယ်လေ၊ ကို့မျက်နှာက ဒဏ်ရာကိုတွေ့လို့ စိုးရိမ်တကြီး ကိုင်ကြည့်မိတာကို ကိုက ပုတ်ထုတ်ပစ်တယ်လေ၊ ကို အပြင်မှာ ဘယ်သူနဲ့ ရန်ဖြစ်လာလို့ ဒီလောက် ဒေါသထွက်နေရတာလဲ..."

"ငါ မွေးကတည်းက ခုထိ ဘယ်သူနဲ့မှ ထိုးကြိတ်ရိုက်ပုတ်ပြီး ရန်မဖြစ်ဖူးဘူး ပရစ်၊ ရန်မဖြစ်ချင်တဲ့ ငါ့ကို ရန်လာစတာက မင်း အဖေ၊ ရန်ထောင်လိုက်တဲ့သူက မင်း..."

"ကို... ဘာတွေ ပြောနေတာလဲ..."

"မင်း ခုထိ သဘောမပေါက်သေးဘူးလား၊ ဒါဆိုလည်း ဒဲ့ပဲပြောရတာပေါ့...၊ မင်းက မင်းအဖေကို ငါ ဖောက်ပြန်နေတယ်လို့ သွားတိုင်လို့ မင်းအဖေက ငါ့ကို ချိန်းခေါ် ထိုးလိုက်တာ..."

"ဟင်... ကို ဖောက်ပြန်တယ်လို့ ပရစ် မပြောမိပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မပြောမိဘဲ မင်းအဖေက ငါ့လာထိုးမလား ပရစ်၊ မင်းကို ငါ ပြောမပြတတ်လောက်အောင်ကို အံ့ဩတယ် ပရစ် ...၊ ငါ ကြားဖူးတာကတော့ လူငယ်တွေ အိမ်ထောင်ပြုရင် လူကြီးတွေက အတွင်းမီး အပြင်မထုတ်နဲ့၊ အပြင်က မီးကို အတွင်းသယ်မလာနဲ့လို့ ဆုံးမကြတယ်တဲ့၊ မင်းကျမှပဲ အားအားရှိ ကိုယ့်လင် ကိုယ့်မယားကိစ္စကို အေးလူတွေ လျှောက်ပြောပြီး အတွင်းမီး အပြင်ထုတ်လိုက်၊ အပြင်က စကားတွေကို နားယောင်ပြီး အပြင်မီးကို အတွင်းသယ်လာလိုက် လုပ်နေတာမျိုး တွေ့ဖူးတယ်၊

"မင်းနဲ့ငါ ရန်ဖြစ်ပြီး စိတ်ကောက်နေတုန်းအချိန်တွေဆို မင်းက ငါ့မကောင်းကြောင်းတွေကို အရပ်ရပ်နေပြည်တော် ကြားလို့မတော်အောင် ပိုပိုသာသာတွေ လျှောက်ပြောပြီ ...၊ မင်းနဲ့ ငါလည်း ပြန်တည့်သွားရောမင်း လျှောက်ပြောထားတဲ့ စကားတွေက အဖတ်တင်ကျန်ခဲ့ရော၊ မင်း စိတ်ဆိုးတုန်း ပြောထားတဲ့ စကားတွေကို သူတို့က မှတ်ထားပြီး ငါ့ကို မုန်းကြရော ...၊

"ခုဆို ကြီးကြီးကလည်း ငါ့ကို သိပ်မကြည်ဘူး၊ မင်းအဖေကတော့ အဆိုးဆုံးပေါ့ ...၊ မင်း သူငယ်ချင်းတွေကိုလည်း မင်း ဘာသွားပြောထားလဲတော့ မသိဘူး၊ သူတို့ကလည်း ငါ့ကို မကြည်တော့ဘူး၊ မသိရင် ငါကပဲ မင်းကို အနိုင်ကျင့် အပြစ်ရှာ နှိပ်စက်နေသလိုလို ...၊





"ဒါတွေအားလုံးဟာ မင်း အပြစ်တွေချည်းပဲ မဟုတ်လား၊ မင်းအဖေ ငါ့ကို ထိုးလိုက်တာလည်း မင်း မဟုတ်တာတွေ သွားပြောထားလို့ မဟုတ်ဘူးလား၊ ပြောစမ်းပါဦး ...ပရစ်ဖူးလေးရဲ့၊ ဟောဒီ ရွှေပါးစပ်တော်လေးက မြွက်ဟတော် မူစမ်းပါဦး ..."

"အ ..."

အားမာန်က ပြောရင်း ဒေါသဖြစ်လာကာ ပရစ်ရဲ့ မေးစေ့ကို လက်မ လက်ညှိုးနှင့် ညှပ်၍ ပရစ်ဖူးရဲ့ ပါးနှစ်ဖက်ကို ညှစ်လိုက်တာမို့ ပရစ်ရဲ့ နှုတ်ခမ်းလေးက ငှက်နှုတ်သီးလေးလို ရှေ့သို့ ချွန်ထွက်လာသည်။

ပရစ်သည် နာကျင်သွားရတာမို့ သူ့လက်ကို တအားရိုက်၍ ဖယ်ထုတ်လိုက်သည်။ အားမာန်ကလည်း နာသွားတာမို့ပရစ်မျက်နှာကို လွှတ်ပေးလိုက်ပြီး အရိုက်ခံရသည့် လက်ကို ခါလိုက်ရင်း ...

"မင်း ငါ့ကိုရိုက်တယ် ... ဟုတ်လား ပရစ်" ရိုက်တယ် ... ဘာဖြစ်လဲ"

"ငါပြန်ရိုက်လိုက်ရ ..."

"ရိုက်လေ ... ရိုက်ရဲ ရိုက်ကြည့်ပေါ့"

"ရိုက်တယ်ကွာ ... ကဲ ..."

"အား ..."

အားမာန်က ပရစ် လက်မောင်းကို ခပ်သာသာ



www.burmeseclassic.com

www.burmeseclassic.com



ပြန်ရိုက်လိုက်သော်လည်း ပရစ်က တအားနာကျင်သွားပုံဖြင့် ရှူးရှူးဝါးဝါး အော်ရင်း မျက်ရည်တွေလည်ကာ အံကြိတ်လိုက်ရင်း ...

"ရှင် ... ရှင် ... ကျွန်မကို ရိုက်တယ်၊ နှိပ်စက်တယ်၊ ကျွန်မ တစ်သက် ဘယ်တုန်းကမှ ဒီလို အရိုက်မခံခဲ့ရဖူးဘူးရှင့် ... အီး ... ဟီး ... ဟီး ..."

"ဟာ ... ဟ ... ဘယ်လိုဖြစ်သွားရတာလဲ"

"ရှင့်ကို မုန်းတယ်၊ ရှင် ကျွန်မကို နှိပ်စက်တယ် ... အီး ဟီး ..."

ပရစ်သည် သူ့လက်မောင်းသူပွတ်ကာ တအီးအီး ငိုရှိုက်ရင်း သူ့ရှေ့က ပြေးထွက်သွားတာမို့ သူ ကြောင်၍ကျန်ခဲ့ပါသည်။

✹ ✹ ✹



✻ ✻ ✻

"ကြီးကြီးရေ ... ကြီးကြီး ... အီးဟီးဟီး ..."

"ဟဲ့ ... ဟဲ့ ... ဘာဖြစ်လာတာလဲ"

အမှိုက်က စလျှင် ပြဿဒ်ထိ မီးလောင်တတ်ကြောင်း သတိမမူမိသော ပရစ်ဖူးသည် အိမ်ရှေ့မှာ ဖိနပ်နှစ်ဖက်ကို တောင်တစ်ဖက် မြောက်တစ်ဖက် ပစ်ချွတ်ခဲ့ပြီး ငိုရှိုက်ရင်း အိမ်ထဲသို့ ပြေးဝင်လာတာမို့ ကြီးကြီးက ဆီးဖက်လိုက်ရင်း ...

"မထိတ်သာ မလန့်သာ ရှိလိုက်တာ ပရစ်ရယ်၊ ဘာဖြစ်သလဲ၊ ပြောစမ်းပါဟယ် ..."

"သူရိုက်တယ် ...၊ ပရစ်ကို သူရိုက်တယ် ..."

"ဟင် ... ညည်းကို အားမာန် ရိုက်လိုက်လို့လား ..."

"အီးဟီး ... ဟုတ်တယ်၊ သူ ပရစ်ကို ရိုက်တယ်၊ နှိပ်စက်တယ်၊ ပရစ် အရမ်းနာတယ်၊ အရမ်းလည်း ဝမ်းနည်းတယ် ..."



www.burmeseclassic.com

www.burmeseclassic.com



"တောက်၊ တော်တော် မိုက်ရိုင်းတဲ့ ကောင် ..."

"ဟင် ..."

တောက်ခေါက်သံ ကျယ်ကြီး တစ်ချက်နှင့်အတူ လှေကားရင်းဆီမှ ဦးလွင်ညိုရဲ့ ကြိမ်းဝါးသံကျယ်ကြီးက ဟိန်းထွက်လာသဖြင့် ကြီးကြီး ရင်ခွင်မှာ အပ်နေသော ပရစ်ခေါင်းလေးက ဆတ်ခနဲ မတ်ထောင်သွားသည်။

ပရစ်သည် ကြီးကြီးရဲ့ လက်တွေကို ခပ်ကျစ်ကျစ် ဆုပ်ထားလိုက်ရင်း အသံတိုးတိုးဖြင့် ...

"ကြီး ... ကြီးကြီး၊ ဒက်ဒီရှိနေတာ ပရစ် မသိဘူး"

"ညည်းက တအားငိုယိုနေတော့ ငါလည်း ကြိုပြောချိန် မရလိုက်ဘူး၊ ပြဿနာတွေတော့ အကြီးအကျယ် တက်ကုန်တော့မယ် ထင်တယ်"

ပရစ်သည် နီရဲခက်ထန်နေသော ဒက်ဒီ့ မျက်နှာကြီးကို လှမ်းကြည့်ရင်း ကြောက်ဒူးတောင် တုန်ချင်လာကာ ကိုယ်ဖြစ်နေသော ဒေါသတွေပင် ဘယ်ပျောက်သွားမှန်း မသိတော့။ အေးစက်စက် လက်ကလေးများဖြင့် ကြီးကြီးလက်ကို ဆုပ်ထားရင်း ဒက်ဒီ့ကို မျက်လုံးပြူးကလေးဖြင့် လှမ်းကြည့်နေလိုက်မိသည်။

ဒက်ဒီက ပရစ်ထံသို့ ခြေလှမ်းကျဲဖြင့် လျှောက်လာနေသည်။ ပရစ်သည် အကြောက်ကြောက် အလန့်လန့်ဖြင့် ဖြေရှင်းချက်ပေးဖို့ ကြိုးစားလိုက်သည်။





"ဒက်ဒီ ... ရိုက်တယ်ဆိုတာကလေ ဟိုလိုကြီးလည်း မဟုတ် ..."

"ဒက်ဒီ့ကို ဘာမှ ပြောမနေနဲ့တော့ ပရစ်၊ ဒက်ဒီ အားလုံး ကြားပြီးပြီ၊ တောက် ... တော်တော် မိုက်ရိုင်းတဲ့ကောင်၊ ဒက်ဒီ့ရှေ့မှာ သမီးကို ဆုံးမမယ်လို့ ပြောသွားပေမယ့် ဒင်း ဒီလောက်ထိ လုပ်လိုက်မယ်လို့ မထင်ခဲ့မိတာ မှားတာပဲ၊ ဒီလိုလုပ်မယ်မှန်းသာသိရင် ဒီကောင့်ကို မထနိုင်အောင် ထိုးပစ်ခဲ့ပါတယ် ..."

"ဒက်ဒီ သူ့ကို ဘာဖြစ်လို့ ချိန်းခေါ်ထိုးလိုက်တာလဲ"

"ဒင်း ဖောက်ပြန်နေလို့ ခေါ်ဆုံးမတာလေ ..."

"ဟင် ... သူက တကယ် ဖောက်ပြန်လို့လား"

"ညည်းပဲ လာပြောသွားတာ မဟုတ်လား ..."

"ပရစ် ဘာပြောလို့လဲ ..."

"ခုမှ ဖုံးကွယ်ဖို့ ကြိုးစားမနေနဲ့ ပရစ်၊ ညည်း ငါ့ရုံးထိ လာပြီး ဟိုမေးဒီမေး မေးနေကတည်းက ညည်းစိတ်မှာ ဒီကောင်နဲ့ ပတ်သက်ပြီး မထွေးနိုင် မအေးနိုင် စိတ်ဒုက္ခရောက်နေတယ်ဆိုတာ ငါ ရိပ်မိတယ်"

"ဟို ... အဲလိုကြီး အတိအကျတော့ မဟုတ်ပါဘူး ဒက်ဒီ၊ ပရစ်ဘာသာ စိတ်ထဲက ထင်ရုံ ထင် ..."

"ဘာမှ လာလျှောချမနေနဲ့တော့ ...၊ အိမ်ထောင်သက် နုနုလေးမှာ ဖောက်လွှဲဖောက်ပြန် လုပ်ချင်တဲ့အပြင်



www.burmeseclassic.com

www.burmeseclassic.com



သမီးကို ကိုယ်ထိလက်ရောက် ရိုက်ပုတ်စော်ကားတဲ့ ကောင်မျိုးရဲ့ လက်ထဲကို ပြန်မထည့်နိုင်တော့ဘူး၊ ညည်း မပြန်နဲ့ တော့ ...၊ ဟိုကောင်လိုက်လာရင် ငါနဲ့တွေ့ မယ် ...”

ပရစ်သည် အဲ့ဒီလောက်ကြီးတော့လည်း မရည် ရွယ်တာမို့ ထိတ်လန့်တကြား ဖြစ်သွားမိကာ ...

“ဟို ... ဒက်ဒီ ... ရိုက်တယ်ဆိုတာကလည်းလေ ပရစ်က အရင် ...”

“တော်ပြီ၊ ဘာမှ ထပ်မပြောနဲ့တော့၊ ကဲ ... မမ ဒရိုင်ဘာ ကို လှမ်းခေါ်ပြီး သမီး မောင်းလာတဲ့ ကားကို ဂိုထောင် ထဲ မောင်းထည့်ခိုင်းလိုက်၊ ပြီးရင် ခြံတံခါးရော အိမ် တံခါးပါ ပိတ်လိုက်တော့ ...”

“အေး ... အေး၊ ကဲ ... ပရစ် ... သွား ... ညည်း အခန်းကို သွားနားလိုက်တော့ ...”

ဒက်ဒီက ပရစ်ကိုရပ်ကြည့်နေဆဲမို့ ပရစ်က ဘာမှ မပြောရဲတော့ဘဲ ပရစ် အခန်းဘက်သို့ ထွက်လာခဲ့ရသည်။

ပရစ် တကယ့်ကို အခက်တွေ့ပါပြီ ...။

သွေးပူတုန်းလေး အခိုက်အတန့် အိမ်ပေါ်က ဆင်း တတ်သော၊ ကိစ္စသေးသေးလေးကို ပုံကြီးချဲ့၍ အသည်းပိုပို ခံစား ငိုယိုတတ်သော ပရစ်ရဲ့ စကားတွေကို ဒက်ဒီက အတည် မှတ်ခဲ့ပြီ။





တကယ်တော့ ... ကို ပရစ်ကို ရိုက်လိုက်တာဟာ ဗာမင် နှိပ်စက်သလို ဒေါသတကြီး အားပါပါ ရိုက်တာမဟုတ်။ ပရစ် မခံချင်အောင် ခပ်ဆတ်ဆတ်ကလေး ပြန်ရိုက်လိုက်တာ မျိုးသာ။ ပရစ်အသားက နုသဖြင့်သာ လက်မောင်းမှာ စပ်ဖျဉ်း ဖျဉ်း နာကျင်သွားတာမျိုးသာ ...။ ကို ပရစ်ကို ဒါမျိုး တစ်ခါမှ မဆက်ဆံဖူးသဖြင့် ပရစ်က အံ့သြ ဝမ်းနည်းသွားရတာပါ။ ကိုနဲ့ ငြင်းခုန်စကားများပြီးတိုင်း တစ်နေရာကို ထွက်သွားလိုက် မှ စိတ်ပြေတတ်သော ကိုယ့်အကျင့်ကြောင့်သာ ကြီးကြီးတို့အိမ် ကို လာခဲ့မိတာ ...။ စိတ်ဆိုးတုန်းခဏမို့ ပိုပိုသာသာလေး ပြောဆိုငိုယိုခဲ့ပေမယ့် ကိုယ့်ယောကျ်ားကို ဒီလောက်နဲ့ ခွဲခွာဖို့ တော့ ဘယ်စိတ်ကူးပါ့မလဲ။ ပရစ် စိတ်ပြေရင် ပြန်သွားမှာပဲ ပေါ့ ...။

ခုတော့ ... ဒက်ဒီက ပရစ်ကို အားမာန်က နှိပ်စက် တယ်ရယ်လို့ အထင်မှားကာ ပိတ်ပင်ချုပ်ချယ်လိုက်ပြီမို့ ပရစ် ဘာလုပ်ရမှန်း မသိတော့။

ပရစ်သည် အခန်းထဲမှာ ခေါက်တုံ့ခေါက်ပြန် လျှောက်ရင်း ဘာလုပ်ရရင် ကောင်းမလဲဟု အကြံထုတ်နေမိ သည်။ ညဉ့်နက်သန်းခေါင်ထိ ပရစ်ပြန်မလာရင် ကိုစိတ်ပူနေ တော့မှာ ...။ တစ်ယောက်ကိုတစ်ယောက် ဘယ်လောက် ဒေါသ ထွက်ထွက် အချိန်တန်လို့ အိမ်ပြန်မလာရင် နေမထိ ထိုင်မရ



www.burmeseclassic.com

www.burmeseclassic.com



သောကရောက်တတ်ကြတဲ့ လင်မယားတို့ရဲ့ အထာကို ဒက်ဒီ မသိလေရော့သလား ...။

ပရစ် သောကရောက်နေရဆဲမှာပဲ ပရစ် ဖုန်းက အသံမြည်လာသည်။

ကို ခေါ်ပြီ ...။

ပရစ်က ဖုန်းကို အမြန်ဖွင့်ကိုင်လိုက်သည်။

"ဟဲလို ..."

"ပရစ် ..."

"ကို ... ပရစ်တော့ ဒုက္ခရောက်ပြီ"

"ဟင် ... ဘာဖြစ်လို့လဲ၊ မင်း အခုဘယ်မှာလဲ"

"ပရစ် ဒက်ဒီတို့ အိမ်မှာ ..."

"ခြော် ... အဲ့ဒီမှာဆို ဘာဒုက္ခရောက်စရာ အကြောင်း ရှိလို့လဲ"

"ဒက်ဒီက ပရစ်ကို အိမ်ပြန်ခွင့် မပေးတော့ဘူး"

"ခိုးထွက်လာခဲ့ပေါ့ ..."

"သော့တွေ ခတ်ထားလိုက်ပြီ ..."

"သော့ရှာကြည့်ပြီး ခိုးထွက်လာပေါ့၊ ကိုယ် ခြံရှေ့က လာစောင့်ရမလား ..."

"မစောင့်နဲ့၊ ရတယ်၊ ပရစ် ကြိုးစားကြည့်မယ်၊ ကြိုးစားလို့မရရင်တော့ ဒီမှာပဲ ညအိပ်လိုက်တော့မယ်၊ မနက်ကျမှ ပဲ ..."





ကိုက ခဏငြိမ်သွားကာ ...

"မင်းနဲ့ အိမ်ထောင်ကျပြီးကတည်းက ငါ့ဘေးမှာ မင်း မရှိဘဲ တစ်ခါမှ မအိပ်ဖူးဘူး၊ အိပ်တတ်မှာလည်း မဟုတ်ဘူး"

ပရစ်က ဝမ်းနည်းမျက်ရည်လည်လာကာ ...

"ပရစ်လည်း ကိုလိုပါပဲ ကိုရယ်၊ ပရစ် ကြိုးစားကြည့်ပါဦးမယ်နော် ..."

ပရစ်က ဖုန်းချပြီး မျက်ရည်စတွေကို လက်ခုံဖြင့် ပွတ်သုတ်လိုက်ရသည်။

ထို့နောက် အခန်းတံခါးကို အသာအယာဖွင့်၍ အပြင်ဘက်က အခြေအနေကို အကဲခတ်ကာ အပြင်သို့ ထွက်လာခဲ့ရပါသည်။

တစ်အိမ်လုံး တိတ်ဆိတ်ငြိမ်သက်နေတာမို့ ပရစ်က လှေကားမှ ခြေသံမကြားအောင် ပြေးဆင်းလာခဲ့သည်။

လှေကားနားသို့ ရောက်သည်နှင့် ပရစ်က အိမ်ရှေ့ တံခါးဝသို့ ဆက်ပြေးဖို့ပြင်ဆဲ ...

"ပရစ်ဖူး ..."

"ဟင် ... ဒက်ဒီ ..."

လှေကားအပေါ်ဘက်ထိပ်မှ ဟိန်းထွက်လာသော ဒက်ဒီ့အသံကြောင့် ပရစ်က လန့်ဖျပ် ခြေလှမ်းတုံ့သွားကာ ဒက်ဒီ့ကို မော့ကြည့်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါက ဘယ်လဲ ..."

"ဟို ... အိမ်တံခါးတွေ သေချာသော့ခတ်မခတ် စစ်ကြည့်ပေးမလို့ပါ ..."

"မလိုဘူး၊ စစ်ပြီးပြီ၊ လာ ... ပြန်တက်လာခဲ့"

"ဟုတ် ... ဟုတ်ကဲ့ ..."

ပရစ်က ဒက်ဒီ့ကို ကြောက်ကြောက်နှင့် ကိုယ့်အခန်းရှိရာ အပေါ်ထပ်သို့ ခပ်ကုပ်ကုပ်လေး လှမ်းတက်လာခဲ့ရပါသည်။

ထိုညက ညဥ့်နက်မှ မျက်ရည်စက်လက်ဖြင့် ပရစ် အိပ်ပျော်သွားခဲ့လေသည်။

* * *



* * *

နောက်တစ်နေ့ မနက်စောစော ...။

တစ်အိမ်လုံး တိတ်ဆိတ်နေဆဲ ...။

ကြီးကြီးလည်း အိပ်ရာက နိုးသေးပုံမပေါ်၊ ဒက်ဒီ့ကိုလည်း အရိပ်အယောင် မတွေ့ ...။

ပရစ်သည် အိမ်ပေါ်ထပ်မှ ခပ်မြန်မြန်ဆင်းလာကာ အိမ်ရှေ့သို့ ပြေးထွက်လာပြီး ညက တောင်တစ်ဖက် မြောက်တစ်ဖက် ပစ်ချွတ်ထားခဲ့သော ဖိနပ်နှစ်ဖက်ကို ကမန်းကတန်း ကောက်ကာ အိမ်ပြင်ထွက်မည်ပြင်ဆဲမှာ အရိပ် မားမားကြီး နှစ်ခုက ပရစ်ရဲ့ ဘေးတစ်ဖက်တစ်ချက်မှာ ကပ်၍ ရပ်လိုက်ပါသည်။

ပရစ်က ထိုလူနှစ်ယောက်ကို တစ်လှည့်စီ မော့ကြည့်လိုက်မိသည်။

ထိုနှစ်ယောက်ရဲ့ ပုံစံက ထူးဆန်းသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘောင်းဘီရှည် အမည်းနှင့် ယူနီဖောင်းဆန်ဆန် ချုပ်ထားသော ရှပ်ဖြူလက်တိုကို ဝတ်ကာ လက်နောက်ပစ်၍ ခပ်မတ်မတ် ရပ်နေပုံက တာဝန်တစ်ခု ထမ်းဆောင်နေရပုံမျိုး။ မျက်နှာထားတွေကလည်း ခပ်တည်တည်။

ပရစ်က သူတို့ကို ရွံ့တွန့်တွန့်ကြည့်ရင်း ...

"ရှင်တို့က ဘယ်ကလဲ၊ ဘယ်သူတွေလဲ ..."

"ကျွန်တော်တို့က security service (လုံခြုံရေး ဝန်ဆောင်မှု)ကပါ၊ မပရစ်ဖူးရဲ့ လုံခြုံရေးကို တာဝန်ယူဖို့ ဦးလွင်ညိုက ငှားထားတာပါ ..."

ပရစ်က အံ့ဩ ရယ်ချင် စိတ်ညစ်သွားကာ ဟက်ခနဲ ရယ်လိုက်ရင်း ...

"ကျွန်မမှာ ဘာအန္တရာယ်မှမရှိလို့ ဘာလုံခြုံရေးမှ မလိုဘူး၊ ရှင်တို့ ကျွန်မနား ဒီလောက်ကပ်လာဖို့ မလိုဘူး၊ ဝေးဝေးမှာနေ ..."

ပရစ်က သူတို့ကိုပြောပြီး ကားဂိုထောင်ဘက်သို့ လျှောက်လာတော့ သူတို့နှစ်ယောက်က ပရစ်နောက်မှ ကပ်လိုက်လာသည်။

ပရစ်က စိတ်တိုလာကာ ခြေလှမ်းတွေကို ရပ်ပစ်လိုက်ရင်း ...

"ရှင်တို့ ဘာလိုက်လုပ်မလို့လဲ ...၊ ဝေးဝေးမှာ နေလို့ ပြောထားတယ် မဟုတ်လား ..."





"မပရစ်ဖူးက ခု ဘယ်သွားမလို့လဲ ..."

"ဘယ်သွားသွားပေါ့ရှင် ..."

"ဦးလွင်ညိုက မပရစ်ဖူးကို ဒီအိမ်ကနေ ဘယ်မှ ထွက်မသွားဖို့ စောင့်ကြည့်ခိုင်းထားပါတယ်၊ ဒီအိမ်ထဲကို မပရစ်ဖူးနဲ့ ပတ်သက်တဲ့ ဘယ်ယောကျ်ားမှ အဝင်မခံဖို့လည်း မှာထားပါတယ်"

"ကျွတ် ... ပြဿနာပဲ၊ ဘာကြီးလဲ၊ ကျွန်မကို ရှင်တို့ ဒီလို တားမြစ်လို့ ရမယ်ထင်လား ..."

"တာဝန်အရပါ ..."

ပရစ်က ဒေါသဖြစ်လာကာ ခပ်မြန်မြန် ဆက်လျှောက်လာတော့ ထိုနှစ်ယောက်က ပရစ် ရှေ့ကို ကျော်လျှောက်သွားပြီး ပရစ်ရှေ့ကနေ ပိတ်ရပ်ထားလိုက်ပါသည်။

"ရှင်တို့ ဒါ ဘာလုပ်တာလဲ ..."

"ကျေးဇူးပြုပြီး အိမ်ထဲပြန်ဝင်ပါ မပရစ်ဖူး ..."

"ဟ ... ဟ ... ရူးနေကြလား၊ ကျွန်မကို ဒီလိုလုပ်လို့ ရမယ်ထင်သလား၊ ကျွန်မဘာသာ ကိုယ့်ယောကျ်ားအိမ် ကိုယ်ပြန်မှာ၊ ကျွန်မမှာ ဘာအန္တရာယ်မှ မကျရောက်လို့ ရှင်တို့ စောင့်ရှောက်စရာ မလိုဘူး ... ဟုတ်ပြီလား"

ပရစ်က ကားဂိုထောင်မှာ ကားသွားထုတ်နေရင် ကြန့်ကြာနေမှာစိုးတာမို့ ထိုနှစ်ယောက်ကို ရှောင်ကွင်းကာ ခြံတံခါးဆီသို့ ခပ်သွက်သွက် ပြေးထွက်လာသည်။ သို့သော် ...



www.burmeseclassic.com

www.burmeseclassic.com



ထိုခဏမှာပဲ ပရစ်ရဲ့ လက်မောင်းနှစ်ဖက်ကို ဆွဲ'မ'ခြင်း ခံလိုက်ရကာ ပရစ်ရဲ့ ခြေထောက်နှစ်ဖက်က လေထဲသို့ မြောက်တက်သွားသည်။ သူတို့က ပရစ်ကို အိမ်ဘက်သို့ ဆွဲမ၍ ခေါ်လာတာပင် ...။

"လွှတ် ... လွှတ် ...၊ ရှင်တို့ ဒါဘာလုပ်တာလဲ ..."

"တာဝန်အရပါ ..."

"ဘာ တာဝန်အရလဲ၊ ဘာ တာဝန်အရလဲ ..."

ပရစ်က ခြေနှစ်ဖက်ကို လေထဲမှာ ယက်ကန်ကာ ရုန်းကန်နေဆဲ ...

"ခဏ လွှတ်ပေးလိုက်ပါ ..."

အိမ်ဘက်မှ ထွက်ပေါ်လာသော ဒက်ဒီ့ အသံကြောင့် သူတို့က ပရစ်ကို လွှတ်ချပေးလိုက်ပြီး ဒက်ဒီ့ဘက်ကို မျက်နှာမူကာ ပရစ်ရဲ့ ဘေးနှစ်ဖက်မှာ လက်နောက်ပစ်၍ ခပ်မတ်မတ် ရပ်နေလိုက်ကြသည်။

ပရစ်သည် အိမ်တံခါးဝမှာ ရပ်နေသော ဒက်ဒီ့ကို လှမ်းမော့ကြည့်လိုက်ရင်း ...

"ဒက်ဒီ ... သူတို့ကို ပရစ်နားက ဖယ်ခိုင်းလိုက်ပါ"

"သမီးက ဘယ်သွားမလို့လဲ ..."

"ပရစ် အိမ်ပြန်မလို့ ..."

"သမီး အဲဒီလို မစဉ်းစား မဆင်ခြင်ဘဲ ထွက်သွားမှာစိုးလို့ သူတို့ကို ဒက်ဒီ ဌားထားရတာ၊ သမီးကို ကိုယ်ထိ





လက်ရောက် နှိပ်စက်တဲ့အထိ အတင့်ရဲလာတဲ့ သူရဲ့ လက်ထဲကို သမီးကို ပြန်ထည့်မပေးနိုင်တော့ဘူး ..."

"ဒက်ဒီ ... အဲဒါက ..."

"ခုမှ သူ့အပြစ်ကို ဖုံးကွယ်ပြီး ပြောပေးဖို့ ကြိုးစားမနေနဲ့တော့ သမီး၊ သမီး ဒက်ဒီ့ကို ညာမပြောခဲ့ဘူးဆိုတာ ဒက်ဒီ ယုံတယ်၊ ဒီကောင့်ဘက်က ဖောင်းတွေ သိပ်များသွားပြီ သမီး၊ ဒက်ဒီ သိသလောက်ဆိုရင် သမီးတို့ မင်္ဂလာဦး ရက်တုန်းက တစ်ခါ ... ဒီကောင်က သမီးကို ယူမိလို့ နောင်တရတယ်လို့ ပြောတယ်၊ နောက်တစ်ခါ ဒီကောင် ဖောက်ပြန်တဲ့ကိစ္စကို သိရတယ်၊ ခုတစ်ခါကတော့ သမီးကို ရိုက်တဲ့အထိ ဆိုးဝါးလာတယ်၊ ဒါတောင် ဒက်ဒီ သိတဲ့ကိစ္စတွေပဲ ရှိသေးတယ်၊ ဒက်ဒီ မသိဘဲ သမီး နှိပ်စက်ခံနေရတာတွေလည်း ရှိဦးမှာပဲ ..."

ခုတော့ ... အရာအားလုံးဟာ ပရစ်ရဲ့ နှုတ်ဖွာမှုကြောင့်သာပဲဆိုတာ ပရစ် သိလိုက်ရလေပြီတည်း။ ခုမှတော့ ပရစ် ဖြေရှင်းလည်း ဒက်ဒီက မယုံကြည်နိုင်တော့ပြီတည်း။

ထစ်ခနဲရှိ အိမ်ပေါ်က ဆင်းကာ နှုတ်တဖွာဖွာ ပရမ်းပတာ ပြောတတ်သော ပရစ်အကျင့်ကြောင့် ခုတော့ အပျက်ပျက်နှင့် နှာခေါင်းသွေးထွက်ရတော့မည် ထင်သည်။

"ဒက်ဒီ ... သူ ပရစ်ကို မနှိပ်စက်ပါဘူး၊ ဖောက်လည်း မဖောက်ပြန်ပါဘူး၊ သမီးဘာသာ စိတ်ဆိုးတုန်းက



www.burmeseclassic.com

www.burmeseclassic.com



တစ်ယူသန်ပြီး ပြောမိတာတွေကို အတည်လို့ မမှတ်လိုက်ပါနဲ့ ဒက်ဒီရယ် ...”

ပရစ်က မျက်ရည်ပေါက်ပေါက်ကျကာ တောင်းပန်ပါသော်လည်း ...

“တော်ပြီ ... သမီး၊ ဒက်ဒီ့ကို ဘာမှလာဖြေရှင်းမနေနဲ့တော့၊ သမီး ဒီကောင့်အိမ်ပေါ် ပြန်တက်တက်သွားတာဟာ ဒီကောင့်ကို အရှုံးမပေးချင်လို့ဆိုတာ သမီး ကြီးကြီးပြောပြလို့ ဒက်ဒီ သိထားပြီးသား ...၊ အရှုံးမပေးချင်တာလေးတစ်ခုနဲ့တော့ ဒီကောင်နဲ့ အတူပြန်နေပြီး စိတ်ဆင်းရဲခံမနေနဲ့တော့ သမီး၊ ကဲ ... အိမ်ထဲပြန်ဝင်တော့ ...”

ဒက်ဒီက ပြတ်ပြတ်သားသား ပြောပြီး အိမ်ထဲသို့ ပြန်လှည့်ဝင်သွားသည်။

ပရစ်က ခြံတံခါးဝဆီသွားဖို့ ခြေလှမ်းပြင်တော့ ဟိုနှစ်ယောက်က ပရစ်ရှေ့သို့ တစ်လှမ်း ကြို့ထွက်လိုက်သည်။

ပရစ်သည် ဒေါသဖြစ်ဖြစ်နှင့် အံကြိတ်၍ ပရစ်ဘေးက နှစ်ယောက်ကို တစ်လှည့်စီ ကြည့်မိသည်။

ထို့နောက်မှာတော့ ဘာမှမတတ်နိုင်တော့ဘဲ အိမ်ရှေ့ တံခါးဝမှာ ငုတ်တုတ်လေး ထိုင်ချကာ မျက်နှာကို လက်ဝါးဖြင့် အုပ်၍ တရှိုက်ရှိုက် ငိုချလိုက်မိလေသည်။

✵ ✵ ✵



✵ ✵ ✵

“ပရစ် ... မင်းဒက်ဒီလုပ်ပုံက သိပ်လွန်နေပြီနော်၊ ကိုယ်လုံးဝ သည်းမခံနိုင်တော့ဘူး ...”

ဖုန်းထဲက အားမာန်ရဲ့ အသံက ဒေါသနှင့် ကြေကွဲမှုကြောင့် တုန်ရင်နေသည်။

ပရစ်က ရှိုက်သံကလေး စွက်လျက် ...

“ခဏလေး သည်းခံစောင့်ပေးပါ ကိုရယ်၊ ဒက်ဒီက စိတ်ဆိုးတုန်းခဏမို့လို့ပါ”

“စိတ်ဆိုးတုန်းခဏက ခုပဲ ... နှစ်ပတ်ရှိနေပြီ ပရစ်၊ ဒါ စိတ်ဆိုးတုန်းခဏ မဟုတ်တော့ဘူး၊ ကိုယ်တို့ နှစ်ယောက်ကို အပြီးခွဲတော့မယ့် သဘောပဲ ...”

“အဲ့ဒီလောက်ကြီးတော့ ရက်စက်မယ် မထင်ပါဘူး ကိုရယ်”



www.burmeseclassic.com

www.burmeseclassic.com



"ပရစ် မထင်ပေမယ့် ကိုယ်ကတော့ထင်နေတယ်၊ လုံခြုံရေး ဝန်ဆောင်မှုက လူနှစ်ယောက်ကို ငှားထားတယ်ဆိုကတည်းက ဒီကိစ္စက အရမ်းကို ကြီးကျယ်သွားပြီ၊ ပရစ် ဒက်ဒီဘက်က သိပ်ကိုလွန်သွားပြီ ...၊

"ပြီးခဲ့တဲ့ အပတ်တုန်းကလည်း ပရစ် အပြင်ထွက်ခွင့်ရမယ်ဆိုလို့ ကိုယ်က ပရစ်လာမယ့် ရှော့ပင်းစင်တာရှေ့မှာ ဝမ်းသာအားရ သွားစောင့်နေတာ၊ မင်းလည်း ကားပေါ်က ဆင်းပြီး ကိုယ့်ဆီပြေးလာရော ဟိုလုံခြုံရေးနှစ်ကောင်က မင်းကို ပြေးဆွဲပြီး ကားပေါ်ပြန်တင်ခေါ်သွားတာ ဘယ်လောက် ရုပ်ပျက်သလဲ ...၊ ကိုယ့်မှာ ပြေးလိုက်လိုက်ရတာ အရှုးကြီး ကျနေတာပဲ ..."

ပရစ်သည် အဲ့ဒီတုန်းက ကို့ပုံစံကို ပြန်မြင်ယောင်ကာ ပိုလို့ ဝမ်းနည်းလာပါသည်။

အဲ့ဒီနေ့က ဒက်ဒီက ပရစ်နှင့်အတူ အစောင့်အရှောက်တွေ ထည့်ကာ ဈေးဝယ်ခွင့်ပေးလိုက်တာမို့ ပရစ်က ကို့ဆီ ဖုန်းဆက်ကာ ပရစ် သွားမည့် ရှော့ပင်းစင်တာရှေ့က စောင့်နေဖို့ အချိန်းအချက် လုပ်ထားခဲ့ပါသည်။

သို့သော် ... ကားပေါ်က ဆင်းပြီး ပရစ် ကို့ဆီ အပြေးအသွားမှာ ဟိုကြုံဟ်နှစ်ကောင်က ပရစ်ကို ဖမ်းမိသွားကာ ကားပေါ်သို့ ပြန်ခေါ်သွားနိုင်ခဲ့တာပင် ...။

ပရစ်တို့ ကားမောင်းထွက်လာတော့ ကားနောက်





က ပြေးလိုက်လာသော ကို့ကို လှည့်ကြည့်ရင်း ပရစ် ရင်ကွဲမတတ် ငိုခဲ့ရပါသည်။

"ကိုရယ် ... တကယ်တော့ ဒါတွေအားလုံးဟာ ပရစ်အပြစ်တွေချည်းပါ၊ ပရစ် နတ်မှားခဲ့မိလို့ ပရစ်စကားကို အမှတ်မှားပြီး ဖြစ်ခဲ့ရတာတွေပါ၊ ကို့မှာလည်း အပြစ်မရှိသလို ဒက်ဒီ့မှာလည်း အပြစ်မရှိပါဘူး၊ ပရစ်မှာသာ အပြစ်တွေရှိခဲ့တာပါ၊ ဒေါသ ထွက်ချင်းထွက်ရင် ဒက်ဒီ့ကို မထွက်ပါနဲ့၊ ပရစ်ကိုပဲ ထွက်ပါ ..."

"ခုမှတော့ ကိုယ် ဘယ်သူ့ကိုမှ အပြစ်မတင်ချင်တော့ဘူး ပရစ်၊ လင်မယားဆိုတာကတော့ ခုရန်ဖြစ်ပြီး ခုပြန်ချစ်တတ်တာ သဘာဝပဲ ...၊ ဒီသဘာဝကို မင်းဒက်ဒီ နားမလည်တာကိုပဲ ကိုယ် စိတ်ပျက်တာ ...၊

"တကယ်တမ်း ဥပဒေနဲ့ ပြောရရင် ပရစ်က ကိုယ့်တရားဝင် ဇနီးပဲ၊ ပရစ်ကို ကိုယ်ပဲပိုင်တယ်၊ ပရစ်ဒက်ဒီက ဆိုင်ရုံသာဆိုင်တော့တာ၊ ကိုယ့်ဇနီးကို ခုလိုအတင်းအကြပ် ခွဲထားတာဟာ တရားဥပဒေနဲ့လည်း မညီဘူး ..."

"ဥပဒေတွေ ကိစ္စတွေက အသာထားပါဦး ကိုရယ် ..."

"ပရစ်ကို ကိုယ် ပြန်မရတဲ့ တစ်နေ့ကျရင် ဥပဒေအရ ဆက်ပြီး ဆောင်ရွက်ရမှာပဲ ပရစ် ..."

"ခဏလေး သည်းခံစောင့်ပေးပါဦး ကိုရယ် ..."



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်က မစောင့်နိုင်တော့ဘူး ...၊ မနက်ဖြန် ပရစ်အိမ်မှာ ပရစ်ကို ကိုယ်လာခေါ်မယ်၊ ပရစ် စောင့်နေ ..."

"ကို ... နေ ... နေပါဦး၊ အဲ့ဒီလိုဆို ..."

ပရစ် စကားကို စောင့်နားမထောင်တော့ဘဲ ကိုက ဖုန်းချသွားသည်။

ပရစ် နားထဲမှာတော့ တိုက်ပွဲခေါ်သံတွေကို ကြားမိသလိုလိုရှိကာ ကျောချမ်းလာပါသည်။

* * *



* * *

"ဦးလွင်ညို ခင်ဗျာ ... ကျွန်တော့် ဇနီး ပရစ်ဖူးကို ကျွန်တော် ပြန်ခေါ်သွားချင်ပါတယ် ..."

နောက်တစ်နေ့ မနက်စောစော ဒက်ဒီ ရုံးမသွားခင်အချိန်မှာ ...

အိမ်ရှေ့ဆီက တစ်လုံးချင်း ပြတ်သားစွာ ထွက်ပေါ်လာသော အားမာန်ရဲ့ အသံကျယ်ကျယ်ကြောင့် ဧည့်ခန်းမှာ ထိုင်၍ သတင်းစာဖတ်နေသော ဦးလွင်ညိုရဲ့ မျက်နှာက နီရဲတင်းမာလာသည်။

ကြီးကြီး မျက်နှာက စိုးထိတ် တုန်လှုပ်သွားသည်။

အိမ်ထဲက ရှိရှိသမျှ အိမ်ဖော်အလုပ်သမားအပေါင်းက ပျာယာခတ်သွားသည်။

ခြံထောင့် အစောင့်အိမ်လေးမှ တာဝန်ထမ်းဆောင်နေသော လုံခြုံရေး ဝန်ထမ်း နှစ်ယောက်က အသင့်အနေအထား ဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ပရစ်ကတော့ ရင်တွေ တဒိုင်းဒိုင်း ဆောင့်ခုန်လာကာ ကတုန်ကရင်ကြီး ဖြစ်သွားပါသည်။

"ခင်ဗျား ထွက်သွားပါ ..."

"ထွက်မသွားတော့ ခင်ဗျားတို့က ဘာလုပ်ချင်လို့လဲ"

လုံခြုံရေး နှစ်ယောက်နှင့် အားမာန်က အတိုက်အခံဖြစ်စ ပြုလာသည်။

အားမာန်မှာ ပရစ်တို့ ခြံတံခါးသော့ အပိုတစ်ချောင်း ရှိနေတာမို့ အားမာန်က ခြံတံခါးသော့ကို ဖွင့်ကာဝင်လာနိုင်ခဲ့တာပင်။

ဦးလွင်ညိုက ထိုင်ရာမှ ထကာ အိမ်တံခါးဝသို့ လျှောက်လာပြီး တံခါးဝမှာ ရပ်လိုက်သည်။

အားမာန်က ဦးလွင်ညိုနှင့် မျက်နှာချင်းဆိုင်ရပ်လျက် ဦးလွင်ညိုကို စိုက်ကြည့်နေသည်။

လုံခြုံရေး နှစ်ယောက်က ဦးလွင်ညိုကို တစ်ချက်လှမ်းကြည့်လိုက်ပြီး အားမာန်ကို နှစ်ဖက်ညှပ်၍ ဖမ်းချုပ်လိုက်တာမို့ ဦးလွင်ညိုက လက်ကာပြ၍ တားမြစ်လိုက်သည်။

လုံခြုံရေးနှစ်ယောက်က အားမာန်ကို လွှတ်ပေးလိုက်သဖြင့် အားမာန်က ရှေ့သို့ တစ်လှမ်းတိုး၍ ရပ်လိုက်ရင်း

"ဦး ... ပရစ်ဖူးကို ကျွန်တော် ပြန်ခေါ်သွားချင်ပါတယ်"

"ငါ ခွင့်မပြုနိုင်ဘူး ..."

"ပရစ်က ကျွန်တော့် ဇနီးပါ ဦး ..."





"မင်းဇနီးက ငါ့သမီး ဖြစ်နေတယ်လေ၊ ငါ့သမီးကို စိတ်ချမ်းသာမှု မပေးနိုင်တဲ့ မင်းလိုလူရဲ့ လက်ထဲကို ထည့်မပေးနိုင်တော့ဘူး ..."

"ဦးသမီးက ကျွန်တော်နဲ့ နေရတာကို စိတ်မချမ်းသာဘူးလို့ ပြောလား၊ ဟော့ ... ပရစ် ... မင်း ကိုယ်နဲ့နေရတာ စိတ်ချမ်းသာလား စိတ်မချမ်းသာဘူးလားဆိုတာ မင်းအဖေသိအောင် လာပြောပြလိုက်စမ်းပါ ..."

အားမာန် အော်သံကြောင့် ပရစ်က ဆတ်ခနဲဖြစ်သွားကာ အိမ်ရှေ့သို့ ပြေးထွက်ဖို့ ပြင်တော့ ကြီးကြီးက ပရစ်ကို ဆွဲခေါ်ထားသည်။

ပရစ်က ကြီးကြီး လက်ထဲမှ ရုန်းထွက်ကာ ဒက်ဒီ့အနီးသို့ လှစ်ခနဲ ကပ်သွားရင်း ...

"ဒက်ဒီ ... သမီး ... သမီး ..."

"နင် ဘာမှ ဝင်မပြောနဲ့ ပရစ် ..."

ဦးလွင်ညိုက ပရစ်ဘက်ကို လှည့်၍ ဒေါသတကြီး အော်လိုက်သဖြင့် ပရစ်က တုန်သွားကာ နှုတ်ပိတ်သွားသည်။

အားမာန်က ပရစ်ကို ဆွေးရိပ်စွာ လှမ်းမျှော်ကြည့်ရင်း ...

"ပရစ် ... ပြောလိုက်ပါ၊ မင်း စိတ်ထဲရှိတဲ့အတိုင်း မင်း ဒက်ဒီကို ပြောပြပြီး ကိုယ်နဲ့ ပြန်လိုက်ခဲ့ပါ ..."

"သမီးကတော့ စိတ်ချမ်းသာပါတယ်ပဲ ပြောမှာပေါ့၊



www.burmeseclassic.com

www.burmeseclassic.com



ငါ စိတ်ဆင်းရဲမှာစိုးလို့ စိတ်ချမ်းသာတယ်လို့ ညာပြောပြီး မင်းနဲ့ ကျိတ်မှိတ်ပြီး ပေါင်းမှာပေါ့ ...”

“ဒက်ဒီ ... မဟုတ် ... မဟုတ်ပါဘူး၊ ပရစ် ညာမပြောပါဘူး၊ ပရစ် တကယ် စိတ်ချမ်းသာပါတယ်၊ ပရစ် သူနဲ့ ပြန်လိုက်သွားချင် ...”

“တော် ...၊ သွားတော့ ... အိမ်ထဲဝင်စမ်း၊ မမရေ ... ပရစ်ကို လာခေါ်ပါ ...”

“အေး ... အေး ...၊ ပရစ်ရေ ... လာပါကွယ်၊ ကြီးကြီး စကား နားထောင်ပါနော်”

ကြီးကြီးက ပရစ်ကို လာဆွဲခေါ်သွားသည်။

ဦးလွင်ညိုက လက်မြှောက်ပြလိုက်သဖြင့် လုံခြုံရေး နှစ်ယောက်က အားမာန်ကို တစ်ဖက်တစ်ချက်မှ ညှပ်၍ ချုပ်လိုက်ပြီး ခြံတံခါးဝသို့ ဆွဲခေါ်သွားသည်။

“ပရစ်ရေ ... ပရစ်၊ မင်းကို ကိုယ် မရရအောင် ပြန်ခေါ်မယ် ...”

အားမာန်က ရန်းကန်အော်ဟစ်ရင်း ပါသွားသည်။

ပရစ်က ထိုမြင်ကွင်းကို အပေါ်ထပ် ဝရန်တာမှ ငုံ့ကြည့်ရင်း တုန်ခိုက်နေအောင် ငိုရှိုက်လျက် ကျန်ရစ်ခဲ့လေသည်။

❋ ❋ ❋



❋ ❋ ❋

ဤသို့ဖြင့် ...

အပျက်အပျက်နှင့် နှာခေါင်းသွေး ထွက်ရပုံမှာ ...

## သက်ဆိုင်သူ သိစေရန်

ကျွန်တော် မောင်အားမာန်(မှတ်ပုံတင်အမှတ် xxx) နှင့် မပရစ်ဖူး (မှတ်ပုံတင်အမှတ် xxxx) တို့သည် တစ်ဦးနှင့်တစ်ဦး မေတ္တာသက်ဝင်ချစ်ခင်ကြပြီးနောက် (၂–၂–၂၀၀၉) နေ့တွင် နှစ်ဖက်သောမိဘဆွေမျိုးများ၏ရှေ့မှောက်၌ မိသားဖသားပီပီ ထိမ်းမြားမင်္ဂလာဆောင်နှင်းခဲ့ကြပြီး ဖြစ်ပါသည်။

ထို့နောက် ယခုချိန်အထိ မင်္ဂလာသက်တမ်း တစ်နှစ် နီးပါးကာလအတွင်း ဇနီးမောင်နှံတို့၏သဘာဝအတိုင်း ခဏတစ်ဖြုတ်အထင်လွဲ စိတ်ကောက်ခြင်း၊ ရန်ဖြစ် စကားများခြင်း စသည့် အသေးအမွှား ကိစ္စလေးများကို ကြုံတွေ့ ဖြတ်သန်းလာခဲ့ကြ



www.burmeseclassic.com

www.burmeseclassic.com



သော်လည်း တစ်ဦးနှင့်တစ်ဦး လမ်းခွဲ ပြတ်စဲကြရန် စိတ်ကူး မရှိကြောင်းကို နှစ်ဦးနှစ်ဖက်နားလည် ယုံကြည်ခဲ့ကြပြီး ယနေ့တိုင် မေတ္တာမပျက် ဆက်လက် ချစ်ခင်ခဲ့ကြပါသည်။

သို့သော်လည်း (xxxx) နေ့က ဇနီးမောင်နှံနှစ်ဦး စကားများ ရန်ဖြစ်ကြပြီးနောက် မပရစ်ဖူးက ဖခင်ဖြစ်သူ ဦးလွင်ညိုရဲ့ အိမ်သို့ ခဏတစ်ဖြုတ်စိတ်ပြေလက်ပျောက်သွားခဲ့ရာ ဦးလွင်ညိုက သမီးဖြစ်သူအား အိမ်ပြန်ခွင့်မပေးတော့ဘဲ လုံခြုံရေးဝန်ထမ်း နှစ်ဦးဖွားရမ်းကာ စောင့်ကြည့်စေလျက် မတရားသဖြင့် ထိန်းသိမ်းထားခဲ့ပါသည်။

သို့ဖြစ်၍ ခင်ပွန်းဖြစ်သူ မောင်အားမာန်ကိုယ်တိုင် မိမိ၏ ဇနီးအား သွားရောက်ခေါ်ဆောင်ရာ ဇနီးဖြစ်သူ မပရစ်ဖူးက လိုက်ပါရန် ဆန္ဒရှိပါသော်လည်း ဖခင်ဖြစ်သူ ဦးလွင်ညိုက မတရားသဖြင့် တားဆီးပိတ်ပင်ထားကြောင်း မျက်မြင်ဒိဋ္ဌ တွေ့ခဲ့ရပါသည်။

သို့ဖြစ်ပါ၍ ဤကြေညာပါသည့် နေ့မှ စ၍ ၇ရက်အတွင်း ကျွန်တော်၏ ဇနီး မပရစ်ဖူးအား ကျွန်တော့်ထံ ပြန်လည်အပ်နှံပေးပါရန်နှင့် မအပ်နှံပါက ဥပဒေအရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

အားမာန်
အမှတ် ( ... ... )
FMI၊ ရန်ကုန်မြို့။





"တောက် ... တော်တော် လူ့ဝါးဝတဲ့ ကောင်၊ တွေ့မယ် မင်း ..."

ဦးလွင်ညိုက သတင်းစာကို လုံးခြေ၍ နံရံဆီ ပစ်ပေါက်လိုက်သည်။

ထို့နောက် ...

✺ ✺ ✺



www.burmeseclassic.com

www.burmeseclassic.com

✻ ✻ ✻

## သက်ဆိုင်သူနှင့် အများသိစေရန်

ကျွန်ုပ်၏အမှုသည် ဦးလွင်ညို (မှတ်ပုံတင်အမှတ် xxxx )၏ လွှဲအပ် ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်၏အမှုသည် ဦးလွင်ညိုသည် သမီးဖြစ်သူ မပရစ်ဖူး၏စိတ်ချမ်းသာမှုကိုရှေ့ရှုလျက် သမီးဖြစ်သူ၏ဘဝကို နွေးထွေးလုံခြုံအောင် ကာကွယ်စောင့်ရှောက်ပေးနေသော ဖခင် မေတ္တာပြည့်ဝသည့် ဖခင်ကောင်း တစ်ဦးဖြစ်သည့်အပြင် လူမှုပတ်ဝန်းကျင်၌ နာမည်ပျက်မရှိရပ်တည်နေသော ဂုဏ်သရေရှိ လူကြီးလူကောင်းတစ်ဦးလည်း ဖြစ်ပါသည်။

သို့ဖြစ်ပါလျက် မပရစ်ဖူး၏ခင်ပွန်းဖြစ်သူ မောင်အားမာန်သည် မပရစ်ဖူးနှင့် အတူနေထိုင်စဉ် ကာလအတွင်း ခင်ပွန်းဝတ္တရား မကြေပြွန်ခြင်း၊ မပရစ်ဖူးအပေါ် စကားအရာဖြင့်





နိုင့်ထက်စီးနင်း ပြောဆိုခြင်း၊ လူမှုရေးဖောက်ပြားခြင်း၊ ကိုယ်ထိလက်ရောက် ရိုက်နှက်ခြင်းတို့ကို လုပ်ဆောင်ရုံသာမက ဦးလွင်ညို၏ ဂုဏ်သိက္ခာပျက်ပြားစေရန် မမှန်မကန် သတင်းလွှင့်မှုများကိုပင် လုပ်ဆောင်လာခဲ့ပါသည်။

သို့ဖြစ်ပါ၍ မောင်အားမာန် အနေဖြင့် ကျွန်ုပ်၏အမှုသည် ဦးလွင်ညိုအား စွပ်စွဲပြောဆိုခြင်းများကို ရပ်တန်းက ရပ်ရန်နှင့် မရပ်ပါက တရားဥပဒေအရ ဆောင်ရွက်သွားတော့မည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ<br>
ဦးမင်းဇေယျ<br>
တရားရုံးချုပ်ရှေ့နေ<br>
အမှတ်( … … )၊ ဆူးလေဘုရားလမ်း<br>
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

✻ ✻ ✻



www.burmeseclassic.com

www.burmeseclassic.com

* * *

"တော်ကြပါတော့ ... ရပ်တန်းက ရပ်ကြပါတော့၊ ပရစ် ရူးချင်လာလို့ပါ၊ ပရစ်ကိုလည်း ငဲ့ကြပါဦး၊ ပရစ် ရှက်လို့ သေရပါတော့မယ် ... အီးဟီး ..."

ပရစ်သည် သတင်းစာတွေကို လွှင့်ပစ်ရင်း အားရပါးရ ငိုချလိုက်မိလေသည်။

ပရစ် ငိုနေဆဲမှာ အိမ်ဖော်ကောင်မလေးက ပရစ်ဆီ ပြေးလာပြန်လာ ...

"မမပရစ် ... ဖုန်းလာပါတယ်"

"ဟင် ... လာပြန်ပလား ဒီဖုန်းက ... အဲ့ဒါ ဒီကိစ္စ မေးမလို့ပဲနေမှာ၊ ဘယ်ကဖုန်းလာလာ ငါမရှိဘူး ပြောလိုက်"

"အပျက်အပျက်နဲ့ နှာခေါင်းသွေးထွက်ကုန်တယ်ဆိုတာ ဒါမျိုးပဲ ... ၊ ညည်း ဒက်ဒီ ဒေါသက ထိန်းမရတော့ဘူး"

"အင့် ... ဟီး ... အားမာန်လည်း အရမ်း ဒေါသထွက်နေ





တယ်လေ ကြီးကြီးရဲ့၊ ပရစ်ဆီဖုန်းဆက်ပြီး ခုနပဲ ဒေါသတကြီး ပြောဆိုသွားတယ်၊ သူ မဖောက်ပြန်ဘဲနဲ့ ဒက်ဒီက မတရား စွပ်စွဲလို့ သူ အရမ်းသိက္ခာကျတယ်တဲ့၊ ဒက်ဒီကို အသရေဖျက်မှုနဲ့ တရားစွဲမယ်တဲ့ ..."

"ညည်း ဒက်ဒီကလည်း အဲ့ဒီအမှုခေါင်းစဉ်နဲ့ပဲ တရားစွဲမှာတဲ့၊ သမက်နဲ့ ယောက္ခမ ကျော်မကောင်း ကြားမကောင်းတွေတော့ ဖြစ်ကုန်ကြတော့မှာပဲ၊ အဲ့ဒါ ညည်း စရှို့တဲ့ မီးပဲ ..."

"ဒီလောက်ထိ ဖြစ်သွားလိမ့်မယ်လို့ ပရစ် မထင်ခဲ့ပါဘူး ကြီးကြီးရယ် ... ၊ ခုတော့ ... ဘယ်လိုလုပ်ကြမလဲဟင်၊ ဒက်ဒီကလည်း အားမာန်ဘက်က စကြေညာလို့ အရမ်းစိတ်ဆိုးတယ်၊ အားမာန်ကလည်း သူ့ကို ဖောက်ပြန်တယ်လို့ လူသိရှင်ကြား စွပ်စွဲလို့ စိတ်ဆိုးတယ် ..."

"နို့ ... သူက တကယ်ရော မဖောက်ပြန်လို့လား"

"မဖောက်ပြန်ပါဘူး ကြီးကြီးရယ်၊ ပရစ်ဘာသာ ဘေးလူစကားတွေ နားယောင်ပြီး သူ့ကို ယုန်ထင်ကြောင်ထင် ထင်မိတာပါ"

"ဒါဆို ညည်းဘာသာ ထင်ရုံထင်တဲ့ကိစ္စကို ဘာဖြစ်လို့ ညည်းဒက်ဒီကို သွားပြောသေးလဲ"

"ပရစ် မပြောပါဘူး"

"မောင်လွင်ညို ပြောတော့ ညည်း ပြောတာဆို ..."



www.burmeseclassic.com

www.burmeseclassic.com



"ဒက်ဒီ အဓိပ္ပာယ်ကောက် လွဲသွားတာပါ ..."

"ဟုတ်ရဲ့လားအေ ...၊ ငါသိသလောက်တော့ ညည်း ဒက်ဒီ ကြေညာထားတာ အမှန်တွေချည်းပဲ၊ ညည်းပြော ထားတဲ့ အချက်တွေနဲ့လည်း ကိုက်ညီနေတာပဲ၊ ညည်းကို အားမာန် ရိုက်လို့ဆိုပြီး ငိုယိုပြီး အိမ်ပေါ်တက်လာတာ လည်း ငါ့မျက်မြင်ပဲ၊ ညည်း ယောကျ်ားက ညည်းကို ရက်ရက်စက်စက် ပြောဆိုလွှတ်လိုက်လို့ မင်္ဂလာဦးရက် ကြီးမှာ အိမ်ပေါ်က ဆင်းလာတာလည်း ငါအသိပဲ၊ ဒီအကြောင်းတွေ ရှိမှတော့ ညည်းကို ညည်းဒက်ဒီ ပြန် မလွှတ်တာ ညည်း ဒက်ဒီ အလွန်မဟုတ်ဘူး၊ သတင်း စာထဲကနေ ကြီးကြီးကျယ်ကျယ် ထကြေညာတဲ့ ညည်း ယောကျ်ား အလွန်ပဲ ..."

"ဒက်ဒီပဲလွန်လွန်၊ အားမာန်ပဲလွန်လွန်၊ ကြားထဲက လူသိရှင်ကြား ရှက်ရတာက ပရစ်ပါ ကြီးကြီးရယ်၊ ပရစ် သူနဲ့ ပြန်မပေါင်းရဘူးဆိုလည်း မပေါင်းပါဘူး၊ အမှုတွေ တော့ မဖြစ်ကြပါနဲ့၊ ပရစ် တောင်းပန်ပါတယ်၊ ဒက်ဒီ့ကို ပရစ်လည်း တောင်းပန်ပါ့မယ်၊ ကြီးကြီးလည်း ကူပြော ပေးပါဦးနော်"

ပရစ်သည် ငိုကြီးချက်မနှင့် ကြီးကြီးကို အရင် တောင်းပန်ပြီး ဒက်ဒီရုံးကပြန်လာတော့ ဒက်ဒီကိုလည်း အသနား





ခံ တောင်းပန်ရသည်။ ကြီးကြီးကလည်း ပရစ်ဘက်က ကူပြော ပေးပါသည်။

"မင်း သမီးကလည်း မင်းသာ အမှုမလုပ်ရင် အားမာန်ဆီ ပြန်မသွားဘူးလို့ ကတိပေးထားပါတယ် မောင်လွင်ညို ရယ်၊ ဒီကိစ္စကို ရှေ့မဆက်ပါနဲ့တော့ဟယ်"

"သေချာရဲ့လား ပရစ် ..."

"ဟုတ်ကဲ့ ... သေချာပါတယ် ဒက်ဒီ၊ ပရစ် သူ့ဆီ ပြန် မသွားဘူးလို့ ကတိ အသေအချာပေးပါတယ်"

"ကောင်းပြီလေ ... ညည်းဘက်က ကတိတည်ရင်တော့ ဒီကိစ္စကို ဒက်ဒီ ရုပ်သိမ်းပေးလိုက်ပါ့မယ်၊ တစ်ခုတော့ ရှိတယ်နော်၊ ဟိုကောင့်ဘက်က မရုပ်သိမ်းရင်တော့ ဒက်ဒီ လည်း နောက်မဆုတ်နိုင်ဘူး"

"ပရစ် သူ့ကို ပြောပါ့မယ်၊ သူလည်း ပရစ်ကို ငဲ့ပြီး ရုပ်သိမ်းပေးမှာပါ ..."

✹ ✹ ✹



www.burmeseclassic.com

www.burmeseclassic.com

* * *

ဒက်ဒီက လက်လျှော့သွားသော်လည်း ကိုကတော့ ခေါင်းမာနေဆဲပင်တည်း။

ပရစ်သည် အိမ်အပေါ်ထပ် ဝရန်တာတွင် ထိုင်လျက် သတင်းစာ နှစ်စောင်ကို ရှေ့မှာချကာ စိတ်မာတ်ကျစွာ ငိုင်တွေနေခဲ့သည်မှာ ဘယ်လောက်တောင် ကြာသွားပြီလည်း မသိတော့ချေ။

ပရစ် သိတာကတော့ ရှုးချင်နေတာပါပဲ ...။

သတင်းမေးသည့် ဖုန်းတွေလည်း လာလွန်းလို့ ဖုန်းပိတ်ထားရသည်။ စကား မပြောချင်လောက်အောင် စိတ်ဓာတ်ကျလွန်းတာမို့ ရတီတို့ ကြည်ဖြူတို့ဖုန်းကိုတောင်မကိုင်ဖြစ်။

ကို့ဘက်က လက်လျှော့မသွားဘဲ ပရစ်ကို ပြန်ရဖို့ တရားရုံးမှာသာ တိုင်ကြားလျှင် ပြဿနာက မီးခိုးကြွက်လျှောက် ဖြစ်တော့မှာမို့ အချိန်မီ နည်းလမ်းတစ်ခု ရှာဖွေကြံဆမှ ဖြစ်မှာပင် ...။





ကိုနဲ့လည်း မခွဲနိုင်။

ဒက်ဒီ့ကိုလည်း စိတ်ချမ်းသာစေချင်သည်။

ရှဉ့်လည်းလျှောက်သာ၊ ပျားလည်းစွဲသာ နည်းလမ်းမျိုးကို စဉ်းစားစမ်းပါ ပရစ်ဖူးရာ ...။

ပရစ်သည် စဉ်းစားရလွန်းလို့ ခေါင်းပေါ်မှာ မီးခိုးတွေ အူလာသလား ထင်မိသည်။

ပရစ်သည် စိတ်ညစ်ညစ်နှင့် အပေါ်စီးမှ မြင်နေရသော အိမ်ရှေ့လမ်းသွယ်လေးသို့ ငေးကြည့်နေမိသည်။

ပရစ် ကြည့်နေဆဲမှာပဲ လမ်းသွယ်လေးအတိုင်း လျှောက်လာနေသော ရယ်စရာကောင်းသည့် လူတစ်ယောက်ကို တွေ့လိုက်ရသည်။

ထိုခဏမှာ ပရစ်ရဲ့ ဉာဏ်တွေ ပွင့်သွားကာ လှပသော အကြံတစ်ခုကို ရလိုက်လေသည်။ ပရစ် မျက်နှာက ချက်ချင်းပင် ပြုံးရွှင် ကြည်လင်လာသည်။

ထိုခဏမှာ ကို့ထံက ဖုန်းဝင်လာလေရာ ပရစ်က ဝမ်းသာအားရ ဖုန်းကောက်ကိုင်လိုက်ရင်း ...

"ကို ... ပရစ်လည်း ကို့ဖုန်းကို မျှော်နေတာ"

"ကိုယ့်ကို လွမ်းလို့မျှော်တာလား၊ နားချစကားတွေပြောဖို့ မျှော်တာလား၊ ကိုယ့်ကို လုံးဝ မတားနဲ့တော့ ပရစ်၊ ကို နည်းအမျိုးမျိုးနဲ့ ကြိုးစားပြီးပြီ၊ ပရစ် သူငယ်ချင်းတွေဆီ သွားပြီး ပရစ်ကို ခေါ်ထုတ်လာပေးဖို့လည်း တောင်းပန်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ပြီ၊ ရတီတို့ကလည်း ပရစ်က သူတို့ဖုန်းကိုတောင် မကိုင်ဘူးတဲ့၊ ပြီးတော့ ပရစ်က သူတို့ဆီမှာ ကိုယ့် မကောင်းကြောင်းတွေ ဘယ်လောက်ပြောထားလဲမသိဘူး၊ သူတို့က ကိုယ့်ကိုတောင် မုန်းနေကြသလိုပဲ၊ ကိုယ် သူတို့ကို သွားရှာတော့ တစ်ယောက်တစ်ပေါက် ဝိုင်းအပြစ်တင် စွပ်စွဲလိုက်ကြတာ၊ကူညီနိုင်ရင်တောင် ကူညီချင်တဲ့ပုံမပေါ်ဘူး"

ပရစ်သည် လူတကာကိုနှုတ်ဖွာမိသော ကိုယ့်အပြစ်ကြီးကို သိသထက်သိကာ နောင်တ အလီလီ ရနေရပါသည်။

"ကိုယ့်မှာ ပရစ်ကို ပြန်ရဖို့ ဒီတစ်နည်းပဲ ရှိတော့တယ် ပရစ် ...၊ ကိုယ်ကတော့ ဒီနည်းနဲ့ ရှေ့ဆက်တိုက်ပွဲဝင်ရတော့မှာပဲ ..."

"ကိုက ဘာရည်ရွယ်ချက်နဲ့ အမှုလုပ်မှာလဲ ..."

"ကိုယ် ပြောပြီးပြီလေ၊ ပရစ်နဲ့ အတူတူ ပြန်နေခွင့်ရဖို့ ဒီတစ်နည်းပဲ ရှိတော့တယ်ဆိုတာ ..."

"အဲ့ဒီနည်းလမ်း မသုံးဘဲ ဒါ့ထက်ကောင်းတဲ့ နည်းလမ်းတစ်ခု သုံးရင် အတူပြန်နေခွင့် ရမယ်ဆိုရင်ရော ..."

"ဘယ်လိုနည်းလမ်းလဲ ..."

"အဟင်း ... ပြောမှာပေါ့၊ နားထောင် ..."

ပရစ်က အူမြူးသံကလေးဖြင့် ပရစ်ရဲ့ အကြံကို တိုးတိုးလေး ပြောပြလိုက်လေသည်။

✹ ✹ ✹



အပိုင်း(၃)



www.burmeseclassic.com

www.burmeseclassic.com

* * *

"ပရစ် ကိုယ့်ဘာသာ နေချင်တယ် ဒက်ဒီ"

သမီးရဲ့ တောင်းဆိုစကားကြောင့် ဦးလွင်ညိုက သတင်းစာဖတ်နေရာမှ မျက်လွှာပင့်၍ ပရစ်ကို ကြည့်လိုက်ပါသည်။

"ဒက်ဒီ့ကို ကတိပေးထားတဲ့အတိုင်း ပရစ် သူ့ဆီ ပြန်မသွားပါဘူး၊ ဒါပေမယ့် အိမ်ထောင်ကွဲ တစ်ယောက် အနေနဲ့ ပရစ် ဒီအိမ်မှာတော့ ပြန်မနေချင်ဘူး"

ဦးလွင်ညိုက မျက်မှောင်ကြုတ်လိုက်ရင်း ...

"ညည်းတစ်ယောက်တည်း နေဖို့ မသင့်တော်ဘူး၊ မဖြစ်နိုင်တာတွေ လာမတောင်းဆိုနဲ့ ပရစ်ဖူး ..."

"ပရစ် အဖော်နဲ့ နေမှာပေါ့ ..."

"ဘယ်က အဖော်လဲ ..."

"ပရစ် သူငယ်ချင်းတစ်ယောက်နဲ့ အတူနေမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူလဲ ... ရတီလား၊ ကြည်ဖြူလား"

"မဟုတ်ပါဘူး ဒက်ဒီ၊ မကြာသေးခင်ကမှ နိုင်ငံခြားက ပြန်လာတဲ့ သူငယ်ချင်းပါ၊ သူ့နာမည်က မိုင်လီတဲ့၊ ကျောင်းတုန်းက အရမ်းခင်ခဲ့တဲ့ သူငယ်ချင်းပါ၊ နောက်တော့ သူက အမေရိကားကို သူ့အဖေနဲ့ လိုက်သွားတာ၊ ခု ပြန်လာတာ မကြာသေးဘူး၊ သူနဲ့ ဖုန်းရတော့ ပရစ် အကြောင်းတွေ ပြောပြဖြစ်တယ်၊ သူကလည်း ဒီကို စီးပွားရေးတစ်ခုခုလုပ်ဖို့ ပြန်လာတာဆိုတော့ ပရစ်ရဲ့ အကူအညီ လိုအပ်တယ်၊ သူ့မိဘတွေလည်း ဒီမှာမရှိဘူး ဆိုတော့ သူတစ်ယောက်တည်း ဖြစ်နေတာနဲ့ ပရစ်နဲ့ အတူလာနေမှာ ..."

ဦးလွင်ညိုက တစ်ချက် စဉ်းစားဟန်ပြုသည်။ ပရစ်ကလည်း ဒက်ဒီ စိတ်ညွှတ်လာအောင် ဖိပြောရသည်။

"ပရစ် ဒီမှာနေရင် အတိတ်ကိုသတိမရဘဲမနေဘူးဒက်ဒီ၊ ဒီစိတ်ခံစားချက်တွေနဲ့ ပရစ် နာလန်ထူမှာမဟုတ်ဘူး၊ နေရာသစ်မှာ စိတ်သစ် လူသစ်နဲ့ ကိုယ့် သူငယ်ချင်းနဲ့ အတူတူ ပျော်ပျော်ရွှင်ရွှင်နေလိုက်ရင် ပရစ်ရဲ့ အတိတ်ကို မေ့နိုင်မှာပါ၊ ပရစ် စိတ်မလေအောင် စီးပွားရေး တစ်ခုခု လည်း လုပ်မှာပါ၊ ပြီးတော့ ဒက်ဒီ ငှားထားတဲ့ လုံခြုံရေး ဝန်ဆောင်မှုက လူနှစ်ယောက်ကိုလည်း ရုပ်သိမ်းပေးပါ၊ ပရစ် ဒက်ဒီ့ကို ပေးထားတဲ့ ကတိကို မဖျက်ပါဘူး"





"သမီးက ဘယ်မှာနေမှာလဲ ..."

"မိုင်လီ့အိမ်မှာ နေမှာပါ၊ မြယမုံအိမ်ရာမှာ မိုင်လီ့မိဘတွေ ပိုင်တဲ့ အိမ်နဲ့ ခြံ ရှိပါတယ်"

"အင်း ... ဒက်ဒီ့အိမ်နဲ့တော့ တော်တော်ဝေးတာပဲ၊ အိုကေ ကောင်းပြီလေ ... ဒက်ဒီ ခွင့်ပြုလိုက်ပါ့မယ်၊ ဒါပေမယ့် တစ်ခုတော့ သမီး လက်ခံရမယ် ..."

"ဘာများလဲ ဒက်ဒီ ..."

"သမီး နေမယ့် ခြံကို စောင့်ဖို့ လုံခြုံရေး ဝန်ဆောင်မှုက ခြံစောင့်တစ်ယောက် ဒက်ဒီ ငှားပေးမယ် ..."

"ငှားပေးပါ ဒက်ဒီ၊ ပရစ် လက်ခံပါ့မယ်၊ ပရစ်နေတဲ့ ခြံထဲကို ယောကျ်ား တစ်ယောက်မှ အဝင်အထွက် မရှိစေရပါဘူး၊ အဲ့ဒီလူကိုလည်း ပရစ်ရဲ့ ခြံထဲကို ယောကျ်ားသား အဝင်ထွက် လုပ်တာတွေ့ရင် ဒက်ဒီဆီ အကြောင်းကြားပေးဖို့ မှာထားနိုင်ပါတယ်"

တက်တက်ကြွကြွ ပြောနေသော သမီးကို ကြည့်ရင်း ဦးလွင်ညိုက ခေါင်းတဆတ်ဆတ် ညိတ်လိုက်မိပါသည်။

ယောကျ်ားတစ်ယောက်မှ အဝင်အထွက် မရှိစေရဘူးဟု သမီးက စ၍ ကတိပေးထားသဖြင့်လည်း ဦးလွင်ညိုက သမီးကို နည်းနည်းတော့ စိတ်ချသွားမိပါသည်။

✱ ✱ ✱



www.burmeseclassic.com

www.burmeseclassic.com

* * *

"ဟဲ့ … ပရစ် … ညည်း သူငယ်ချင်း ဘာလီဆိုတာ …"

"မိုင်လီပါ ကြီးကြီးရဲ့ …"

"အေး … အဲ့ဒီ မိုင်လီက အိမ်ထဲမဝင်တော့ဘူးလား၊ ကားထဲမှာ ထိုင်နေတာ ကြာလှပြီ၊ အိမ်ထဲဝင်ဖို့ ခေါ်လိုက်ဦးလေ …"

"သူက ရှက်နေတာ ကြီးကြီးရေ …"

"ဘာကို ရှက်တာလဲဟဲ့ …"

"ညက sea food တွေ အစားများပြီး မျက်နှာမှာ အလှ ဂျစ်တွေ ထွက်နေတာ နီရဲထူပိန်းနေတာပဲ၊ ရုပ်ကိုပျက်ရော၊ အဲ့ဒါကြောင့် သူက သူ့မလှပတဲ့ မျက်နှာကို လူမြင်မခံဝံ့ဘူး …၊ ဟဲ့ … ဟုတ်တယ် မဟုတ်လား"

"ဟုတ် …"

ကားထဲမှာထိုင်နေသော ပရစ် သူငယ်ချင်းမ မိုင်လီ





က ဟုတ်ဟု ခပ်နွဲ့နွဲ့ပြောရင်း ခေါင်းတစ်ချက်ညိတ်ပြသော်လည်း မျက်နှာက ကြီးကြီးဘက်သို့ လှည့်မလာ …။

"မိုင်လီရေ … ဒီမှာ အထုပ်တွေ ကူသယ်ဦး"

ပရစ်က ကားပေါ်ကို အထုပ်တွေ သယ်တင်နေတာမို့ မိုင်လီက ကားတံခါးဖွင့်ကာ ကားပေါ်မှ ဆင်းလာပြီး မျက်နှာလေးကို ဆံပင်ဖြင့်ကွယ်ဖွက်လျက် အထုပ်တွေကို ကားပေါ်သို့ ဆွဲတင်ပေးနေသည်။

ကြီးကြီး ဒေါ်တင်ညိုကတော့ ပရစ် သူငယ်ချင်း မိုင်လီဆိုတဲ့ ဟာမလေးကို သေချာ အကဲခတ်ကြည့်နေမိသည်။

နိုင်ငံခြားမှာ အနေကြာတာနဲ့ ဆိုင်သလား မဆိုင်သလားတော့ မသိ …။ မိုင်လီ့ ပုံစံက ထွားထွားကျိုင်းကျိုင်း ရှိလွန်းသည်။ ဆံပင်က ကုပ်သာသာ အဝဲလေးမို့ ခေါင်းငုံ့ထားလျှင် ဆံပင်တွေက မျက်နှာကို ကွယ်နေသည်။ ဆံပင် နီညိုညို ပျော့ပျော့ပြောင်ပြောင်လေးတွေကတော့ ခုခေတ် နိုင်ငံခြားက လာတဲ့ ဆံပင်တုတွေလောက်နီးနီး လှသား။ ဂါဝန်ရှည် ပန်းရောင်ကလေးနှင့်၊ လေဒီရှူး ပန်းဆီရောင်လေး စီးထားပုံကလည်း ဖက်ရှင်ကျကျ လှပသည်။ အေးလေ … နိုင်ငံခြားက လာပေတာပဲကိုး …။

"ဟဲ့ … မိုင်လီ …"

ကြီးကြီး ဒေါ်တင်ညိုက မိုင်လီ့ခါးကို လက်ညှိုးဖြင့် သွားတို့လိုက်သဖြင့် မိုင်လီက တွန့်ခနဲ ဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



အောင်မယ် … ခါးကလည်း တုတ်နိုင် တင်းမာလိုက်တာဟယ်။ အေးလေ … မိန်းမပေမယ့် ဗလကောင်းတော့လည်း ကိုယ့်တူမ ပျော့ပျော့နွဲ့နွဲ့လေးကို စောင့်ရှောက်ကာကွယ်နိုင်တာပေါ့ …။

"ကြီးကြီး … မိုင်လီကို ဘာလုပ်မလို့လဲ"

"သူ့မျက်နှာ အခု မမြင်ရပေမယ့် သေသေချာချာ ပြောဆိုပြီး ညည်းကို အပ်လွှတ်လိုက်ရဦးမှာပေါ့ ပရစ်ဖူးရဲ့"

မိုင်လီကလည်း ကြီးကြီးကို ကျောခိုင်းအနေအထား ဖြင့် ရပ်ရင်း ငြိမ်ငြိမ်လေး နားစွင့်နေပုံပင် …။

"မိုင်လီ … ပရစ်ကို ညည်းလက်ထဲ ကြီးကြီး အပ်ပါတယ်၊ သူ့ကို သူငယ်ချင်းလို ညီအစ်မလို စောင့်ရှောက်ပေးပါကွယ် …"

"ဟုတ် …"

မိုင်လီက ခပ်တိုးတိုး အသံပြုရင်း ခေါင်းကိုတော့ အားပါးတရ ညိတ်ပြသည်။

"ညည်းလည်း သိပြီးသား နေမှာပါ၊ ညည်းသူငယ်ချင်း ပရစ်ခမျာ လင်ဆိုးမယား တဖားဖားဆိုသလို ဒုက္ခတွေ ကြုံခဲ့ရတော့ သူ့ခမျာ မပျော်မရွှင်ဖြစ်နေရရှာတာ၊ သူ့ကို ပျော်အောင် ထားပေးပါ မိုင်လီရယ် …"

"ဟုတ် …"

"ကြီးကြီး စိတ်ချမယ်နော် …"

"ဟုတ် …"





"ပရစ်ကို ညည်းလက်အပ်ပြီးတာနဲ့ ကြီးကြီးလည်း တရားစခန်း ဝင်တော့မှာ၊ ပရစ်ရဲ့ အိမ်ထောင်ရေးကိစ္စတွေကြောင့် ကြီးကြီးမှာ စိတ်တွေရှုပ်နေခဲ့ရတာ ကြာပြီလေ၊ မိုင်လီနဲ့ ထည့်လိုက်ပြီးတော့မှပဲ ကြီးကြီးလည်း တရားရိပ်သာ ဝင်ပြီး ကြီးကြီးစိတ်တွေကို ပြန်ရှင်းထုတ်ရဦးမှာ၊ ပရစ် ဒက်ဒီကတော့ မနေ့က ပရစ် နေမယ့် အိမ်ကို သေချာသွားကြည့်ပြီး လုံခြုံရေး ဝန်ထမ်း ထားခဲ့ပြီးတာနဲ့ ခရီးထွက်သွားပြီဆိုတော့ ကြီးကြီးမှာ သူ့ဝေယျာဝစ္စလုပ်ပေးဖို့လည်း မရှိတော့ဘူး၊ ဒီရက်ပိုင်းတွေမှာ အေးအေးဆေးဆေး တရားအားထုတ်လို့ ရပြီပေါ့ကွယ်၊ ကြီးကြီး တရားစခန်းက ပြန်ထွက်လာတော့မှပဲ ညည်းကို အိမ်မှာ ထမင်းစားဖိတ်ပြီး ညည်းမျက်နှာကို သေသေချာချာ ကြည့်ပါ့မယ်၊ အဲ့ဒီလောက်ဆိုရင်တော့ ညည်း ငါ့ကို မျက်နှာပြရဲပြီ မဟုတ်လား …"

"ဟုတ် …"

မိုင်လီက တဟုတ်တည်း ဟုတ်နေတာမို့ ကြီးကြီးက နည်းနည်း စိတ်တိုချင်လာကာ …

"ဟဲ့ … ပရစ်ဖူး … ညည်းသူငယ်ချင်းက ဟုတ်တစ်လုံးပဲ ပြောတတ်သလား …"

"ဟုတ်၊ အဲ … အဟင်း … သူက ဟိုမှာအနေကြာတော့ ဗမာစကားကို သိပ် များများစားစား ဝေဝေဆာဆာ မပြော



www.burmeseclassic.com

www.burmeseclassic.com



တတ်တော့ဘူး ကြီးကြီးရဲ့၊ ပရစ်တောင် သူနဲ့ စကား များများပြောချင်ရင် အင်္ဂလိပ်လိုပဲ ပြောရတာ ...”

“သြော် ... သြော် ... ဒီလိုလား ...၊ ဆောရီးနော် ...”

“နိုး ပရော်ဘလမ် (no problem) ”

“အင်း ... အင်္ဂလိပ်လိုပြောမှပဲ သွက်သွက်လက်လက် ပြန်ပြောဖော် ရတော့တယ်၊ ကဲ ... ကဲ ... ပစ္စည်းပစ္စယ တွေစုံရင် သွားကြတော့၊ ပရစ် ညည်းပစ္စည်းတွေစုံပြီနော်”

“စုံပါပြီ ကြီးကြီး ...”

ပရစ်က ကားပေါ်တက်ထိုင်လိုက်တော့ မိုင်လီက ကားမောင်းထွက်ရင်း ကြီးကြီးဘက်ကို လက်လှမ်းပြခဲ့သည်။

ထို့နောက် ... ပရစ်နှင့် မိုင်လီတို့ အတူနေမည့် အိမ်လေးသို့ ဦးတည်မောင်းလာသည်။

ခြံဝရောက်တော့ မိုင်လီနဲ့ ပရစ်က လုံခြုံရေး ဝန်ထမ်းလေးကို ပြုံး၍ လက်ပြလိုက်သည်။ ဝန်ထမ်းလေးက လည်း ယောကျ်ားသား တစ်ယောက်မှ ပါမလာသော ပရစ်ရဲ့ ကားလေး ဝင်ဖို့ ခြံတံခါးကို အပြေးအလွှား သွားဖွင့်ပေးလိုက် သည်။

မိုင်လီက အိမ်ရှေ့မှာ ကားရပ်ပြီးတာနှင့် ကားပေါ် က ခပ်မြန်မြန် ဆင်းပြီး ပရစ်ဖူးဘက်က ကားတံခါးကို သွား ဆွဲဖွင့်ပေးလိုက်သည်။

ထို့နောက် ပရစ်ဖူးရဲ့ လက်ကလေးကို ဆွဲကာ





အိမ်ဘက်သို့ ပြေးလာသည်။ အိမ်တံခါးဝရောက်တော့ တံခါး သော့ကို ခပ်မြန်မြန်ဖွင့်ပြီး ပရစ်ဖူးရဲ့ ခါးကလေးကို ဖက်လျက် အိမ်ထဲသို့ ဆွဲခေါ်လာလေသည်။

လုံခြုံရေး ဝန်ထမ်းကလေးမှာ ထိုမြင်ကွင်းကို ငေး မျှော်ကြည့်ရင်း စိတ်ထဲမှာ ထူးဆန်းသလို ခံစားသွားရပြီးမှ ‘တော်တော် ချစ်တဲ့ သူငယ်ချင်းတွေပဲ’ ဟု မှတ်ချက် ချလိုက် ပါသည်။

✵ ✵ ✵



www.burmeseclassic.com

www.burmeseclassic.com

* * *

"ဟိုး … ဟိုး … လွှတ်ပါတော့ ဆရာရယ် …"

"မလွှတ်ပါရစေနဲ့ဦး ကိုယ့်အသည်းလေးရယ်၊ လွမ်းလွန်းလို့ အတိုးချ ဖက်ထားပါရစေဦးကွာ …"

ပရစ်သည် အိမ်ထဲရောက်ရောက်ချင်း ကိုယ့်ကို ပွေ့ဖက် နမ်းရှုံ့ အလွမ်းသယ်နေသော မိုင်လီတစ်ဖြစ်လဲ ကို့ကို ကြည့်ရင်း ကိုယ့်ယောကျ်ားရယ်လို့ ဘာဖီးလ်မှ မလာတဲ့အပြင် ရယ်သာ ရယ်ချင်နေသည်။

ဂါဝန်ကြီး ဝတ်ကာ ဆံပင်တုကြီး စွပ်ထားသော ကို့ပုံစံက တကယ်ပဲ မိန်းမနှင့် တူလွန်းတာမို့ မိန်းမတစ်ယောက်က ကိုယ့်ကို ပွေ့ဖက် ကျီစယ်နေသလို ခံစားရသည်။

"လွှတ်ပါတော့ ကိုရယ်၊ အဟင်း … ဟီဟိ …"

ပရစ်က ကို့ရင်ခွင်ထဲက ရုန်းထွက်ရင်း မအောင့်နိုင်ဘဲ ရယ်လိုက်တော့မှ ကိုက ပရစ်ကို လွှတ်ပေးကာ …

"ဘာလို့ ရယ်တာလဲ …"





"အဟင်း … ဟင်း … ရယ်ချင်လို့ပေါ့ ကိုရဲ့၊ ကို့ပုံစံကိုလည်း မှန်ထဲ ပြန်ကြည့်ပါဦး၊ ဒီပုံကြီးနဲ့ ပရစ်ကို လာဖက်နမ်းနေတာကိုး … ဟီးဟီး … ဟား … ဟား …"

အားမာန်သည် ခုမှ ကိုယ့်အဖြစ်ကို ကိုယ်သတိရကာ ခေါင်းပေါ်က ဆံပင်တုကြီးကို ဆွဲချွတ်လွှင့်ပစ်လိုက်ရင်း

"ဒီ ဒီဇိုင်းက မင်းဆင်တဲ့ ဒီဇိုင်းလေ ပရစ်ဖူးရဲ့၊ အမလေး အိုက်လိုက် ပူလိုက်တာ၊ ကဲ … ပေး … ပေး … ကိုယ့်အဝတ်အစားတွေ အမြန်ထုတ်ပေးတော့၊ ဒီမိန်းမဝတ်တွေ လဲပစ်ချင်လှပြီ …"

အားမာန်က ဂါဝန်တစ်စကို အသာမကာ ဆိုဖာပေါ်သို့ ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။ ပရစ်က ကို့ပုံစံကို ကြည့်ကာ မရယ်မိအောင် ထိန်းရင်း …

"အဲ့ဒါဆို ကို ဒီမှာ စောင့်နေ၊ ပရစ် ကားထဲက အိတ်တွေ သွားယူလိုက်ဦးမယ် …"

"မင်းရုပ်က ပြုံးစိစိနဲ့ ဘာဖြစ်နေတာလဲ …"

"ဘာမှမဖြစ်ပါဘူး … အဟိ …"

"ဘာလဲ … မင်းက ငါ့ပုံကို လှောင်တာလား …"

"အဟီး … ကို့ပုံက မိန်းမနဲ့ အရမ်းတူလွန်းလို့ပါ"

"အေး … ရယ်ပါ ရယ်ပါ၊ ဒါတွေအားလုံး ဘယ်သူ့ကြောင့် ဖြစ်လာရတာလဲ၊ မိန်းမတစ်ယောက်ကို ချစ်မိတာနဲ့ ခံလိုက်ရတဲ့ဝဋ်၊ ဖုံးကညာတစ်ပါး လုံးရာကပြားလိုပြား…"



www.burmeseclassic.com

www.burmeseclassic.com



"အဟိ ... ဟိ ..."

"ရယ်ပြန်ပြီလား၊ သွား ... သွား ... ငါ ဒေါသမထွက်ခင် ငါ့အဝတ်အစားတွေ မြန်မြန်ယူလာခဲ့ ..."

သူပြောနေပုံကိုကြည့်ရင်း ပရစ်က ရယ်လေ သူက စိတ်တိုလေ။ ပရစ်က ကျိတ်ရယ်ရင်း အိမ်ပြင်ပြန်ထွက်ဖို့ ပြင်တော့ အားမာန်က ထရပ်လိုက်ရင်း ...

"ဒီလောက် အထုပ်အပိုးတွေ အများကြီးကို မင်းတစ်ယောက်တည်း နိုင်မှာမို့လို့လား ..."

"ဟိုး ... ဟိုးထား ကိုယ့်လူ၊ သတိလေး ဘာလေးထားဦးလေ၊ ဒီပုံစံနဲ့ အပြင်ထွက်ရင် လုံခြုံရေးက ရိပ်မိသွားမှာပေါ့ ...၊ ဆံပင်တုကြီး လွှင့်ပစ်ထားပြီးတော့ ..."

"ဟုတ်သားပဲ၊ မေ့လို့ ... မေလို့ ..."

"ဟိုလူ့ရှေ့မှာဆို အနေအထိုင် ဆင်ခြင်ရမယ် ကိုရဲ့၊ ခုနတုန်းကလည်း ကိုက ပရစ်ကို ဖက်ပြီး အိမ်ထဲဝင်လာတာကို ဟိုလူ မြင်သွားသလားတောင် မသိဘူး"

"မြင်လည်း ကိစ္စမရှိပါဘူးကွာ၊ ကိုယ်က မိန်းမဝတ်နဲ့ပဲဟာ၊ သူတို့ မိန်းကလေးသူငယ်ချင်း အချင်းချင်း သိပ်ချစ်ကြတယ်လို့ပဲ ထင်မှာပါ ..."

"အဲဒီလိုထင်ရင် တော်သေးတာပေါ့၊ ကဲ ... ကို ကျန်ခဲ့၊ သွား ... သွား ... အိပ်ခန်းထဲ သွားနေ၊ ပရစ် ခြံစောင့်ကောင်လေးကို လှမ်းခေါ်ပြီး ပစ္စည်းတွေ အိမ်ထဲသယ်ခိုင်းလိုက်မယ်"





ပရစ်က ကိုကို သေချာမှာပြီး အိမ်ပြင် ပြန်ထွက်လာကာ ကားရပ်ထားရာ နေရာသို့ လျှောက်လာပါသည်။

ပရစ်ကို လှမ်းမြင်သွားသော ခြံစောင့်ကောင်လေးက ပရစ်ဆီ အပြေးရောက်လာကာ ...

"ကျွန်တော် ဘာကူညီရမလဲ အစ်မ ..."

"ဒီပစ္စည်းတွေ အိမ်ထဲ သယ်ချင်လို့ ကူညီပေးပါဦး"

"ဟုတ်ကဲ့ ... ရပါတယ် ခင်ဗျ"

"အော် ... ဒါနဲ့ ..."

ကောင်လေးက ခါးကိုင်းလျက် အိတ်နှစ်လုံးကို ဆွဲယူမည်ပြုစဉ်မှာ ပရစ်အသံကြောင့် ခါးပြန်မတ်ပြီး ပရစ်ကို ကြည့်၏။

"မင်း နာမည် ဘယ်လိုခေါ်သလဲ ..."

"အောင်ဇော်ပါ ခင်ဗျ ..."

"မင်း တာဝန်က ..."

"ဒီခြံရဲ့ လုံခြုံရေးကို တာဝန်ယူဖို့နဲ့ ဒီခြံထဲကို တစ်စိမ်းယောက်ျားလေး အဝင်အထွက် ရှိရင် ဦးလွင်ညိုကို အကြောင်းကြားပေးဖို့ပါ"

"အော် ... အော် ..."

ပရစ်က ကျိတ်ပြုံးလိုက်ပြီး ...

"မင်းကို တစ်ခုတော့ မှာထားချင်တယ်"

"ဟုတ်ကဲ့ ... ပြောပါ အစ်မ ..."



www.burmeseclassic.com

www.burmeseclassic.com



"မင်းတာဝန်က ဒီနှစ်ခုပဲဆိုတော့ မင်းအနေနဲ့ တခြား တာဝန်တွေကို ယူဖို့မလိုဘူး၊ ဒီနေ့ကတော့ အထုပ်အပိုး တွေ မနိုင်လို့ အကူအညီတောင်းလိုက်ရတာ၊ နောက်နေ့ ဆိုရင်တော့ မင်းတာဝန်နဲ့ မဆိုင်တဲ့ အလုပ်တွေကို မခိုင်း ပါဘူး၊ မင်းလည်း ခြံလုံခြုံရေးကိုပဲ တာဝန်ယူ၊ တို့အိမ် နားကို သိပ်မကပ်နဲ့၊ တို့က မိန်းကလေးနှစ်ယောက်တည်း နေတာဆိုတော့ ကိုယ့်အိမ်နေရင်း အဝတ်အစားဆိုလည်း ပေါ့ပေါ့ပါးပါး လွတ်လွတ်လပ်လပ်ပဲ ဝတ်တာလေ ..."

"ဪ ... ဟုတ်ကဲ့ပါ ခင်ဗျ၊ အစ်မတို့ဘာသာ လွတ် လွတ်လပ်လပ် နေကြပါ၊ ကျွန်တော်က ခြံတံခါးနားက အစောင့်အိမ်လေးမှာပဲ အနေများပါတယ်"

"ပြီးတော့ နောက်တစ်ခု ပြောထားရဦးမယ်၊ တို့သူငယ် ချင်းက အရမ်း အရှက်အကြောက်ကြီးတယ်၊ တစိမ်း ယောကျ်ားလေးနဲ့ ရောရောနှောနှော ရင်းရင်းနှီးနှီး မပြော တတ်ဘူး၊ စကားလည်း နည်းတယ်၊ အဲ့ဒီတော့ မင်းအနေ နဲ့ အကြောင်းထူးမရှိရင် သူနဲ့ ဝေးဝေးမှာနေပါ၊ ပြော စရာရှိရင် တို့ကိုပဲ ပြောပါ"

"ဟုတ်ကဲ့ပါ အစ်မ ..."

ခြံစောင့် ကောင်လေးက ရို့ရို့ကျိုးကျိုး ပြောပြီး အိတ်တွေကို အိမ်ထဲသို့ သယ်ပို့ပေးလိုက်သည်။

ပရစ် အိမ်ထဲဝင်သွားတော့ ကောင်လေးက ခြံထိပ် အစောင့်အိမ်လေးသို့ ပြန်လျှောက်လာခဲ့သည်။





ထိုအချိန်မှာပဲ ဦးလွင်ညိုပေးထားသော ဖုန်းက အသံမြည်လာတာမို့ ကောင်လေးက ဖုန်းကို ထုတ်ကိုင်လိုက် ပါသည်။

"ဟုတ်ကဲ့ ... အမိန့်ရှိပါ ခင်ဗျာ ..."

"အခြေအနေ ဘယ်လိုလဲဟေ့ ..."

"သူတို့ ခုပဲ ရောက်ပါတယ် ခင်ဗျ၊ အားလုံး အေးအေး ဆေးဆေးပါပဲ၊ တခြား လူဝင်လူထွက်လည်း မရှိပါဘူး"

"တခြား ဘာထူးသေးလဲ ..."

"ဘာမှ မထူးပါဘူးခင်ဗျ၊ ဟို ..."

ကောင်လေးက မိန်းကလေးသူငယ်ချင်းနှစ်ယောက် ဝမ်းသာအားရ ပွေ့ဖက်လျက် အိမ်ထဲဝင်သွားပုံကို မြင်ယောင် သတိရသွားပြီးမှ *'ဒါကတော့ ငါနဲ့မဆိုင်ပါဘူးလေ'* ဟု စဉ်းစား မိပါသည်။

"ပြောလေ ... ဘာပြောစရာ ရှိသေးလဲ"

"သူတို့ သူငယ်ချင်း နှစ်ယောက်ကတော့ တစ်ယောက်နဲ့ တစ်ယောက် အရမ်းချစ်ပုံပဲ ခင်ဗျ"

"အေး ... ပြီးရော ... ပြီးရော၊ တစ်ခုခု ထူးခြားရင် ငါ့ဆီ ဖုန်းဆက်လိုက် ..."

"ဟုတ်ကဲ့ပါ ခင်ဗျာ ..."

✹ ✹ ✹



www.burmeseclassic.com

www.burmeseclassic.com

* * *

ပရစ်က ဆိုဖာပေါ်မှာ ထိုင်နေသော အားမာန်ရဲ့ ပေါင်ကို ခေါင်းအုံးကာ 5 movies က လာနေသည့် ရုပ်ရှင်ကားကို နှစ်ယောက်အတူ ကြည့်နေဆဲမှာ အားမာန်က စိုးရိမ်စိတ်ဖြင့် ပြတင်းတံခါးတွေဘက်ကို လှမ်းကြည့်ရင်း ...

"ပရစ် ... မှန်ပြတင်းတွေ အားလုံးကို လိုက်ကာတွေ ချထားရဲ့လား"

"ချထားပါတယ် ကိုရဲ့၊ ဟိုကောင်လေးကို အိမ်နားမကပ်ဖို့လည်း သေသေချာချာ မှာထားပါတယ်၊ မစိုးရိမ်ပါနဲ့၊ ရုပ်ရှင်သာ ဖြောင့်ဖြောင့်ကြည့်စမ်းပါ"

"နေ့ခင်းဘက်ကြီး တံခါးတွေ အကုန်ပိတ်ထားတော့ မသင်္ကာစရာများ ဖြစ်နေမလား"

"ရာသီဥတုက ပူနေတာပဲ၊ အဲကွန်းဖွင့်ထားလို့ တံခါးတွေ ပိတ်ထားတယ်လို့ပဲ ထင်မှာပါ"





"ကိုယ်တော့ နေသ ၊နေရတယ်၊ ဘယ်အချက် ယောက္ခမကြီး ပေါက်ချလာမလဲဆိုပြီး ကျောချမ်းတယ် ပရစ်ရာ"

"ဒက်ဒီက ဒီဘက်ကို တော်ရုံမလာပါဘူး ကိုရယ်၊ ဒီနေရာက ဒက်ဒီ့အိမ်နဲ့ရော ကုမ္ပဏီရုံးခန်းနဲ့ပါ အရမ်းဝေးတယ်၊ ပြီးတော့ ဒက်ဒီက ပရစ်ကို ထောက်လှမ်းနေရလောက်အောင် အချိန်မပိုပါဘူး၊ လုံခြုံရေးလည်း ငှားထားတာပဲဆိုတော့ စိတ်ချနေမှာပါ၊ ဒက်ဒီ့ကြည့်ရတာ ပရစ်ကို ယုံတဲ့ပုံပါ။ ပရစ်ကလည်း ဒက်ဒီယုံလောက်အောင် နေပြခဲ့ပြီး ကတိတွေလည်း အထပ်ထပ် ပေးလာခဲ့တာ ..."

"လုံး၀ လာမကြည့်ဘဲတော့ မနေလောက်ပါဘူးကွာ"

"ဒက်ဒီက ခရီးထွက်နေတာ ကိုရဲ့၊ သူလုပ်နိုင်ရင် အဝေးကနေ လုံခြုံရေးကို ဖုန်းဆက်ထောက်လှမ်းရုံပဲ တတ်နိုင်မှာ၊ ဒက်ဒီ ပြန်လာလို့ ပရစ်တို့ဆီလာမယ်ဆိုလည်း အကြောင်း တစ်ခုခုပြပြီး ကို ရှောင်နေလို့ ရတာပဲ ..."

အားမာန်က ပရစ် မျက်နှာကို ငုံ့ကြည့်ကာ သက်ပြင်းရှည်ကြီး ချလိုက်ရင်း ...

"ကိုယ်တို့ ဘယ်အချိန်အထိ ပရစ် ဒက်ဒီကို လှည့်စားပြီး ဒီလိုနေနိုင်မှာလဲ ပရစ်ရယ် ..."

"အဲ့ဒါတွေ ပရစ် မတွေးချင်ဘူး၊ လောလောဆယ် ကိုနဲ့ ခုလိုနေရတာ ပရစ် ပျော်တယ်၊ ကိုရော မပျော်ဘူးလား ဟင် ..."



www.burmeseclassic.com

www.burmeseclassic.com



ပရစ်က ကို့လည်ပင်းကို ယီးလေးခိုရင်း ချွဲချွဲနွဲ့နွဲ့ ပြောလိုက်တာမို့ အားမာန်က ပရစ်ရဲ့ နှာခေါင်းလေးကို ချစ်စနိုး ဆွဲလိမ်လိုက်မိရင်း …

"ပျော်ပေမယ့် စိတ်ညစ်တာလေးတွေတော့ ရှိတာပေါ့၊ ရုံးသွားရတာလည်း လုံးဝ မမိုက်ဘူးကွာ၊ အိမ်ကနေ ထွက်တိုင်း မိန်းကလေးအဝတ်အစားကြီးနဲ့ ထွက်သွားရတာ၊ လမ်းရောက်မှ လူရှင်းတဲ့နေရာမှာ ကားရပ်ပြီး ကားထဲမှာပဲ အဝတ်အစား ပြန်လဲရတာက တစ်ဒုက္ခ။ အိမ်နေရင်း ယောကျ်ားဝတ်နဲ့ ခုလိုနေတော့လည်း စိတ်က မဖြောင့်ဘူး၊ ပြီးတော့ ခုလို ကိုယ့်အလုပ်ပိတ်ရက်မျိုးမှာ ပရစ်နဲ့ အတူတူ အပြင်လေး ဘာလေး ထွက်ပြီး တစ်ခုခု စားတာ၊ လည်ပတ်တာမျိုး လုပ်လို့ရဖို့ ဝေးလို့ ခြံထဲ တောင် ယောကျ်ားဝတ်နဲ့ ဆင်းလို့မဖြစ်ဘဲ အိမ်တွင်း အောင်းနေရတာ ကြာတော့ အာရုံနောက်လာတယ်"

"ပရစ်နဲ့ ခုလိုနေရတာတောင် အာရုံနောက်တယ်ပေါ့ လေ …"

"တစ်ကန့်စီပေါ့ ပရစ်ရယ် …"

"ကို ခြံထဲဆင်းချင်ရင် မိန်းကလေးအဝတ်အစားနဲ့ ဆင်းလို့ ရတာပဲ"

"အဲ့ဒီ အဝတ်အစား ဝတ်ရမှာကို ဝန်လေးနေတာ …"

"ဒါနဲ့ … ဒီအိမ်က ကို ဘယ်အချိန်ထိ ငှားထားတာလဲ"





"အကန့်အသတ် မရှိဘူး၊ ဒါ နိုင်ငံခြားရောက်နေတဲ့ ကိုယ့်သူငယ်ချင်း အိမ် …"

"ပရစ်တို့ အလွယ်တကူ နေဖို့ အိမ်ရတာ တော်သေးတာ ပေါ့နော်"

"အေးပေါ့ …"

အားမာန်က ပရစ်ရဲ့ နဖူးဆံစပ်က ဆံပင်လေးတွေ ကို အသာအယာ သပ်တင်ပေးရင်း ပရစ်ရဲ့ နှုတ်ခမ်းလေးကို စိုက်ခနဲကြည့်မိသွားသည်။ တစ်ချိန်တည်းမှာပဲ သူ့ရင်ထဲ ဒိန်းခနဲ တုန်ခုန်သွားကာ …

"ပရစ် … ပါးစပ် … ပါးစပ် …"

"ဟင် … ပရစ် ပါးစပ်က ဘာဖြစ်လို့လဲ …"

အားမာန်က လှုပ်ရှားလာသော ပရစ်ရဲ့ ပါးစပ် လေးကို လက်ညှိုးဖြင့် ဖိပိတ်ထားလိုက်ရင်း …

"ဒီပါးစပ်က အရေးအကြီးဆုံးပဲ ပရစ်၊ ဟောဒီ ရွှေပါးစပ် တော်လေးက နှုတ်မဖွာမိဖို့ သတိထားရမယ်၊ ကိုယ်တို့ ဒီလိုနေနေတဲ့ကိစ္စကို ဘယ်သူ့ကိုမှ နှုတ်မဆော့မိပါစေနဲ့"

"ကိုကလည်း ဒါတော့ ပရစ်က ပြောပါ့မလား"

"ပရစ် ပါးစပ်က သတိလက်လွတ် ထွက်သွားတတ်တယ် မဟုတ်လား၊ ရတီတို့ရော … တခြား သူငယ်ချင်းတွေကို ရော ဘယ်သူ့ကိုမှ ယုံစားပြီး ရင်မဖွင့်မိပါစေနဲ့ …"



www.burmeseclassic.com

www.burmeseclassic.com



"ပရစ် … မပြောပါဘူး၊ တကယ်လို့ ပရစ် သူငယ်ချင်းတွေ သိလည်း ဒက်ဒီနားတော့ မပေါက်ကြားနိုင်ပါဘူး"

"ဒီလို လျှော့မတွက်နဲ့ ပရစ် …၊ စကားဆိုတာ တမင်ရည်ရွယ်ပြီး သွားမပြောပေမယ့် အကျိုးအကြောင်း တိုက်ဆိုင်ပြီး ပြောမိရာကနေ တစ်ယောက်နဲ့ တစ်ယောက်ဆက်စပ်မိပြီး သိသွားတာမျိုးတွေ ရှိတတ်တာပဲ"

"စိတ်ချပါ … ကိုရယ်၊ ပရစ်နှုတ်ဖွာမိလို့ ပရစ်တို့ ဒီလိုအဖြစ်မျိုးတွေ ကြုံခဲ့ရတာကို ပရစ်က ထပ်ပြီး နှုတ်ဖွာရဲပါဦးတော့ မလား၊ ပရစ် ဘဝတစ်ခုလုံးစာ နောင်တရခဲ့ပါပြီ"

ပရစ် တောင်းပန်နေပုံလေးက သနားစရာကောင်းလှတာမို့ အားမာန်က ပရစ်ရဲ့နဖူးကလေးကို ငုံ့မွှေးကာ နှစ်သိမ့်နေဆဲ ရှေ့လုံခြုံရေးအိမ်လေးနှင့် ဆက်သွယ်ထားသော အင်တာကွန်းမှ အသံမြည်လာသဖြင့် ပရစ်က ဖုန်းခလုတ်ကို လှမ်းနှိပ်လိုက်သည်။

"ခြံရှေ့မှာ ဧည့်သည်နှစ်ယောက် ရောက်နေပါတယ် အစ်မ၊ ရတီနဲ့ ကြည်ဖြူလို့ ပြောပါတယ်၊ တံခါးဖွင့်ပေးလိုက်ရမလား …"

"အေး … အေး … ဖွင့်ပေးလိုက် …"

ပရစ်သည် ကောင်လေးကို လှမ်းပြောပြီးတာနှင့် ပျာယာခတ်သွားကာ …





"ကိုရေ … ရတီတို့ လာတယ်၊ ကို ပုန်းနေမှဖြစ်မယ်"

"ဟင် … သူတို့က ဒီအိမ်လိပ်စာကို ဘယ်လိုသိလဲ"

"ပရစ်တော့ မပြောဘူး၊ သူတို့ဖုန်းကိုတောင် ပရစ်မကိုင်ဘူး၊ ကေန္ဒ ကြီးကြီးကို လှမ်းမေးပြီး လာကြတာဖြစ်မယ်"

"ကြီးကြီးက တရားစခန်း ဝင်နေတာ မဟုတ်ဘူးလား"

"တရားစခန်း ဝင်ပေမယ့် ဟန်းဖုန်းယူသွားတယ် ကိုရ၊ ရတီတို့က အိမ်ကိုဖုန်းဆက်လို့ အိမ်မှာ ကျန်ခဲ့တဲ့ အိမ်ထောင်ထိန်း အဒေါ်ကြီးက ကြီးကြီး ဖုန်းနံပါတ်ကို ပေးလိုက်တာ နေမှာပေါ့၊ ကဲ … ကဲ … သွားပါ၊ အခန်းထဲ မြန်မြန်ဝင်ပါ"

ပရစ်က ကို့ကို အိပ်ခန်းဘက်သို့ အမြန်ဆွဲခေါ်လာပြီး အခန်းထဲသို့ တွန်းပို့လိုက်သည်။

"တီးတောင် … တီးတောင်"

"ပရစ်ရေ … ပရစ်ဖူးရေ၊ တံခါးဖွင့်ပါဦးဟေ့ …"

"လာပြီဟေ့ … လာပြီ"

ပရစ်က အခန်းတံခါးကို ပြန်တွန်းပိတ်ပေးခဲ့ပြီး အိမ်ရှေ့သို့ ကမန်းကတန်း ပြေးထွက်လာကာ တံခါးမကြီးကို ဆွဲဖွင့်ပေးလိုက်သည်။

ရတီတို့က အိမ်ထဲဝင်လာရင်း …



www.burmeseclassic.com

www.burmeseclassic.com



"အမလေး … ပရစ်ဖူးရယ်၊ နင့်သတင်းကို စုံစမ်းလိုက်ရတာ ငါတို့မှာ ဖတ်ဖတ်ကိုမောရော …၊ နင်က ငါတို့နဲ့ အဆက်အသွယ်မလုပ်ဘဲ နေနိုင်တယ်နော်၊ ငါတို့မှာတော့ သတင်းစာကြော်ငြာတွေ ဖတ်ပြီး စိတ်ပူလိုက်ရတာ"

ပရစ်သည် မတွေ့ရတာကြာပြီဖြစ်သော သူငယ်ချင်းတွေကို ပြေးဖက် ရင်ဖွင့်လိုက်ချင်စိတ်ကို ထိန်းချုပ်ရင်း …

"အခု ငါ အဆင်ပြေပါတယ်၊ ဒီမှာ ငါ့သူငယ်ချင်းနဲ့ အတူတူနေကြတယ်လေ …"

"အေး … ကြီးကြီး ပြောပြတယ်၊ နင့် ဘယ်သူငယ်ချင်းနဲ့ နေတာလဲ …"

"ငါ့သူငယ်ချင်း နာမည်က မိုင်လီတဲ့"

"ဟင် … ငါတို့လည်း မကြားဖူးပါဘူး"

"နင်တို့ မသိပါဘူး၊ နင်တို့နဲ့ မခင်ခင်ကတည်းက သူနဲ့ ငါ ခင်တာ၊ နောက်တော့ သူ အမေရိကားကို ထွက်သွားပြီး ပြန်လာတာ မကြာသေးဘူး …"

"အခု သူက ဘယ်မှာလဲ၊ ငါတို့နဲ့ မိတ်ဆက်ပေးဦးလေ"

"သူ … အပြင်သွားတယ်၊ ညနေမှ ပြန်လာမှာ …"

ပရစ်က သတိထားပြီး ရတီ မေးသမျှကို ပြန်ဖြေနေရသည်။ ကြည်ဖြူကတော့ စပ်စပ်စုစုနိုင်သူပီပီ အိမ်ထဲကို လှည့်ပတ်ကြည့်နေရင်း …

"နင်ကလည်း နေ့ခင်းကြောင်တောင် အမှောင်ချပြီး မီးဖွင့်





နေရသလား၊ သဘာဝ အလင်းရောင်လေးဘာလေး ရအောင် တံခါးတွေဖွင့်နေလေ …"

"ပူလို့ အိုက်လို့ အဲကွန်းဖွင့်ပြီး နေနေတာပါ ကြည်ဖြူရယ် …"

"တအားကြီးလည်း မအိုက်ပါဘူး၊ ပြတင်းပေါက်တွေ ဖွင့်လိုက်ရင် လေဝင်လာမှာပါ၊ ခုလို သဘာဝ အလင်းရောင်မရှိဘဲ နေခင်းကြောင်တောင်ကြီး လျှပ်စစ်မီးနဲ့ပဲ နေပါများရင် ကျန်းမာရေးနဲ့ မညီညွတ်ဘူး၊ ဒီပရက်ရှင် (စိတ်ကျ) ဝင်လာလိမ့်မယ်"

ကြည်ဖြူက ပြောပြောဆိုဆို ပြတင်းပေါက်တွေ လိုက်ဖွင့်နေသည်။ ရတီကလည်း အိမ်ကို လှည့်ပတ်ကြည့်နေရင်း

"အိမ်လေးက ချစ်စရာလေး၊ ဒါ မိုင်လီ့အိမ်လား …"

"ဟုတ်တယ် …"

ပရစ်သည် သူတို့မေးသမျှကို အလိုက်သင့်ပြန်ဖြေနေရင်း ဖိနပ်စင်ဆီသို့ အကြည့်ရောက်သွားပါသည်။

ဟင် … ကို့ ဖိနပ် …။

ကို့ ဖိနပ်ကို တွေ့တော့ ပရစ် လန့်သွားသည်။ ကုမ္ပဏီသွားရင် လဲဝတ်ဖို့ ယူသွားသော ဖိနပ်ကို ပလတ်စတစ်အိတ် အကြည်လေးဖြင့် ထည့်ကာ ဖိနပ်စင်ထောင့်မှာ ထောင်ထားသည်။ ကြည်ဖြူတို့ မြင်မသွားတာ တော်သေးတာပေါ့ …။

ပရစ်သည် ရတီတို့ အာရုံ တခြားရောက်နေတုန်း



www.burmeseclassic.com

www.burmeseclassic.com



ကိုက ခုတင်အောက်မှာ ... ။

ပရစ်တို့ ခုတင်က နှစ်ယောက်အိပ် သံခုတင်မို့ အောက်ခြေလွတ်နေသဖြင့် ခုတင်အောက်ကို လူဝင်လို့ရသည်။ ခုတင်ပေါ်မှာ မွေ့ရာတင်ကာ ပတ်ပတ်လည်မှာ အနားတွန့်တွေ ဖြာကျနေသော အိပ်ရာခင်း အစွပ် စွပ်ထားတာမို့သာ ခုတင်အောက်မှာ ကို ရှိနေတာကို အလွယ်တကူ မမြင်နိုင်တာပင် ... ။

ကို့ အဝတ်အစားတွေအားလုံး ဗီရိုထဲမှာပဲရှိလို့ တော်ပါသေးရဲ့ ... ။ နို့မို့ဆို သူတို့ ရိပ်မိသွားတော့မှာ။

ပရစ်က ရင်ထိတ်စွာဖြင့် အခန်းထဲသို့ ဝင်လာသည်။

ရတီနဲ့ ကြည်ဖြူက ခုတင်ပေါ်သို့ ပစ်လှဲချလိုက်ကြသည်။

ဒုက္ခပါပဲ ... ကို ဘုန်းနိမ့်တော့မှာပဲ ... ။ ကို ဒေါသ တွေလည်း ထွက်နေမှာပဲ ... ။

ပရစ်သည် ကို့အတွက်တွေးကာ စိတ်မကောင်းဖြစ်မိသော်လည်း ရတီတို့ ရိပ်မိမှာ စိုးတာမို့ ဘာမှမပြောရဲ။

အားမာန်ကတော့ ခုတင်အောက်တွင် ကုန်းကုန်း ကွကွ ပုန်းကွယ်နေရင်း ဝင့်ကြွားကြီးလှသည့် ကိုယ့်ဘဝကို ကိုယ် စိတ်အပျက်ကြီး ပျက်နေသည်။ ဒီလိုအဖြစ်မျိုး ကြုံရလိမ့် မယ်လို့ ဘဝမှာ တစ်ခါမှ တွေးမကြည့်ဖူးခဲ့တာ။ ကိုယ့်အဖြစ်က ရည်းစားအခန်းထဲ ခိုးကြောင်ခိုးဝှက် ဝင်တွေ့တုန်း လူမိခံရတဲ့





မှာ ဖိနပ်စင်ဘက်သို့ လှစ်ခနဲ ကပ်သွားပြီး ဖိနပ်အိတ်ကို ခြေထောက်ဖြင့် ကန်ကာ ဖိနပ်စင်အောက်သို့ ဖတ်ခနဲ တွန်းထည့်လိုက်သည်။

ထိုအချိန်တွင် ရတီက ပရစ်ရဲ့ အိပ်ခန်းဆီသို့ လျှောက်သွားနေခဲ့ပြီ ဖြစ်သည်။

ရတီသည် အခန်းတံခါးဝတွင် ရပ်လိုက်ရင်း ...

"ပရစ်ရေ ... ဒါ နင့်အခန်း မဟုတ်လား၊ ငါဝင်ကြည့်မယ်နော် ..."

"ဟယ် ... ရတီ ... နေ ... နေပါဦး"

ပရစ် စကားမဆုံးခင်မှာပင် ရတီက အိပ်ခန်းတံခါးကို ဟင်းလင်းဖွင့်လိုက်ပြီး ...

"အိပ်ခန်းကလည်း ကျယ်သားပဲ၊ ကြည်ဖြူရေ လာဟေ့၊ တို့တွေ ဒီမှာ အညောင်းဆန့်ရင်း စကားပြောကြတာပေါ့"

ဟု ကြည်ဖြူ့ကို လှမ်းခေါ်လိုက်သည်။

ပရစ်သည် မျက်လုံးတွေ ပြာမတတ် စိုးထိတ်တုန်ရီကာ အိပ်ခန်းထဲသို့ လှမ်းကြည့်လိုက်တော့ ကို့ကို မတွေ့။

ကို ဘယ်မှာပါလိမ့် ... ။

ပရစ်က အခန်းထဲကို မသိမသာ မျက်လုံးဝေ့၍ ကြည့်ရသည်။

ခုတင်ဘေးက အိပ်ရာခင်း အနားစလေးကို သေသေချာချာ ကြည့်မိတော့ မသိမသာ လှုပ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



အဖြစ်မျိုးလည်း မဟုတ်။ ကိုယ့်မယားနဲ့ကိုယ် နီးကြောင်နိုးဝှက် ပေါင်းသင်းနေထိုင်ရတဲ့ အဖြစ် ...။

အားမာန်သည် ခုတင်အောက်မှာ ခွေခေါက်ပုဝပ်လျက် ချွေးဖြိုင်ဖြိုင်ကျနေဆဲမှာပင် ကိုယ့်ကျောပေါ်က မမများရဲ့ အသံကို ကြားရသည်မှာ ...

"ငါတော့ နင် ဒီလို ပြတ်ပြတ်သားသား နေနိုင်တာကို သဘာကျတယ် ပရစ် ...၊ အားမာန်လို ပါချိုပါချက် ယောကျ်ားမျိုးကို ဘာလို့ မက်မောနေမလဲ ...၊ သူ့လုပ်ပုံက ဘယ်လောက် နာစရာကောင်းလဲ ..."

"ဟုတ်တယ် ပရစ် ...၊ တကယ်ဆို အားမာန်က နင်နဲ့ တန်ကိုမတန်တာ၊ စစချင်း နင့်ကို ဖွင့်မပြောဘဲ အကြာကြီး နေခဲ့တာကိုက သူနဲ့မတန်မှန်းသိလို့ မပြောရဲတာ၊ အဲ့ဒါကို နင်က သဘောမပေါက်ဘဲ သူ့ကို မျှော်တလင့်လင့်ဖြစ်နေတော့ သူ့တန်ဖိုးက အလိုလိုတက်သွားရော"

"အားမာန်လောက်ကတော့ မက်လောက်စရာ တစ်ကွက်မှ မရှိပါဘူး ပရစ်ရယ်၊ သူ့ဘာသာ ကြွက်သား ၆မြောင်းမကလို့ ၈ မြောင်းပဲရှိရှိ ဗလရှိသလောက် 'ဓ'ရှိတဲ့ လူမျိုးကို လှည့်မကြည့်ဘဲ နေပစ်လိုက်စမ်းပါ"

"အေးလေ ...သူ့ကြည့်တော့ လူပုံသန့်သလိုလိုနဲ့ တကယ်တမ်းကျတော့ ဝမ်းအမြဲချုပ်ပြီး အပူအပုပ် အောင်းနေတဲ့ ခန္ဓာကိုယ် အတ္တဘောကြီးပါ"





"ဟုတ်ပ့ါဟယ် ...၊ ဒီကြားထဲ သွေးစုနှာကလည်း ပေါက်လိုက်သေး ..."

ဗိုင်းနှာမတွေ ...။

အားမာန်သည် စိတ်ထဲက ကျိန်ဆဲရင်း လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ထားရပါသည်။ ဒေါသကိုသာ လွှတ်ပေးလိုက်ရင် ခုတင်ကြီးကို ကျောနဲ့မပြီး အပေါ်ကဟာတွေကို ကျွမ်းထိုးမှောက်ပြန်ဖြစ်အောင် လုပ်ပစ်လိုက်ချင်တာ။

"တော်ကြပါတော့ဟယ် ...၊ သူက နင်တို့ပြောသလောက်လည်း မဆိုးပါဘူး"

"ငါတို့က နင်ပြောထားသလောက်ကိုပဲ ပြန်ပြောတာလေ၊ နင် ခဏခဏ ငိုကြီးချက်မ ဖြစ်ရလွန်းလို့ နင့်ဘက်က နာပြီး သူ့ကို အမြင်ကတ်တာလေ ..."

"အဲ့ဒါတွေက ငါ စိတ်ဆိုးတုန်း ခဏမှာ ပိုပိုသာသာလေး ပြောမိတာပါ"

"နင် ခုမှ ဖုံးကွယ်နေလည်း ငါတို့ကတော့ အားမာန်ကို ပြန်ပြီး အမြင်ကြည်လင်မှာ မဟုတ်တော့ဘူး ပရစ် ..."

လက်စသတ်တော့ အရင်းအမြစ် တရားခံက ... 'ပရစ်ဖူး ...'။

အားမာန်ရဲ့ အတွင်းရေးကို ဖြန့်ဝေခဲ့သူဟာ ... ပရစ်ဖူး ...။



www.burmeseclassic.com

www.burmeseclassic.com



အားမာန်ရဲ့ ဖိနှိပ်ထားရသော ဒေါသလှိုင်းတံပိုးတွေက ပို၍ ပြင်းထန်လာသည်။

တော်တော်ကြာမှ ပရစ် သူငယ်ချင်းတွေက ပြန်ဖို့ နှုတ်ဆက်ကာ အခန်းထဲမှ ထွက်သွားသည်။

"ပရစ်ရေ... ငါတို့ နောက်တစ်ခါလာရင် မိုင်လီနဲ့ မိတ်ဆက်ပေးဦးနော်၊ မိုင်လီရှိတဲ့အချိန် ငါတို့လာခဲ့မယ်"

နှုတ်ဆက်သံ၊ တံခါးပိတ်သံတွေ ကြားရပြီး အခန်းထဲသို့ ပြန်ဝင်လာသော ပရစ်ရဲ့ ခြေသံရှပ်ရှပ်ကို ကြားရသည်။

"ကိုရေ... လာ... လာ... ထွက်ခဲ့တော့၊ သူတို့ ပြန်သွားပြီ..."

ချွေးတွေ ရွှဲနစ်နေသော အားမာန်သည် ခုတင်အောက်မှ ဝုန်းခနဲ ထွက်လာရင်း...

"ပရစ်... ပရစ်... မင်း... မင်း... မင်းကြောင့်..."

ဟု ဆိုနှင့် ဒေါသဖြင့် ပရစ်ကို မျက်လုံးပြူးကြည့်ရင်း အော်လိုက်သည်။

ပရစ်က အားမာန်ကို ပြေးဖက်ကာ အားမာန်ရဲ့ ပါးစပ်ကို လက်ဖဝါးဖြင့် ပိတ်လိုက်ရင်း...

"ကို... တိုးတိုး... တိုးတိုး...၊ ခြံစောင့် ကြားသွားမယ်"

"ဖယ်... ဖယ်... အား... ဂူး... ဖရူး..."

အားမာန်က ခေါင်းကို ဘယ်ညာယမ်းကာ ပရစ်လက်က လွတ်အောင် ရုန်းသည်။ ပရစ်ကလည်း အလွတ်မပေး





ဘဲ အားမာန် ပါးစပ်ကို ဖွတ်လိုက်ပိတ်တာမို့ နှစ်ယောက်သားရုန်းရင်းဆန်ခတ် ဖြစ်ကာ ခုတင်ပေါ်သို့ လဲပြိုသွားသည်။

"ကို... ကို ဒေါသ အရမ်းဖြစ်နေတာ ပရစ်သိတယ်၊ ပရစ် ကိုကို တောင်းပန်တယ်၊ ပြီးခဲ့တာတွေအတွက် ပရစ်ကို အပြစ်မတင်ပါနဲ့တော့၊ ပရစ် ကိုကို အရမ်းချစ်တယ်၊ ကိုလည်း ပရစ်ကို အရမ်းချစ်တယ် မဟုတ်လား၊ အဲ့ဒါ တစ်ခုကိုပဲ သတိရပြီး ပရစ်ကို ခွင့်လွှတ်ပေးနော် ကိုနော်..."

ပရစ်က ခုတင်ပေါ် ပက်လက်လဲကျသွားသော အားမာန်ရဲ့ ရင်ဘတ်ကို ဖိချလျက် တတွတ်တွတ် တောင်းပန်ရင်း မျက်နှာအနှံ့ တရွတ်ရွတ် လိုက်နမ်းနေတာမို့ အားမာန်က သက်ပြင်းကြီးကိုချကာ မရုန်းတော့ဘဲ ငြိမ်သက်နာခံလိုက်ရလေသည်။

✹ ✹ ✹



www.burmeseclassic.com

www.burmeseclassic.com

* * *

"မိန်းမလို ဝတ်ရမှာ စိတ်ညစ်ပေမယ့် ခုလိုလေး ခဏ တစ်ဖြုတ် ခြံထဲဆင်းထိုင်လိုက်တော့လည်း လူက လန်း ဆန်းသွားသလိုပဲ"

"ဟုတ်တယ်နော် ... ကို၊ ပရစ်လည်း အိမ်ထဲမှာချည်းပဲ ကြာကြာနေရင် လူက မွန်းကြပ်လာသလိုပဲ ..."

တစ်ညနေခင်းမှာ အားမာန်နှင့် ပရစ်က ခြံထောင့် က ဒါန်းကလေးပေါ်မှာ ထွက်ထိုင်ရင်း အေးအေးလူလူ စကား ပြောနေကြပါသည်။

ခြံစောင့် ရှိနေတာမို့ အားမန်က မိန်းမလိုဝတ်ကာ ဆံပင်တုလည်း စွပ်ထားရသည်။ ခုလိုဝတ်ရမှာ ဝန်လေးပေမယ့် မဝတ်ပြန်ရင်လည်း ခြံထဲတောင် ဆင်းမရတာမို့ ကျိတ်မှိတ်ဝတ် ရတာပင်။

ပရစ်က ဒါန်းလေးကို ခြေဖြင့် ထောက်ကန်လွှဲနေ





ရင်းက အားမာန်ရဲ့ ပခုံး[illegible]ကို ခေါင်းငဲ့မှီလိုက်တော့ အားမာန် က ပရစ်ရဲ့ ကျောကုန်းလေးကို သိုင်းဖက်ထားလိုက်သည်။ ပရစ်က ချစ်စဖွယ်ကောင်းအောင် စကားတတွတ်တွတ်ဆိုသည်။ ပရစ် စကားတချို့က ရယ်စရာ ကောင်းတာမို့ အားမာန်က ပရစ်ကိုငုံ့ငုံ့ကြည့်ကာ ရယ်မောရင်း တစ်ချက်တစ်ချက်မှာ ပရစ်ရဲ့ ပါးကလေး နဖူးကလေးတွေကို ငုံ့ငုံ့နမ်းနေသည်။

ထိုမြင်ကွင်းကို အံ့သြတကြီး ရပ်ကြည့်မိသူကား ခြံစောင့် မောင်အောင်ဇော်ပင်တည်း။

မောင်အောင်ဇော်မှာ ထိုမြင်ကွင်းကို ကြည့်နေရင်း *'မိန်းကလေးချင်း အချစ်ခံတော်ထားတယ်ဆိုတာ ဒါမျိုးပဲ'* ဟု သဘောပေါက်သွားသည်။

သူဌေး ဦးလွင်ညိုရဲ့ သမီးလေးဆီကို ဘယ် ယောကျ်ားမှ အဝင်အထွက် မလုပ်ပေမယ့် သူတို့သူငယ်ချင်း အချင်းချင်း အချစ်တော်တွေ ဖြစ်နေကြတာကို ဦးလွင်ညို သိမှ သိပါလေစ ...။

ဒါကြောင့် ဒီနှစ်ယောက်ကို စတွေ့တဲ့နေ့ကတည်း က သူတို့ချင်း ဖက်လှဲတကင်းရှိလွန်းတာကို သူ့စိတ်ထဲ တစ်မျိုး ကြီး ဖြစ်နေမိတာပင် ...။

ဒီကိစ္စကို ဦးလွင်ညိုကို သူ အစီရင်ခံသင့်သလား၊ မခံသင့်လားဆိုတာ ချက်ချင်း မဝေခွဲနိုင်။

ဦးလွင်ညိုကတော့ သူ့ဆီ မကြာခဏ ဖုန်းဆက်



www.burmeseclassic.com

www.burmeseclassic.com



ကာ ယောက်ျားလေး အဝင်အထွက် ရှိမရှိ မေးတဲ့အပြင် 'တခြား ဘာထူးသေးလဲ' ဟု မေးခွန်းထုတ်တတ်၏။

ဒီတစ်ခါ 'ဘာထူးလဲ' မေးလာရင် ဒီကိစ္စကို ပြော လိုက်ရင် ကောင်းမလား ...။

မသေချာဘဲ သွားပြောမိရင် ပြဿနာတက်ကာ သူတောင် အလုပ်ပြုတ်သွားနိုင်သည်။

ခြံပတ်ပတ်လည်ကို တစ်ပတ် လမ်းလျှောက်၍ လုံခြုံရေးစစ်ဆေးရင်း ဒီမြင်ကွင်းကိုအတွေ့မှာ သူက ပန်းချုံ တစ်ချုံကို ကွယ်ရပ်ကာ သေချာစိုက်ကြည့်နေမိပါသည်။

"ဒီမှာ ... ဒီမှာ ... ဟေ့ သူငယ် ..."

ခြံစည်းရိုးသံတိုင်တွေရဲ့ ဟိုတက်ခြံထဲက လှမ်းခေါ် သံ ကြားတာမို့ သူလှည့်ကြည့်မိတော့ အဒေါ်ကြီးတစ်ယောက်ကို တွေ့ရသည်။

"မင်းက ဒီခြံက အစောင့်လား ..."

"ဟုတ်ပါတယ် ခင်ဗျ ..."

"ဟို နှစ်ယောက်က ဘာတွေလဲကွယ့် ..."

"ခင်ဗျာ ..."

အဒေါ်ကြီးက ပရစ်ဖူးတို့ ထိုင်နေသည့်ဘက်ကို မေးငေါ့ပြ၍ မေးလိုက်သဖြင့် သူ အဖြေခက်သွားသည်။

"အဲ့ဒါ သဘာဝမကျတဲ့ စုံတွဲတွေမဟုတ်လား၊ တွေ့ရ မြင်ရတာ နည်းနည်းမှကို အမြင်မတော်ပါဘူးကွယ် ...၊





ကြည့်ရတဲ့ သူတောင် မျက်စိရှက်ပါတယ်၊ သူတို့အိမ် ဝရန်တာက အဒေါ်တို့အိမ် ဝရန်တာထက် နိမ့်တော့ ဝရန်တာမှာ သူတို့ချင်း အဖြစ်သည်းနေတာကို အဒေါ် တို့အိမ်က လှမ်းကြည့်ရင် မြင်နေရတယ်၊ တကတည်း မိဘတွေက မဆုံးမကြဘူးလား မသိပါဘူး၊ အံ့သြပါရဲ့ မိန်းမချင်းများ အချစ်တော်ထားရတယ်လို့ ..."

အဒေါ်ကြီးက ဗျစ်တောက် ဗျစ်တောက် ပြောရင်း လှည့်ထွက်သွားတာမို့ အောင်ဇော်က စိတ်ရှုပ်ရှုပ်နှင့် ခေါင်းကုပ် ရင်း ကျန်ခဲ့ရပါသည်။

✹ ✹ ✹



www.burmeseclassic.com

www.burmeseclassic.com

* * *

"ရှုတ် ... ရှုတ်၊ ယူက ပရစ် သူငယ်ချင်း မိုင်လီလား"

ထိုနေ့က ခြံထဲဆင်း၍ ရေပိုက်ဖြင့် ခြံစည်းရိုးနားက ပန်းပင်တွေကို ရေလောင်းနေခဲ့သော အားမာန်သည် နောက်နားဆီက ထွက်လာသော ရတီ့အသံကြောင့် ထိတ်ပျာ ကျောချမ်းသွားပါသည်။

"ဟုတ်တယ် မဟုတ်လားဟင် ...၊ ယူက မိုင်လီ မဟုတ်လား ..."

သူ ကြံရာမရဘဲ ဆတ်ခနဲ ခေါင်းညိတ်ပြလိုက်မိသော်လည်း ရတီတို့ဘက်ကို လှည့်မကြည့်ရဲဘဲ ကျောခိုင်းလျက်သာ ရပ်နေသည်။

"တို့ နှစ်ယောက်ကလည်း ပရစ်ရဲ့ သူငယ်ချင်းတွေပါ၊ တို့က ရတီ၊ သူက ခင်ကြည်ဖြူ ...၊ ပရစ်ကို ခင်သလို တို့ကိုလည်း ခင်နိုင်ပါတယ် ..."





သူ ခေါင်းညိတ်ပြရပြန်သည်။ သို့သော် ... မျက်နှာကိုတော့ ခြံစည်းရိုးဘက်ကိုသာ ကပ်ထားရသည်။

"ဒီမှာ ... ဒီဘက် မလှည့်တော့ဘူးလားဟင် ..."

ဘုရား ... ဘုရား ...။

ဒုက္ခပါပဲ မိန်းမရေ...။ ကိုယ် ဘယ်လိုလုပ်ရမလဲကွာ။ ဒီအချိန်မှာ ဒီရုပ်ကို ရတီတို့ မြင်သွားရင် ကောင်းကောင်းကြီး အဟားခံရရုံမက ဒုက္ခလှလှပါ ရောက်ရတော့မှာ မဟုတ်လား။ မြန်မြန် လာကယ်ပါတော့ ပရစ်ရေ ...။

အားမာန်က ဘုရားတနေဆဲ ...

"ဟယ် ... ရတီတို့ပါလား၊ ဘယ်က ဘယ်လို လှည့်လာတာလဲ၊ ဖုန်းတောင် ကြိုမဆက်ဘူး၊ အိမ်မှာ ငါမရှိရင် ဘယ်လိုလုပ်မလဲ ..."

"ငါတို့က တောင်ဒဂုံက အသိတစ်ယောက်ဆီ လာရင်း လမ်းကြုံတာနဲ့ နင့်ဆီဝင်လာတာ၊ နင်မရှိလည်း ပြန်ရုံပေါ့ဟာ ..."

"ပရစ် ... ဒီမှာ မိုင်လီနဲ့တွေ့လို့ ငါတို့က မိတ်ဆက်တာကို သူက လုံးဝလှည့်မကြည့်ဘူး၊ ဘာဖြစ်နေတာလဲ ..."

"ဪ ... စိတ်မရှိပါနဲ့ သူငယ်ချင်းတို့ရယ်၊ သူက sea food တွေ အစားများပြီး မျက်နှာမှာ အပိန့်အပိန့်တွေ ထနေလို့ ရှက်ပြီး နင်တို့ကို မျက်နှာမပြရဲတာပါ၊ နှုတ်ခမ်းတွေပါ နီရဲထူပိန်းနေတော့ သူ့ခမျာ စကားပြောဖို့တောင်



www.burmeseclassic.com

www.burmeseclassic.com



ခက်နေတာ ...၊ နောက်မှပဲ နင်တို့နဲ့ အပြင်မှာ ချိန်းပြီး သေသေချာချာ မိတ်ဆက်ပေးပါ့မယ်၊ မိုင်လီရေ... မျက်နှာ မပြရဲရင်လည်း သွားတော့၊ အိမ်ထဲဝင်နှင့်တော့ ...၊ ငါ ဒီမှာ သူငယ်ချင်းတွေနဲ့ အာလူးဖုတ်လိုက်ဦးမယ်"

အားမာန်က ခုမှ လွတ်မြောက်ခွင့်ရတာမို့ ကယ်တင်ရှင် ပရစ်ကို ကျေးဇူးအခါခါတင်ရင်း အိမ်ဘက်သို့ ခပ်သုတ်သုတ် လျှောက်သွားသည်။

ကြည်ဖြူက အားမာန်ဘက်ကို သမင်လည်ပြန် လှမ်းကြည့်ရင်း ...

"နင့်မိုင်လီကလည်း မနွဲ့မနှောင်းနဲ့ ပုံစံက တစ်မျိုးကြီးပဲ၊ ဖိုက်တာကြီး ကျနေတာပဲ"

"လူတစ်ကိုယ် ပုံစံတစ်မျိုးပေါ့ဟယ်၊ သူက ခင်ဖို့တော့ ကောင်းပါတယ်၊ ကဲ ... လာ ... ခြံထောင့် ဝါးရုံပင် အောက်မှာ ခုံအသစ်တစ်စုံ ချထားတယ်၊ အဲ့ဒီနေရာလေး က အရမ်းအေးတာပဲ၊ အိမ်ပေါ်မှာက ပူတယ်၊ မီးလည်း ပျက်နေတယ် ..."

ပရစ်က ရတီနဲ့ ကြည်ဖြူကို အိမ်နဲ့ခပ်ဝေးဝေး ခြံထောင့်က ခုံလေးတွေဆီ ခေါ်လာခဲ့ပါသည်။

"နင်တို့ ဘာသောက်မလဲ ..."

"အသီးဖျော်ရည် အေးအေးလေး သောက်ချင်တယ်ဟာ၊ ပုလင်းနဲ့ဟာတွေ မဟုတ်ဘူးနော်၊ လိမ္မော်သီးဖြစ်ဖြစ်





ပန်းသီးဖြစ်ဖြစ် ရှိရင် ဗလန်နာနဲ့ ဖျော်ပြီး ယူခဲ့ပေး ..."

"ဒါဆို ပန်းသီးဖျော်ရည် လုပ်ပေးမယ်လေ၊ ခဏစောင့်"

ပရစ်က ရတီတို့ကို ထားပြီး အိမ်ဘက်သို့ ပြန်လျှောက်သွားသည်။

ပရစ် ကျောခိုင်းသွားတာနှင့် ရတီနဲ့ ကြည်ဖြူက ခေါင်းချင်းဆိုင်သွားကာ ...

"ဟဲ့ ... သူ့ မိုင်လီက တစ်မျိုးပဲနော်"

"အေး ... ဟုတ်တယ်၊ ငါလည်း အဲ့ဒီလိုပဲ ခံစားမိတယ်၊ ပုံမှန်တော့ မဟုတ်ဘူး ..."

"ဒီမှာ ... ဒီမှာ ဟိုကလေးမတွေ ..."

ခေါင်းချင်းဆိုင်၍ တီးတိုးပြောနေသော ကြည်ဖြူတို့ နှစ်ယောက်မှာ တစ်ဖက်ခြံထဲက လှမ်းခေါ်သံကြောင့် ချာခနဲ လှည့်ကြည့်မိသည်။

ခြံထောင့် ပန်းရုံလေးမှာ ပန်းခူးနေသော အဒေါ်ကြီး တစ်ယောက်က ခြံစည်းရိုးသံတိုင်တွေနားသို့ ကပ်လာကာ

"ညည်းတို့က ဒီအိမ်က မိန်းကလေးတွေရဲ့ သူငယ်ချင်းတွေလား ..."

"ဟုတ်ပါတယ် အန်တီ ..."

"ညည်းတို့ နှစ်ယောက်ကတော့ ဘာမှမဟုတ်ပါဘူးနော်"

"ရှင် ... ဘာကိုလဲဟင် ..."



www.burmeseclassic.com

www.burmeseclassic.com



"ညည်းတို့ သိမသိတော့ မပြောတတ်ဘူး၊ အန်တီ သိတာကတော့ ဒီအိမ်က နှစ်ယောက်က အချစ်တော်တွေပဲ"

"lesbian"

ရတီတို့ နှစ်ယောက်မှာ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ကာ 'လက်စဘီယန်' ဟု လွှတ်ခနဲ အော်လိုက်မိကြပြီးမှ ကိုယ့်ပါးစပ် ကိုယ်ပိတ်ကာ ငြိမ်သွားသည်။

"အဲ့ဒါ ... ညည်းတို့လည်း ကိုယ့်သူငယ်ချင်းတွေ ကိုယ်ကြည့်ပြောကြဦး၊ ညည်းတို့ချင်း ပုလင်းတူ ဘူးဆို့တွေဆိုရင်တော့လည်း မတတ်နိုင်ဘူး ..."

အန်တီကြီးက သူပြောချင်ရာ ပြောကာ သူ့အိမ်ဘက်သို့ ပြန်လျှောက်သွားသည်။

ရတီတို့က အူကြောင်ကြောင်လေးတွေ ဖြစ်နေကြပြီးမှ ...

"မယုံနိုင်စရာပဲ၊ ပရစ် ဘယ်လိုဖြစ်တာလဲ ..."

"ဒီကိစ္စ ဖြစ်နိုင်ပါ့မလား ..."

"မဖြစ်နိုင်ဘူးလို့တော့ ငါမပြောရဲဘူး"

"ဘာဖြစ်လို့လဲ ..."

"ပရစ်က အထက်တန်းတုန်းက မိန်းကလေးကျောင်းမှာ နေခဲ့တာလေ ...၊ မိန်းကလေးကျောင်းက တချို့ မိန်းကလေးတွေက ဒီလိုပဲ အချစ်တော် ထားတတ်ကြတယ် မဟုတ်လား"





"အေးနော် ...၊ အဲ့ဒီတစ်ချက်ကို ထည့်စဉ်းစားရမယ်၊ ပြီးတော့ မိုင်လီ့ပုံစံကလည်း တစ်မျိုးပဲဆိုတော့ ..."

"သူတို့ချင်း အချစ်တော်ဖြစ်ပြီးမှ မိုင်လီက နိုင်ငံခြားထွက်သွားလို့ ကွဲသွားတာဖြစ်မယ်၊ ခုမှပြန်တွေ့ပြီး သူတို့ချင်း ဆက်မိသွားတာ ဖြစ်နိုင်တယ်"

"မိုင်လီ့ပုံစံကလည်း ယောကျ်ားလျာဆန်ဆန် ပုံစံမျိုးပဲ"

"ဒုက္ခပါပဲဟယ်၊ ပရစ် တစ်ယောက်လည်း အားမာန်နဲ့ ကွဲလို့ စိတ်လေပြီး မလုပ်သင့်တာတွေ လုပ်နေပြီထင်တယ်"

"သူ့အဖေကြီးကရော မရိပ်မိဘူးလား ..."

"တော်ရုံတော့ ဘယ်ရိပ်မိပါ့မလဲ၊ ဟိုအန်တီကြီးသာ အိမ်နီးချင်းမို့လို့ ပရစ်တို့ နေပုံထိုင်ပုံကို ခဏခဏ မြင်ပြီး ရိပ်မိသွားတာ ဖြစ်မှာ ..."

ရတီနဲ့ ကြည်ဖြူက တစ်ယောက်တစ်မျိုး ထင်မြင်ချက်တွေ ပြောနေဆဲမှာ ပရစ်က အအေးဗန်းလေးကို 'မ'ကာ ရတီတို့ထံ ပြန်ရောက်လာသည်။

"ကဲ ... ဒီမှာ ပန်းသီးဖျော်ရည် ရပါပြီ"

ပရစ်က ရတီတို့ရှေ့မှာ ဖျော်ရည်တစ်ခွက်စီ ချပေးလိုက်သည်။

ရတီတို့က ဘာမှ မတုံ့ပြန်ဘဲ ပရစ်ကို စိုက်ကြည့်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ပရစ်က မူမမှန်သည့် ရတီတို့ရဲ့အကြည့်တွေကို သတိထားမိသွားကာ ...

"နင်တို့ ဘာဖြစ်နေကြတာလဲဟင် ..."

ကြည်ဖြူက သက်ရင်းချကာ ခေါင်းယမ်းလိုက်ရင်း ...

"နင် ... ဒီလိုတော့ မလုပ်သင့်ဘူး ပရစ် ..."

"ဘာလဲဟ ..."

"ငါတို့ကို ဖုံးကွယ်ဖို့ မကြိုးစားနဲ့ ပရစ်၊ နင်နဲ့ မိုင်လီက လက်စဘီယန်တွေ မဟုတ်လား ..."

"ဘာ ..."

ပရစ်သည် ရုတ်တရက် လန့်အော်လိုက်မိပြီးမှ ရယ်ချင်လာကာ ...

"နင်တို့ကို ဘယ်သူပြောလဲ ..."

"ဟိုဘက်ခြံက အဒေါ်ကြီး ပြောတာ၊ နင်တို့ နေပုံထိုင်ပုံ မဟုတ်တာကို သူမြင်မြင်နေလို့ ပြောတာဖြစ်မှာပေါ့ ..."

"အဟင်းဟင်း ... မဟုတ်ရပါဘူးဟယ်"

ပရစ်က ရယ်ချင်စိတ်ကို မအောင့်နိုင်ဘဲ ရယ်ချလိုက်မိပါတော့သည်။

ဒီလိုအထင်ခံရနိုင်တာကို ပရစ်တို့နှစ်ယောက်စလုံး မတွေးမိဘဲ သူကလည်း မိန်းမဝတ်နဲ့ပဲဆိုပြီး အချစ်သည်းခဲ့မိတာ။





ခုတော့ ... ပရစ်တို့ နှစ်ယောက်က လက်စဘီယန်တွေတဲ့။ မိန်းမချင်း အချစ်တော်ထားတဲ့ သူတွေတဲ့ ...။

"ဟားဟား ... အဟင်း ... ဟင်း ..."

"ဟဲ့ ... ဘာရယ်တာလဲ"

"ငါရယ်ချင်လို့ပါဟယ် ... ရယ်ပါရစေ"

ပရစ်က တကယ့်ကိုပဲ အားပါးတရ ရယ်မိတာမို့ ဗိုက်တွေတောင် အောင့်လာရပါသည်။

ရတီတို့က ပရစ်ကို တအံ့တသြ ကြည့်နေကြရင်း

"ဒီလောက် ရယ်စရာ ဘာအကြောင်းရှိလို့လဲ ..."

"အကြောင်းရှိလို့ပေါ့ဟဲ့ ..."

"ဘာအကြောင်းလဲ ..."

"ငါတို့ လင်မယားကို လက်စဘီယန်လို့ အထင်ခံရတာကိုးဟဲ့ ...၊ ခိ ... ခိ ... အဟိ"

ပရစ်က ရယ်မောလျက် လွှတ်ခနဲ ထွက်သွားသည်။

"ဟင် ... ဒါ ... ဒါဆို ... မိုင်လီဆိုတာ အားမာန်လား"

"အယ် ..."

ပရစ်သည် ရတီတို့ အသံကြားမှ လန့်သွားကာ ကိုယ့်ပါးစပ် ကိုယ်ပြန်ပိတ်လိုက်မိသော်လည်း မမီတော့ချေ။

"ဩော် ... ဒီလိုလား၊ ဒါ နင့်အကြံလား၊ ပိရိပါပေ့ ပရစ်ရယ် ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟို ... အဲ့ ... အဲ့ဒီလို မဟုတ်ပါဘူး"

"ညာမနေနဲ့တော့ ပရစ် ..."

"ဒုက္ခပါပဲဟယ်၊ ဒီပါးစပ်ကလည်း ဘယ်လိုက ဘယ်လို ထွက်သွားမှန်း မသိတော့ပါဘူး"

ပရစ်က ကိုယ့်ပါးစပ်ကို တဖတ်ဖတ်ပိတ်ရိုက်ရင်း စိတ်ဆင်းရဲသွားသည်။ ကိုသာသိရင် ပရစ်ကို အရမ်း ဒေါသ ဖြစ်တော့မှာ ...။

"တိုးတိုး ... တိုးတိုးပြောကြပါဟယ်၊ ကို ကြားသွားပါ့ မယ်၊ ငါ နင်တို့ကို အနူးအညွတ် တောင်းပန်ပါတယ်၊ ဒီကိစ္စကို မသိချင်ယောင် ဆောင်ပေးပါ၊ ဒက်ဒီနဲ့ ကြီးကြီး ကိုလည်း မပြောပါနဲ့၊ ကိုသက်နဲ့ ကိုမင်းသော်ကိုလည်း မပြောပါနဲ့၊ တခြား ဘယ်သူ့ကိုမှလည်း မပြောကြပါနဲ့၊ ရှိကြီးခိုးပါရဲ့ ..."

"ဒီလောက် သွေးရူးသွေးတန်း ဖြစ်မနေစမ်းနဲ့ဟယ်၊ ဒီကိစ္စ ကို နင် ဘယ်လိုဖြေရှင်းမလဲသာ ပြော၊ တစ်နေ့ကျ ဒီ ကိစ္စကို နင့်အဖေ မသိဘဲမနေဘူး၊ နင်တို့ တစ်သက်လုံး လည်း ဒီလိုနေသွားလို့ မရဘူး"

"အဲ့ဒါတွေ ငါ မတွေးပါရစေနဲ့ ကြည်ဖြူရယ်၊ လော လောဆယ် ငါတို့နှစ်ယောက် အတူနေခွင့်ရတာလေး တစ်ခုနဲ့ ပျော်နေကြတာပါ၊ ငါလည်း ဘယ်လိုမှ မကြံ တတ်တော့လို့ ဒီနည်းကို ရွေးလိုက်ရတာပါ"





"နင်တို့ချင်းက မုန်းနေကြတာ မဟုတ်ဘူးလား"

"ယောင်လို့တောင် မမုန်းရပါဘူးဟယ်၊ ငါတို့နှစ်ယောက် သိပ်ချစ်ကြတုန်းပါ၊ သူလည်း ငါ့ကို ချစ်လွန်းလို့သာ ယောက်ျားကြီးတန်မဲ့ ထဘီဝတ်ရတဲ့အဖြစ်မျိုးကိုအရောက် ခံရတာပါ"

"နင်တို့ ဒီလို အမြဲနေလို့တော့ ဘယ်ဖြစ်မလဲ၊ နင့် ယောက်ျား အိမ်ထဲမှာမဟုတ်လား၊ ခေါ်လိုက်၊ ဒီကိစ္စကို ဘယ်လို ရှေ့ဆက်သင့်သလဲဆိုတာ ဆွေးနွေးရမယ်"

"နင်တို့ သိသွားတာကို သူသိရင် ရှက်သွားမှာပေါ့ ကြည်ဖြူရယ်၊ နင်တို့ ပြန်ကြပါတော့နော် ...၊ မသိချင် ယောင် ဆောင်ပေးတဲ့ နည်းနဲ့ပဲ ငါ့ကို ကူညီပေးကြပါ"

ပရစ်က တောင်းတောင်းပန်ပန်နှင့်ပဲ ရတီတို့ကို ပြန်လွှတ်လိုက်ရလေသည်။

✵ ✵ ✵



www.burmeseclassic.com

www.burmeseclassic.com

* * *

ဦးလွင်ညိုသည် ကိုယ့် ဖုန်းပေါ်မှာ ပေါ်လာသည့် လုံခြုံရေး ကောင်လေးရဲ့ ဖုန်းနံပါတ်ကို အတွေ့မှာ နည်းနည်းတော့ ထူးဆန်းသွားပါသည်။ ဒီတစ်လ အတောအတွင်းမှာ ကောင်လေးဘက်က စပြီး အကြောင်းထူးမရှိဘဲ ဖုန်းမဆက်ဖူးလို့ပင် ...။

"ဟဲလို ..."

"ဦး ... ကျွန်တော် အောင်ဇော်ပါ ခင်ဗျ"

"အေး ... ပြော၊ ဘာထူးလို့လဲ"

"ထူးတယ် ထင်တာလေးတစ်ခု ပြောချင်လို့ပါ"

"ပြောလေကွာ ..."

"ဟို ... နားနဲ့မနာ ဖဝါးနဲ့နာပြီး နားထောင်ပေးပါ ဦး"

"ပြောမှာသာ ပြောစမ်းပါကွာ ..."

"ဦး သမီး မံပရစ်ဖူးနဲ့ မိုင်လီနဲ့က အချစ်တော်တွေပါ"





"အချစ်တော် ... ဘာလဲကွ အချစ်တော်ဆိုတာ ..."

တစ်ဖက်က အောင်ဇော်မှာ ဒီစကားကို သူဌေး နားလည်အောင် ဘယ်လိုရှင်းရမှန်းမသိဘဲ အကြပ်ရိုက်လျက် ခဏငြိမ်သွားပြီးမှ ...

"ဟို ... ဟို ... သူတို့ချင်း ချစ်နေကြတာပါ"

"အေးလေ ... သူငယ်ချင်း အချင်းချင်း ချစ်တာ ဘာဖြစ်လဲ၊ အဲ့ဒါနဲ့ပဲ ငါက ဘာလို့ နားတွေ ဖဝါးတွေ နာရမှာလဲ"

"ဟို ... ဟို ... ကျွန်တော် ကြားဖူးနားဝရှိတာကတော့ အဲ့ဒါမျိုးကို လက်စဘီယန်လို့လည်း ခေါ်ကြတယ် ခင်ဗျ"

"ဘာ ..."

ဦးလွင်ညိုသည် ဒီစကားလုံးကို ကြားတော့မှပဲ ကွက်ကွက်ကွင်းကွင်း သဘောပေါက်လျက် ဖုန်းကို ပိတ်ရင်း တက်ခေါက်လိုက်မိသည်။

"မမ ... မမရေ၊ မမ ..."

"ဟေ ... ဟေ ...၊ ဘာလဲ ... ဘာလဲ၊ ဘာအရေးကြီးလို့လဲ"

ဦးလွင်ညိုက အိမ်ဘက်သို့လှည့်ကာ အသံကုန် အော်ခေါ်လိုက်သဖြင့် ကြီးကြီး ဒေါ်တင်ညိုက အိမ်နောက်ဘက်မှ အပြေးအလွှား ထွက်လာရပါသည်။

"မမ ... မမ ... ဒါတွေ ဘာမှမသိဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



“ဘာကိုလဲ ...”

“ပရစ်နဲ့ မိုင်လီက လက်စဘီယန်၊ အဲ ... အချစ်တော်တဲ့ ဗျာ၊ အချစ်တော်တွေတဲ့ ...”

“ဟယ် ...”

ကြီးကြီး ဒေါ်တင်ညိုက ကိုယ့်ရင်ဘတ် ကိုယ်ဖိထားလိုက်ရင်း ...

“မင်း ... မင့်ကို ဘယ်သူပြောလဲ”

“ခုပဲ လုံခြုံရေး ကောင်လေး ဖုန်းဆက်ပြောသွားတာ၊ မိုင်လီဆိုတာ ဘယ်လိုပုံစံမျိုးလဲ၊ မမ တွေ့ဖူးလား”

“ပုံစံကတော့ တောင့်တောင့်ဖြောင့်ဖြောင့်ပဲ ...”

“ယောကျ်ားစိတ် ပေါက်နေတဲ့ ပုံမျိုးလား”

“သေချာတော့ ငါလည်း မပြောတတ်ဘူး၊ ငါက လူပဲ တွေ့ဖူးတာ၊ မျက်နှာကို မတွေ့ဖူးဘူး ...”

“မမစကားကို ကျွန်တော် နားမရှင်းဘူး”

“ပရစ်ကို သူလာခေါ်တဲ့ နေ့က မိုင်လီ့မျက်နှာမှာ အလှဂျစ်တွေ ထွက်နေလို့ သူက ရှက်ပြီး မျက်နှာကိုဖွက်ထားလို့ သေချာ မမြင်လိုက်ရဘူး”

“အဲ့ဒီနောက်ပိုင်း သူတို့အိမ်ကို မမ တစ်ခါမှမရောက်ဘူးလား”

“ဘယ်ရောက်ဖြစ်ဦးမလဲ၊ သူတို့ အတူနေတာလည်း ခုမှ တစ်လပဲ ရှိသေးတာ၊ ပရစ် လိုက်သွားကာစက ငါတရား





စခန်း ၁၀ ရက်ဝင်နေတာလည်း မင်းအသိပဲလေ၊ ပြန်လာတော့လည်း အိမ်မှုကိစ္စတွေနဲ့ ရှုပ်နေတာရယ်၊ ဟိုတလောက ဖျားလိုက်တာရယ်၊ သူတို့ အိမ်က ဝေးတာရယ်နဲ့ တစ်ခါမှကို မရောက်ရသေးတာ၊ ငါလာချင်တယ်ပြောတာတောင် မင်း သမီးက နေ့လယ်ဆို သူဆိုင်ထွက်နေလို့ အိမ်မှာမရှိဘူးပဲ ပြောနေလို့ မသွားဖြစ်တာ”

“အဲ့ဒီကတည်းက မူမမှန်တာကို သိရမှာ”

“မင်းတောင် မသိတာ ငါကသိပါ့မလား မောင်ညိုရယ်၊ မင်းလည်း တစ်ခါမှ မရောက်သေးဘူး မဟုတ်လား”

“ပရစ် ... မသွားခင်ကတော့ သော့တောင်းပြီး သူနေမယ့် အိမ်ကို သေချာသွားကြည့်ထားတယ်လေ၊ ကျွန်တော်လည်း မအားလို့ ထပ်မရောက်ဖြစ်တာ ...”

“အေး ... ဒါဆိုလည်း ငါ့ကိုချည်း အပြစ်လာပုံချမနေနဲ့တော့ ...”

“ဒီကိစ္စ ပရစ် သူငယ်ချင်း ကြည်ဖြူတို့ ရတီတို့များ သိမလား ...”

ဒေါ်တင်ညိုက စဉ်းစားသလို ငြိမ်သွားပြီး ...

“အဲ့ဒါတော့ ငါလည်း မပြောတတ်ဘူး၊ သေချာအောင် မင်း ကြည်ဖြူကို မေးချင်မေးကြည့်ပါလား၊ သူ့ဖုန်းကို ငါခေါ်ပေးမယ်”



www.burmeseclassic.com

ဦးလွင်ညိုက ဆတ်ခနဲ ခေါင်းညိတ်ပြတာမို့ ဒေါ်တင်ညိုက ကြည်ဖြူ့ဖုန်းကို လှမ်းခေါ်လိုက်ပါသည်။

"ဟဲလို ..."

"ကြည်ဖြူ သမီး၊ ကြီးကြီးပါ၊ ပရစ် ဒက်ဒီက သမီးနဲ့ ဖုန်းပြောချင်လို့တဲ့၊ ပြောလိုက်နော် ..."

"ဟုတ်ကဲ့ ကြီးကြီး ..."

ကြီးကြီး ဒေါ်တင်ညိုက ဖုန်းကို ဦးလွင်ညိုလက်ထဲ ထည့်ပေးလိုက်သည်။

"သမီး ... ကြည်ဖြူ"

"ဟုတ်ကဲ့ ပြောပါ အန်ကယ်လ်"

"သမီးကို အန်ကယ်လ် တစ်ခုမေးချင်တယ်၊ အန်ကယ့်လ်ကို အမှန်အတိုင်း ဖြေပေးစေချင်တယ်"

"ဟုတ်ကဲ့ပါ ... အန်ကယ်လ်"

"ပရစ်နဲ့ မိုင်လီက လက်စဘီယန်တွေဆိုတာ ဟုတ်သလား"

တစ်ဖက်မှ ကြည်ဖြူသည် ရုတ်တရက်မို့ ဘယ်လိုဖြေရမှန်းမသိဘဲ တိတ်ဆိတ်သွားခဲ့ပါသည်။

ဒီ ကောလာဟလ စကားဟာ ဘယ်လောက်ထိ ပျံ့နှံ့သွားခဲ့ပြီလဲ မသိ ...။ ပရစ်ကို ဒီလိုကြီးတော့ အထင်မှားမခံရစေချင်ပါ။ ဒီလို အထင်ခံရတာနဲ့စာရင် ကိုယ့်ယောကျ်ားနဲ့ ကိုယ် ပေါင်းနေတယ်ဆိုတာကမှ ပိုလို့ သိက္ခာရှိဦးမည်။





ပရစ်ကို ချောက်တွန်းလိုတာ မဟုတ်ပေမယ့် ဒီလို အချိန်မှာ ပရစ် ဒက်ဒီကို အဖြစ်မှန်အတိုင်းသာ သိစေချင်သည်။

ပရစ်တို့ နှစ်ယောက် သိပ်ချစ်လို့ ဒီလိုကြံစည်ခဲ့ကြတာကို ပရစ် ဒက်ဒီ သဘောပေါက်လျှင် အားမာန်ကို ကြည်ဖြူနိုင်မည်ဟု ထင်သည်။

အားမာန်ကို ကြည်ဖြူတို့တွေ အမြင်ကတ်ခဲ့ကြပေမယ့်လည်း ခုချိန်မှာတော့ သူတို့ချင်း ချစ်လို့ ခွင့်လွှတ်နိုင်ကြရင် ပြီးတာပါပဲလေဟု သဘောထားနိုင်လာသည်။

ကြည်ဖြူသည် သက်ပြင်းချလိုက်မိရင်း ...

"သူတို့က လက်စဘီယန်တွေ မဟုတ်ကြပါဘူး အန်ကယ်လ်၊ ဇနီးမောင်နှံတွေပါ ..."

"ဘယ်လို ..."

"မိုင်လီဆိုတာ အားမာန်ပါ၊ အားမာန်က မိန်းမယောင်ဆောင်ထားတာပါ ..."

"ဘာ ..."

ဦးလွင်ညိုရဲ့ အော်သံကြီးမှာ ဘဝဂ်ညံ၍ သွားလေသည်။

✹ ✹ ✹



www.burmeseclassic.com

www.burmeseclassic.com

* * *

"ဟော့ကောင် ... မင်း ထဘီချွတ်လိုက်စမ်း"

ပရစ် ဘုရားပန်း ကပ်ဖို့ ခြံထောင့်မှာ ပန်းခူးပေးနေသော အားမာန်သည် ကိုယ့်နောက်ကျောဆီက ဟိန်းထွက်လာသော ဦးလွင်ညိုရဲ့ အသံကြီးကြောင့် ဆတ်ခနဲ တုန်ရင်သွားပါသည်။

ပရစ် ဘုရားပန်းအိုး ရေလဲနေတုန်းမှာ ပန်းတွေနွမ်းစပြုနေတာကို တွေ့တာမို့ ဆံပင်တု ကောက်စွပ်ပြီး အလွယ်တကူ ပရစ်ရဲ့ အင်္ကျီပွတစ်ထည်နှင့် ထဘီတစ်ထည်ကို ကောက်ဝတ်လျက် ခြံထဲဆင်းလာမိတာပင် ...။

ထဘီချွတ်ခိုင်းပုံထောက်တော့ အဖြစ်မှန်ကို ဦးလွင်ညို သိသွားပြီဆိုတာ အားမာန် ရိပ်မိလိုက်သည်။ မိုင်လီဟုသာ ထင်နေလျှင် ခုလို ထဘီ ချွတ်ခိုင်းရဲမည်မဟုတ်ပါ။ ဒီလောက် ပိရိအောင် နေတဲ့ကြားက ဦးလွင်ညို ဘယ်လိုသိသွားတယ်ဆိုတာ သူ စဉ်းစားမရ ...။





"ဟော့ကောင် ... ချွတ်လို့ ပြောနေတယ်"

အားမာန်သည် ကိုယ့်အဖြစ်ကို ရှက်လည်းရှက်၊ ဦးလွင်ညိုကိုကြောက်လည်းကြောက်ကာ ဒူးတွေပင်တုန်လာသည်။

"ဟော့ကောင် ... မင်းမချွတ်ရင် ငါလာဆွဲချွတ်မှာနော်"

ဦးလွင်ညိုက နောက်တစ်ကြိမ် ထပ်အော်မှာ အားမာန်က ထဘီကို ချွတ်ချလိုက်ရာ အတွင်းမှ ဒူးခေါင်းထိ ရှည်သော ဘောင်းဘီပွကြီး ပေါ်လာသည်။ မိန်းမအင်္ကျီနှင့် ဘောင်းဘီပွကြီးနှင့် ကိုးရို့ကားယား ဖြစ်နေမည့် ကိုယ့်အဖြစ်ကို ကိုယ် တွေးတောင်မကြည့်ချင်တော့ဘဲ အားမာန်က အိမ်ဘက်သို့ လှစ်ခနဲ ပြေးထွက်လေရာ ...

"ဟော့ကောင် ... မပြေးနဲ့"

ဦးလွင်ညိုက အားမာန်နောက်မှ ပြေးလိုက်လာပြီး ဆံပင်ကို လှမ်းဆွဲလိုက်သောအခါ ဆံပင်တုကြီးက ဦးလွင်ညို လက်ထဲသို့ ကျွတ်ပါသွားလေသည်။

အားမာန်က အိမ်ထဲသို့ ပြေးဝင်လာရင်း ...

"ပရစ်ရေ ... ပရစ်"

"ဟင် ... ကို၊ ဘာဖြစ်လာတာလဲ၊ ထဘီရော ... ပရစ် ထဘီ ဘယ်မှာ ကျွတ်ကျခဲ့လဲ ..."

"မင်း ထဘီက အရေးမကြီးဘူး၊ ဟိုမှာ ... ဟိုမှာ ..."

"ဟင် ... ဒက်ဒီ"

"ပန်ကာမ၊ နင်က လည်လုပြီပေါ့လေ ..."



www.burmeseclassic.com

www.burmeseclassic.com



ဦးလွင်ညိုက အိမ်ထဲသို့ ပြေးဝင်လာကာ ပရစ်ကို ကျိန်းမောင်းရင်း အားမာန်ရဲ့ အင်္ကျီစကို လှမ်းဆောင့်ဆွဲ တာမို့ အားမာန်က ရှန်းထွက်ပြေး၊ ဦးလွင်ညိုကလိုက်၊ ဝရုန်းသုန်းကား ဖြစ်နေဆဲမှာ ပရစ်က ဒက်ဒီကို ပြေးဖက်တားလိုက်ရင်း ...

"ဒက်ဒီ ... ဒက်ဒီ ... ပရစ် တောင်းပန်ပါတယ်၊ ပရစ်တို့ကို ခွင့်လွှတ်ပါ"

"ခွင့်မလွှတ်ဘူး၊ နင်ဖယ်စမ်း၊ ငါ့ကို အသရေဖျက်ခဲ့တဲ့ကောင်၊ တရားရုံးမှာ မတွေ့ရလည်း အခုတွေ့ရတော့ မှာပေါ့ကွာ ..."

"ဒက်ဒီ စိတ်ကိုလျှော့ပါ ဒက်ဒီရယ်၊ အဟင့် အဟီးဟီး"

ပရစ်သည် ဒက်ဒီကို တောင်းပန်ရင်းက ဝမ်းပမ်းတနည်း ငိုချလိုက်မိရင်း ဒက်ဒီခြေရင်းမှာ ဒူးထောက်ချကာ ဒက်ဒီ ခြေဖျားတွေကို နဖူးနှင့် အပ်ထားလိုက်လေသည်။

"ဒက်ဒီ ... သမီးတို့ကို နားလည်ပေးပါ ဒက်ဒီရယ်၊ သမီးတို့ချင်း မခွဲနိုင်လို့ ကြံမိကြံရာ ကြံခဲ့ရတာပါ၊ သမီးနှုတ်ဖွာခဲ့လို့ စကားတွေရှုပ်ပြီး မဖြစ်သင့်တာတွေ ဖြစ်ခဲ့ရတာပါ၊ ကို့မှာ အပြစ်မရှိပါဘူး၊ ကို ဖောက်ပြန်ခဲ့တာလည်း မဟုတ်ပါဘူး ..."

သမီးရဲ့ မျက်ရည်တွေက ဦးလွင်ညိုရဲ့ ခြေထောက်တွေကို စွတ်စိုစေသောအခါ ဦးလွင်ညိုရဲ့ ဒေါသတို့ ပြေငြိမ်းစပြုလာပါသည်။





ပရစ်က ငိုနေရင်းက မလှမ်းမကမ်းမှာ ရပ်၍ ငိုင်နေသော ကို့ကို မော့ကြည့်ရင်း ...

"ကို ... လာလေ၊ ကိုလည်း တောင်းပန်မယ်မဟုတ်လား ဟင် ..."

ဟု ရှိုက်သံတစ်ဝက်ဖြင့် လှမ်းခေါ်လိုက်သည်။

အားမာန်သည် ပရစ်ဆီသို့ လျှောက်လာကာ ပရစ်ဘေးမှာ ဒူးတုပ်ထိုင်ချလျက် ဦးလွင်ညိုကို မော့ကြည့်ရင်း ...

"အားလုံးအတွက် ကျွန်တော် တောင်းပန်ပါတယ် ဦး၊ ပရစ်ကို ပြန်ရလိုဇောနဲ့ ကျွန်တော် ကြော်ငြာထည့်ခဲ့မိတာတွေကိုလည်း ခွင့်လွှတ်ပေးပါ၊ ပရစ်မှာ ဘယ်လိုအကျင့်မျိုးပဲရှိရှိ ကျွန်တော် သူ့ကို ချစ်ပါတယ်၊ သူနဲ့မခွဲရဘူးဆိုရင် ဘာပဲလုပ်ရလုပ်ရ လုပ်နိုင်ပါတယ်၊ ဦး ကျွန်တော့်ကို ခွင့်မလွှတ်နိုင်ရင် ကြိုက်သလို ထိုးနှက် ရိုက်ပုတ်သွားနိုင်ပါတယ်၊ ပရစ်ကိုတော့ ကျွန်တော်နဲ့ မခွဲပါနဲ့ ဦးရယ်"

ဦးလွင်ညိုကို မော့ကြည့်ပြောနေသော အားမာန်ရဲ့ အသံက ငိုသံပါကာ တုန်လာသည်။

ခုချိန်မှာတော့ အားမာန် ရင်ထဲက မာနနှင့် မခံချင်စိတ်များကို ပရစ်ကို ချစ်မိသည့် ချစ်စိတ်က ဖုံးလွှမ်းသွားခဲ့ကာ ပရစ်ကဲ့သို့ပင် ဦးလွင်ညိုရဲ့ ခြေထောက်ကို နဖူးနှင့်အပ်၍ ငြိမ်သက်နေလိုက်လေသည်။

ဦးလွင်ညိုသည် မိန်းမအင်္ကျီနှင့်ယောကျ်ားအတွင်းခံ



www.burmeseclassic.com

www.burmeseclassic.com



ဘောင်းဘီပွကြီးကို ဝတ်ကာ ရယ်စရာပုံပန်းဖြင့် ငိုသံစွက်လျက် တောင်းပန်ခဲ့သော သမက်ကို ရယ်ချင်စိတ်တစ်ဝက်ဖြင့် ခွင့်လွှတ်ပေးချင်လာသည်။

သမက်က ကိုယ့်ခြေထောက်ကို နဖူးနှင့် အပ်လိုက်ချိန်မှာတော့ အညိုးအတေးမှန်သမျှ ပြေပျောက်လွင့်စင်သွားရတော့သည်။

"အဟမ်း ... ဟမ်း၊ ကဲပေ့ ... တော်တော့ ... ဖယ်တော့"

ဦးလွင်ညိုက ချက်ချင်းကြီး လေသံပျော့သွားရမှာ ရှက်တာမို့ လေသံမာမာဖြင့် အမိန့်ပေးလိုက်တော့ ပရစ်တို့နှစ်ယောက်လုံး ခေါင်းပြန်မော့လာကာ နောက်ဆုတ်၍ ဖယ်ပေးလိုက်ကြသည်။

ဦးလွင်ညိုက ချောင်းတစ်ချက်ဟန့်လိုက်ရင်း ...

"သွားမယ်၊ ငါ့မှာ အလုပ်ရှိသေးတယ်၊ ဟိုကောင် ... မနက်ဖြန် ညနေကျရင် ငါ့သမီးကိုခေါ်ပြီး အိမ်မှာ ထမင်းလာစား၊ ကြားလား ..."

ဟုပြောကာ လှည့်ထွက်လိုက်ပြီးမှ ချာခနဲ ပြန်လှည့်ကြည့်ကာ အားမာန်ကို လက်ညှိုးတစ်ချောင်း ထောင်ပြရင်း ...

"မင်း ... ယောကျ်ားလို့ဝတ်ဖို့တော့ မမေ့နဲ့"

ဟု ပြောလိုက်လေသည်။

✹ ✹ ✹



✻ ✻ ✻

ဦးလွင်ညို ပြန်သွားသောအခါ ...

"ပရစ် ပျော်လိုက်တာ ချစ်လေးရယ်၊ ချစ်လေးရော မပျော်ဘူးလားဟင် ..."

"ပျော်တာပေါ့ အသည်းလေးရယ်၊ ကိုယ်ဖြင့် ပရစ်ကို ပရစ် ဒက်ဒီ ပြန်ခေါ်သွားမယ်မှတ်ပြီး စိတ်ဆင်းရဲလိုက်ရတာ၊ ဒါနဲ့ ကိုယ် စဉ်းစားမရတာ တစ်ခုတော့ ရှိတယ်"

"ဘာလဲဟင် ..."

"ကိုယ်တို့နှစ်ယောက် ဒီလိုနေတာကို ပရစ်ဒက်ဒီ ဘယ်လိုသိသွားတာလည်း မသိဘူးနော်"

"ဟုတ်တယ် ... အဲ့ဒါ ပရစ်လည်း စဉ်းစားလို့ မရဘူး၊ ပရစ်က ရတီတို့ကိုပဲပြောမိတာ၊ ရတီတို့ကိုလည်း သေချာနှုတ်ပိတ်ပြီးသားပဲဟာ ..."

"ဘာ ..."



www.burmeseclassic.com

www.burmeseclassic.com



"အယ် ... ဟိုလေ ... ပရစ်လည်း မရည်ရွယ်ဘဲ လွတ်ခနဲဆို ..."

"ပရစ်စုတ် ..."

✹ ✹ ✹



* * *

နောက် ... လ အနည်းငယ်အကြာတွင်

## တစ်နှစ်ပြည့် မင်္ဂလာဆုမွန်လွှာ

သား မောင်အားမာန်နှင့် သမီး မပရစ်ဖူးတို့၏ တစ်နှစ်ပြည့် မင်္ဂလာရက်မြတ်မှသည် ငွေရတု ရွှေရတု စိန်ရတုတိုင် မေတ္တာမပျက် ချစ်မြဲချစ်လျက် ဘဝတစ်လျှောက်လုံး ပျော်ရွှင်ချမ်းမြေ့စွာ အတူတကွ ဆက်လက် လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဒက်ဒီ – ဦးလွင်ညို။

ကြီးကြီး – ဒေါ်တင်ညို။

✹ ✹ ✹



www.burmeseclassic.com

www.burmeseclassic.com

* * *

ဦးလွင်ညိုနှင့် အားမာန်တို့၏ အပြန်အလှန် အသိပေး ကြေညာခဲ့သည့် သတင်းစာကြော်ငြာ နှစ်ခုကို ဖတ်ခဲ့ရသူ အပေါင်းတို့သည်...

ဤ ဆုတောင်းလွှာကလေးကို ထပ်မံဖတ်ရှုလိုက်ရသောအခါ...

"သြော် ... သူတို့ချင်း ပြန်အဆင်ပြေသွားကြပြီပဲ၊ သတင်းစာ ကြော်ငြာဖိုးတော့ ကုန်သွားတာပေါ့လေ ..."

ဟု တွေးရင် ပြုံးမိကြလေသည်။

ပုညခင်

23.3.2011

00 : 45 am



BURMESE CLASSIC .com

www.burmeseclassic.com